www.burmeseclassic.com

# ယုယုယယကြင်ကြင်နာနာ

ရင်ထဲက ဝတ္ထုရှည်

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်

—

တစ်ထောင့်ငါးရာအုပ်

—

စာအုပ်စာတမ်းစာနယ်ဇင်း
စာမူကြိုတင် ပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၀၄၅၄)

—

မျက်နှာဖုံးပုံနှိပ် ထုတ်ဝေခွင့် အမှတ် (၀၂၀၆)

—

တန်ဖိုး၊ နှစ်ဆယ့်နှစ်ကျပ်

—

ပန်းချီ မောင်မောင်သိုက်

—

အဖုံး၊ သိန်းမြင့်ဝင်း အော့ဖ်ဆက်

—

ထုတ်ဝေ ဦးလှထွန်း [၀၇၀၄]
သမိုင်းသစ်စာအုပ်တိုက်
၃၊ ပဏ္ဍိတာရာမကျောင်းလမ်း
သီရိမြိုင်ရပ်ကွက်၊ အုတ်ကျင်း၊ ရန်ကုန်မြို့

—

ပုံနှိပ် ဦးလှညွန့်ရှိန်း [မြ—၀၂၁၁၆]
ရွှေဥဒေါင်းစာပုံနှိပ်တိုက်
၁၁၉၊ ၃၀ လမ်း၊ ရန်ကုန်မြို့

# ယုယုယယကြင်ကြင်နာနာ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းသဇင်မွှင့်စဉ်[၁၈၄]

# ပထမပိုင်း

## အခန်း ( ၁ )

သူက ကားကို ဖြည်းဖြည်းမောင်းသင်း ခြံဝမှာ အရှိန်သတ်ရပ်လိုက်ပြီး လမ်းပေါ်တက်ဖို့ ကားအသွားအလာ ရှင်းမရှင်း ကြည့်လိုက်သည်။ ကားတစ်စီးလာနေသဖြင့် သူက လမ်းပေါ် မတက်သေးပဲ ခြံထဲကို ပြန်လှည့်ကြည့်လိုက်၏။

အဝေးမှာ မြန်နွှာ....။

မြေနီလမ်းလေးအဆုံး တထပ် တိုက်ပုလေး၏ ပေါ်တီကို အောက်မှာရပ်ပြီး သူ့ကိုကြည့်နေသော သနားစရာ မြန်နွှာ။ သူက မြန်နွှာကို လက်ပြလိုက်၏။ မြန်နွှာက ခြေဖျားလေး ထောက်ပြီး လက်ပြန်ပြသည်။

“ဪ... မြန်နွှာရယ်....”

www.burmeseclassic.com

www.burmeseclassic.com



သူက တီးတိုးရေရွတ်ယင်း လမ်းဘက်ကို မျှက်နှာမူလိုက်၏။ ကားအသွားအလာ ရှင်းနေသဖြင့် ကားကို အင်းလျားလမ်းပေါ်သို့ မောင်းထွက်လိုက်သည်။ မြနန္ဒာကတော့ သူ့ကားလေး ခြံဝမှာ ပျောက်ကွယ်သွားသည်အထိ ရပ်ကြည့်နေမည်ကို သူ အလိုလိုသိနေသည်။

ခြံထဲက ကားထွက်သည်နှင့် သူ့ရင်ထဲက အပျော်တဝက် ဖြုတ်ကနဲ ကြွေကျသွား၏။ စောစောက ပေါ့ပါးလန်းဆန်းနေသော စိတ်များ ညစ်ညူးသွား၏။

မြနန္ဒာကို သူချစ်ပါသည်။ ချစ်သည်ဆိုသည်ထက် သနားသည်ဟု ပြောရမည်လားမသိ။ သနားကြင်နာစိတ်နှင့်ချစ်ရသော အချစ်သည် သန့်စင်ရိုးသားသော အချစ်ဖြစ်သည်ဟု ထင်၏။

ဒါကြောင့်လည်း မြနန္ဒာ မိဘများရှေ့မှာပင် သူ့ရင်ထဲက ဆန္ဒကို တင်ပြခဲ့မိသည်။

မြနန္ဒာကို ချစ်သည့်စိတ်၊ သနားသည့်စိတ်၊ မြနန္ဒာ မိဘများ၏ သဘောထားပြည့်မှုတို့ကြောင့် သူ့ရင်ထဲက ဆန္ဒကို ဖွင့်ခဲ့ရသော်လည်း သူ့ဖေဖေ ဆန္ဒကိုမူ မသိရသေး။ ပြီးတော့ သည်ကိစ္စကိုပင် ဖေဖေ မသိသေး။

ဖေဖေ့အား မြနန္ဒာအကြောင်း ဖွင့်ပြောရမည်ကိုပင် ဝန်လေးနေသည်။ သူငယ်ချင်းတွေက တဆင့် ဖေဖေ့ကို အသိပေးရကောင်းမည်လားဟု တွေးနေမိသည်။

ဝိဇယရုပ်ရှင်ရုံ မီးပွိုင့်ရောက်တော့ မီးစိမ်းနေသည်နှင့် ဗယ်ဘက် ဦးဝိစာရလမ်းပေါ် ချိုးကွေ့လိုက်၏။ တော်လှန်ရေးပန်းခြံထဲတွင် ရောင်စုံပန်းမျိုးစုံ လှပပွင့်လန်းနေ၏။



မြနန္ဒာဘဝ အဲသည့် ပန်းကလေးတွေလို လန်းဆန်းစေချင်သည်ကတော့ သူ့ရင်ထဲက အဓိက ဆန္ဒဖြစ်သည်။ ဆန္ဒသည် ဆန္ဒသာဖြစ်ပြီး လက်တွေ့ဖန်တီးသည့်အခါ...ပတ်ဝန်းကျင်နှင့် အခက်အခဲမျိုးစုံက အဟန့်အတား ဖြစ်လာတော့သည်။

မြနန္ဒာနှင့် သူ့ဘဝမှာ မပေါင်းစည်းရမီကပင် အခက်အခဲတွေနှင့် ပြည့်နေ၏။

သို့သော် သူနှင့်ပတ်သက်ပြီး မြနန္ဒာ ကြေကွဲဝမ်းနည်းရမည်ဆိုသည်ကိုတော့ သူ အဖြစ်မခံနိုင်။ သူ့ဘဝကို မြနန္ဒာက နားလည်သလို မြနန္ဒာဘဝကိုလည်း သူ နားလည်သည်။

သူ့ဘဝတွင် မြနန္ဒာ အရေးကြီးသလို ကြိုးကလေး ခြောက်ကြိုးသည်လည်း အရေးကြီး၏။ သူ့ဘဝအစိတ်အပိုင်းများစွာကို ထိုကြိုးကလေး ခြောက်ကြိုးက ရစ်နှောင်ထား၏။

မနော်ဟရီလမ်းထဲသို့ သူ့ကားလေး ရောက်သွားသောအခါ သူ့ရင်သည် ပို၍လေးလံလာ၏။ ရှေ့မှာ သူတို့ခြံ ချွန်အုတ်တိုင်ပြူလေးကို လှမ်းမြင်နေရပြီလေ။

✼

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကားလေး ခြံကထွက်သွားသည်အထိ မြန္မာ အိမ်ထဲမဝင်သေး။ ကိုကို၏ ဂျပန်လုပ် ဖဲမလီယာ တံခါးလေးပေါက်ကားဖြူလေးနှင့် ချော့ပြီးချစ်စရာကောင်းသော၊ ခန့်ညားတတ်သော ကိုကို့ကို မြန္မာ မျက်လုံးထဲမှာ မြင်နေသည်။

ကိုကို့ကို မြင်နေရလျှင်....

ကိုကိုသာ မြန္မာ အနားမှာရှိလျှင်....

မြန္မာ့ရင်ထဲက အားငယ်စိတ်များမှာ စကြဝဠာအပြင်ဘက်သို့ လွင့်စဉ်ထွက်သွား၏။ အယင်က ကိုယ့်ဘဝကို မကျေမနပ်ဖြစ်ကာ အားငယ်နေမိသမျှ ကိုကိုနှင့် တွေ့တော့ လန်းဆန်းတက်ကြွလာရသည်။

ကိုကိုနှင့် ပတ်သက်၍ ဖေဖေနှင့် မေမေတို့ကိုလည်း မြန္မာ ကျေးဇူးတင်ရ၏။

ဖေဖေနှင့် မေမေသည် ကိုကို့ကို ရင်းရင်းနှီးနှီး ဆက်ဆံသည်။ အိမ်သားတယောက်လိုနေသည့် ကိုကို့အား အိမ်မှာ ဝင်ထွက်သွားလာခွင့်ပြုသည်။ အခုတော့ မြန္မာ့အိမ်မှာ ကိုကို့အတွက် တံခါးမရှိ၊ မားမရှိ။

သည်နေ့လည်း ကိုကိုက မနက်ကတည်းက ရောက်လာသည်။

ကိုကို ရောက်လာသည်နှင့် ဧည့်ခန်းထဲမှာ စကားသံတွေ ဝေညံသွားသည်။ ဖေဖေ မေမေ ကိုကိုနှင့် မြန္မာ....။ ပျော်ရွှင်ချမ်းမြေ့ရော မိသားစုလေးတခုက လုပနေ၏။ မြန္မာကတော့ သူတို့ပြောသမျှ စကားကို နားထောင်ပြီး ခေါင်းညိတ်လိုက်၊ ပြုံးလိုက်နှင့် ပြီးရသည်။

ပြီးတော့ မြန္မာ ငှက်သည်လေ။



အမှန်တော့ မြန္မာ သည်အချိန်အထိ အသက်ရှင် နေနိုင်ခဲ့ခြင်းမှာ (ကိုကိုနှင့် ဆုံဆည်းရဖို့ ဆိုလျှင်လည်း မမှားပါဘူး။) ဖေဖေနှင့် မေမေတို့ အားပေး နှစ်သိမ့်မှု၊ အကြင်နာ ကရုဏာများကြောင့်သာဖြစ်မည်။ နို့မို့တော့....မြန္မာ ဒီဘဝမှာ နေဖြစ်တော့မည်မထင်။ သည်သို့ဆို ကိုကိုနှင့်လည်း တွေ့ရတော့မည်မဟုတ်။

အခုတော့ ဖေဖေနှင့် မေမေကြောင့် မြန္မာ ကိုကိုနှင့် ဆုံဆည်းခဲ့ရသည် ကျေးဇူးတင်ပါတယ် ဖေဖေနဲ့မေမေရယ်။

"ဇတိရီယိုဆိုဘာ ဂီတခေတ်ဘခုပဲ အန်ကယ်၊ စက်မှုသိပ္ပံတွေ တိုးတက်နေသလို အနုပညာပုံစံ သစ်တွေလဲ အမျိုးမျိုး ပေါ်လာဦးမှာပါပဲ၊ ဒီနေ့ ကျွန်တော်တို့အတွက် အခဝေးကြီးကနေ အနီးဆုံးရောက်အောင် လုပ်ပေးခဲ့တဲ့ အကောဒီဇယ် အုန်းကျော်တို့ မင်းမင်းလတ်တို့ကိုတော့ စတီရီယိုကျေးဇူးရှင် ဘိုးအေကြီးတွေလို့ သတ်မှတ်ရမှာပါပဲ"

ကိုကို့စကားကြောင့် ဖေဖေဟက်ပွဲ့သည်။ ဖေဖေကခါးသုံးလုံး စီးကရက်ဗူးထဲက စီးကရက်တလိပ်ထုတ်ယူပြီး စီးကရက်ဗူးကို လှမ်းပေးသည်။ ကိုကိုကကျေးဇူးတင်ပါတယ် အန်ကယ်ဟုပြောပြီး လက်ကာသည်။

ကိုကို ဆေးလိပ်သောက်တတ်သည်ကို မြန္မာ သိပါသည်။ ဖေဖေ့ရှေ့မှာမို့ ဟန်ဆောင်သည်တော့ မဟုတ်။ လေးစားသည့်သဘောကို ပြခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်ကိုတော့ အားနာပြီး မသောက်ပဲ မနေပါနဲ့ကွာ၊ မောင်ကြည်သာ သောက်ချင်ယင်ယူသောက်ပါ"

"ရပါတယ်....အန်ကယ်"

ကိုကိုက ဖေဖေ စီးကရက်မီးညှိဖို့ မီးခြစ်ကို ယူပေးသည်။ ဖေဖေက စီးကရက်ကို မီးညှိအရသာခံဖွာယင်း....

"မင်းပြောတော့ အန်ကယ်တောင် မင်းတို့အဖွဲ့ထဲဝင်ချင်လာပြီကွာ"

"ဖြစ်တာပေါ့ အန်ကယ်၊ အန်ကယ်က ဘာတွေ တီးတတ်လဲ"

"အန်ကယ် ကိုယ်တိုင်က ဝါးလက်ခုပ် မပြောနဲ့၊ လက်ဖြောက် တီးတာတောင် မြည်အောင် မတီးတတ်ဘူး။ တဖတ်ဖတ်နဲ့၊ ဒီမှာကြည့်ကွ"

ဖေဖေက သူ့လက်ခလယ်နှင့်လက်မကိုပူးကပ်ပြီးတီးပြသည်။ ဝင်ကယ်ငင် တဖတ်ဖတ်နှင့် မြည်၏။ ကိုကိုကသဘောကျပြီး ပြုံးသည်။

"ဒါလောက် တော်သလားဆိုတော့ မဟုတ် သေးဘူး။ ကျန်သေးတယ်၊ အန်ကယ်က လေလဲ မချွန်တတ်ဘူး။ အဲဒါတော့ မင်းအန်တီကိုသာ မေးကြည့်"

"ကိုမြင့်ဦးနော်....ကလေးတွေရှေ့မှာ"

ဖေဖေ့စကားကြောင့် မေမေကဟန့်သည်။ ဖေဖေကတဟဲဟဲ ရယ်ယင်း....

"မအေးသန်းကလဲကွာ....ဒါပြောတာ ဘာဖြစ်လဲ၊ ကိုယ့်အစွမ်းအစကို ပြောချင်လို့ပါ၊ ဒီလိုကွ...."



ဖေဖေက မေမေ့ကိုပြောယင်း ကိုကို့ဘက်လှည့်သည်။ ကိုကိုက ဟုတ်ကဲ့ဟုပြောယင်း ပြုံးသည်။ မေမေကလည်း ဖေဖေ့ကို တားမရမှန်း သိသည်နှင့်....

"မောင်ကြည်သာရေ....မင်းအန်ကယ်က သည်လိုပဲ၊ လူစုံယင် သူ့အစွမ်းအစကို ထုတ်ကြွားတော့တာပဲ"

"ဒါပေါ့ကွ၊ ကြွားသင့်ကြွားထိုက်တာတော့ ကြွားရမှာပေါ့၊ ဒီလိုကွ....မင်းအန်တီ ရပ်ကွက်နဲ့ အန်ကယ် တို့က တရပ်ကွက်တည်း၊ သူတို့အိမ်က နှစ်ထပ်တိုက်၊ သူက အပေါ်ထပ်မှာ အိပ်တာ၊ ဟုတ်တယ်နော် မအေးသန်း"

ဖေဖေက စကားကို ဆက်မပြောသေးပဲ မေမေ့ကို ထောက်ချက် ဘောင်းနေပြန်သဖြင့် မေမေကရယ်ယင်း....

"ဟုတ်ပါ့ရှင်....ဟုတ်ပါ့"

"အေး....အဲဒါ အန်ကယ်က သူများတွေလို ညဘက်တော့ မဟုတ်ဘူးကွ၊ မနက် အစောကြီး လေးနာရီလောက် ခြံဘေးကနေ လေချွန်ခေါ်ရတယ်၊ မင်း အန်တီက ဘယ်ကြားမလဲကွာ၊ မြည်မှမမြည်တာ၊ ပထမဆုံးနေ့ဆိုတော့ အားရပါးရ ချွန်တာပေါ့ကွာ၊ လေသာကုန်ဘယ် အသံထွက်မလာဘူး၊ ဒီလိုနဲ့ မိုးလဲလင်းရော အန်ကယ်လဲ လိပ်ခေါင်း မထွက်ရှုပါပဲကွာ၊ နည်းနည်းတော့ မြည်တာပေါ့ကွာ"

ဖေဖေက လေချွန်ပြသည်။ တကယ် တိုးတိုးလေး

www.burmeseclassic.com

www.burmeseclassic.com



"အေး....အဲဒါ အစွမ်းကုန်ပဲကွ၊ နောက် နေ့တော့ မတတ်နိုင်ဘူး၊ လေချွန်တတ်တဲ့ သူငယ်ချင်းတယောက် အဖော်ခေါ်သွားရတယ်"

ရယ်သံလေးများ ညှော်ခန်းနံရံကို ရိုက်မိ၏။

"ဒါပေမယ့် ဂီတကိုတော့ ခံစားတတ်ပါတယ်ကွာ၊ပြည်လှဖေတို့ ဦးသြဘာဆောင်တို့ ဒေါ်ကြည်အောင်တို့ ဝင်းဦးနဲ့တင်တင်မြတို့ မင်းတို့ မေဆွိတို့ အားလုံးနားထောင်တာပဲ၊ တခုတော့ ရှိတာပေါ့ကွာ၊ ဘယ်ခေတ်ကသီချင်းပဲဖြစ်ဖြစ် အားလုံးကောင်းပါသည်ခင်ဗျာ ဆိုတာတော့ မရှိဘူး၊ ကောင်းတာအကောညွှတာအကေ အနည်းအများတော့ ရှိတာပေါ့ကွာ"

ကိုကိုနှင့် ဖေဖေကတော့ အဖွဲ့ကျနေပြီ။ ခဏ ကြာတော့ စကားသံ ပြတ်သွား၏။ ကိုကိုကမြနန္ဒာကို လှမ်းကြည့်ပြီး ပြုံးသည်။ ကိုကို့အပြုံးထဲမှာ အကြင်နာများစွာ ပေါ်ယှက်နေ၏။

ကိုကိုနှင့် ဆုံဆည်းရလို့ မြနန္ဒာဘဝ စိုပြည်ရသည်။ ကိုကိုက မြနန္ဒာကို ချစ်တယ်ဆိုတော့ မြနန္ဒာ ပျော်လို့ဆုံး။ အခုတော့....

"မောင်ကြည်သာကို တခုတော့ ပြောရဦးမယ်"

"ဟုတ်ကဲ့....ပြောပါ အန်ကယ်"

ဥပဓိရုပ်ကောင်းသော၊ ကိုယ်ခန္ဓာဘောင့်တင်းသော ဖေဖေက တည်ကြည်နေသည်။



"အစကတော့ မင်းအန်တီကို ပြောခိုင်းမလို့၊ နောက်တော့ အန်ကယ် ကိုယ်တိုင်ပဲ ပြောမယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဘာလို့လဲ ဆိုတော့ မောင်ကြည်သာ ကလဲ အန်ကယ်တို့နဲ့ တူလိုသားလို ဖြစ်နေပြီကိုး"

ဖေဖေကကိုကိုနှင့် မြနန္ဒာကို ကြည့်ပြီး စကားစသည်။ ကိုကိုကတော့ ဟုတ်ကဲ့ဟု ပြောယင်း ခေါင်းညိတ်သည်။ မြနန္ဒာကတော့ သားအဖချင်းမို့ ဖေဖေ ဘာပြောမည်ကို သိနှင့်ပြီ။

ပန်းနုရောင် မျက်နှာလေး ရဲသွား၏။

ဖေဖေက စီးကရက်အသစ်တလိပ်ကို မီးညှိဖွာယင်း....

"မောင်ကြည်သာရေ....သမီးရေ....အန်ကယ် ရှေပေါ့ကွာ၊ မျက်နှာပူစရာ ရှက်စရာ မလိုပါဘူး၊ အချိန်တန် အရွယ်ရောက်လာယင် ဒီကိစ္စမျိုးက တနေ့မဟုတ် တနေ့တော့ တွေ့ရမှာပဲလေ၊ သားသမီးဘဝမှာ သားသမီးလို ခံစားရပြီး မိဘဘဝမှာတော့ မိဘလို ခံစားရပြန်တာပေါ့၊ အခု မောင်ကြည်သာနဲ့ သမီးလေးအခြေအနေကို ဖွင့်မပြောကြပေမယ့် အန်ကယ်တို့ နားလည်ပါတယ်"

ဖေဖေက ကိုယ်ကိုကိုင်းပြီး စားပွဲပေါ်က ပြာခံခွက်ထဲကို စီးကရက်ပြာ ခြွေနေရသဖြင့် ကိုကိုက ပြာခံခွက်ကို ဖေဖေ့ရှေ့ တွန်းပို့ပေးလိုက်သည်။

ဖေဖေက အသိအမှတ်ပြုဟန် ကြည့်ယင်း....

"အဲ....မောင်ကြည်သာ အရေးကြီးဆုံး နားလည်ထားရမှာက အန်ကယ်တို့မှာ ဒီသမီးလေး တယောက်တည်း ရှိတာ၊ ပြီးတော့ သမီးလေးက...."

www.burmeseclassic.com



ဖေဖေက ကိုကို့ကိုပြောယင်း မြန္မာကိုကြည့်သည်။ ဖေဖေ့မျက်နှာအပေါ်တွင် ဝမ်းနည်းရိပ်သမ်းသွားပြီး စကားရပ်ထားသဖြင့် ကိုကိုက....

"ကျွန်တော် နားလည်ပါတယ် အန်ကယ်"

"မောင်ကြည်သာက နားလည်နိုင်တယ်ဆိုတာ သိရလို့ အန်ကယ် ဝမ်းသာပါတယ်၊ အမှန်တော့ မျိုးရိုးလိုက်ပြီး ဖြစ်ခဲ့ရတာလဲ မဟုတ်ဘူး၊ ဒါကို မင်းအန်တီကတခါက ပြောဖူးပါတယ်လေ"

"ဟုတ်ကဲ့....ကျွန်တော်သိပါတယ်"

"အန်ကယ်တို့ မိသားစုရဲ့ ကံကြမ္မာကိုက ဒီလို ဖြစ်ရဖို့ ဖန်တီးလာတာကို ဘယ်တတ်နိုင်ပါမလဲ၊ သားလေးက ဆုံးသွားပြီး သမီးက ဝေဒနာတပိုုံတထွေးနဲ့ ကျန်ရစ်ရတယ်၊ ရင်ထဲက ချစ်နိုင်သမျှတွေကို သမီးလေးအတွက် စုပုံချစ်ရတယ်၊ အန်ကယ်တို့ဘဝမှာ အရာအားလုံးဟာ သမီးလေးအတွက်ပဲ....

"သမီးလေးဟာ အန်ကယ်တို့ အသက် အန်ကယ်တို့ ဘဝပဲ၊ သမီးလေးအတွက်ဆို အသက်ပုံပေးကြဖို့ ဝန်မလေးဘူး၊ အဓိကကတော့ သမီးလေး စိတ်ချမ်းသာဖို့ ပါပဲ၊ ပြီးတော့....မောင်ကြည်သာနဲ့ ပတ်သက်ပြီး အန်ကယ်တို့ ဘာမှ မမေးပေမယ့် စုံစမ်းနိုင်သလောက်တော့ စုံစမ်းကြည့်ရတာပေါ့ကွာ၊ မိကောင်းဖခင်သားသမီး၊ အကျင့်စာရိတ္တကောင်းတယ်၊ တော်ပြီးပြီးတော့ သေသွားတဲ့ သားလေးသာရှိယင် မောင်ကြည်သာလို



နေမှာပဲ၊ ချုတ်စွပ်ကြီး တူဘာမဟုတ်ပေမယ့် အတော်ကို တော့ တူတာပဲ၊ ဒါကြောင့် အန်ကယ်တို့အတွက် သားတယောက် အစားပြန်ရသလိုပါပဲ"

ဖေဖေ့စကားကို မြန္မာတို့ အားလုံး ငြိမ်နားထောင်သည်။ ကိုကိုက စားပွဲပေါ်မှ သပြေဂုဏ်ဇင်းကို စားပွဲအောက် အဆင့်ပြန်ထည့်လိုက်ပြီးမှ....

"အန်ကယ့်စကား ကြားရတာ ကျွန်တော် ဝမ်းသာပါတယ် အန်ကယ်၊ ကျွန်တော်လဲ အန်ကယ်တို့ကို ဖွင့်ပြောမလို့ပါပဲ၊ ဒါပေမယ့် ပြောရဘာ ခက်နေလို့ပါ၊ ညီမလေးမြန္မာကိုကျွန်တော် လက်ထပ်ယူမှာပါအန်ကယ်"

'ဝမ်းသာလိုက်တာ ကိုကိုရယ်' ဟုနှုတ်က ဖွင့်မပြောနိုင်သော်လည်း ရင်ထဲမှာ ပျော်သွားသည်။

"မောင်ကြည်သာ့ စကားကို ကြားရတော့ အန်ကယ်လဲ ဝမ်းသာပါတယ်၊ ဒါပေမယ့် ဦးတို့ကတော့ အရှည်ကို တွေးရတာပေါ့ကွယ်၊ အပူအပင် ကြီးတယ်လို့ ပြောချင်လဲ ပြောကြမှာပေါ့ကွာ၊ တကယ် ဆိုတော့ မိဘဆိုတာ သားသမီးက မွေးလိုက်တဲ့ မြေးရ....မြေးကမွေးတဲ့ မြစ်ရ....ဘာတွေ ရနေနေ မိဘကတော့ သားသမီးအတွက် ပူနေရတာပဲ၊ နောက်ဆုံး သေမှပဲ အေးရတာပဲ၊ အခုဟာက သမီးလေးက ချွတ်ယွင်းချက် ရှိတယ်လေ၊ ဒီတော့ သမီးလေးကို မောင်ကြည်သာက ဘယ်အချိန် ဘယ်ကာလအထိ အနစ်နာခံ သည်းခံပြီး နေနိုင်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်...."

ကိုကိုက စကားရပ်သွားသည်။ ဖေဖေက ကိုကို့ကိုလက်ဖြင့် တားရှိ တားယင်း....

"မောင်ကြည်သာ ပြောမယ့်စကားကို အန်ကယ် သိပါတယ်၊ သေဘာပန်သက်တဆုံးပေါ့ကွာ၊ ထားပါလေ.... အန်ကယ်ပြောချင်တာက တကယ်လို့များ မောင်ကြည်သာက သမီးလေးကို မကျေနပ်တာရှိယင် သမီးလေးကို ဘာမှမပြောပါနဲ့၊ အန်ကယ်တို့ကိုသာပြောပါ၊အန်ကယ့်သမီးကို ဆုံးမပေးပါ့မယ်၊နောက်ဆုံး မပေါင်းနိုင်တော့ဘူးဆိုယင်တောင် အန်ကယ်တို့ဆီ ပြန်အပ်ပါ"

ဖေဖေ့အချစ်ကို နားလည်သဖြင့် မြနန္ဒာဝမ်းသာ မျက်ရည်လည်ရသည်။ ကိုကိုကလည်း ဖေဖေ့ စကားကြောင့် မျက်ရည်ဝဲနေပြန်သည်။

"ကျွန်တော် မြနန္ဒာကို ညီမလေးတယောက်လိုတွယ်တာသနားရတာ မေတ္တာမျှခဲ့မိတာပါအန်ကယ်၊ မြနန္ဒာက ကျွန်တော့်ကိုလဲ နားလည်တယ်၊ ပြီးတော့...."

ကိုကိုက စကားရပ်လိုက်သဖြင့် မေမေက....

"လွတ်လွတ်လပ်လပ်ပြောပါ မောင်ကြည်သာ၊အန်ကယ် ခွင့်ပြုပါတယ်"

ဟုပြောသည်။

"ကျွန်တော့် မိဘတွေကို ပြောပြီးတာနဲ့ ညီမလေးကို လက်ထပ်မှာပါ၊ အန်ကယ် ပြောသလို သေတပန်သက်တဆုံး ပေါင်းပါ့မယ်၊ ကျွန်တော့်ကြောင့် ညီမလေး



မြနန္ဒာ စိတ်ဆင်းရဲရတယ်ဆိုတဲ့အဖြစ်မျိုး ဘယ်တော့မှ မဖြစ်စေရပါဘူးဆိုတာ ကျွန်တော် ကတိပေးပါတယ် အန်ကယ်"

"ဝမ်းသာပါတယ် မောင်ကြည်သာ၊ သမီးလေးအတွက် အများကြီး ဝမ်းသာတယ်၊ မောင်ကြည်သာ့ မိဘများ သဘောတားကရော...."

မေမေက ကိုကို့ကို မေးလိုက်သဖြင့် ကိုကိုက ဖေဖေ့ကို ကြည့်နေရာမှ မေမေ့ဘက်လှည့်ပြီး....

"ကျွန်တော်က အန်တီတို့ရဲ့သဘောထားကို မသိရသေးလို့ ဖွင့်မပြောရသေးပါဘူး အန်တီ၊ ဒါပေမယ့် သဘောတူမှာပါ၊ ကျွန်တော်တို့မှာ သားတယောက် အမေတယောက်ပဲရှိတာ"

"အေး....အားလုံးအဆင်ပြေကြယင် အားလုံးစိတ်ချမ်းသာရတာပေါ့ကွာ။ ကဲ ကဲ....စကားပြောရတာနဲ့အအေး သောက်ဖို့တောင် မေ့နေကြတယ်၊ သောက်လိုက်ကြဦး၊ သောက်လိုက်ကြဦး"

ဖေဖေ ပြောမှပဲ သတိရကြသည်။ မနက်စာစားပြီးကတည်းက ဧည့်ခန်းမှာ စကားပြောလိုက်ကြသည်မှာ အအေးထည့်ထားသော ဖန်ခွက်မှ ရေခဲများပင် ပျော်လုပြီ။

မြနန္ဒာက ချွေးသီးများစပ်နေသော ဖန်ခွက်ကိုယူပြီး တငုံ သောက်လိုက်၏။ မြနန္ဒာရင်ထဲမှာ ချိုပြီးအေးသွား၏။

"မောင်ကြည်သာ....ညစာစားပြီးမှ ပြန်နော်"

www.burmeseclassic.com

www.burmeseclassic.com



မေမေက ဖန်ခွက်ကို စားပွဲပေါ် ပြန်ချယင်း ပြောလိုက်သည်။ ကိုကိုက ဟုတ်ကဲ့ဟု ပြန်ပြောသည်။

ချစ်တဲ့ကိုကိုနှင့် တနေ့လုံးနေရမည်မို့ မြနန္ဒာ ပျော်သွား၏။

"သမီး....အိမ်ထဲဝင်တော့လေ၊ မောင်ကြည်သာ ပြန်သွားတာ ကြာပြီမဟုတ်လား"

မေမေ့အသံကြားမှ မြနန္ဒာ လှေကားထစ်မှာထိုင်ပြီး ကိုကို့အကြောင်း တွေးနေရာမှသတိရသွားကာ မေမေ့ကို အပျာအယာ ခေါင်းညိတ်ပြလိုက်ရသည်။

စိုးမိုးတဲ့ ကိုကိုရယ်....။

* * *

အခန်း ( ၂ )

"အစ်ကိုကြည်သာ...."

အိမ်ထဲအဝင် ခေါ်သံကြားသဖြင့် လှည့်ကြည့် လိုက်တော့ အိမ်စည်ကိုတွေ့ရသည်။ သည်တခါတော့ အိမ်စည့်ဖခင် ဦးရွှေအိမ်ကို မတွေ့။ အိမ်စည်တယောက်တည်း လာပုံရသည်။ သူက အိမ်စည်ကို လျှော့လျှည်းလျှည်းအပြုံးဖြင့်သာ တုံ့ပြန်မိ၏။

သတင်းစာဖတ်နေသော ဖေဖေက အိမ်စည့်အသံကြောင့် သတင်းစာကို ချထားလိုက်ယင်း....

"သမီးအိမ်စည် ရောက်နေတာ ကြာပြီလား၊ ဖေဖေတို့ သားနဲ့အတူ ညစာစားရအောင် စောင့်နေကြတာ၊ သားက နောက်ကျတာကိုးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ အိမ်စည်၊ ကိုယ်က အိမ်စည်ရောက်နေမှန်းမှ မသိပဲ၊ နို့မို့ ဟိုမှာ မစားပဲ စောပြီးပြန်လာပါတယ်၊ အခုတော့ ကိုယ့်သူငယ်ချင်းတယောက်အိမ်က အတင်းကျွေးတာနဲ့ စားလာခဲ့ရတယ်"

"နည်းနည်းပါးပါးတော့ ထပ်စားဦးပေါ့ကွာ"

"ရပါတယ် အန်ကယ်၊ သမီးလဲ တော်ကြာဆို သူငယ်ချင်းတွေလာခေါ်ယင် လိုက်သွားရဦးမှာ၊ နောက်တခါမှပဲ စားတော့မယ် အန်ကယ်"

ကြည်သာ ဘာမျှ ပြန်မပြောမီမှာပင် အိမ်စည်က ဖေဖေ့ကို ဝင်ပြောသည်၊ ဖေဖေက သူ့ကို မကျေနပ်သလိုကြည့်ယင်း....

"မင်းကတော့ကွာ၊ ဒီလိုချည်းပဲ"

အိမ်စည်က ထိုင်နေရာမှ ထပြီး ဖေဖေ့နောက်ကျောဘက် ပြတင်းပေါက်ဆီ လျှောက်သွားသည်။ ပြီးတော့မှ ပြတင်းပေါက်ဘောင်ကို လက်ထောက်ပြီး အပြင်ကို ငေးကြည့်နေ၏။ သူက ဖေဖေ့ကုလားထိုင်ဘေးမှာ ဒူးထောက်ထိုင်ပြီး....

"ဖေဖေ့ကို သားရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတခု ပြောချင်လို့ ဖေဖေ"

"ပြောလေကွာ၊ သားက အဖေကို စကားပြောတာပဲ၊ အသံချဲ့စက်ဖွင့်တာမှ မဟုတ်တာ၊ ပါမစ်တင်ရောမှလိုပါဘူးကွာ"

အဖေက သူ့စကားကို အလေးအနက် မထားပဲ ရယ်စရာပြောနေပြန်သဖြင့် သူ့မှာ ခက်နေပြန်သည်။



အမှန်တော့ သူက အိမ်စည် မသိစေလိုသဖြင့် ပြောခြင်းသာဖြစ်သည်။ အိမ်စည် နားလည်အောင်လည်း သူက အသံကို မြှင့်ပြောခဲ့သည်။ သို့သော် အိမ်စည်က ခြံထဲကို ငေးကြည့်နေမြဲ။

"မဟုတ်ဘူး ဖေဖေ.... သားရဲ့ အတွင်းရေးကို ပြောချင်လို့"

"အေးလေ....ပြောပေါ့၊ အတွင်းရေးဖြစ်ဖြစ်....အပြင်ရေးဖြစ်ဖြစ် ပြောသာပြော"

"ဦးလေး....သမီးပြန်ဦးမယ်"

ခြံဝက ကားတစီး ဝင်လာသံနှင့်အတူ ပြတင်းပေါက်မှငေးကြည့်နေသော အိမ်စည်က ပြောသည်။

"နေဦးလေ သမီး၊ ထမင်းစားသွားဦး"

အဖေက သူနှင့်စကားပြောနေရာမှ အိမ်စည်ကိုတားသည်။ အိမ်စည်က စားပွဲပေါ်မှ ဆလင်းဘက်အိတ်ကို လှမ်းယူယင်း....

"နောက်မှ စားတော့မယ်အန်ကယ်၊ သူငယ်ချင်းတွေလာနေပြီ"

"အေး အေး....ဒီလိုဆိုလဲသွား၊ ဦးလေးက ထမင်းစားပြီးမှ သမီးအစ်ကိုကို လိုက်ပို့ခိုင်းမသို့"

"ရပါတယ် ဦးလေး ကိစ္စ မရှိပါဘူး၊ သွားမယ်နော် အစ်ကိုကြည်သာ"

www.burmeseclassic.com



အိမ်စည်က ဖေဖေ့ကိုပြောယင်း သူ့ကိုပါ နှုတ်ဆက်သည်။ သူက ခေါင်းညိတ်ပြယင်း အိမ်ထဲကထွက်သွားသောအိမ်စည်ကို ကြည့်နေမိသည်။

အမှန်က အိမ်စည် ပြန်ဖို့မဟုတ်။ သူငယ်ချင်းတွေနှင့် ချိန်းထားသော်လည်း ကြည်သာနှင့်အတူ ထမင်းစားမည် ဆိုလျှင် သူငယ်ချင်းတွေနှင့် မလိုက်ပဲ ကျန်ရစ်မည်။ နောက်တော့သူ့ကို ပွိုင့်ခိုင်းမည်။ သူ့မှာ သည်လိုမျိုး ခံရပေါင်းများပြီမို့ ဖေဖေ နောကျေမကျေ မသိသော်လည်း ကြည်သာက သဘောပေါက် နေပြီ။

"ဘယ်လိုလဲ....နှင့်အစ်ကိုနဲ့ မိတ်ဆက်ပေးမယ်ဆို"
"ကောင်မ....သူ့ပစ္စည်းကျတော့ တွန့်တိုလိုက်တာ"

ကောင်မလေးတွေကို မမြင်ရသော်လည်း စွာစွာစွာစွာအသံ တွေ ကြားရသည်။ အိမ်စည်အသံတော့ မကြား။ အတော် ကြာမှ ကားထွက်သွားသံ ကြားရ၏။

ခုမှ ရင်ထဲမှာ နည်းနည်းပေါ့သွား၏။

*



"အိမ်စည်က လိမ္မာလဲလိမ္မာတယ် ချစ်စရာလဲ ကောင်း တယ်ကွ၊ သား သဘောမကျဘူးလား"

ရင်ထဲမှာ နည်းနည်းလေးလာပြန်သည်။

"အဲဒါ ပြောမလို့ပဲ ဖေဖေ"
"အေး....ဆိုစမ်းပါဦး"

ဖေဖေက အိမ်စည်အကြောင်း ပြောမည်ထင်၍ ပြုံးပြီးပြော သည်။

"သားမှာ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ မိန်းကလေး တယောက် ရှိတယ်ဖေဖေ"
"အိုး....ဒါများ အဆန်းလုပ်လို့ပညာစုံယင် ကြင်လျှာ လဲ စုံရမှာပေါ့ကွာ၊ ဒါနဲ့ ဘယ်သူများလဲ၊ အိမ်စည်ပဲ ထင်တယ်"

ဖေဖေက မနှင်းအေး အကြောင်းကိုတော့ ထည့်မပြော။ သူနှင့်မနှင်းအေး ဆက်စပ်လို့မရကြောင်းကိုလည်းဖေဖေသိသင့် သလောက် သိထားပြီးဖြစ်သည်။

ပြီးတော့ မနှင်းအေးအိမ်ကိုမလာတော့သည်မှာလည်းကြာ ပြီ။ တကယ်ဆို လာစရာအကြောင်းလည်း မရှိတော့။

"မဟုတ်ဘူး ဖေဖေ"
"ဒါဖြင့် ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အသံက အိမ်စည်မဟုတ်သဖြင့် နည်းနည်း မာသည်။ ဒါပေမယ့် အခြေအနေက သူမပြောလို့ မဖြစ်တော့။ သူ မပြော လျှင် ဖေဖေသဘောတူနေသော အိမ်စည်နှင့် စေ့စပ်ပွဲလုပ်လိုက် မည်။ အဲသည်လိုတော့ သူအဖြစ်မခံနိုင်ပါ။

"ကဲ....ပြောစမ်းပါဦး ဘယ်သူလဲ"

"မြနန္ဒာပါဖေဖေ"

"နာမည်လေးကတော့ လှသားပဲ၊ မင်းတာမန္နဲ့နကိုတော် တော် သဘောကျပုံရတယ်၊ ဆိုပါဦး....မင်းတို့ ကျောင်း ကပဲလား"

ဖေဖေ့အသံ နည်းနည်းပျော့သွားသဖြင့် သူ အားတက်သွား သည်။

"လူကလဲ လှပါတယ် ဖေဖေ၊ ဒါပေမယ့် သားတို့ ကျောင်းကတော့ မဟုတ်ဘူး၊ တခြား ကျောင်းကပါ"

"ဘယ်ကျောင်းကလဲ"

သူက ပြောမှလိုလုပ်ပြီးမှ မပြောပဲ နေလိုက်သည်။ မြနန္ဒာ နေသည့်ကျောင်းကို ပြောလို့ မဖြစ်သေး။

"သား....မြနန္ဒာကို ဖေဖေ့ဆီ ခေါ်လာ ခဲ့ပါ့မယ် ဖေဖေ"

"သားဥစ္စာက မဟုတ်သေးဘူး ထင်တယ်"



ဖေဖေသည် သူနှင့်ပတ်သက်ပြီး ရင်ထဲမှာ လေးလံ သွားဟန် တူသည်။ အတော်ကြာအောင် တွေးနေပြီးမှ....

"သားရယ်....မဖြစ်သင့် မဖြစ်ထိုက်တာမျိုးတော့ မဖြစ် ချင်ဘူး၊ သား ဖေဖေ့ကို နားလည်စမ်းပါ၊ သားဟာ ငယ်ငယ်လေး ကတည်းက မိတဆိုး ဖြစ်ခဲ့ရလို့ အဖေ ဘဝရော အမေဘဝရော နှစ်ဘဝစံဘာနဲ့ သားကိုချစ် ခဲ့ရတယ်၊ အလိုလိုက်ခဲ့ရတယ်၊ သား ဒီအရွယ်ရောက်တဲ့ အထိ သားဆန္ဒကို ဖေဖေ အကုန်ဖြည့်စွမ်းပေးခဲ့တယ်၊ သား စိတ်ဆင်းရဲအောင် ဖေဖေ ဘယ်တုန်းကမှ မလုပ် ခဲ့ဘူး၊ သားကလဲ ဖေဖေ စိတ်ဆင်းရဲအောင်တော့မလုပ် ပါနဲ့"

"စိတ်ချပါ ဖေဖေ၊ သား မလုပ်ပါဘူး"

ဖေဖေ့ကိုသာ စိတ်ချပါဟု ပြောလိုက်ရသော်လည်း တကယ် စိတ်ချရသည်လား စိတ်မချသည်လားတော့ သူ့မှာမသေချာ။ သူ့ကိုလက်ထပ်ပေးရန်အတွက် ဖေဖေသည် အိမ်စည်ကိုစိတ်ကြိုက် ရွေးချယ်ထားပြီးကာမှ သူ့စကားကြောင့် ဖေဖေဝမ်းနည်းသွား ရသည်။

တကယ်တော့ ဖေဖေသည် သူ့အလိုကို လိုက်ခဲ့သည်ချည်း ဖြစ်၏။

သူ လူမှန်းသိတတ်ကာစ အရွယ်ကပင် သူ့အလိုကျ သူ့ဆန္ဒ အတိုင်းအောင်းလိုပင် ဖေဖေက သူ့ကို ဆေးဟက္ကသိုလ် တက်စေ ချင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက ရန်ကုန်တက္ကသိုလ်သာ တက်မည်ဆိုတော့ ဖေဖေကမကန့်ကွက်၊ သူ့ဆန္ဒအတိုင်း လိုက်လျောခဲ့သည်။

မေနှင်းအေးမိဘများနှင့် ဖေဖေသည် မိတ်ဆွေရင်းချာများ ဖြစ်သလို ထိုစဉ်က မေနှင်းအေးမှာလည်း သူ့အိမ် ဝင်ထွက်နေကျ။

သို့သော် သူနှင့်မေနှင်းအေး လမ်းခွဲရသည်ကိုလည်း ဘာမျှ မပြော၊ ဘာမျှ မကန့်ကွက်။

နောက်ဆုံး သူလိုချင်သော တီးဝိုင်းတခုထောင်ဖို့ ပစ္စည်းများ ဝယ်ပေးရန် ပူဆာသောအခါ "ရ ရမှာပေါ့သားရ၊ သွားချက်ကွီးယူခဲ့၊ လက်မှတ်ထိုးမယ်"ဟု (Cheque)ချက် စာအုပ်ကို ချက်ကွီးဟု နောက်ပြောင်ပြောယင်း လက်မှတ်ထိုးပေးခဲ့သည်။

ခု....မြနန္ဒာနှင့် ပတ်သက်၍ ဖေဖေ့ဆန္ဒကို မဆန့်ကျင်လိုပါ။ သို့သော် မြနန္ဒာရဲ့ အားငယ်နေတဲ့ မျက်နှာလေး၊ ညှိုးနွမ်းနေတဲ့ မျက်နှာလေးကို သူ မမြင်ရက်ပါ။

"သား....ဖေဖေ့ဆီ ခေါ်လာခဲ့ပါ့မယ်"

ဖေဖေသည် သူ့ကိုဘာမျှ ပြန်မပြောတော့။ ထိုင်ရာမှထပြီး အိပ်ခန်းထဲ ဝင်သွားသည်။

ဖေဖေ့ခြေလှမ်းများ လေးကန်နေသည်ကို မြင်ရသည်။ ညှိ့ခန်းထဲမှာ ကျန်ရစ်သော သူ့မှာတော့ ထိုင်ရမှာပင် ထိုင်ချင်စိတ်မရှိတော့။



ညှိ့ခန်းစားပွဲပေါ် တင်ထားသည့် ပန်းအိုးထဲက နှင်းဆီပွင့်လေး ညှိုးကျနေသည်။ မနက်ဖြန်တော့ နှင်းဆီတွေ လဲရဦးမည်။ နှင်းဆီကို တွေ့တော့ ဖေဖေပြောသော "မင်းက မ,နဲ့ န,နဲ့ကို တော်တော် သဘောကျပုံရတယ်"ဆိုသော စကားကို ပြန်ကြားယောင်မိသည်။

ဖေဖေပြောသော မ,နဲ့ န,ဆိုသည်မှာ မြနန္ဒာနာမည်တွင် မ,နှင့်န,ပါသလို မေနှင်းအေးနာမည်တွင်လည်း မ,နှင့်န,ပါနေသောကြောင့် ဖြစ်၏။

ပြီးတော့ မြနန္ဒာလိုပင် မေနှင်းအေးသည် နှင်းဆီကိုကြိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဝယ်မနေစမ်းပါနဲ့ကွာ၊ လက်ဖက်ရည်သောက်ပစ်တာ အရသာ ရှိပါသေးတယ်"

တယောက်က ဝယ်မလိုလုပ်နေသည်ကို တယောက်က တားပြီး ဆွဲခေါ်သွားသည်။ ကဗျာဆရာ 'မိုးနေမင်း' အမည်ခံ အောင်ထွန်းတယောက် ကြားလိုက်သည်လား မကြားလိုက်ဘူးလားတော့ မသိ။ သူနှင့် သော်ဝင်းကတော့ ကြားလိုက်သည်။

အောင်ထွန်း၏ "**ဝတ်ရည်ခန်းသည့်ပန်းနှင့် အတောင်ကျိုးသည့် ရွှေလိပ်ပြာ**" ကဗျာစာအုပ်သည် လက်ဖက်ရည်ဘခွက်လောက်မျှပင် တန်ဖိုးမရှိပါလား။



ဆစ်ကနဲ နှလုံးသားမှာ ကျဉ်ဘက်သွားသည်။ အနုပညာကို မခံစားတတ်သူတွေ။ မုန်းသည်။

ကဗျာကို မခံစားတတ်၊ ကဗျာဆိုတာ ဘာမှန်းမသိ၊ နွားတကောင်အတွက် ကဗျာစာအုပ်ဆိုသည်မှာ ကောက်ရိုးခြောက်လောက် တန်ဖိုးမရှိမည်မှာ သေချာသည်။

"ဘာတွေရေးထားတာလဲဗျ၊ နားမလည်ဘူး"

"ရှင်းစမ်းပါဦးဗျာ"

လာပြန်ပြီ၊ ကမ္ဘာမှာ စားနပ်ရိက္ခာ ရှားပါးနေသည်မှာ သည်လိုလူတွေ ရှိနေလို့ပဲဖြစ်မည်။ ကဗျာစာအုပ်ရောင်းတာ ကဗျာဖတ်ပြီး ခံစားကြဖို့ပါ။ ခုဘော့ ကဗျာကို တကြောင်းချင်း ရှင်းလင်းပွဲ လုပ်ရဦးတော့မလို ဖြစ်နေသည်။

ခေါင်ကြီးကိတ်မုန့်ကို ဝယ်လျှင်လည်းကောင်း၊ ကရဝိက်ဒိုက်စကရင်ကိုဝယ်စားလျှင်သည်းကောင်း တောင်ကြီးကိတ်နှင့် ကရဝိက်မှ မုန့်ရောင်းသူများသည် မုန့်လုပ်နည်းနှင့် အရသာခံစားနည်းကိုတော့ ရှင်းမပြ၊ စားသူကလည်း မမေး။ ခုတော့....

သူ မကျေနပ်။ အောင်ထွန်းလက်ကိုဆွဲခေါ်ယင်း....

"ရောင်းမှနေစမ်းပါနဲ့ကွာ၊ ပန်းဝတ်ရည်အကြောင်းကို ပျားပိတုန်းတွေပဲသိတယ်၊ 'လင်းတ'လိုငှက်မျိုးက ဘာနားလည်မှာလဲ၊ ဒီကောင်တွေက အနုပညာကို တန်ဖိုးထားရမှာထက် ဖိနပ်နဲ့ဖောရိုန်းရှပ်လောက်ဘာ စကားထဲ ထည့်ပြောတတ်တာကွ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာမှန်တယ်ကြည်သာ"

အောင်ထွန်းက ငြိမ်နားထောင်နေစဉ် ဘေးမှ ပါလာသော သော်ဝင်းက ထောက်ခံသည်။ သူက မကျေနပ်သဖြင့် ဆက်ပြော မိပြန်သည်။

"ဒီမှာအောင်ထွန်း၊ မင်းကဗျာစာအုပ်လေး ဖြစ်လာဖို့ မင်းဦးနှောက်နဲ့ မင်းနှလုံးသားကို ဘယ်လောက်အသုံးချရတယ်ဆိုတာ ငါသိတယ်။ စာအုပ်လေးဖြစ်လာဖို့ ဘယ်လို ဖန်တီးရတယ်ဆိုတာပါငါသိတယ်"

ရင်ထဲမှာ မကျေနပ်မှုက တလိမ့်လိမ့် တက်နေသည်။

*

ကင်တင်းက လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်သော်လည်း လက်ဖက်ရည်ကိုမူ တယောက်မှ မသောက်ဖြစ်။ အစောကြီးကတည်းက သူတို့နှင့်မလိုက်ပဲဆိုင်မှာထိုင်ကျန်ရစ်သော သော်ဝင်းက ကဗျာစာအုပ်ထုပ်ကိုကြည့်ပြီး ငိုင်နေသော အောင်ထွန်းကို ကြည့်ကာ....



"မင်းစာအုပ် တော်တော် ရောင်းကောင်းလာတယ်နဲ့ တူတယ်"

"ကဗျာရောင်းယင် အမ် စစ်စဘင်း (M 16) တလက် ကိုင်သွားရနလို ဖြစ်နေတယ်ကွ"

သော်ဝင်းက ကျော်စိုးကိုဝင်ပြောသည်။ သူက သူငယ်ချင်းတွေ စကား နားထောင်ယင်း လက်ထဲက သော်က်သက်စ ဆေးပေါ့လိပ်ကို လွှင့်ပစ်လိုက်မိသည်။

သူ့ရင်ထဲက မကျေနပ်စိတ်က တိုးဘိုးလာသည်။ အနုပညာနှင့်ပတ်သက်လျှင် သူမခံ၊ မာနစိတ် မိုးထိအောင် တက်ရောက်သွားတတ်၏။

"မင်းအနုပညာကို ငါသိတယ်အောင်ထွန်း၊ မင်းကဗျာတွေကို ငါခံစားလို့ရတယ်၊ ဒီမယ်အောင်ထွန်း....ဘယ်သူတွေ တန်ဖိုးထားထား မထားထား ငါ တန်ဖိုးထားတယ် သူငယ်ချင်း။ မင်း ကဗျာတွေကို ဘပုဒ် ၃၀၀ ပေးပြီး ဝယ်မယ်၊ ပြီးယင် သီချင်းသွင်းမယ်၊ မဖြစ်ဖြစ်အောင် လုပ်မယ်ကွာ"

"ဟုတ်မှလဲလုပ်ပါ ကြည်သာရာ၊ မင်းမြှောက်ပေးတာနဲ့ ဟိုကောင် လက်ကနာရီလဲ မရှိတော့ပါဘူး"

ကျော်စိုးအ အပြောင်အပြက်ပြောပေမယ့် သူ့မျက်နှာက ညှိသွား၏။ အောင်ထွန်းကို မျက်နှာမူ စကားပြောနေရာမှ ကျော်စိုးဘက် လှည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါဘယ်လိုကောင်ဆိုတာ မင်းသိပါတယ် ကျော်စိုးရာ၊ မနေ့တနေ့ကမှ ပေါင်းတဲ့ ကောင်တွေမဟုတ်ဘူး"

"ဆောရီးကွာ၊ မင်းသိပ်စိတ်ဆိုးနေလို့ ဝင်နှောက်လိုက်တာပါ"

ကျော်စိုးက သူ့ကိုတောင်းပန်သည်။

"ငါတို့စိတ်ကို မင်းသိသလို မင်းစိတ်ကိုလဲ ငါတို့သိပါတယ်၊ အခု မင်းက ဒေါသကြီးနေလို့ ကျော်စိုးက ဝင်နှောက်လိုက်တာပါ၊ တကယ်တော့ ဒါတွေကို ဒေါသဖြစ်စရာ မလိုပါဘူး၊ အရေးကြီးတာက ငါတို့လုပ်ရမယ့် အလုပ်ကို ဆက်လုပ်ဖို့ မျှော်မှန်းချက်ကို ရောက်ဖို့ပဲ၊ တခြားဟာတွေးပြီး ဒေါကန်နေတာဟာ သွားမယ့်လမ်းက ခလုတ်ကို မြင်လျက်နဲ့ ဝင်တိုက်နေသလိုပဲ၊ ကျော်သွား စမ်းပါကွာ"

သော်ဝင်း စကားကြောင့် သူ့စိတ်ကိုလျှော့ပြီး ဆေးပေါ့လိပ်အသစ်တလိပ်ကို ကောက်ညှိဖွာလိုက်သည်။

"ငါစိတ်ထဲမှာ မခံချင်လို့ပါ၊ ငါ့ကို ခွင့်လွှတ်ကွာ"

သူက ခွင့်မလွှတ်နဲ့ဆိုလည်း သူငယ်ချင်းတွေကတော့ ခွင့်လွှတ်ပြီးမှန်း သိပါသည်။

ညှိမှိုင်းနေသော ကောင်းကင်ပြင်သည် ပြာလဲ့ကြည်စင်လာ၏။ အနုပညာသူငယ်ချင်းများက ချစ်စရာကောင်းသည်။ ခွင့်လွှတ်စိတ်နှင့် အမှန်တရားကို သိမြင်လွယ်၏။ အမှားနှင့်ဆန္ဒစောမှုကို ညှိနှိုင်းနိုင်ကြသည်။



သူ ပြုံးလိုက်မိသည်။ အားလုံး ပြုံးကြ၏။ သူတို့အားလုံးမှာ ဂီတအနုပညာနှင့် ပူးကပ်ဆက်စပ်နေသောကြောင့် အပြုံးတွေလည်း ကူးစက်သွားခြင်းဖြစ်၏။

*

"ဟော...မနှင်းအေး လာနေတယ်"

ဘယ်နှစ်ကြိမ် ဖတ်မိမှန်းမသိသော အောင်ထွန်း၏ ဝတ်ရည်နှင်းသည့်ပန်းနှင့် အတောင်ပံကျိုးသည့် လိပ်ပြာ ကဗျာစာအုပ်ကို ဆေးပေါ့လိပ်ဖွာယင်း အရသာခံဖတ်နေရာမှ သော်ဝင်းစကားသံကြောင့် အရသာပျက်သွားသည်။

တိုလွှန်းသော ဆံပင်ပုံစံနှင့် ရှည်လျားသော လွယ်အိတ်ကို လွယ်ထားသော မနှင်းအေးသည် အနီရောင်ဝမ်းဆက် ဝတ်ထားသည်။ ဆိုင်ထဲမှာရှိသော မျက်လုံးပေါင်း များစွာက ထင်္ကသိုလ်၏ အလှဆုံး (၁၀)ယောက်တွင် စာရင်းဝင်သော မနှင်းအေးထံ ရောက်သွား၏။

www.burmeseclassic.com

မေနှင်းအေးက သူတို့စားပွဲဆီသို့ တန်းလျှောက်လာသည်။ မေနှင်းအေးသည် ဘာကိုမျှ ဂရုစိုက်ဟန်မရှိ။ လူကလည်း အေးစက်စက်…။

"မောင်….ပြန်ကြမယ် လေ၊ အတန်းလဲ မတက်ဘူး၊
လက်ဖက်ရည်ဆိုင်မှာချည်း ထိုင်နေတာပဲ"

အနားရောက်လာသော မေနှင်းအေးက သူ့ဘေးမှာရပ်ပြီး အမိန့်လိုလို တောင်းပန်တာလိုလို ဆုံးမတာလိုလို စကားကို ပြော၏။ သူက ဖတ်လက်စ ကဗျာစာအုပ်ကို လက်ညှိုးဖြင့် ညှပ်ပိတ်ယင်း….

"အေး ပြန်နှင့်လေ၊ မောင် နောက်မှပြန်မယ်"
"မရဘူး၊ အခုလိုက်ခဲ့ရမယ်"

မေနှင်းအေးက တဦးတည်းသောသမီးမို့ မိဘကအလိုလိုက်ထားသဖြင့် နွဲ့ဆိုး ဆိုးတတ်သည်။ မိဘကိုသာမဟုတ် သူ့ကိုပါ နွဲ့ဆိုး ဆိုးသည်။ အနိုင်ယူချင်သည်။

"ကဲပါ….ကြည်သာ၊ လိုက်သွားစမ်းပါ၊ တို့ရှိလို့တော့
ထိုင်မနေပါနဲ့၊ တော်ကြာ နဂါးမလှလှလေး မျက်
စောင်းကြောင့် ဂစ်တာလေးတောင် ဝအောင် မတီး
လိုက်ရပဲ သေသွားပါဦးမယ်"

သော်ဝင်းက သူနှင့် မေနှင်းအေးကို ပြဿနာမဖြစ်စေချင်၍ အရယ်အရွှန်းစကား ဆိုသည်။ မေနှင်းအေး မျက်စောင်းသည် သော်ဝင်းဆီကို ရောက်သွားသည်။



အမှန်တော့ သူတို့အားလုံးနှင့် မေနှင်းအေးမှာ ဇီဝဘာသာတွဲတူဖြစ်သည့်အပြင် မေနှင်းအေးမှာ သူနှင့် ပတ်သက်နေပြန်သည်မို့ ရင်းနှီးကြပြီးသား။

သို့သော် သူတို့လုပ်နေသောအလုပ်ကို မေနှင်းအေး မကြည်ဖြူ၊ ဖြူစူစမြဲ။

"ငါလိုက်သွားဦးမယ်"

နားပူမခံချင်သည်က တကြောင်း၊ ပြဿနာမရှာလိုသည်က တကြောင်း၊ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့် သူထိုင်နေရာမှ မထချင်ထချင်နှင့်ထလာသည်။ လက်ထဲက ကဗျာစာအုပ်ကို လွယ်အိတ်ထဲထည့်ယင်း မေနှင်းအေးနှင့်အတူ ဆိုင်အပြင်ထွက်လာခဲ့၏။

"မောင်လဲ ဒါတွေနဲ့ပဲ အချိန်ကုန်တော့မှာလား"

မေနှင်းအေးသည် အယင်ကလိုမဟုတ်တော့သည်မှာကြာပြီ။ စကားစသည်နှင့် သူ့အနုပညာကို ထိခိုက်လာသည်။ သူ မေနှင်းအေးနှင့် အငြင်းအခုံ မဖြစ်ချင်၊ ဆန့်ကျင်စကား မပြောချင်၊ အေးအေးပဲနေချင်သည်။ ရင်ထဲမှာ ပေါ့ပါးမှုမရှိ။

"မောင်က အေးထက် အပေါင်းအသင်းတွေကို ဂရုစိုက်တယ်၊ ဘဲ့ဘောဇဉ်သားတယ်၊ အေးကိုတော့ နည်းနည်းမှ ဂရုမစိုက်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကြည့်...ပဋိပက္ခ မဖြစ်ချင်ပါဘူးဆိုကာမှ နယ်ကျော်ပြီး စစ်ဖြင့်နေပြန်သည်။ သူက ခေါင်းတခါခါ ယမ်းယင်း....

– "ခက်တာပဲ အေး၊ သူငယ်ချင်းတွေနဲ့ ပြောစရာရှိတာတော့ ပြောရသေးတာပေါ့"

"မောင့်ဥစ္စာက ပြောလို့ပဲ မကုန်နိုင်တော့ဘူးလား"

"ဟုတ်တယ်၊ အဲဒါတော့ မှန်တယ်၊ ဘယ်ပညာရပ်မှာပဲ ဖြစ်ဖြစ် လေ့လာစရာ သင်စရာ ကုန်ပြီဆိုတာ မရှိဘူး အေး"

ကျောင်းအဝင် တံခါးပေါက်ရောက်တော့ ကောင်မလေး သုံးယောက် လက်တွဲမဖြုတ်ပဲနှင့် သူနှင့် မနှင်းအေးဆီ တည့်တည့် လျှောက်လာသဖြင့် သူက မနှင်းအေးနှင့် ခွဲပြီး ရှောင်ပေးလိုက်သည်။

ကြားလေ သွေးယင် ဝေးမှာ စိုးတယ်ဟု ကောင် မ လေး တယောက်က မကြားတကြား ပြောသွားသည်။ သူ ပြုံးချင်သော်လည်း မပြုံးမိ။

✲



"အိမ်မှာလဲ စာမကျက်ပဲ ဂစ်တာချည်း တီးနေတယ်လို့ မောင့်ဖေဖေက ပြောတယ်၊ အမှတ်မကောင်းယင် ဆေးတက္ကသိုလ်မှာ မဟုတ်ဘူး၊ မောင်လဲ ဗီလူးတွေနဲ့ပေါင်းပြီးတော့...."

၁၂ မှတ်တိုင်နားက ဒိန်ချဥ်ဆိုင်မှာ ထိုင်မိရုံ ရှိသေးသည်။ နှင်းအေး ကောစပြန်သည်။ သူ့ မျက်နှာက တည်သွားပြီး ပြင့်ကိုင်ထားသော ဒိန်ချဥ်ဖန်ခွက်ကို ဆတ်ကနဲတွန်းလိုက်ပြင့် မနှင်းအေး စကားရပ်သွား၏။

"မောင်....ဆရာဝန်ဖြစ်ဖို့ ရည်ရွယ်ချက် မရှိပါဘူးအေး၊ အဲဒါက အေးရည်ရွယ်ချက်ပဲ၊ အေးနဲ့ဆိုင်တဲ့ကိစ္စပဲလေ"

"မဟုတ်သေးဘူး မောင်၊ မောင့်ဖေဖေကလဲ မောင့်ကို ဆရာဝန် ဖြစ်စေချင်တာပဲ"

"မောင် ဝါသနာမပါဘူး အေး၊ လူဆိုတာ ဝါသနာပါတဲ့ အလုပ်ကိုလုပ်မှ အောင်မြင်တာ၊ လူတွေကိုအကျိုးပြုနိုင်တာ၊ ဆရာဝန်ဖြစ်ဖို့ ဆေးကုဖို့ ဝါသနာ မပါတဲ့ လူဟာ ဆရာဝန် ဖြစ်သွားခဲ့ယင်တောင် သူ့ လုပ်ငန်းမှာ အောင်မြင်တဲ့လူ ထူးချွန်တဲ့လူ မဖြစ်နိုင်ဘူး၊ အေး ကျေကရိုနင်နဲ့အာသာကွန်နင်ဒွိုင်းဆိုတာဆရာဝန်တွေပဲ၊ ဒါပေမယ့် စာရေးဆရာအဖြစ်ပဲ လူတွေကသိတယ်၊ အမှာသိတယ်၊ သူတို့လဲဝါသနာမပါတဲ့ ဆရာဝန်ဘဝမှာ မအောင်မြင်ခဲ့ကြဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူက ဆေးပေါ့လိပ်ကို မီးညှိဖွာလိုက်ပြီးမှ....

"မိဘရဲ့စေတနာကို နားလည်သလို အေးစေတနာကိုလဲ နားလည်ပါတယ်၊ ဒါပေမယ့် ဝါသနာ မပါတဲ့အလုပ် စိတ်မဝင်စားတဲ့အလုပ်ကိုလုပ်ယင် ဘယ်တော့မှမအောင် မြင်ဘူး၊ အင်ဂျင်နီယာဖြစ်ချင်တဲ့လူတယောက်ကို ဘေး က ဝိုင်းတွန်းလို့ ဆရာဝန် ဖြစ်သွားကြည့် သူလို ငါလို (အမ်၊ဘီ၊ဘီ၊အက်စ်) ဆရာဝန်ပဲ ဖြစ်မှာပဲ၊ အဲဒီလူသာ အင်ဂျင်နီယာ ဖြစ်ကြည့် ထူးချွန်အောင်မြင်ရမယ်"

ရင်ထဲရှိသမျှ ပြောချလိုက်ရ သဖြင့် နည်းနည်းတော့ ပေါ့ သွား၏။ မေနှင်းအေးကတော့ အေးစက်စက်။

"နေပါဦး၊ မောင့်ဝါသနာက ဘာလဲ၊ ဆရာဝန် မလုပ် ချင်ဘူးဆိုတော့ အင်ဂျင်နီယာလား"

ကြည့်....မသိလို့ မဟုတ်ဘူး၊ မေနှင်းအေး သိလျက် သားနဲ့ မေးတာ။ ကြည်သာ ဘာလုပ်နေတယ်ဆိုတာ သိသားနဲ့ ကလန် တာ။ ဒါပေမယ့်သူစိတ်မဆိုး။ ပြောရမည်လေ။

"ဂီတ အနုပညာ၊ ဒါက မောင့်ဝါသနာနဲ့ဘဝရဲ့အစိတ် အပိုင်းပဲ အေး၊ ဒါကိုတော့ အေး နားလည် စေချင် တယ်"

"မောင့်ဝါသနာက တမျိုး အေးဝါသနာက တမျိုးဖြစ် နေတယ်"



"ဝါသနာဘာမျိုးစီ ဖြစ်ပေမယ့် အချစ်ကိုတော့ တခု တည်းပဲ ဖြစ်စေချင်တာ အမှန်ပါ"

သူက မေနှင်းအေးတို့အိမ်မှ လာကြိုသောကားကိုမြင်သဖြင့် ထိုင်ရာမှထယင်း ပြောသည်။ ဒိန်ချဉ်ဖိုးကို စားပွဲပေါ် ချပြီး မသောက်ဖြစ်သော ဒိန်ချဉ်ဖန်ခွက်ဖြင့် ဖိထားလိုက်သည်။

ငွေသည် ကိုးကွယ်စရာမဟုတ်။

✲

"မောင်ပါတခါတည်းလိုက်ခဲ့လေ"

"မလိုက်သေးဘူး အေး၊ မောင် သူငယ်ချင်းတွေနဲ့ ချိန်း ထားလို့"

မေနှင်းအေး ကျေနပ်ပုံမရ။

"ဒါဖြင့် အေးပြန်တော့မယ်"

သူက ခေါင်းကို အသာညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးလိပ်တွေလဲ သိပ်သောက်မနေနဲ့ဦး"

သူ့လက်ကြားမှာညှပ်ထားသည့်ဆေးပေါ့လိပ်ကိုကြည့်ယင်း ပညတ်တော် အပေါ်းတရုထဲက တခုကိုသတိပေးသည်။

သူက ကားတံခါးကို ဖွင့်ပေးသဖြင့် မေနှင်းအေး ကားထဲ ဝင်ထိုင်သည်။ သူ တံခါးပြန်ပိတ်သည်၊ ဝိုင်းစက်သော မျက်နက်ဝန်းက သူ့ဆီရောက်လာပြီး....

"အေးကို နားလည်ပါမောင်၊ အေး စေတနာနဲ့ပြောတာပါ"

"ကျေးဇူးတင်ပါတယ် အေး"

"သွားမယ်နော်"

သူက နှစ်သိမ့်ပြုံးလေး ပြုံးနေစဉ်မှာပင် ကား ထွက်သွား၏။ မေနှင်းအေးက လက်ကလေး အပြင်ထုတ်ပြီး နှုတ်ဆက်၏။

သူကျောင်းထဲကို ပြန်ဝင်လာသည်။

အငကတော့ တကယ့်ကို ပျော်စရာ။ လှပသော ချစ်သူ၏ ရွှေမျက်နှာနှင့် သူဝါသနာပါသော အနုပညာ။ ချစ်သူကလည်း လိုက်လျောသည်။ စိတ်ချမ်းမြေ့စရာချည်းပဲ ဖြစ်သည်။

နောက်တော့ ချစ်သူက အနုပညာလုပ်ငန်းကို ကန့်ကွက်ချင်လာသည်။ အထင်သေးလာသည်။ ကော်ဒည်က သူနှင့် သူငယ်ချင်းများသည် ဂစ်တာကြိုးလေးများကို တီးဝေ့ယင်းအနုပညာလောကလေးထဲမှာပဲ နေချင်သည်။



တခါတလေကျတော့ အချစ်ဆိုတာ အနှောင်အဖွဲ့ တခုလို အဘားအဆီး ဖြစ်နေပြန်၏။ အချစ်ဆိုတာလွတ်လပ်ပျော်ရွှင်မှု ရှိပါရဲ့လားဟု သံသယဖြစ်မိသည်။

✱

"ဘယ်လိုလဲ ကြည်သာ၊ 'အောက်ပတ်စ်'ရလို့ပြန်လာတာ လား....ဟုတ်မှလဲ လုပ်ပါကွာ၊တော်ကြာ...."

"အသာ ထားစမ်းပါကွာ"

မေနှင်းအေးနှင့် လိုက်မသွားပဲ ပြန်ရောက်လာသော သူ့ကို ကျော်စိုးက နောက်သည်။

"အသာထားနိုင်ယင်တော့ ကောင်းပါဘယ်ကွာ၊ တော်ကြာ တို့ပါ စက်ကွင်းမလွတ် ဖြစ်နေပါမယ်"

ကုလားထိုင်မှာ ဝင်ထိုင်သော သူ့ကို သော်ဝင်းက ပခုံးအသာပုတ်ယင်း ပြောသည်။ သူက ဘာမျှပြန်မပြောပဲ မီးသေနေသော ဆေးပေါ့လိပ်ကို မီးညှိဖွာနေလိုက်သည်။

သည်စကား ဆက်ပြောနေလျှင် မေနှင်းအေး ကိစ္စက ဆိုးသောမည်မထင်။ သူ့မျက်လုံးက စားပွဲပေါ် ရောက်နေသော သင်းကြော်ပန်းကန်တွေကို ရောက်သွားပြီးဗိုက်ဆာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်နေပါလား၊ ဘယ်သူဒါယကာလဲ"

သူက သဒ္ဓေးပေါက်စ ကျော်စိုးကို မေးလိုက်သည်။ ကျော်စိုးက ခေါင်းခါပြီး....

"အောင်ထွန်းပါကွာ၊ ကဗျာစာအုပ် ရောင်းတဲ့ငွေနဲ့ ဂုဏ်ပြုကျွေးခံတာလေ၊ လက်မှာတော့ နာရီမရှိတော့ဘူး"

သူက အောင်ထွန်း ဗယ်လက်ကောက်ဝတ်ကို လှမ်းကြည့်မိသည်။ နာရီပတ်ခဲ့သော နေရာတဝိုက်က ဖြူပြီး ကွက်နေ၏။

အောင်ထွန်းတယောက် မရှိမဲ့ရှိမဲ့ နာရီကိုရောင်းပြီး ကဗျာာအုပ် ထုတ်ခြင်း ဖြစ်သည်။ ဒါကို သူတို့အားလုံးသိသည်။

ဒါပေမယ့် ကဗျာစာအုပ်လောက်နာရီကို တန်ဖိုးမထားကြ။

"ထမင်းကြော်တပွဲ ထပ်ပေးဗျို့"

သူက ထပ်မှာသည်။ ညစ်ထွေးနေသော စိတ်ကို ရင်ထဲကဖယ်ထုတ်ဖို့ကြိုးစားသည်။ ပျော်ပျော်ပါးပါးပဲနေချင်သည်။ သူတို့သူငယ်ချင်းတွေမှာဆင်းရဲတာချမ်းသာတာမရှိ။ သူတို့အားလုံးအိတ်ထဲက ပိုက်ဆံသည် သူတို့အားလုံးဖို့ပဲ ဖြစ်သည်။

သူက စားပွဲပေါ် ရောက်လာသော ထမင်းကြော်ပန်းကန်ကိုယူပြီး တဇွန်း ခပ်စားလိုက်၏။ သူ့ကို ကြည့်နေသော အောင်ထွန်းက ရင်ဘတ်ကို လက်နှင့်ဖိယင်း....

"မင်း စားလိုက်တာ ငါ့နာရီ ဇဂ္ဂျီတိုင်လေးပေါ့ကွာ၊ ဟိုကောင် သောက်ဝင်းစားတာက ငါ့နာရီ လက်တံတွေ"

အောင်ထွန်းက ထမင်းကြော် စားနေသော သူငယ်ချင်းများကို ကြည့်ပြီး နောက်နေသည်။ သူတို့အားလုံးထမင်းကြော် စားယင်း ပြုံးမိကြ၏။



သူက ပျော်ရွှင်စွာ စားသောက်နေသော သူငယ်ချင်း ားကိုကြည့်ယင်း အောင်ထွန်း၏ ကဗျာများကို ဝယ်ရန်နှင့် ိုင်းတခုထောင်ဖို့ ဆုံးဖြတ်လိုက်၏။

အိုးဖဲလ်မျှော်စင်ဆောက်ဖို့၊ ဂိုးလ်ဒင်းဂိတ် တံတားဆောက်ဖို့ းလုံးစိတ်ကူးနှင့် စကြရသည်ပဲ။ ပြီးတော့ လက်တွေ့အကောင် ည်ဖော်ရတာဟု တွေးယင်း ရင်ထဲကဝါသနာသည် အရှိန် လာ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

ဗာဒံပင်ခြေရင်းမှာ ထိုင်နေသော မေနှင်းအေးက ပေါ်
ပေါ်ကိုကြွေကျလာသည့် ဗာဒံရွက်ကြွေကိုယူလိုက်ပြီး အဓိပ္ပာယ်
မဲ့စွာ ဆွဲဖြဲသည်။ ရွက်ကြွေသည် နှစ်ခြမ်းကွဲသွား၏။

သူက လမ်းပေါ်မှာ ဖြတ်သန်းသွားနေသည့် ကားများ
ကြည့်ယင်း မေနှင်းအေးကို ပြောရမည့်စကားများကို စဉ်းစ
နေသည်။

မေနှင်းအေးနှင့် သူမှာ အတူယှဉ်ထိုင်နေယင်းက ဝေးဝေ
သွားသလို ခံစားရ၏။ တယောက်နှင့်တယောက် တွဲနေကြသေ
လည်း သူတို့မှာ အပျော်ဆိုတာ မရှိတော့။



"ဒီမှာ....အေး၊မောင် နားလည်ထားတာက ချစ်သူဘဝ ဆိုတာ လိုက်လျော့စာနာစိတ်....ကြည်ဖြူ ခွင့်လွှတ်တဲ့ စိတ်မျိုး ရှိရတယ်၊မောင် ဒိန်ချဉ်မကြိုက်ဘူးဆိုတာအေး သိတယ်၊နော်၊ဒါပေမယ့်အေးကကြိုက်လို့ သောက်ယင် မောင်လိုက်သောက်ခဲ့တယ်၊မောင် လက်ဖက်ရည် ကြိုက် တာသိပေမယ့် အေးကကော်ဖီပဲ သောက်တယ်၊ ဒါက အသေးအဖွဲလေးတွေပါ၊ ဒါပေမယ့် မောင်က လိုက် လျောခွင့်လွှတ်တယ်"

သူက ကျောင်းထဲဝင်သွားသော အောင်ထွန်းကို လက်ယမ်း ပြလိုက်သည်။အောင်ထွန်းက သူ့ဘေးကမေနှင်းအေးကိုမြင်ပြီး ကျောင်းထဲ ဆက်လျှောက်သွား၏။ မေနှင်းအေးက နှုတ်ခမ်း စူသည်။

"အေး....ဝါသနာပါတဲ့ ဆရာဝန်ဖြစ်ဖို့ ဆေးတက္ကသိုလ် တက်ဖို့မောင်ဘယ်တုန်းကမှမကန့်ကွက်ခဲ့ပါဘူး၊အေးကျ တော့ မောင့်ကို ခွင့် မလွှတ်ဘူး....မလိုက်လျောဘူး၊ ဂစ်တာသမားဆိုယင် အထင်သေး အမြင်သေးစကား ပြောတယ်၊ အေးအတွက် နားကျပ်နဲ့ ဆေးထိုးအပ်က အရေးကြီးသလို မောင့်အတွက် ဂစ်တာနဲ့ သီချင်းက အရေးကြီးတယ်၊ ဒါပေမယ့် အေးနားကျပ်နဲ့ ဆေးထိုး အပ်ကို မောင်က အထင် မသေးဘူး၊ အေးကတော့ မောင့်ဂစ်တာကို အထင်သေးတယ်၊ တန်ဖိုးမထားဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ စားစရာ မရှိယင် ဂစ်တာ တီးနေလို့ ဖြစ်ပါ့မလား၊ မောင်က ဒါကို အပျော်ထမ်းသဘောလောက်ပဲ ထားသင့်တယ်၊ ခုတော့ မောင့်ဉစ္စာက အေးကိုတောင် မေ့ပြီး စားလဲဂစ်တာ အိပ်လဲဂစ်တာ ဆိုတော့...."

မေနှင်းအေးသည် သူ့ဝါသနာကို မလိုက်လျောသည့်အပြင် ဆန့်ကျင်နေသည်။ သူက ခေါင်းကို အသာယမ်းယင်း....

"ခက်တယ် အေး၊ ဂစ်တာ တီးတာ ထမင်း စားဖို့မှ မဟုတ်ပဲ၊ အေးက တယူသန်ပြောနေတာကိုး၊ မောင့်ကိုမှ အေး နားမလည်ဘူးဆိုယင် အေးနဲ့မောင် ရှေ့ကို ဘယ်လိုလုပ် လက်တွဲကြမှာလဲ"

"မတွဲချင်လဲ ခွဲလိုက်ကြရုံပေါ့ မောင်"

မေနှင်းအေး အသံက မာသည်။ ပြတ်သည်။ အမှန်တော့ သူက လျှော့မရ၍ တင်းကြည့်ခြင်းဖြစ်သည်။ မေနှင်းအေးသည် အသိခေါက်ခက် အဝင်နက်နေခြင်းသာ။

သူ ဘာမျှ မပြောရသေးမီမှာပင် မေနှင်းအေးက ဖြတ်ကနဲထပြီး လွယ်အိတ်ကိုပြင်လွယ်ကာ ကျောင်းဘက်သို့ လျှောက်သွား၏။ သူက တားနည်ပုံပြီးမှ မတားတော့။ ညှိနှိုင်းမရသည့်ကိစ္စကို ဆက်ပြောနေလျှင် ပြဿနာ ကြီးသည်ထက် ကြီးလာသည်ပဲရှိမည်။



သူ့စိတ်ကို တင်းထားသည်။ မေနှင်းအေးကို သူချစ်သည်ပဲ။ ဒါပေမယ့် မေနှင်းအေးက သူ့ဆန္ဒကို မလိုက်လျော၊ သူ ဂစ်တာတီးလျှင် အနားမှာ မနေပဲ ဂစ်တာကိုလုပြီး ရိုက်ချိုးချင်သော မေနှင်းအေးမှာ မနှင်ပဲပင် ရှုန်းထွက်နေ၏။

ကြာလျှင်....

✲

အတန်းမတက်ပဲ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဆေးလိပ်ဖွာ[illegible] အချိန်ဖြုန်းနေမိ၏၊ ဘယ်လောက်ကြာအောင် မေ့လျော့သွာနေမိသည်မသိ၊ ဖင်စီခံမီးလောင်နံ့ရလာမှ လက်ထဲက [illegible]ပေါ့လိပ်ကို မြေကြီးပေါ် ချပြီး ဖိနပ်နှင့် နင်းလိုက်သည်။

သူ့ရှေ့ ရောက်လာသော လူရိပ်ကြောင့် မော့်ကြည့်လိုက်[illegible]—အောင်ထွန်း၊ ဘာသာစုံရေးသော (ကင်းနိုဘစ်) စာ

www.burmeseclassic.com



အုပ်နှင့် ဆောင်းမကုန်သော ကဗျာစာအုပ်ကို ထပ်ပြီး ကိုင်ထားၿေ။

"တယောက်တည်း ဘာတွေ တွေးပြီး ငိုင်နေတာလဲ"

✲

"အေးနဲ့ အဆင်မပြေဘူးကွာ၊ သူက ငါ လုပ်နေတာတွေကို လက်မခံတဲ့အပြင် ဆန့်ကျင်နေတယ်လေ"

"ခက်တာပဲကွာ၊ ပန်းတိုင်ဆိုတာ မမြင်ရသေးဘူး၊ ခုမှ ခရီးအစ ကို ခြေလှမ်း စပဲရှိသေးတယ်၊ တွန်းလှဲတဲ့လူက များနေပါလား၊ ငါလဲ ကဗျာစာအုပ်ထုတ်တာ နာရီကုန်သွားလို့ အဘိုးကြီးက ဆူလိုက်တာကွာ၊ ငါ့မှာက ငွေမရှိလို့ စိတ်ညစ်ရတယ်၊ မင်းကျတော့ ငွေရှိသားနဲ့ ချစ်သူက ဆန့်ကျင်လို့ စိတ်ညစ်ရတယ်"

အောင်ထွန်းက စကားပြောရသည်ကို မောသွားဟန်ဖြင့် သက်ပြင်းတချက် မှုတ်ထုတ်သည်။ သူက အောင်ထွန်းအတွက် စိတ်မကောင်းဖြစ်သွားရသည်။



"ဘယ်လိုလဲ အောင်ထွန်း၊ ကဗျာရေးဖို့ စိတ်ကုန်သွားပြီလား"

"ဘယ်တော့မှ မကုန်ဘူး၊ မင်းက ဂစ်တာကို အမြဲတီးချင်နေသလို ငါကလဲ ကဗျာပဲရေးနေချင်တာပါ"

ကျောင်းစားအုပ်တွေ နေရာကို ဂစ်တာ၊ ကဗျာနှင့် သီချင်းတွေက နေရာဝင်လာသည်။

"ဟော့ကောင်တွေ လှစ်လှ ချည်လား၊ ငါတို့ကတော့ လာနိုး လာနိုးနဲ့ အတန်းထဲမှာ စောင့်နေ လိုက်ရတာကွာ၊ လစ်မယ်ဆိုလဲ လာခေါ်ရောပေါ့"

"လာခေါ်မလို့ပါပဲကွာ၊ အေးနဲ့တွေ့ယင် စိတ်မကောင်းဖြစ်ရမှာစိုးလို့"

လက်ဖက်ရည်ဆိုင်ထဲဝင်လာသော ကျော်စိုးက ပြောသဖြင့် သူက မလာဖြစ်သည့်အကြောင်းကို ပြောရသည်။ ကျော်စိုး နောက်ကပါလာသော သော်ဝင်းက စက္ကူ ခေါက် လေးကို ထုတ်ပေးသည်။

"ရော့...."

သူက လှမ်းယူပြီး ဖွင့်ဖတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်

အေးကို စိတ်မဆိုးနဲ့နော်၊ အေး တောင်းပန်ပါတယ်။ အတန်းထဲမှာ မောင်မရှိတာ သိတော့ အေးလဲ စာသင်လို့မရဘူး။ အတန်းတော့ မှန်မှန်တက်ပါ။ မောင့်ကို အေး ချစ်ပါတယ် မောင်ရယ်....

မောင့်ရဲ့ ထာဝရ

အေး

"အေး ငါ့ကို တကယ်ချစ်တယ်ဆိုတာ ငါယုံပါတယ်။ အေးကိုလဲ ငါချစ်ပါတယ်၊ ဒါပေမယ့် ငါ့ဝါသနာကို နားလည်ဖို့ မကြိုးစားတာ ခက်တယ်၊ ချစ်လျက်သားနဲ့တော့ မဝေးချင်ပါဘူးကွာ"

သူက စကားကို စဉ်းစဉ်းစားစားနှင့် ပြောနေသဖြင့် သူငယ်ချင်းတွေ ငြိမ်နေသည်။ သူငယ်ချင်းတွေမှာလည်း သူ့ရင်ထဲက အပူ ကူးစက်ကုန်သည်။

အချစ်ဆိုတာ ပျော်စရာတွေချည်းဖဲ့ဟု ပြောရမည်မှာ ခက်နေသည်။ ဒုက္ခ တမျိုးပဲဟု ပြောရမည်မှာလည်း အခက်။



သို့သော် အချစ်သည် ဒုက္ခကို ဖန်တီးလာပြီဆိုလျှင်တော့ မျက်ရည်ကိုသာ ဖြစ်စေသည်မဟုတ်၊ ဘဝနှင့် အသက်ကိုပင် ပျက်စီးသွားစေတတ်သည်ဟု သူ နားလည်မိ၏။

"ဒါတွေ ထားပါတော့၊ မနှင်းအေး ပြောသလို ကျောင်းမှန်မှန် တက်ဖို့ကတော့ ငါသဘောတူပါတယ်၊ ဒါမှလဲ စာမေးပွဲအောင်ပြီး အာမခံချက်ရှိလာမှာပေါ့၊ ရေခဲရေရောင်းပြီး ကဗျာရေးရမှာတော့ သိပ်မဟန်ဘူးပေါ့ကွာ"

ကျော်စိုးက အောင်ထွန်းနှင့် သူ့ကိုကြည့်ယင်း ဖြေပြောပြောသည်။

"မင်း လုပ်ချင်တာတွေကို ဒီနှစ် ကျောင်းပြီးတော့ဆက်လုပ်ပေါ့ကွာ၊ ငါတို့လဲ လုပ်မှာပဲ"

သော်ဝင်းကပါ သူ့ကို ဝင်ပြောသည်။ သူ စိတ်နည်းနည်းပေါ့သွားသည်။

"ဟုတ်တယ်၊ မင်းရယ် ငါရယ် အောင်ထွန်းရယ် တို့သုံးယောက် တီးဝိုင်းတခုထောင်မယ်၊ သီချင်း ဆိုမယ်"

"မင်းတို့ သုံးယောက်တည်း ခွဲခြားခွဲခြားမလုပ်ပါနဲ့ကွာ၊ ငါလဲ ပါမှာပေါ့၊ မင်းတို့က ရေးကြ၊ ဆိုကြ၊ တီးကြ၊ ငါကတော့ တေးသံသွင်းဆိုင် ဖွင့်ပြီး မင်းတို့သီချင်းတွေ ဖြန့်မယ်၊ တီးဝိုင်းမန်နေဂျာ လုပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သင်္ချေးပေါက်စ ကျော်စိုးကလည်း မနေနိုင်။ မိဘက စီးပွား ရေးလုပ်လျှင် ငွေထုတ်ပေးမည်မို့ တေးသံသွင်းဆိုင် ဖွင့်ချင်နေသည်နှင့် သူတို့က သီချင်း ဆိုမည်ဆိုတော့ ဟန်ကျ နေသည်။

သူတို့လေးယောက် တွက်ရေးတော့ စက်သင်္ချေးပါပဲ။

* * *

အခန်း ( ၅ )

အားလုံးပျော်သည်။ ပြီးခဲ့တဲ့အပတ်က ဖေဖေဝယ်ပေးသော ...းသိုင်းကိုရိယာများ အခန်းထဲမှာ ပြည့်နေသည်။ သူက လိဒ် ...ဇ်တာကို ခဏချပြီး ယာမဟာဒရမ်ဆက်မှာ ဝင်ထိုင်လိုက် ...သည်။

"ဝမ်း....တူး....သရီး...ဖိုး...."

သူ့လက်ထဲက တုတ်နှစ်ချောင်းက ဒရမ်ပေါ် ရောက်သွား ... သော်ဝင်းက ဘေ့စ်ဂစ်တာ။ သော်ဝင်း ခေါ်လာသော ...ဦးနှင့်တင်ညိုက ရစ်သမ်ဂစ်တာ။ အောင်ထွန်းရုပ်ကွက်သော ...ယ်ချင်းက လိဒ်ဂစ်တာ။

www.burmeseclassic.com

www.burmeseclassic.com



လှပသော သံစဉ်များက အခန်းထဲမှာ ခုန်ပျံ နေသည်။ ဖေဖေက Akai ရီကော်ဒါကြီးမှတဆင့် အသံ အနိမ့်အမြင့်ပြ များကိုကြည့်ယင်း Head Phone ဖြင့် နားထောင်သည်။

အားလုံး ရပ်သွားသည်။ ဖေဖေက တိတ်ခွေကို နောက်ပြန် ရစ်နေစဉ် အခန်းထဲကို မေနှင်းအေး ဝင်လာ၏။

"လာဟေ့....သမီး၊ အအေးသောက်ယင်း သီချင်း နားထောင်ရအောင်"

သူတို့ လုပ်ကိုင်နေသည့် မြင်ကွင်းကြောင့် မေနှင်းအေး ပြန်မည်ပြုပြီးမှ ဖေဖေ့စကားကြောင့် ကုလားထိုင် တလုံးမှာ ဝင်ထိုင်သည်။

"ဘာသောက်မလဲ သမီး၊ လီမွန်လား ဘာလီလား"

ဖေဖေက ရီကော်ဒါနားက ခွာပြီး မေနှင်းအေး အနီးက စားပွဲပေါ်မှာ တင်ထားသော အအေးပုလင်းများကို လက်ညှိုး ထိုးပြယင်း မေးသည်။

သူက မေနှင်းအေးကို ပြုံးကြည့်ယင်း....

"အေးက ဘာလီကြိုက်တယ် ဖေဖေ"

ရီကော်ဒါဆီ ပြန်သွားပြီးနောက် ပြန်ရစ် နေသည်ကို ရပ်ကာ ပြန်ဖွင့်သည်။ အသံသေတ္တာထဲက သူတို့လက်သံများထွက် ပေါ်လာသည်။

သူက မေနှင်းအေးကို ပြုံးကြည့်သည်။ မေနှင်းအေးမျက်နှာ မဲ့နေသည်။ မေနှင်းအေးသည် သူ့ဝါသနာကို နည်းနည်းလေးမှ မလိုက်လျော။ ခက်လိုက်တာ အေးရယ်....ဟု သူ့ စိတ်ထဲက ပြောမိသည်။



"ပြန်တော့မလားသမီး၊ နောက်တပုဒ် နားထောင်သွားဦးလေ"

"ပြန်တော့မယ် ဦးလေး၊ သမီး နားပူလို့"

"အေး....ခဏနေဦးလေ"

သူက ကပျာကယာ တားလိုက်သော်လည်း အေးက လှည့်ပင် မကြည့်။

"အေး အိမ်မှာရှိမယ်၊ မောင် လာချင်လာပေါ့"

မေနှင်းအေးက ပြောပြီးသည်နှင့် အခန်းထဲမှ ထွက်သွားတော့သည်။ သူက တုတ်နှစ်ချောင်းကို စိတ်ပျက် လက်ပျက်နှင့် ပစ်ချလိုက်ပြီး သူ့ လိဒ်ဂစ်တာကို ပြန်ကိုင်သည်။ ကြိုးညှိပြီးသား ဂစ်တာကို စိတ်က မကျေနပ်သည်နှင့် ပြန်ညှိမိသည်။

"ထောက်"

နံပါတ်(၁)ကြိုးသည် တင်းယင်း တင်းယင်းနှင့် ပြတ်သွား၏။ မေနှင်းအေးတို့အိမ်သွားဖို့ စိတ်ကူးပြီးကာမှ မသွားတော့ဟု ဆုံးဖြတ်သည်။ သူ သက်ပြင်းတချက် ချမိသည်။

*

www.burmeseclassic.com



သူ ဂစ်တာတီးဖို့ သီချင်းဆိုဖို့ ဝါသနာ ကြီးသော်လည်း ကျောင်းတက်နေသော ကျောင်းသားတယောက်၏တာဝန်ကိုမူ မလစ်ဟင်းစေခဲ့။ အောင်စာရင်း ထွက်တော့ ဂုဏ်ထူး သုံးခုရသည်။ ဂုဏ်ထူးနှစ်ခုသာရသော မေနှင်းအေးက သူ့အတွက် သူ့ထက်ပျော်နေသည်။ ဒါပေမယ့် သူက ဂစ်တာ အကြောင်း ပြောသောအခါ....

"လူတယောက်ဟာ အလုပ်နှစ်ခုကို တပြိုင်တည်းလုပ်လို့ မရဘူးမောင်၊ ရခဲ့ယင်တောင်မှ အဲဒီ နှစ်ခုစလုံးဟာ မအောင်မြင်နိုင်ပါဘူး"

"သိပ်မှန်တာပေါ့ အေး၊ ဒါကြောင့် မောင် ဆေးကို မသွားတော့ဘူး၊ မိန်းမှာပဲ တက်မယ်၊ ဆေးကို သွား တက်ယင် မောင်ဟာ အောင်မြင်တဲ့ ဆရာဝန်တယောက် ထူးချွန်တဲ့ ဆရာဝန်တယောက် ဖြစ်လာမှာ မဟုတ်ဘူး၊ စာမေးပွဲတွေကျပြီး ကျောင်းက ထွက်ရဖို့ များတယ်"

"မောင် စိတ်ကူးလွဲနေပြီထင်တယ်၊ မောင်ကအေးထက်တောင် ဂုဏ်ထူးတခု သာသေးတာပဲ၊ ဆေးတက္ကသိုလ် ပဲ တက်ပါမောင်ရယ်....နော်"

မေနှင်းအေးသည် သူ့စည်းထဲကို ချော့ခေါ်သည်။

"မဖြစ်ပါဘူး အေးရယ်၊ ဆေးတက္ကသိုလ် တက်ယင် မောင် ဘာလုပ်လို့မှအောင်မြင်မှာ မဟုတ်ဘူး၊ ဆရာဝန် မဖြစ်သလို ဘာမှလဲ ဖြစ်လာမှာ မဟုတ်ဘူး"



ကန်တော်မင် ပန်းခြံက စိမ်းစိုပြီး အေးမြနေသော်လည်း သူ့ရင်ထဲမှာ မအေး။ မေနှင်းအေးလည်း သူ့လိုပဲ နေလိမ့်မည်။ မေနှင်းအေးက ကားထဲမှာဖွင့်ထားသော ကက်ဆက်ခလုတ်ကို ပိတ်လိုက်ပြီး....

"အေးက မောင့်ချစ်သူပါ၊ အေးကို ဦးစားပေးစေချင် တယ်"

"မောင်က ဘယ်နေရာမှာ အေးကို ဦးစားမပေးလို့လဲ၊ အမြဲတမ်း လိုက်လျော နေတာပဲ မဟုတ်လား"

"ဂစ်တာမတီးပဲ ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားပါ မောင်ရယ်"

"အေးက မောင့်ကို နားမလည်တော့ ခက်တယ်အေး"

တယောက်နှင့်တယောက် ပြေလည်ဖို့ ကြိုးစားနေကြသော် လည်း မပြေလည်နိုင်။ ကိုယ့်ဆန္ဒကိုသာ အဓိကထားပြီး အလျော့ မပေးနိုင်ကြသဖြင့် နီးမလိုနှင့် ဝေးဝေးသွားပြန်သည်။

သူက ကားစက်ကိုနှိုးပြီး မောင်းထွက်လာခဲ့သည်။ ဦးဝိစာရ အဝိုင်းကိုပတ်ပြီး မနော်ဟရီလမ်းဘက်သို့ မောင်းလာခဲ့သည်။

အစကတော့ သူနှင့်မေနှင်းအေးတို့ လျှောက်လည်ဖို့ စီစဉ်ပြီး ထွက်ခဲ့ကြခြင်းဖြစ်သည်။ ယခုတော့ ဘယ်မှ သွားချင်စိတ် မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



မနှင်းအေးကတော့ သူ့ကိုဂစ်တာကိုပဲ ချစ်နေသည်ဟု ထင်နေပေလိမ့်မည်။ တကယ်တော့ သူ မနှင်းအေးကို ချစ်ပါသည်။

ကားကို မနှင်းအေးတို့ ခြံထဲ ချိုးကွေ့ပြီး ရပ်လိုက်သည်။ မနှင်းအေးက ကားတံခါးကို ဖွင့်ဆင်းယင်း....

"အိမ်ပေါ်ကို တက်ခဲ့ဦးလေ မောင်"

"မလိုက်တော့ပါဘူး အေး၊ မောင် အော်ဂင်သမားတယောက် ရှာဖို့ကိစ္စလေး ရှိနေလို့"

သူက မနှင်းအေးကို လိမ်မပြောပဲ အမှန်အတိုင်း ပြောလိုက်မိသည်။ ကားကို မောင်းထွက်ယင်း နောက်ကြည့် မှန်ထဲက ကြည့်လိုက်တော့ မနှင်းအေး မျက်နှာလှလှလေးက တင်းမာ ခက်ထန်နေသည်။

'နီးမလိုနဲ့ မဝေးပါရစေနဲ့ အေးရယ်'ဟု ရင်ထဲက တိုးတိုးလေး ရေရွတ်လိုက်မိ၏။ လီဗာကိုနင်းရသည်မှာ ဆန်အိတ်ထမ်းပြီး ပြေးရသလို မောလာသည်။

✱



ကျောင်းကို ခွဲခွာခဲ့ရသည်ပင် ကြာပြီပဲ။ တခါတခါတော့လည်း 'ဝင်း'လက်ဖက်ရည်ဆိုင်နှင့် မနှင်းအေး ကြိုက်သော ဝေရက်ဒိန်ချဥ်ဆိုင်ကို သတိရသည်။ သူက အပန်းဖြေရိပ်သာကို ဖြတ်လျှောက်ယင်း အနုပညာအသင်းက ပတ္တလားသံကို ခံစားနေမိသည်။

မနှင်းအေးက ဘာမျှမပြောပဲ သူ့ဘေးမှာ ငြိမ်ငြိမ်လိုက်လာ၏။ မနှင်းအေးတို့ ဆေး (၁)ကို မရောက်သည်မှာ ကြာပြီဖြစ်သလို မနှင်းအေးကလည်း သူရှိရာ ရုဇွဲသို့ မလာသည်မှာ ကြာပြီ။

သည်နေ့တော့ ဘာစိတ်ကူးရသည်မသိ၊ မနှင်းအေးဆီ ရောက်လာသည်။ အတန်းထဲမှာ သူ့ကိုရှာသော်လည်း မတွေ့သဖြင့် ဥပဒေတက်နေသော ကျော်စိုးကိုရှာပြီး လိုက်ပို့ခိုင်းသည်။ သူတို့က အရှည်ကြီးလက်ဖက်ရည်ဆိုင်မှာ။

မနှင်းအေးရောက်လာတော့ သူတို့က စတိတ်ရှိုးတခုအတွက် သူတို့အဖွဲ့ တီးဖို့ စီစဥ်နေတုန်း သူက မနှင်းအေးကို ခဏစောင့်ခိုင်းပြီး ကိစ္စကို ပြတ်အောင်ပြောရသည်။ မနှင်းအေးက မှုကျေနပ်။

နောက်ဆုံး၌ အောင်ထွန်းနှင့် သော်ဝင်းကို လွှဲထားခဲ့ပြီး မနှင်းအေးနောက် လိုက်ခဲ့ရ၏။

www.burmeseclassic.com

အမိပတိလမ်းပေါ် ရောက်တော့ မေနှင်းအေးက ဘွဲ့နှင်းသဘင်ကို ကျော်ခိုင်းလျှောက်သည်။

"မောင့်ကြည့်ရတာ အေးစက်စက်နဲ့ စိတ်မပါသလိုပဲ"

"ထင်လို့ပါအေးရယ်၊ မောင် ဒီလိုပဲ နေတတ်တာပဲဟာ"

"မဟုတ်ပါဘူး၊ မောင် အယင်ကနဲ့ မတူဘူး၊ ခုလဲ မောင့်စိတ်က လက်ဖက်ရည်ဆိုင်မှာ ကျန်ရစ်တယ်နဲ့တူတယ်"

"မဟုတ်ပါဘူး အေးရယ်"

သူက မေနှင်းအေးကို ရယ်သလို မောသလို ပြောသော်လည်း မေနှင်းအေး ပြုံးပင်မပြုံး။ အမိပတိလမ်းပေါ်က သစ်ရွက်ကြွေတွေကို ငုံ့ကြည့်ယင်း....

"မောင့်ကို အေးတခုမေးမယ်နော်"

"ဘယ်ခုမေး အေး"

သူက လက်ဆယ်ချောင်း ထောင်ပြသည်။

"မောင်....အေးကို ချစ်မှချစ်သေးရဲ့လား"

မေနှင်းအေး အမေးကို သူအံ့သြသွားသည်။ မေနှင်းအေးသည် သူ့အချစ်ကို နားလည်နိုင်စွမ်းမရှိပါလား။

"ဒီစကားကို ဘာလို့ မေးရတာလဲ အေး"

"အေးက မောင့်ကိုတိုးချစ်နေသလောက်မောင့်အချစ်က လျော့သွားတယ် ထင်လို့ပေါ့"



အေး ထင်လို့ပါ၊ မောင် အေးကိုချစ်ပါတယ်"

"ဘယ်လောက် ချစ်တာလဲ"

"အေးမှာ ကိုယ်အပူချိန်တိုင်းတဲ့ သာမိုမီတာလိုအချစ်ရဲ့ အတိုင်းအဆကို တိုင်းတာတဲ့ သာမိုမီတာပါယင် တိုင်းကြည့်ပါ အေး၊ အပူချိန်တိုင်းတဲ့ သာမိုမီတာကိုရေနွေးထဲထည့်ယင် ကွဲသွားတတ်သလို မောင့်ကိုတိုင်းတဲ့ သာမိုမီတာလဲ ကွဲသွားလိမ့်မယ်"

"မောင် အေးကို အဲဒီလို ချစ်တယ်ဆိုယင် အေး အလိုလိုက်လေ"

"မောင်က အခု ဘာတွေလုပ်နေလို့လဲ"

"ဘာတွေ လုပ်နေသယ် ဆိုတာတော့ မောင့်ဘာသာ သိမှာပေါ့၊ အခုပဲ ကြည့်လေ....အေးက မောင့်ဆီ လာရတယ်၊ လာတော့လဲ အဘန်းထဲမှာ မရှိဘူး၊ မောင်က တော့ အေးဆီကို မလာတာ ဘယ်လောက် ကြာပြီလဲ"

"မအားလို့ပါ အေးရဲ့"

"ဂစ်တာကိစ္စပဲ လုပ်နေတယ် မဟုတ်လား"

ပြောင့်ဖြူးသော အမိပတိ လမ်းသည် သူတို့ နှစ်ယောက်ကြောင့် မပြောင့်ဖြူးဖြစ်သွားပြီလား မသိ။ မေနှင်းအေးသည် သူ့ကို ဆေးတက္ကသိုလ်တက်ဖို့ ပြောမရသည့်အဆုံး ဂစ်တာကိစ္စပါ အတင်းအကျပ် ကိုင်လာပြန်သည်။

www.burmeseclassic.com



သူက မေနှင်းအေးနှင့် အငြင်းအခုံ မပြောချင်တော့။ သူက ပြေရာပြေကြောင်း ကြိုးစားသော်လည်း မရ။

"ပြန်လျှောက်ရအောင် အေး"

အေးက ဘာမျှမပြော။ နောက်ပြန်လှည့်သည်။ အတော် လျှောက်ပြီးမှ....

"မောင်က ကျောက်ရုပ် တနေလိုပဲ"

"အေးစကားကို မောင် နားမလည်ဘူး"

"နား မလည်ယင်လဲ နားမလည်သလိုပဲ ထားလိုက်ပါ တော့၊ အေး ပြန်တော့မယ်"

"နေဦးလေ အေး"

"ရပါတယ်မောင်၊ အေး လာတာ မောင့်ကို အနှောင့် အယှက်ပေးသလို ဖြစ်နေယင် ခွင့်လွှတ်ပါနော်"

မေနှင်းအေးက ပြောပြီးသည်နှင့် အာရုံစီထဲသို့ လျှောက်ဝင် သွားသည်။

"နေပါဦး အေးရ"

သူ့အသံကို ကြားသော်လည်း မေနှင်းအေး လှည့်မကြည့်၊ သူကလည်း နောက်ထပ် မတားမိ။

အနုပညာ အသင်းမှ ပတ္တလားသံသည်လွမ်းစရာ ကောင်း နေ၏။

ရင်ထဲမှာ အချစ်နှင့်အနုပညာ၊ အသွင်မတူသော ချစ်သူ ဝါသနာကြီးသော အနုပညာ....။



ဘွဲ့နှင်းသဘင်ရှေ့က ခြသေ့်ကြီးနှစ်ကောင်သည် အတူနေခဲ့ သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော်လည်း တကောင် မျက်နှာတကောင် မမြင်ဖူးကြပေ။

ရေတမာပင်သည် လေတိုး၍ ဗယ်ညာယိမ်းနေ၏။

သူသည် ခေတ်တိုင်တတိုင် မဟုတ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

'သူငယ်ချင်းများ' (သို့မဟုတ်) The Friends

သူတို့အဖွဲ့လေး နာမည်ရလာသည်။ သူတို့ဝဲဘက် ရင်ဘတ်ရှေ့မှာ ရွှေရောင်'အက်ဖ်'(F) အက္ခရာစာလုံး ရှိသည်။

ကျောင်းထဲမှာတော့ သည်အကြိမ် ပထမဆုံးဖြစ်၏။ သည်နေ့ကယ်မယ်စထရီ မောင်မယ်သစ်လွင် ကြိုဆိုပွဲ။

ကိုယ့်နေရာ ကိုယ့်ဒေသပေမယ့် ဘာပဲ ပြောပြော အတွေ့အကြုံနည်းသေးသည်မို့ ရှိန်းတိန်း ဖိန်းတိန်းနှင့် ရင်ထဲ အခုန်မြန်ချင်နေသည်။



ကိုင်ဇာနှင့် ခိုင်ထူးတို့ကတော့ ပရိသတ်လက်ခုပ်သံ၊ ဩဘာသံတို့ အကုန်ယူသွားသလား အောက်မေ့ရသည်။ နီရဲကျိန်းစပ်နေမည်ဖြစ်သော ကောင်မလေးတွေ၏ လက်ဝါးနုနုလေးများကို မျက်လုံးထဲမှာ မြင်နေမိသည်။

သူ့အလျှင် သည်လောကထဲက လူတွေ တယောက်ပြီးတယောက် ဖျော်ဖြေသွားကြသည်။ ဩဘာလက်ခုပ်သံများက ခန်းဖြေရိပ်သာကြီး ပွင့်ထွက်သွားမလား ထင်ရသည်။

သူက နောက်ဆုံးမှ ဆိုရမည်။ သူများတွေ အတွက် လိဒ်တာကို တီးပေးနေယင်း သူ့အလှည့်ရောက်လျှင်လက်ခုပ်သံမှ ကျန်ရပါဦးမည်လားဟု တွေးပူနေမိသည်။

ဘိုဘိုဟန်ပြီးလျှင် သူ။စတိတ်ပေါ်သို့ ဘိုဘိုဟန် တက်သွားသည်။ အားလုံးသိတဲ့အတိုင်း သူ့ပုံစံက အမြဲတမ်း တက်ကြွနေသည်။ သာမန်အချိန်မှာ ဘိုဘိုဟန့်ကိုမြင်လျှင်တည်တည်ငြိမ်ငြိမ် စကားကို အေးအေးလေး ပြောတတ်သည်ကိုသာ တွေ့ရ၏။

စတိတ်ပေါ် ရောက်သည်နှင့် ဘိုဘိုဟန့်ပုံစံက လှောင်အိမ်မှ လွတ်လာသည့် ငှက်တကောင်လို မြူးကြွ လန်းဆန်းနေသည်။ သီချင်းပင် မဆိုရသေး၊ လေချွန်သံ လက်ခုပ်သံတွေ ဆူညံသွား၏။

ဗိုလ်ချုပ်ဈေး ပေါင်ချိန်စက်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုဟာန်က သီချင်းဆုံးတော့ ခေါင်းညွှတ်သည်။ လက်ခုပ်သံတွေ စဲသွားသည်နှင့် အောင်ထွန်းအသံထွက်ပေါ်လာသည်။ သည်ပွဲမှာ အောင်ထွန်းက ကြေငြာသူ။

"အခု နောက်ဆုံး အစီအစဉ်နဲ့ ဖျော်ဖြေမှာကတော့ အားလုံးမျှော်လင့်နေတဲ့ကျွန်တော်တို့ သည်ဖရင်းစ် The Friends အဖွဲ့ရဲ့ ခေါင်းဆောင်...."

"ကြည်သာ ဟော့"

"ကြည်သာ....ဖရင်းစ် Friendsကြည်သာကွ"

အောင်ထွန်းက သူ့နာမည်ကို မကြေငြာမီမှာပင် ပရိသတ်က သူ့နာမည်ကို ဝိုင်းအော်သည်။ သူ့နာမည်နှင့် Friends သည်လည်း ခွဲမရတော့။

"ဟုတ် ပါ တယ် ခင်ဗျာ....ကြည်သာ ပါပဲ၊ ကြည်သာ သီဆိုမယ့် သီချင်းကတော့....ရွှေပင့်ကူ"

လက်ခုပ်သံသည် သူထင်ထားသည်ထက် ပိုနေသည်။ သူ့ မိုက်ကရိုဖုန်းရှေ့ကို လျှောက်သွားသည်။ တကျောင်းတည်းသား တွေမို့ ပို၍အားပေးနေသည်လား မသိ။ သူ့မှာ ဝမ်းသာ၍ လွန်း၍ မျက်ရည်ပင် လည်လာသည်။

"ပရိသတ်မျက်လုံးတွေကို လိုက်ကြည့်မနေနဲ့ ကြည်သာ လသာညမှာ တယောက်တည်း ဟစ်သလို ခံစားချက် အပြည့်နဲ့သာ ဟစ်ပေတော့"



သော်ဝင်းက သူ့အနားလျှောက်လာယင်း ပြောသည်။

သူ အတွေးဝင်သွားပြီ။ အောင်ထွန်း သူ့အတွက် ရေးပေးထားသော ရွှေပင့်ကူကို ဖြည်း ဖြည်း အေး အေး ဆို သည်။ အပန်းဖြေရိပ်သာတခုလုံး ငြိမ်သွားသည်။ သူ့အသံသည် နေရာအနှံ့ကို ပျံ့သန်း သွား သော် လည်း မနှင်းအေးဆီ ရောက် မရောက်မူ သူ မသိ။

သီချင်းဆုံးတော့ ဦးညွှတ်ကန်တော့လိုက်သည်။ လက်ခုပ်သံတွေက တဖြောင်းဖြောင်း ထွက်လာသည်။

"နောက်တခေါက်ဟော့...."

"တခါထပ်ဆိုပါဦး"

အသံတွေပေါ်လာပြန်သည်။ သူ ငြင်းမည်ပြုပြီးမှ မငြင်းတော့။ သူ့ကို ချစ်သောပရိသတ်၊ သူက ချစ်သော ပရိသတ်အတွက်ကို ဖြည့်ဆည်းလိုက်ရသည်။

သီချင်းဆုံးတော့ သူ့ကို အားပေးနေသည့် ပရိသတ်ကို ကြည့်ကာ သူ့မှာ ဝမ်းသာမျက်ရည်များပင် ကျမိ၏။ မေဂျာတူ သူငယ်ချင်းတွေက ခုန်ပေါက်အားပေးသည်။

"မင်း အောင်မြင် မှာပါ ကြည်သာ၊ ငါက ဘာမှ မလုပ်တတ်ပေမယ့် နားအရသာ ခံတတ်တယ်ကွ၊ မင်း အသံက တမျိုးလိုင်းကွဲတယ်၊ အဲဒါကိုက မင်းအတွက် ကောင်းနေတာ"

www.burmeseclassic.com



ပွဲသိမ်းတော့ ကျော်စိုးက သူ့ကို မြှောက်သည်။

"ယမ်းဘီလူးက အအေးတော့ တဝကြီး တိုက်နိုင်ပါ တယ်ကွာ"

"တကယ်ပြောတာကွ"

"ထားပါကွာ၊ ထားပါ"

သူက ကျော်စိုးကိုပြောပြီး သော်ဝင်းဆီ လျှောက်သွားသည်။ တီးဝိုင်းပစ္စည်းများသိမ်းဖို့ ကိစ္စမှာ မန်နေဂျာတာဝန်ယူထားသော ကျော်စိုး ကိစ္စ ဖြစ်သည်။

သူက ပွဲမစမီကပင် မေနှင်းအေးကို ရှာကြည့်မိသည်။ ပွဲသာပြီးသွားသည်၊ မေနှင်းအေးကို မတွေ့။ ပါရမီ ဖြည့်ဘက် ဟု သတ်မှတ်လိုသော်လည်း မေနှင်းအေးသည် သူ့အပါးမှာ မရှိ။ ဝေးနေသည်။ ဘယ်အထိများ ဝေးရဦးမည်မသိ။

စောစောက ပရိသတ်အလိုကျ နှစ်ခါဆိုခဲ့ရသော ရွှေပင့်ကူကို သုံးခါမြောက်အဖြစ် သူ့ဆန္ဒနှင့် သူ့ရင်ထဲမှာ ဆိုနေမိသည်။ ရင်ထဲမှာ ငိုနေမိသည်။

✱



ဂျပ်ဆင်၏ အစိတ်အပိုင်းများကို မြင်နေရသည်။ ဗာဒံပင်ပုပ်ဝိုင်းဝိုင်းလေးအောက်မှာ သူတို့ အဖွဲ့သားတွေ စုံနေသည်။ ကျော်စိုးက မရောက်သေး။ အိမ်ပြန် ပစ္စည်းပို့ပြီးမှ ပြန်လာရမည်။ ကျော်စိုးက တီးဝိုင်းမန်နေဂျာ၊ ပစ္စည်းသိမ်း။

သူတို့ 'The Friends' အဖွဲ့ ခြေလှမ်းတလှမ်း၊ လှေကားတထစ်ကို လှမ်းမိကျော်မိကြပြန်ပြီ။ အပန်းဖြေရိပ်သာ ကပွဲပြီးတော့ သူတို့အဖွဲ့ ဂျပ်ဆင်ကင်တင်းမှာ ဝိုင်းထိုင်မိကြ၏။

"ငါ အေးကို သတိရမိတယ်ကွာ"

ရင်ထဲက စကားသည် နှုတ်မှ ထွက်သွား၏။ သူ့အသံကတိုးသော်လည်း၊ သော်ဝင်းက ကြားသွားသည်။

"မင်း အနားမှာ မင်း ယိချင်းဆိုတာကို လာပြီး အားပေးစေချင်တာလား"

"အဖော်ဆိုတာ တယောက်နဲ့တယောက် အပြန်အလှန် အားပေး နေသင့်တယ်လို့ ထင်တယ် လေ၊ အခုတော့ အေးက...."

သူက စကားကို ဆက်မပြောဖြစ်၊ သက်ပြင်း တချက်ကိုသာ ချမိသည်။ မေနှင်းအေး အချစ်နှင့်ပတ်သက်ပြီး သံသယစိတ်ဝင်လာသည်။ သူ့ကိုယ်သူလည်း ထထိုးကျုန်ဆန်သလို ခံစားရ၏။

ဝါသနာအရ ရှုန်းကန်နေရသည့်ကြားမှာပင် နှလုံးသားသည် အချစ်ကို တမ်းတ နေသေးပင်။ ကိုယ်လိုလူကို နားမလည်နိုင်သည့် မေနှင်းအေးကို အံ့သြရသည်။

www.burmeseclassic.com



အထပ်ထပ်ချည်ထားသော ကြိုးသည် အလွယ်နှင့် ပြတ်နိုင်ပါမည်လား။

"ဟော့ခကောင်သော်ဝင်း၊မင်းအရိပ်လေးလိုက်လာဘယ်"

သူအတွေးလွန်နေသဖြင့် ဘယ်သူက ပြောလိုက်မှန်းပင်မသိ၊ သော်ဝင်းကပြုံးပြီး ယိုင်ရာမှထယင်း....

"ဒါပေါ့....လာကိုလာရမှာပေါ့၊ ငါ့လက်သံ ကြားသွားပြီလေ"

"ဘာလဲ ဒီခမောင့်လက်သံ ဒေါင်ဒေါင်လန်လား"

"မင်းတိုးအကြီး ဒေါင်ဒေါင်လန်"

သော်ဝင်းနှင့်ကျော်စိုး တယောက်တလဲ နှက်နေကြသည်။ သော်ဝင်းသည် တခါမျှ အချစ်အကြောင်း မပြောခဲ့ဖူး။ အခုတော့ အရိပ်ကလေးတဲ့။ အနားမှာ တဖဝါးမကွာ ရှိနေတဲ့ ချစ်သူကိုတင်စားခြင်း။

မေနှင်းအေးကကော သူ့အပါးမှာ မရှိနိုင်ဘူးလား။

အခုတော့ မေနှင်းအေးသည် ဘယ်အရပ်မှာ ရှိနေသည်ကိုပင် သူ မမှန်းဆနိုင်တော့။

"တော်တော်ကြီးတဲ့ သံလိုက်တုံး၊ အားကောင်းလိုက်တာကွာ၊ သော်ဝင်းတို့ ဖတ်ကနဲ ပြေးကပ်တာပဲ"

စကားသံတွေ ရယ်သံတွေက ဗာဒံရွက် စိမ်းနုနုများကို လှုပ်ရှားသွားစေသည်။ သူကတော့ စကားတခွန်းမျှ ဝင်မပြောဖြစ်။



ထွက်သွားသော သော်ဝင်းနှင့် သော်ဝင်းအရိပ်ကလေးမှာ လိုက်ဖက်ညီလှသည်။ သူတို့နှစ်ယောက်အပြုံးက ကောင်းကင်ပြာကို တို့ထိကျီစယ်နေသည်လားမသိ။

အစကတော့မူ သူ့ဘဝမှာ လိုတရပြီး အရာရာပြည့်စုံသည်ဟု ထင်မှတ်ခဲ့၏။ အခုတော့လည်း အဲသည်ထင်မှတ်မှုကြီးကို ဖျက်ပစ်ရတော့မည်။ မေနှင်းအေးသည် သူလိုချင်သော အချစ်ကို ပေးနိုင်စွမ်းမရှိခဲ့။

'လွမ်း'ဆိုတဲ့ စကားလုံးလေးက လှသလောက် အဲဒီအလွမ်းကြီးနဲ့ လွမ်းနေရတာကတော့ ရင်ထဲမှာ သက်သက်သာသာမရှိပါလား။

✻

သူတို့ The Friends အဖွဲ့တွင် လူတွေတိုးလာသည်။ ရွက်ပုန်းသီး ဒရမ်သမားဆွေမြင့်နှင့် အော်ဂင်ဟာလုံးဖြင့် အိမ်ထဲမှာ နှစ်မျောနေသော ကိုကိုလွင်ကို ကဗျာဆရာ မိုးနေမင်းခေါင် အောင်ထွန်းက ရှာဖွေတွေ့ရှိလာသည်။

ပြီးခဲ့သည့်လက သူ့ပထမဆုံး စီးရီးကို မေစတူဒီယိုမှ အသံသွင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲဦးထွက် အစီအစဉ်မို့ သူတို့အားလုံး ကြိုးစားကြသည်။ သီချင်းတပုဒ်ကို စိတ်ကြိုက်မတွေ့မချင်း ပြန်သွင်းကြသည်။ အသံမသွင်းမီကပင် အကြိမ်ကြိမ် အခါခါတိုက်ပြီး ဖြစ်သော်လည်း အသံသွင်းသောအခါ တရက် နှစ်ရက်နှင့်မပြီး။

သူ့မှာ လူသစ်တဦးမို့ ကိုရဲခေါင်နှင့် ကြည်မင်းသိမ်းက အထူးကြိုးစားပြီး အသံဖမ်းပေးသည်။ အားလုံးပြီးစီးသောအခါ ကိုရဲခေါင်က သူ့ကိုခေါ်ပြီး စကားတခွန်းပြောသည်။

"ငါ့မျက်လုံးထဲမှာ လင်းလက်တောက်ပနေတဲ့ ကြယ်တပွင့်ကို မြင်နေရတယ်"တဲ့....။

* * *

## အခန်း( ၃ )

တန်ဆောင်တိုင် ပွဲတော်တွင် ဆွေမြင့် အစီအစဉ်အရ [သ]ည်ဖရင်း(စ်)'အဖွဲ့ (၉)လမ်းထိပ် ကျုံးကြီးလမ်းပေါ်တွင် [...]ဖြစ်ကြသည်။ ဘုန်းကြီးလမ်းထိပ် စံပြရုံရှေ့မှ လမ်းသစ်လမ်း [...]မော်တင်)အထိ ကျုံးကြီးလမ်းတလျှောက် လူတွေကြိတ်ကြိတ် [...]နေသည်။ သည်နေရာသည် အစဉ်အလာရှိခဲ့သည်။

သူတို့ သည်ဖရင်း(စ်) The Friends အယင်....

နောင်တော်အဖွဲ့များဖြစ်သော....

www.burmeseclassic.com

www.burmeseclassic.com



"အယ် ပီ ဂျေ"

"ပလေးဘွိုင်"

"သည်ဘရားသားစ်"

"ဆူပါစတား"စသည့် အဖွဲ့များ ဖျော်ဖြေတင်ဆက်ခဲ့သည့် နေရာ။ သည်နေ့ည သူတို့အဖွဲ့တွင် နာမည်ကျော်များပါ ပါမည် မို့ ပရိသတ်က များနေသည်။

ကျော်စိုးကတော့ 'သည်ဖရင်းစ်' မန်နေဂျာမို့ စတိတ်ထိုး ပြီးကတည်းက အလုပ်ရှုပ်နေသည်။ ပွဲစရန်အချိန်တွင် သူတို့ ရောက်လာသောအခါ ကျော်စိုးကမကျေမနပ်ဖြင့်....

"မင်းသားတွေကတော့အဆင်သင့်ပေါ့ကွာ"ဟုပြောသည်။

အမှန်က သူ့ ပထမစီးရီး 'မိုးရေကအေး'မှာ ကျော်စိုးက စီစဉ်သူ ပါပလစ်ရှာဖြစ်သည်။ သူ့စီးရီး 'မိုးရေကအေး'ကို ဖြန့် သည်မှာလည်း တန်ဆောင်တိုင်ပွဲနှင့်တိုက်ပြီး ဖြန့်ခဲ့သည်။

အခုပွဲသည် စီးပွားရေးအရ ကျော်စိုးအတွက် ကြော်ငြာ လည်းဖြစ်သည်။ ဒါကိုသိနေသော သော်ဝင်းက....

"သဌေးဖြစ်တော့မှာပဲကွာ၊ ဒီလောက်တော့ လုပ်ရမှာ ပေါ့"

"ဩော်....သဌေးဖြစ်မဖြစ်တော့ မသိဘူး လောလော ဆယ်တော့ ခွေးဖြစ်နေပြီကွ"



အားလုံး ဝိုင်းရယ်မိကြသည်။ သူ့စီးရီးမှာ ပထမဆုံးစီးရီး မို့ စိတ်တိုင်းကျလုပ်သဖြင့် ငွေကုန်ကြေးကျ များသည်။ ဝေါ ပိုစတာခေါ်သော နံရံကပ်ကြော်ငြာနှင့် ကက်ဆက် ကာဗာ (အဖုံး)ကအစ စိတ်ကြိုက်လုပ်သည်။

ကျော်စိုးအိမ်က ထုတ်ပေးသည့်ငွေနှင့် မလောက်။ကျော်စိုး ကိုယ်ပိုင် ပစ္စည်းလေးများပင် 'မိုးရေကအေး' စီးရီးထဲ ဝင်သွား၏။

လူစုံပြီ၊ စတော့မည်။

လူစုံပြီဆိုသော်လည်း သူတို့နှင့် အဖွဲ့ကျသော ခိုင်ထူးနှင့် ကိုင်ဇာ မလာသေး။ ခိုင်ထူးနှင့်ကိုင်ဇာတို့က တဝိုင်းပြီး တဝိုင်း လိုက်ဆိုနေသောကြောင့် အချိန်မီတော့ ရောက်လာ ကြမည် သာ။ မလာလျှင်လည်း ကျော်စိုးတာဝန်။ ကားတစီးနှင့်ရှာ ပြီး ခေါ်ပေရော့။

"မောင်....ဆီးဖျော်ရည် သောက်မလား၊ သံပရာရည် သောက်မလား"

အသံကြောင့်ရင်ထဲမှာဝမ်းသာသွားသည်။ ဖြတ်ကနဲ လှည့် ကြည့်လိုက်တော့ သော်ဝင်းကောင်မလေး တင်တင်နွယ်။ သော် ဝင်း၏ ပါရမီဖြည့်ဘက်လေး။ရင်ထဲမှာ ဝမ်းနည်းစိတ်ပြည့်သွား သည်။

ခုချိန်မှာ အေးကို သူ့အနားမှာ ရှိစေချင်သော်လည်း အေး မရှိ။ အေးရယ် ဘယ်မှာလဲဟု ရင်ထဲမှာ ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မျက်စိရှုပ်တယ် သော်ဝင်းရေ၊ မင်းတို့ နှစ်ယောက်ကို ပင်လယ်ထဲ သွားမျောပစ်လိုက်ချင်တယ်"

ကျော်စိုးက သော်ဝင်းကို ပြောသည်။ အောင်ထွန်းက...

"ကိုင်ဇာ့ သီချင်းလိုပေါ့ကွာ၊ အခုလဲ သူ့ဘာသာ သူချစ်တာ ဘာဖြစ်လဲ၊ မင်းတို့မှာ ချစ်စရာမရှိတိုင်း မနာလို ဖြစ်မနေစမ်းပါနဲ့"

အောင်ထွန်းစကားက သူ့ကို စောင်းပြောနေသလားဟုထင်မိသည်။ ဒါပေမယ့် ချစ်သူကွေချစ်ကြတာကို ဘာမျှမပြောချင်ပါ။ မနာလိုလှည်း မရှိပါ။ ချစ်သူတွေ ချစ်နေတာကိုတွေ့လျှင် သူပျော်သည်။ ဝမ်းသာသည်။ ချစ်သူတွေ ကွေကွင်း ခွဲခွာမည်ကိုသာ သူစိုးရိမ်သည်။

"မောင် အရက်သောက်ပြီး စတိတ်ပေါ် မတက်ရဘူးနော်"

"သတိပေးတာ ကျေးဇူးတင်ပါတယ် နွယ်၊ မောင်တို့ ဒါမျိုး မလုပ်ပါဘူး၊ မောင်တို့ ဖရင်းစ် Friends တွေက အရက်လဲ မသောက်ဘူး၊ ဆေးလိပ်က လွဲယင် ဘာမှ မရှူဘူး၊ မသောက်ဘူး"

"ကဲ...ကဲ...ကိုယ့်ဘာသာကိုယ်ချစ်တာ ဘာမှတော့မပြောပါဘူး၊ စင်ပေါ်လဲ တက်ကြဦး"



စောစောက မြှောက်ပေးနေသော အောင်ထွန်းပင် မနေနိုင်တော့။ သော်ဝင်းနှင့် တင်တင်နွယ်ကို ပြောယူရတော့သည်။

ဩော်...သူတို့များတော့ ချစ်တတ် လိုက်ကြတာ။ ကိုယ့်ကျတော့ အလွမ်းဆိုတာကြီးသည် ဒုက္ခပေးနေပြန်သည်။

❋

ပရိသတ်၏ လက်ခုပ်သြဘာသံသည် ရပ်သည်မရှိတော့။ ဆိုပြီးဆင်းသွားသည့် အဆိုတော်အတွက် လက်ခုပ်သံသည် နောက်တယောက် တက်လာသောအခါ ဆက်တီးသည့် လက်ခုပ်သံနှင့်ဆက်နေ၏။

သူ့သည်ဖရင်းစ် The Friends အဖွဲ့နှင့် ဆိုတိုင်း သူကနောက်ဆုံးမှဆိုသည်။ ဒါက အခုတော့ အစဉ်အလာလိုဖြစ်နေပြီ။

www.burmeseclassic.com



တခြား အဖွဲ့တွေက အကူအညီ တောင်းလျှင်တော့ သူတို့ အစီအစဉ်အတိုင်း သူက ဘာဘာညာညာမပြော။

အခုနောက်ဆုံး သူ့အလှည့် ရောက်လာပြီ။ ပရိသတ် အရေအတွက်ကို ရေမထားချ မသိသော်လည်း ပရိသတ်သည် လျော့သွားဟန်မရှိ။ သူ့ပရိသတ်ကိုကြည့်ပြီး သူ့မှာ အင်အားတွေ အလိုလို ပြည့်လာသည်။

"ရှီး....ဖြောင်း....ဖြောင်း....ဖြောင်း"

သူ့နာမည်ကို ကြေငြာလိုက်သည်နှင့် လက်ခုပ်သံတွေ လက်ခေါက်မှုတ်သံတွေ ဆူညံသွားသည်။ သူက ဂစ်တာကိုစမ်းယင်း လက်ခုပ်သံ စဲသည်အထိ စောင့်နေလိုက်၏။ ပြီးတော့မှ သူက လက်တဘက်ကို မြှောက်ပြလိုက်သည်။

လက်ခုပ်သံတွေ ကြားရပြန်သည်။

"တေးချစ်ပရိသတ်များ ခင်ဗျား....လေးစား ပါတယ်၊ အခု ကျွန်တော်သီဆိုမှာက 'မိုးရေကအေး' စီးရီးထဲက သီချင်းတပုဒ်ဖြစ်တဲ့ 'အေးနဲ့ဝေး'ပါပဲခင်ဗျာ"

"ပြီးတော့ 'အေးနဲ့ဝေး'ကို ရေးသားပေးတဲ့ကျွန်တော့်ရဲ့သီချင်းရေးဆရာက သူငယ်ချင်း ကဗျာဆရာ မိုးနေမင်း ဖြစ်ပါတယ်"



သူ့စကားဆုံးသည်နှင့် ကိုကိုလွင်၏ အော်ဂင်သံကဝေစည်လွှက်လာ၏။ ရင်ထဲကဝေဒနာ၊ ကိုယ်ပိုင်ခံစားမှု သီချင်းမို့ဆိုရတာ အသက်ဝင်နေသည်။ စောစောက ဆူညံနေသော ပရိသတ်မှာလည်း သူ့ဝေဒနာ ကူးစက်ခံလိုက်ရသည်ထင့်၊ ငြိမ်နေသည်။ သီချင်းဆိုသည်ကလည်း ဝေဒနာကို ကူးစက်ခံစားခြင်းပင် မဟုတ်လား။

သီချင်းဆုံးတော့ ခေါင်းညွှတ်ပြီး ကန်တော့လိုက်သည်။

"အေးနဲ့ဝေး....နောက်တခါ ထပ်ဆိုပါဗျို့"

လက်ခုပ်သံတွေ တဖြောင်းဖြောင်း ဆူညံနေသည်။ မျက်လုံးအိမ်ထဲက မျက်ရည်စသည် ကြွေကျသွား၏။

လက်ခုပ်သံတွေထဲမှာ မေနှင်းအေးရဲ့ လက်ခုပ်သံကို ကြားချင်လိုက်တာ။

သော်ဝင်းဘေးမှာ အမြဲရှိနေတဲ့ တင်စာင်နွယ်လို.... သူ့ဘေးမှာ မေနှင်းအေးကို ရှိစေချင်လိုက်တာ။

ခုတော့ မေနှင်းအေးသည် သူ့ဝါသနာကို အားမပေး၊ သူ့အနားမှာ မရှိ။

"အေးနဲ့ ဝေး....ထပ်ဆိုပါဗျို့"

'မဆိုပါရစေနဲ့တော့ဗျာ....သည်တခါထပ်ဆိုယင် ကျွန်တော် ငိုမိလိမ့်မယ်'ဟု စိတ်ထဲက ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကို သဲသဲကွဲကွဲ မမြင်ရ။ မျက်လုံးအိမ်မှာ မျက်ရည်တွေနှင့် ဝေနေသည်။

သူက ပရိသတ်ကို ပြုံးပြယင်း ရင်ထဲကပဲ ပြောလိုက်မိလေသည်။

* * *

အခန်း ( ၈ )

ပွဲတွေက ဆက်နေသည်။ သူ့ပရိသတ်ကလည်း တိုးတိုးလာသည်၊ ကမ္ဘာမကျော်သော်လည်း မြန်မာကျော်တော့ ဖြစ်လာသည်။

မော်လမြိုင်မှာ အားကစား ရန်ပုံငွေအတွက် ကိုင်ဇာ၏ (Success) အဖွဲ့ ဖျော်ဖြေရာတွင် ကိုင်ဇာက သူ့ကိုခေါ်သဖြင့် မနေ့ညက သွားဆိုပြီး ပြန်လာခြင်း ဖြစ်သည်။ သူက သီချင်း ဆိုရန် တယောက်တည်း မသွားချင်၊ သော်ဝင်းနှင့်အောင်ထွန်း ကလည်း လိုက်ချင်နေသည်နှင့် အတော်ပဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူတို့ဇရင်း(စ်)အဖွဲ့မှာစကင်းလိဒ်(Second Lead) တီးသောတင်ညိုကမော်လမြိုင်သား၊ တင်ညို မော်လမြိုင် ပြန်နေတုန်းမို့ သူတို့အတွက် အဆင်ပြေသည်။ အပြန်တွင် ရစ်သမ်တီးသော ကျိုက်ထိုက မြင့်ဦးတို့အိမ် ဝင်သည်။

ကျောက်တိုင်လမ်း တည့်တည့် ကြာနီကန် ရပ်ကွက်ထဲမှာရှိသော တင်ညိုမိဘများအိမ်မှာ ညက သူတို့အားလုံးအိပ်သည်။ တင်ညို မိဘများက သဘောကောင်းသည်။ သူတို့ အလုပ်ကိုအားပေးသည်။

မနက်စောစော ထပြန်ရန်ပြင်သော်လည်းမပြန်ဖြစ်၊တင်ညိုက ဘာဘာညာညာ လျှောက်ခေါ်သဖြင့် လိုက်ရသည်။

သည်လိုနှင့် မော်လမြိုင်က အပြန်နောက်ကျသည်။တင်ညိုကိုခေါ်သော်လည်း မလိုက်၊ မော်လမြိုင်မှာ နေဦးမည်ဆို၍ သူတို့သုံးယောက်တည်း ပြန်ခဲ့ရ၏။ ကျိုက်ထို ရောက်တော့ ဘုတာရှေ့တည့်တည့်တွင်ရှိသော မြင့်ဦးတို့တိုက်ကို ဝင်နားသည်။

မြင့်ဦးက သူ့ကိုမခေါ်သဖြင့် စိတ်ကောက်နေသေးသည်။ သူ ကျိုက်ထိုကို ပြန်သွားသည်က မကြာသေးသည်မို့ မခေါ်ကြောင်း တောင်းပန်ရ၏။

သူတို့ကိုဧည့်ခံသော မြင့်ဦးညီမ လုံးလုံးဝိုင်းဝိုင်းနှင့် ချစ်စရာကောင်းသော ခင်ခင်လေးကို အောင်ထွန်းက သဘောကျသည်။



မြင့်ဦးပုံစံက ဗသကောင်းကောင်း တုတ်တုတ်ခိုင်ခိုင် အနုပညာသမား ပုံစံမပေါက်၊ ဂစ်တာတော့ အတီးကောင်းသည်။

“ဟေ့ကောင်....သော်ဝင်း၊ မင်းကောင်မလေး တင်ဘင်နှယ်ထက်တောင် ခင်ခင်လေးက ချောတယ်ကွ”

မြင့်ဦးတို့အိမ်ကထွက်တော့ အောင်ထွန်းက ပြောသည်။

“ဟ....ငါ့ကောင် တယ်သွက်ပါလား၊ခဏလေးဝင်လည်တာ နာမည် ဘယ်လိုလုပ်သိလဲ”

“အိမ်မှာ လှမ်းခေါ်တာ ငါကြားလိုက်တယ်ကွ”

“ကဗျာဆရာတော့ ရောဂါတက်ပြီထင်တယ်၊ ကောင်းတာပေါ့ကွာ၊ ကြည်သာ ဆိုဖို့ သီချင်းများများ ရတာပေါ့၊ ကြည်သာရေ....ခံစားချက် သီချင်းတွေ ဆိုဖို့သာ ပြင်ထားပေတော့”

သော်ဝင်းက ကားမောင်းနေသောသူ့ကို လှမ်းပြောသည်။ သူက ကားကို လမ်းဘေးသို့ထိုးချလိုက်သည်။ လှမ်းခဲ့နေသည်။ ဆမ်းလဲ့မှ သွားပါဆိုသော ဆိုင်းဘုတ်ကြောင့် ဖြစ်သည်။ အဘက်လမ်းခေါ် ပြန်တက်ပြီးမှ သူက ကားကို ဂရုတစိုက်မောင်းယင်း....

“ကြည့်လုပ်ပေါ့ အောင်ထွန်း၊ မင်းက သေးသေး၊ ဟိုကောင်မြင့်ဦးဗလနဲ့ဆို တချက်ထိုးပဲ ရှိတယ်နော်”

www.burmeseclassic.com

www.burmeseclassic.com



အောင်ထွန်းက ရယ်သည်။ ပြီးတော့မှ....

"အနုပညာ သမားချင်းပဲကွာ၊ မြင့်ဦးက နားလည်မှု ရှိမှာပါ"

"ဟော့ကောင်....ကြောက်ပြီး ဖားမှုဲနေနဲ့၊ ငါကတော့ မြင့်ဦးပြန်လာယင် ပြောကို ပြောလိုက်ဦးမယ်"

သော်ဝင်းက ခြောက်သည်။ အောင်ထွန်းက....

"ဖိတ်စာ အတွက်လဲ ဘယ်လောက် ရိုက်ရမလဲလို့သာ တခါတည်း မေးလိုက်ပါကွာ"

ပဲခူးမြို့၊ လှိုက်လှဲစွာ ကြိုဆိုပါ၏ ဆိုသော စာတန်းကို ကားရှေ့မီးရောင်ထဲမှာ မြင်ရသည်။ ခပ်လှမ်းလှမ်းတွင် မီးပူဇော်ထားသော စေတီဘုရားများကို ဖူးရ၏။

✻

"အဲ့ပဲပြောပြော ဝေါက ကြံရည်နဲ့ တင်ညိုတို့ မော်လမြိုင်က ဖက်ထုပ်ပြုတ်တော့ ကြိုက်တယ်ကွာ"



ပဲခူးက လက်ဖက်ရည် သောက်ပြီး ထွက်လာတော့ အစားအရဲသော်ဝင်းက ပြောသည်။ ပဲခူးက ဝယ်လာသော ငနိုက်ကြော်ကိုစားနေသည့် အောင်ထွန်းက....

"ညံ့တယ်ဟေ့...."

"ဘာညံ့ဘာလဲ"

"ငနိုက်ကြော်၊ချိုးကြော်၊ ငုံးကြော် တကောင် နှစ်ကျပ် သုံးကျပ်ပေးရတာ အလကားပဲ"

သူက ကားမောင်းယင်း စီးကရက်ကိုမီးညှိနေရသဖြင့် သူတို့ ထဲကို စကားဝင်မပြောနိုင်။

ဟုတ်တော့လည်း ဟုတ်သည်။

အောင်ထွန်း ပြောသည့်အတိုင်း အရသာမရှိ၊ ဖက်ထုပ်ပြုတ်နှင့် ကြံရည်ကတော့ တကယ်ကောင်း၏၊ ကြံက ရန်ကုန်မှာ တွေ့သည့် ကြံမျိုးမဟုတ်၊ခပ်သေးသေး။ ဘီယာခွက် အကြီးစားနှင့် ပြည့်တခွက် ငါးကျပ်။

လှည်းကူးရောက်တော့ ၈ နာရီထိုးတော့မည်။ နောက်ခန်းက အောင်ထွန်းနှင့်သော်ဝင်း ဇိမ်ယစ်ပြီး အိပ်လိုက်လာ၏။

သူ့ကားနောက်မှာ ကားတစီး၏ မီးလင်း အားကြောင့် သူက ကားကို ဘေးကပ်ပေးလိုက်သည်။

ရှေးသည်တင် ဟီးနိုးကားတစီးက ဝေါကနဲ ဖြတ်သွား၏။ ၅၀ လား၊ ၆၀ လားမသိ။ သည်နှုန်းထက်တော့ မလျော့ မထင်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ....ထကြည့်စမ်း"

သူက ကားကြီး၏ မီးရောင်ကြောင့် မီးပဒေသာလို ထွန်း ထားသော အရာတခုကိုတွေ့သဖြင့် အောင်ထွန်းနှင့် သော်ဝင်း ကို နှိုးလိုက်သည်။

"ဘာလဲကွ...."

သော်ဝင်းက ဇိမ်ပျက်သွားသဖြင့် မကျေမနပ်နှင့်မေးသည်။ သူက ဟိုမှာလေကွာဟု လက်ညှိုးထိုးပြသည်။

"အလှူနေမှာပေါ့ကွာ"

အောင်ထွန်းက ဝင်ပြောသည်။ တဖြည်းဖြည်းနှင့် အနား ရောက်လာတော့ သူက ကားအရှိန်ကို လျှော့လိုက်သည်။

အလှပဆုံးဖြစ်အောင် ပြင်ဆင်ထားသည့် အလောင်းစင် ဖြ နေသည်။ သယ်ယူမည့် လှည်းကို ပန်းရထားနှယ် ကနုတ်စ ခက်တွေဖြင့် ပြင်ဆင်ထား၏။ ထူးခြားသည်က အလောင်းစင် တခုတည်း မဟုတ်၊ နှစ်ခု....။ ရှေ့နောက် တန်းထားသည်။

"ရေနစ်တာလား၊ ကားတိုက်တာလား၊ တခုခုပဲကွ"

သော်ဝင်းက ပြောသည်။ သူက အလောင်း ထည့်ထ သေတ္တာ ပေါ်က နာမည် နှင့် အသက်ကို ဖတ်ကြည့်သည် ခပ်ငယ်ငယ် ရွယ်တူတွေ။ ယောကျ်ားလေးနှင့် မိန်းကလေး။

"မောင်နှမ ဒွေနဲ့ တူတယ်"



အောင်ထွန်းနှင့် သော်ဝင်းကို သူက မှန်းဆပြောလိုက် သည်။ အောင်ထွန်းက မကျေနပ်။

"ကြည့်သာ....ခဏရပ်စမ်းကွာ"

"ဘာလဲ....ကျန်းမာရေးလား"

သော်ဝင်းက ရှုးရှုးကိစ္စလားဟု ကားသမားတွေပြောသလို ယဉ်ကျေးစွာ ပြောသည်။ သူ ကားကို ခပ်လှမ်းလှမ်း ရောက်မှ ရပ်ပေးလိုက်သည်။

သူတို့သုံးယောက် ကားထဲမှထွက်လိုက်သည်နှင့် ညချမ်းလေ သည် ရင်ကို အေးမြသွား၏။ သော်ဝင်း ကတော့ သူ့ပြော စကားအတိုင်း လမ်းဘေးဆင်းပြီး ကျန်းမာရေးလုပ်သည်။

"မင်းတို့ ဒီမှာ ခဏစောင့်ဦး"

အောင်ထွန်းက ပြောပြီးသည်နှင့် စောစောက တွေ့ခဲ့ရသော အလောင်းစင်ဘက်သို့ ပြန်လျှောက်သွား၏။ သူက စီးကရက် အသစ်တလိပ်ထုတ်ပြီး မီးညှိသည်။ လေတိုက်နေသဖြင့် တော် တော်နှင့် ညှိမရ။

"နေပါဦး၊ ငါလဲ မေးမလို့နဲ့ မမေးဖြစ်ဘူး"

ကျန်းမာရေးကိစ္စပြီး၍ ပြန်လာသော သော်ဝင်းက သူ့ အားမှရပ်ပြီး မေးသည်။ သူက စီးကရက်ဖွာယင်း....

"ဘာများလဲ...."

www.burmeseclassic.com

www.burmeseclassic.com



သော်ဝင်းက ဘာမျှမပြောသေးပဲ သူ့လက်ထဲက စီးကရက်ဗူးနှင့် မီးခြစ်ကို လှမ်းယူပြီးမှ....

"မင်းနဲ့ မနှင်းအေးနဲ့ တွေ့သေးလား"

"ကြာပါပြီကွာ...."

သူ့အသံတွင် ဝမ်းနည်းရိပ်ပါနေသည်လားမသိ။ သော်ဝင်းစီးကရက်ကို ခက်ခက်ခဲခဲ မီးညှိဖွာယင်း....

"အပျက် အပျက်နဲ့ ဆိုတာမျိုးတော့ မဖြစ်စေ ချင်ပါဘူး"

"ဘယ်တတ်နိုင်ပါ့မလဲ သူငယ်ချင်း၊ ကိုယ်က မဖြစ်ချင်ပေမယ့် သူက ဖြစ်အောင်ဖန်တီးနေတာကိုး၊ သူ ငါ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိသလို ငါ သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိလျက်သားနဲ့ ငါ့ကို ဆန့်ကျင်တယ်၊ ငါ့ ဝါသနာကို မင်း တင်တင်နှယ်လို့ လိုက်လျောယင် ဘယ်လောက် ကောင်းလိုက်မလဲ"

မနှင်းအေး အကြောင်းပြောယင်း ရင်ထဲမှာ ဝေဒနာတခု ဖြစ်လာသည်။

"တယောက်ယောက်က လျှော့ဖို့ကောင်းတယ်"

"ငါ့ကို ဒီလောကထဲက မောင်း ထုတ် နေ တာ လား သော်ဝင်း၊ ငါ့အနုပညာက သူ့အတွက် ဘယ်လောက်



မျှား အနှောင့်အယှက်ဖြစ်လို့လဲ သူငယ်ချင်း၊ ဟိုတုန်းက သူ့ကို ငါဘယ်လောက် အလိုလိုက်တယ်ဆိုတာ မင်းတို့လဲ သိသင့်သလောက်သိပါတယ်၊ အေး....ငါ့ကို သူ ဘယ်လောက်ထိ အလိုလိုက်တယ်ဆိုတာလဲ ငါ သိတယ်၊ ဒါကြောင့်လဲ တတ်နိုင်သမျှ ငါ အလို လိုက် တယ်၊ အလျှော့ ပေးခဲ့တယ်၊ ဒါပေမယ့် ဘယ်လို လုပ်မလဲ သော်ဝင်း၊ ငါ ဂစ်တာကိုင်တာ သူ့ကို ရိုက်ဖို့မှ မဟုတ်ပဲကွာ"

မနှင်းအေး အကြောင်းပြောရသည့်အခါ ဝမ်းနည်းကြေကွဲခြင်း၊ မကျေမနပ်စိတ်တွေနှင့် ရင်မှာ ပြည့်လာသည်။

"ဇာတ်ကတော့ ရိုမီယိုနဲ့ ဂျူးလိယက် ဇာတ်ပဲ"

သော်ဝင်းနှင့်သူ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေစဉ် အောင်ထွန်း ပြန်ရောက်လာပြီး ပြောသည်။ သော်ဝင်းက ကားတံခါးဖွင့်ယင်း....

"ဇာတ်ကို ကားပေါ်ရောက်မှ ပြော၊ အိမ်အရောက် နောက်ကျနေမယ်"

အားလုံး ကားထဲ ရောက်ပြီး မောင်းထွက် လာတော့မှ အောင်ထွန်းက သူ့စကားကို ပြန်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်နှမ မဟုတ်ဘူးကွ၊ ကဒ်းတိုက်လို့ သေတာလဲ မဟုတ်ဘူး၊ ရေနစ်လို့ သေတာလဲ မဟုတ်ဘူး"

"ပြောမှာသာ ပြောစမ်းပါကွာ၊ ငြင်းချက်တွေ ထုတ်မနေ စမ်းပါနဲ့"

သော်ဝင်းက စိတ်မရှည်သလို ဝင်ပြော၏။

"မိဘတွေ သဘောမတူလို့ ကောင်မလေးရော ကောင်လေးရော အဆိပ်သောက် သေတာတဲ့၊ ငါလူတယောက်ကို မေးကြည့်တော့ ပြောလိုက်တာပဲ"

"ဟေ...."

သော်ဝင်းတယောက် အံ့သြသံ ထွက်သွား၏။ သူနှင့် မေနှင်းအေးကျတော့ မိဘတွေကလည်း ဘာမျှမပြော၊ သဘောတူကြသည်။ တယောက်နှင့်တယောက်လည်း ချစ်ကြသည်။

ဒါပေမယ့် ဝေးနေရသည်။

တယောက်နှင့်တယောက် မတွေ့ရသည်မှာ အတော် ကြာပြီ။

အသက်ရှင်လျက် ရှိစဉ်ကတော့ တယောက် အနားမှာ တယောက် မနေကြရပဲ သေကာမှ မြေကြီးအောက်မှာနေရမည့် အဖြစ်မျိုးတော့ သူမဖြစ်ချင်ပါ။

မေနှင်းအေးကို တွေ့ချင်လာသည်။



ကားရှေ့မီးရောင် အောက်တွင် ရှည်လျားသောလမ်းကိုဖြတ်နေရသော်လည်း လမ်းဘေးကို ကြည့်လိုက်တော့ မှောင်မည်းနေသည်။

ကားခေါင်းထဲက အင်ဂျင်စက်သည် သူ့ရင်ထဲ ရောက်နေသည်ဟု ထင်မိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

အေးရယ်....

အေးကို မောင် ဘယ်လောက်ချစ်တယ်ဆိုတာ အေးသိပါတယ်။ နေ့တိုင်းမြင်နေတဲ့ အေး မျက်နှာလေးကို မမြင်ရတာ ကြာပါပြီ။ မောင့်ကို ခွင့်လွှတ်ပါအေးရယ်။

လွမ်းတယ်အေးရယ်။ အခုလို တနယ်ကနေ တနယ်က မမြင်မတွေ့ရပဲ ဝေးနေရတော့ ပိုလွမ်းတယ်၊ ပိုခံစားရတယ်။



အေးကို မောင် ဘယ်လောက်ထိ အလို လိုက်ခဲ့ဘယ်ဆိုတာ အေးသိပါတယ်။ အေး မောင့်ကို အလို လိုက်ခဲ့တာလဲ မောင်သိပါတယ်။

မချစ်ပဲမုန်းပြီး ဝေးရတာထက် ချစ်လျက် နဲ့တော့ မဝေးပါရစေနဲ့ အေးရယ်။

အေးသိပ်ချစ်တယ်ဆိုတဲ့

မောင်

သူက ညကရေးလာခဲ့သော စာကိုဖတ်ပြီး အိတ်ထဲ ပြန်ထဲ့ထားလိုက်သည်။ ကားကို လိပ်ခုံးရွှေမှာရပ်ပြီး မေနှင်းအေးလာသည့်ဘက်ကို စောင့်ကြည့်နေသည်။

သူ စာဖတ်နေတုန်းများ ထွက်သွားပြီလားဟု ထင်ပြီး မျက်လုံးကို ဝေ့ကြည့်လိုက်သည်။

“ဟင်....”

အံ့ဩစိတ်ကို မဘားနိုင်။ နှုတ်က ထွက်သွားသည်။ အစကတော့ သူ့ဝါသနာကိုပင် လျှော့ဖို့ စိတ်ကူးမိခဲ့သည်။ မေနှင်းအေးကို ချစ်သည့်စိတ်နှင့် အရာအားလုံးကိုပင် စွန့်လွှတ်ဖို့ ကြိုးစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ မေနှင်းအေးကို ဘယ်လောက် ချစ်သည် ဆိုတာကို မေနှင်းအေး သိစေချင်သည်။ အခုတော့ မေနှင်းအေးကို ချစ်သို့လေသမျှ ဝေဒနာကို ဝယ်ယူသလိုပင် ဖြစ်နေ၏။

အထက်တန်းပညာ ဦးစီးဌာနရှေ့တွင် လမ်းလျှောက် သွားနေသည်။ တယောက်တည်းတော့ မဟုတ်။ အဖော်နှင့်။ ကားထဲဝင်ပြီး မောင်းထွက်သွား၏။ မေနှင်းအေးသည် သူ့ကိုရော သူ့ကားကိုရော မြင်ပုံမရ။

ရင်ထဲက မကျေနပ်။ ဒေါသစိတ် ပြည့်လာသည်။ ကားကို ဝေါကနဲ မောင်းထွက်လာခဲ့သည်။

မေနှင်းအေးတို့ကားက လှည်းတန်းဘက် ထွက်သွားသည်။ သူက လိုက်မည်ပြုပြီးမှ မလိုက်တော့ပဲ ဟံသာဝတီအဝိုင်းဘက် မောင်းလာခဲ့သည်။

ရှေ့ကားတွေကို တစီးပြီးတစီး ဖြတ်ကျော် လာခဲ့၏။ နင်းထားသော လီဗာသည် အောက်မှာကပ်နေ၏။ စတီယာရင်ကိုင်ထားသော သူ့လက်သည် တဆတ်ဆတ် တုန်နေ၏။

'မြန်မြန်သေသွားလဲ အေးတာပဲ'ဟု ဆုံးဖြတ် မိသည်။ ဝိဇယရုံရှေ့ ရောက်တော့ သူနှင့် မေနှင်းအေး ချစ်သူများ ဖြစ်သည့်နေ့က ရွှေတိဂုံမှအပြန် ရုပ်ရှင်ကြည့်ကြသည်ကို သတိရ၏။



ရွှေတိဂုံဘုရားကို ဦးခိုက်ယင်း ဖြစ်လေရာဘဝမှာ အချစ်ကြောင့် ရင်နာရသည့် အဖြစ်မျိုးနှင့် မဆုံဆည်း ရသော ကိုယ်ချင်းပါရစေ အရှင်ဘုရားဟု ဆုတောင်းမိသည်။

✲

'ငါ့ဘဝတခုလုံးမှာ အနုပညာပဲ ရှိတော့ဘယ်၊ ငါ ကြိုးစားမယ်' ဟုတွေးယင်း ဆေးတက္ကသိုလ်(၁)သွားပြီး မေနှင်းအေးကို စောင့်စဉ် အထက်တန်းပညာဌာန ရှေ့က မြင်ကွင်းကို မြင်နေမိသည်။

ကြေကွဲဝမ်းနည်းစိတ်က ရင်ထဲကို ပြန်ဝင်လာပြန်သည်။ သူ နှင့် တားသည်။

"ဟော့ကောင်....ကြည့်သာ၊ ဘာတွေ ဘွေးနေတာလဲ"

မြဲထဲက ပီတောက်ပင်ကြီးအောက်မှာ ဂစ်တာတလုံး အေးချေ ပိုင်နေသောသူ့ကို အောင်ထွန်းကကြည့်ပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာကွာ….အောင်ထွန်း၊ မင်းတယောက်တည်းလား"

အောင်ထွန်းက သူ့ဘေးမှာ ဝင်ထိုင်သည်။

"ဘာတွေတွေးပြီး ဆွေးနေတာလဲကြည်သာ၊ မင်းမျက်နှာက တကယ့် အလွမ်းဝတ္ထုထဲက ဇာတ်လိုက် ကျနေတာပဲ"

"ဘာမှ မဖြစ်ပါဘူးကွာ"

ပြောသာပြောလိုက်ရသည်၊ သူ့ကိုယ်သူ အဆွေးသမား ပုံပေါက်နေသည်ကိုလည်း သိသည်။

"မေနှင်းအေးကို မင်းသိပ်ချစ်တယ်မဟုတ်လား၊ အချစ်စစ်ဆိုတာ ဘယ်တော့မှ ဝေးမသွားပါဘူး သူငယ်ချင်း၊ တနေ့တော့ ပြန်ဆုံရတာပါပဲ"

"ဘယ်လို ပြန်ဆုံတာလဲ၊ လှည်းကူးကာသိုမျိုးလား"

"နိမိတ်မရှိ နမာခရှိ မပြောစမ်းပါနဲ့ကွာ၊ မင်းတို့နှစ်ယောက် မကြာခင် ပြန်ဆုံရမယ်ဆိုတာကို ငါအာလိုလိုသိနေတယ်၊ တကယ်ချစ်တဲ့လူတွေဟာ ဝေးဝေးမနေနိုင်ပါဘူးကွာ၊ ငါက ကိုယ်ဒွတ္တကွ၊ နေဦး….တနေ့နေ့ ငါ့အိမ်ကိုရောက်မှ မင်းကိုပြမယ်"

သူက မေနှင်းအေးနှင့် ပတ်သက်ပြီး သူတွေ့လာခဲ့ရသည်ကို ပြောပြလိုက်ချင်သည်။ ဒါပေမယ့် ကိုယ့်ချစ်သူကို လူတယောက်နှင့်တွဲသွားကြောင်းကို ပြောဖို့ရာ ဝန်လေးနေသည်။



"ချစ်တော့ ချစ်ကြတာပဲ၊ ဒါပေမယ့် သူနဲ့ ငါက အရှေ့နဲ့ အနောက်လို ဖြစ်နေတယ်၊ အဲဒါကို ငါမကျေနပ်ဘာပဲ အောင်ထွန်း"

"အင်း….မင်းနဲ့မေနှင်းအေးက မော်တော်ကား ဒရိုင်ဘာနဲ့ မီးရထား ဒရိုင်ဘာလိုဖြစ်နေတယ်၊ ကားဒရိုင်ဘာက လက်ယာကပ်မောင်း၊ မီးရထားဒရိုင်ဘာက လက်ဝဲကပ်မောင်း"

အောင်ထွန်းက သူ့စိတ်ကို ဖြေနိုင်ရန် ရယ်စရာပြောသော်လည်း သူ မရယ်မိ။

မေနှင်းအေးသည် အချစ်သစ်ကို ရှာလေပြီလား။

သူ့မှာ တယောက်တည်း အထီးကျန် ဖြစ်ရတော့မည်လား။

သူက အေးကို ဘယ်လောက်အထိ ချစ်ခဲ့ပြီး ဘယ်လောက်အထိ အနစ်နာခံ စွန့်လွှတ်ခဲ့ရသလဲ။

တွေးယင်းကပင် ချာလည်လိုက်နေသည်။ လေပူတချက်အငွေ့ ရှိသည်။

"စိတ်မပျက်စမ်းပါနဲ့ သူငယ်ချင်း၊ ခုန ငါပြောသလိုပဲ အချစ်ဆိုတာ ဝေးနေတတ်တဲ့ အရာမျိုး မဟုတ်ပါဘူး၊ အခုလဲ မင်းရင်ထဲမှာ အေးရှိနေသလို မေနှင်းအေး ရင်ထဲမှာလဲ မင်းရှိနေပါ"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ...မင်းပြောသလို ဖြစ်ပါစေလို့ပဲ ဆုတောင်း ပါတယ်၊ အခုတော့ ကိုယ်လုပ်ရမယ့်အလုပ် ဆက်လုပ် ပြီး ပြေရမှာပဲ"

"အမှန်ပေါ့ သူငယ်ချင်းရ"

သူတို့ 'သည်ဖရင်းစ်'အတွက် အလုပ်တွေရှိသေးသည်။ ဘာ မဟုတ်သည့် အောင်မြင်မှုလေးနှင့် ကျေနပ်နေလို့ မဖြစ်သေး၊ သူသည် 'သည်ဖရင်း စ်'၊ 'သည်ဖရင်း စ်'သည် သူ။

မနှင်းအေးသည် သူနှင့်မဆိုင်တော့ပြီလား၊ သူ့ဘဝထဲမှာ မရှိတော့ပြီလား။

မနှင်းအေးသည် သည်အခြေအနေမျိုး ရောက်အော ဖန်တီးနေသည်။ အမှိုက်စလေးတစ်ဟာ တကမ္ဘာလုံးကိုမီးလော တတ်ပါလား။

မနှင်းအေးသည် ဟစ်ဘလာမဟုတ်သော်လည်း ဟစ်တာ နှင့် တူနေ၏။

*



ရှက်လှေဘစီး ရေထဲမှာပြေးနေသည်။ အင်းလျားကန်ပေါ် လေသည် အေးသော်လည်း ရင်ထဲမှာ ပူနေသည်။

ကျောင်းမတက်ဖြစ်သည်မှာကြာပြီ။ သူတို့ 'သည်ဖရင်းစ်' ပစ္စည်းများထားရာအခန်းကို သော့ခတ်ထားသည်မှာလည်း ကြာပြီ။

စိတ်လေနေသည်လား၊ စိတ်ထွေနေသည်လား၊ သူ့ကိုယ်သူ ဘာဖြစ်မှန်းမသိ။ ရင်ထဲမှာတော့ မောနေသည်အမှန်။ အချစ်သည် ရင်ကိုမောစေသည်လား။

မနှင်းအေးကို လွမ်းလို့လားဆိုတော့ မဟုတ်ပါဘူးလို့ ငြင်း ပြန်သည်။ တကယ်တော့ လွမ်းတာက လွမ်းတာပါပဲ။

ယောကျ်ားဆိုသော မာနစိတ်နှင့် ဟန်ဆောင် နေရသော် ည်း ရင်ထဲမှာ ငိုချင်နေသည်။

"မနှင်းအေးတွဲနေတာ ဆရာဝန်တယောက်လို့ ပြော တာပဲ"

သူ ဘာမျှ ပြန်မပြောမိ။ တွဲချင်တာနှင့်တွဲ၊ ငါနှင့်မဆိုင်တော့ တွေးမိသည်။

"မိဘတွေကလဲ သဘောတူတယ်ဆိုပဲကွ"

ဒါက ဖြစ်နိုင်သည်။ မနှင်းအေး မိဘများသည် သူနှင့် သဘောတူခဲ့၏။ နောက်တော့ သူက သူတို့ဖြစ်စေချင် ဆရာဝန်တယောက် ဖြစ်မလာသောအခါ သူ့ကို မကျေ တော့။

www.burmeseclassic.com



ဆရာဝန် သားမက်ကိုသာ လိုချင်သည်။ သီချင်းဆိုသော ဂစ်တာတီးသော သားမက်ကို မလိုချင်။

အခုတော့ ဆရာဝန်ဘဲယောက်ကို သူတို့ ရသွားပြီနှင့် တူ၏။

သူက ဘာမျှမပြောသဲ ငြိမ်ခနေ သဖြင့် အောင်ထွန်းက သူ့ကို အံ့သြသလို ကြည့်နေသည်။

မာန်ရပ်နဲ့ ဟန်လုပ်နေရတာပါ သူငယ်ချင်းရယ်။ ငုံးဆူ လူမသိ ဆိုသလို ငါ့ရင်ထဲက အပူကိုလဲ မင်းမသိပါဘူးဟု ပြောလိုက်ချင်သော်လည်း မပြောဖြစ်။ ခဲလုံးဘလုံးကောက်ပြီး ရေထဲသို့ ပစ်လိုက်မိသည်။ ဂယက်ထပြီး ကမ်းစပ်ကို လာရိုက်သော ရေလှိုင်းသည် သူ့ရင်ကိုလာထိ၏။

အိပ်ရေးပျက်ပေါင်း များပြီ။

အိပ်ရေးပျက်သည်ဆိုတာထက် အိပ်မရသည်ဆိုတာက ပိုမှန်မည်။ အိပ်ရာထဲဝင်ချိန်မို့ အိပ်ရာထဲ ဝင်ခဲ့သော်လည်း အိပ်လို့မရ။ မေနှင်းအေးနှင့်အတူ နေခဲ့ရသည်များကို သတိရနေသည်။ သည်လိုနှင့် မအိပ်ပဲ မိုးလင်းခဲ့ရ၏။

အစားအသောက်ပါ ပျက်လာသောအခါ ဖေဖေပင် ရိပ်မိလာသည်။

"အေးကွာ…ငါတို့ဆီမှာ အနုပညာဆိုတာ ငှီးနေ့တာနဲ့ လူအဖြစ်နဲ့ အတော့်ကို ပြည့်စုံနေပါပြီ"

နှစ်ယောက်သုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေရာမှ အောင်ထွန်းက နှစ်သိမ့်သလိုနှင့် စကားလမ်းရှေ့သည်။



"အေး…အဲဒီအနုပညာ သံယောဇဉ်လေးရှိနေလို့လဲ ငါ အသက်ရှင်နေခဲ့တာပါ သူငယ်ချင်း၊ နို့မဟုတ်ယင်တော့ ငါဆိုတဲ့ ကောင်ဟာ ဒီမြေပေါ်မှာ မတ်တတ်ရပ်လျက် မြင်ရတော့မှာ မဟုတ်ပါဘူး သူငယ်ချင်းရာ"

ရေစပ်မှ ကလေးတွေ အော်ဟစ်ကစားယင်း ရေချိုးနေကြသည်။ ရင်မောရသော၊ ဝမ်းနည်းကြေကွဲရသောအချစ်ကို ဘာမျှ နားမလည်သေးသည့် ငြိမ်းအေးသော ကလေးဘဝကို အမ်းတ မိ၏။

"ဒါနဲ့ မင်းကို ခိုင်ထူး အပ်သားတဲ့ သီချင်းတွေ ပြီးပြီလား၊ မနေ့က ငါနဲ့တွေ့လို့ မေးလိုက်တယ်"

"တော်တော်များများ ပြီးနေပါပြီကွာ၊ အင်း…မင်းကတော့ ချီးကျူးဖို့လဲ ကောင်းပါတယ်၊ ဒီလောက်ခံစားနေရတာတောင် စိတ်ဓာတ်မကျဘူးနော်"

သူ ပြောလိုက်သော ခိုင်ထူး သီချင်းကိစ္စကြောင့် အောင်ထွန်းသည် သူ့ကိုပုံးပြီး ပြောသည်။

"စိတ်ဓာတ်မကျတာ မဟုတ်ဘူးဟေ့၊ မာနနဲ့ ရင်စည်းခံနေတာကွ၊ မာနနဲ့ ရင်စည်းခံနေတာ"

သူ မေနှင်းအေးကို ချစ်ပါသည်။ ချစ်လို့လည်း သူပေါင်းရှာခဲ့သည်။ တွေ့မယ့် တွေ့တော့လည်း မြင်ကွင်းက ရင်နာ

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်....။

သူက မခွဲခွာရပါပဲ မမနှင်းအေးက ခွဲသွားသည် ဆိုတော့ ရင်နာလို့ မဆုံး။

နောက်ဆုံးတော့ မေနှင်းအေးကို မေ့နိုင်အောင်မေ့ရမည်။

သူ လွမ်းစိတ်နှင့် အံကြိတ်မိပြန်သည်။

* * *

## အခန်း ( ၁၀ )

ကားမောင်းချင်စိတ်မရှိသည်နှင့် ဖေဖေ့ကို ကားပေးလိုက်ပြီး ဆိုက်ချုပ်လမ်းတလျှောက် ဟိုဝင်သည်ထွက်နှင့် လမ်းလျှောက်လာခဲ့သည်။ စာအုပ်အဟောင်းဆိုင်တွေ ဝင်ဖြစ်သည်။

ဆူးလေဘုရားလမ်းဘက်ချိုးပြီး ရုပ်ရှင်ကြော်ငြာတွေကြည့်ပြီး ဂုဏ်ရှိခဲဘားမှ မက်ဂနက် မီးခြစ်လေးတလုံးဝယ်ဖို့ စိတ်ကူးသည်၊ ပြီးတော့မှ 'မီး' ဆိုသောစာလုံး ပါနေသဖြင့် ပူမှာကို ကြောက်ပြီး မဝယ်ဖြစ်တော့။

www.burmeseclassic.com

www.burmeseclassic.com



“လမ်းကို ဖြတ်ကူးပြီး ၃၃ လမ်း ထိပ်က ‘တက်နေလင်း’ လက်ဖက်ရည်ဆိုင်မှာ ထိုင်မည်စိတ်ကူးပြီးမှ မထိုင်တော့ပဲ ဆိုင်ရှေ့သစ်ပင်အောက်က အုတ်ခုံမှာ ဝင်ထိုင်လိုက်၏။

“ညို့ရှိုင်းတိုင်ပင်ယင်းဂုဏ်ပင် မပြေလည်ကြ....

မာနစိတ်တွေ....မာနစိတ်တွေ....

ချစ်ပါလျက်နဲ့ဝေး....ဆွေးရတော့ တို့နှစ်ယောက်

ပတ်ဝန်းကျင်အတွက် အပျင်းပြေ....ပြောစရာဇာတ်

လမ်းတပုဒ်....

မင်း ငိုနေတယ်ဆိုတာ မမြင်ရပေမယ့်လဲ ငါသိနေတယ်....

ငါငိုနေတာလဲ မင်းသိမှာပါ....”

ဇော်မင်း၏ ဂစ်တာဥယျာဉ်က ဖွင့်နေသော သူ့ဒုတိယစီးရီးထဲက ‘လွမ်းရတော့ တို့နှစ်ယောက်’ သီချင်း....။ သူ့အိမ်မှာ ဇိမ်နှင့် နားထောင်၍ရသော်လည်း လမ်းပေါ်မှာ နားထောင်ရတာက ပိုကောင်းနေသည်။

မီးပွိုင့်နီသွားသဖြင့် အနော်ရထာလမ်းပေါ် ပြေးနေသော ကားတွေ ရပ်သွားသည်။ မနက်ပိုင်း ကားရှုပ်ချိန်မို့ ကားတွေက အတန်းရှည်ကြီး ဖြစ်နေသည်။

လက်ယာဘက် ဒုတိယ ယာဉ်ကြောမှာ ကားတစီ ရပ်သွားသည်။



“ဟင်....”

ကားပေါ်မှာ မနှင်းအေးနှင့် လူရွယ်တယောက်။

သူ မနှင်းအေးဆီ လိုက်သွားတုန်းက တွေ့ခဲ့သည့်လူပဲ ဖြစ်သည်။ အောင်ထွန်း ပြောသော ဆရာဝန်ပဲဖြစ်မည်။

လမ်းဘေးမှာ လွယ်အိတ်ကြီးကြီးတလုံး လွယ်ပြီး ဆံပင်ရှည်ရှည် ညှင်းသိုးသိုးနှင့် သူ့ကို မနှင်းအေးက အံ့ဩသလို ကြည့်နေသည်။

သူက မနှင်းအေးကိုကြည့်ပြီး ပြုံးပြလိုက်သည်။ မနှင်းအေး ခေါင်းလေး ငုံ့သွား၏။

မီးပွိုင့်က စိမ်းသွားသည်။ မနှင်းအေး ကားလည်း ထွက်သွား၏။

သူ ရယ်ချင်လာသည်။ သို့သော် မရယ်မိ၊ တကယ်လို့ ရယ်မိလျှင် ရယ်သံတွေထဲမှာ ငိုရှိုက်သံတွေပါ ရောနေလိမ့်မည် ထင်သည်။

ဆိုင်ရှေ့မှာ ကပ်ထားသော ကိုင်ဇာ၏ ကြော်ငြာနှင့်အတူ သူ့ပုံကိုလည်း တွေ့ရသည်။ သစ်ပင်အောက်က အုတ်ခုံပေါ်မှာ ထိုင်နေသော သူ့ပုံနှင့် ကြော်ငြာထဲက ပုံက ဘာမျှမဆိုင်....။

“ဟေ့ကောင်....ကြည်သာ၊ ဘာလုပ်နေတာလဲ”

အသံကြောင့် မော့်ကြည့်လိုက်တော့ အောင်ထွန်း။ လက်ထဲမှာတော့ သွားသေရာပါသော ‘ဝတ်ရည်ခန်းသည့် ပေါ်ပြာ’ မျှော စာအုပ်နှင့် သီချင်း ရေးသော ကင်းနုတ်စာအုပ်။ အောင်ထွန်းက ဂျင်းပင်တွေ ဘာတွေဝတ်လို့....။

www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ရည် သောက်ရအောင်ကွာ"

"နေပါစေတော့၊ ငါ ရုပ်ရှင်ကြည့်မလို့"

"ငါ....မေနှင်းအေးကို တွေ့လိုက်တယ်"

"ဟုတ်လား"

အောင်ထွန်း၏ ဟုတ်လားက စိတ်ဝင်စားပုံမရှိ။ သူက ရင် ဖွင့်ချင်နေသည်။ ရင်ဖွင့်လိုက်လျှင် သက်သာ သွားလိမ့်မည်ဟု ထင်၏။

"ငါနဲ့ မေနှင်းအေးက ဝေးသထက်ဝေးပြီလား မသိ ဘူး"

အောင်ထွန်းက သူ့စကားကြောင့် သက်ပြင်းချယင်း....

"မင်းအသည်းက မာမလိုလိုနဲ့ သိပ်နုနေပါလား၊ ... မှန်တဲ့ အချစ်ဆိုတာ ဘယ်တော့မှ ဝေးမသွားဘူး ကြည့် သာ"

"သူ့ကိုငါမေ့ဖို့ကြိုးစားတယ်၊မမေ့နိုင်ဘူးသူငယ်ချင်း"

"ဒါပဲပေါ့ကြည့်သာ၊ မင်းသာမဟုတ်ဘူး၊ သူလဲဒီလိုပဲ အမှန်က မင်းတို့ မာနတွေပြိုင်နေကြတာပဲ၊ တယော ယောက်က လျှော့တဲ့အချိန်၊ ဒါမှမဟုတ် နှစ်ယော စလုံး လျှော့လိုက်တဲ့အချိန်မှာ မင်းတို့ ပြန် ဆုံဆည် မှာပဲ"



"ဒီအခြေ ရောက်မှတော့ မမျှော်လင့်ချင်တော့ပါဘူး ကွာ"

ဆူးလေ ဘုရားလမ်းကို ဖြတ်ကူးသဖြင့် စကား ပြတ်သွား သည်။ လမ်းတဘက်ရောက်တော့ အောင်ထွန်းက ရုပ်ရှင် ကြည့် မည်ဆိုပြီး ထွက်သွား၏။ သူ့ကို ခေါ်သော်လည်း သူ မလိုက်၊ ရုပ်ရှင်ကြည့်ချင်စိတ်လည်း မရှိ။

သိမ်ကြီးဈေး ဖဖေ့ဆိုင်က ကားသွားယူပြီးအိမ်ပြန်ရန်စိတ် ကူးဖြင့် အနော်ရထာလမ်း ပလက်ဖောင်းပေါ်က လျှောက်လာ ခဲ့သည်။ ဒံပေါက်ဆိုင်တွေက လူကိုအတင်းအဓမ္မ ဆွဲခေါ်တော့ မလို ခေါ်သည်ကို မနည်းရှောင်ရသည်။

မဂိုလမ်းဖြတ်ကူးယင်း အအေး သောက်ချင်လာသည်။ ရင် ထဲမှာ ပူနေ၏။

အင်းဝမှာသောက်ဖို့ စိတ်ကူး၏။ ဆိုင်ရှေ့ရောက်တော့ လူ ရှင်းမရှင်း လှမ်းကြည့်လိုက်သည်။

ရင်ထဲမှာ ပိုပူသွား၏။

မေနှင်းအေးနှင့် အဖော်သည် ဆိုင်ထဲမှာထိုင်နေ၏။

သူ အအေးမသောက်ဖြစ်တော့။ ရင်ထဲမှာ ပူလာသည်။ ... ထည့်နေသည် ငယ်ထိပ်ကိုဖောက်ပြီး ရင်ထဲဝင်သွားသည့် ခံစား ရ၏။

www.burmeseclassic.com

ပူလောင်သော အချစ်ကိုပင် တမ်းတမ်းတတနှင့် ဖက်ဘွယ် နေမိပြန်သည်။

*

မာတုဗေဒဌာနနှင့်ဝေးရာ အက်စ်-တူး အခန်းရှေ့မှာ ရပ် နေယင်းက မြင်ကွင်းထဲရောက်လာသော ကံ့ကော်နှင့် ရေတမာ ပင်တွေက လွမ်းစရာဖြစ်နေ၏။ အထီးကျန် ဘဝလို ဖြစ်နေ သည်မို့ ဘယ်နေရာမှာမှ ကြာကြာမနေနိုင်။ နေလည်းမနေချင်။

အက်စ်-တူးရှေ့က ခွာပြီး အမိပတိလမ်းကို ဖြတ်ကူးသည်။ မြင်ကွင်းထဲရောက်ရောက်လာသော အဖော်နှင့် လူများကို ကြည့် ပြီး ရင်ထဲမှာ နာလာသည်။

သူ့ဘေးမှာလည်း ချစ်သူကို ရှိစေချင်သည်။ ခုတော့ မေ နှင်းအေးသည် ဘယ်အရပ်မှာ ရောက်နေမှန်းပင် မသိ။

ဘာရယ်မဟုတ်၊ လူငယ် သက်သာဆိုင်ထဲဝင်ပြီး အမိပတိ လမ်းကို မျက်နှာမူထိုင်မိသည်။ မေနှင်းအေးနှင့် အတူ နေခဲ့ရ စဉ်က အဖြစ်ကလေးကို တွေးနေမိသည်။



"အစ်ကို"

သူ့ဘေးမှ ခေါ်သံကြောင့် လှည့်ကြည့် လိုက်တော့ မိန်းက လေးတယောက်။ မိန်းကလေးက သူ့ကိုသိနေပုံရသည်။

"ကျွန်တော် ဘာကူညီရမလဲ"

မိန်းကလေးက သူ့လွယ်အိတ်ထဲမှ စာအုပ်တအုပ်ကိုဆွဲထုတ် သည်။ အော်တို စာအုပ်လေးတအုပ်။ ပြီးတော့ ကျွန်တော့် ဆီ လှမ်းပေးယင်း....

"ဘယ်လိုမှ မထင်ပါနဲ့နော်၊ အစ်ကို့သီချင်းတွေ ညီမ ကြိုက်ပါတယ်"

မိန်းကလေးက သူ့ကို စတီရီယို အဆိုတော်မှန်းသိနေသည်။ သူက အော်တိုရေးဖို့ စာရွက်ကိုလှန်ပြီး ရှာနေစဉ်....

"ညီမနာမည် အိမ်စည်ပါ၊ အီကို ကပါ"

'နှလုံးသားသည် ဦးနှောက်ထက် အရေးကြီး၏'

(ကြည်သာ)

ဘာရယ် ညာရယ်မဟုတ်၊ လတ်တလောအချိန်တွင် သူ့ရင် ထဲကသိသလို ရေးပေးလိုက်၏။ အိမ်စည်က ကျေးဇူးတင်စကား ပြောပြီး ပြန်ထွက်သွား၏။

သော်ဝင်းနှင့်ကျော်စိုး ဝင်လာသည်။ ဆိုင်ထဲကို မျက်လုံး ဝေ့ကြည့်ယင်း သူ့ကိုတွေ့သွားသဖြင့် သူ့ဆီသို့လျှောက်လာ၏။

www.burmeseclassic.com



နှစ်ယောက်သားသူ့စားပွဲမှာထိုင်ပြီးတော့မှ သော်ဝင်းက...

"ရှာလိုက်ရတာကွာ၊ ခုတလော မင်းကိုဖမ်းရတာမလွယ်ပါလား၊ ခုလေးပဲ ဟိုဘက်သွားတယ်ဆိုလို့ ညွှန်တဲ့ ဘက်လိုက်တဲ့အခါ အဲဒီနေရာက ခုလေးပဲထွက်သွားတယ်တဲ့၊ မင်းဘယ်လိုဖြစ်နေတာလဲ ကြည့်သာ၊ဖင်မငြိမ်ဘူးလား"

"ဖင်မငြိမ်တာ မဟုတ်ဘူးဟေ့၊ ရင်မငြိမ်တာ.... ရင်မငြိမ်တာ"

ဟု မပြောဖြစ်။ ရင်ထဲမှာပဲ ပျောက်သွား၏။

"နေပါဦး၊ ဘာကိစ္စရှိလို့ ငါ့ကိုရှာတာလဲ"

"အောင်ကိုလတ်၊ ကိုင်ဇာနဲ့ခိုင်ထူး မင်းကိုလာရှာတယ်။ လင့်လမ်းက ဆွံ့အ နားမကြားကျောင်း ရန်ပုံငွေအာ မင်းသီချင်းဆိုဖို့ ဖိတ်ခိုင်းလို့တဲ့၊ အကူအညီ တောင်းတာပေါ့ကွာ"

သူတို့ 'သည်ဖရင်းစ်' အဖွဲ့မန်နေဂျာ ကျော်စိုးက ဝင်ပြောသည်။ အမှန်တော့ သူသီချင်းဆိုချင်စိတ်မရှိ။ ကျောင်း နာမည်ကြောင့် ရင်ထဲမှာ စာနာစိတ် ဝင်လာသည်။

"ဘယ်သူ့ ဝိုင်းနဲ့လဲ"

"The Brothers အောင်ကိုလတ် ညီအစ်ကိုများ"

သော်ဝင်းက ဝင်ပြောသည်။ ကျော်စိုး သူ့ရှေ့က အော စက်နေသော လက်ဖက်ရည်ခွက်ကို မော့သောက်ပြီးမှ....



"ဘိုဘိုဟန်၊ ခိုင်ထူး၊ ကိုင်ဇာ၊ နွဲ့ယဉ်ဝင်း၊ တင်မိုးခိုင်၊ ဂျာနူး၊ မေဆွိ၊ မင်းပေါ့ကွာ"

သူ ခေါင်းညိတ်လိုက်၏။ ကံအကြောင်း မလှသူများအတွက် ထာဆိုးနေသောသူ ကူညီရပါလိမ့်မည်။ အများ အကျိုးဆောင် ကိုယ့်အကျိုးအောင် ဆိုသောစကား မှန်ပါစေဟု ဆုတောင်း မိသည်။

✲

"ခုချိန်ကစပြီး တေးရေးတေးဆို ကိုင်ဇာရဲ့ ဖျော်ဖြေမှု အစီအစဉ်ပါရှင်"

"ဖြောင်း....ဖြောင်း....ဖြောင်း"

လက်ခုပ်သံများ လျှံဝေသွားသည်။ လှပသော ညသေတော့ တေးသီချင်းသံများမွှေးမွှေးကြူကြူ ထွက်ပေါ်နေသည်မှာ ဘယ် ကြည်နူးစရာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဇာ သီချင်းသံသည် စတိတ်ရှိုးမှတဆင့် ကောင်းကင်သို့ လွင့်နေသည်။ နှလုံးသားအရပ်မှလာသော သီချင်းသံများဖြစ်၍ ငြိမ့်ငြိမ့်ဖအေးအေး စီးဆင်းနေသည်လေ....။

ရှေ့တန်းမှ မိန်းကလေးတစုမှာ လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ ညီအစ်ကိုများအဖွဲ့မှ အောင်ကိုသတ်သည် လိဒ်ဂစ်တာကို သပ်စွာ တီးခတ်နေသည်။

သူ့ခြေများက ရစ်သမ်ကျကျ လှုပ်ရှားနေသည်။ ဂစ်တာ၏ အပေါ်မှာ နစ်မွန်းခြင်း၊ သိမ်မွေ့ခြင်းဆိုက မမွားပါ။

"ကြည်သာ....ကိုင်ဇာပြီးယင် မင်းအလှည့်ပဲ"

ခိုင်ထူးက ယဲ့ယဲ့လေးပြုံး၍ ပြောသည်။

"ဟာ....ခင်ဗျားတို့ရှေ့က ဝင်လို့ဖြစ်ပါ့မလား"

"ကိုယ့်အနုပညာကို ကိုယ် ယုံကြည်စမ်းပါကွာ၊ကိုယ့် လောကမှာ နောက်လူ ရှေ့လူတွေ မရှိဘူး၊ အားလုံး လောကကို အလုပ်အကျွေးပြုနေတဲ့ လူတွေပါ"

ခိုင်ထူး၏ အားပေးမှုသည် သူ့ရင်ကို ဒအေး၍ ချမ်းမြေ့စေသည်။ တဦးနှင့်တဦး ကူညီကြခြင်းသည် မင်္ဂလာအလွန် ရှိလှသည်။

ပရိသတ်နှင့် ထိတွေ့မှုနည်းသေးသော သူ့အတွက် ရှိန်းတိန်း တိန်းဖြစ်နေသည်။ ဖြစ်ပါ့ခလား၊ ငါ့အသံတွေ တုန်နေယင် မခက်ဘူးလား ဆိုသောအတွေးတွေက ခြေသံပြင်းနှင့်ဝင်ရောက်လာကြသည်။



ဆိုလေ....ငါ့ရင်ထဲမှာ အင်အားကြီးတဲ့ အရာတခုလုံး ရှိပြီး သား၊ ပိုင်ဆိုင်ပြီးသားပဲ၊ ဘယ်သူ့ကို ဂရုစိုက်ရမှာမို့လဲ၊မာန တော်ကို တင်းပစ်လိုက်သည်။ပွဲမဝင်ခင် နှလုံးသားမှာမတည်ငြိမ် မှုတာလေးတွေကို တစစီ ဖြစ်အောင် ဖျောက်ပစ်လိုက်ရလေ သည်။

"အမည်မဖော်လိုသူ တယောက်က ကြည်သာကို နှင်းဆီ ပွင့်တပွင့် လာပေးသွားတယ်"

လူငယ်တယောက်က လာပြီးပြောသည်။ သူ့မှာ ယောင် အအ ဖြင့် နှင်းဆီပန်းပွင့်ကို ယူလိုက်ရသည်။ စာရွက်ဖြူခေါက် သေး တခေါက်လည်း ပါလာသည်။

ကိုကြည်သာ....

တခြား အထင်မလွဲစေချင်ပါ၊ သီချင်းဝါ သနာပါသူ တယောက်အနေနဲ့ ဖြူစင်စွာ အား ပေးခြင်းပါ။

သည်နှင်းဆီပွင့်လေးကို လက်မှာကိုင်ပြီး စတိတ်ပေါ် တက် လာခဲ့သည်။ ကိုင်ဇာက သူ့လက်ကို လာပြီး ဖျစ်ညှစ်သည်။ ဆက်လုပ် သူငယ်ချင်း'တဲ့။

ကိုင်ဇာ့အသံလေးက နားထဲမှာ အားဆေးတွေ ပြည့်သွား သည်။ နှင်းဆီပွင့်လေးကို မွှေးရှိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု အလှည့်ကျ အနေနဲ့ ကျွန်တော် ကြည်သာက 'ရင်ခွင်ထဲကို ပြန်လာပါ' သီချင်းနဲ့ ပထမဆုံး သီဆိုပေးပါ့မယ် ခင်ဗျာ"

ပရိသတ်ဘက်သို့ ကန်တော့ကာဦးညွှတ်လိုက်သည်၊ မျက်ရည်စက်တပေါက် လွင့်ကျသွားသည်။ ဝမ်းသာကြည်နူးလွန်းသဖြင့် ကျရသော မျက်ရည်ရယ်ပါ။

အောင်ကိုလတ်ဘက်သို့ လှည့်ကြည့်လိုက်သည်။ အပြုံးကလေးတစနှင့် အားပေးသည်။

ကြည်သာသည် ပရိသတ်ဘက်သို့ လုံးဝမကြည့်ပဲ နေလိုက်သည်။ သီချင်းဆိုယင်းနှင့် ခုန်လွန်းလှသော ရင်ကို ငြိမ်သက်အောင် ပြုလုပ်နေရသည်။

"အို...."

တအံ့တသြနှင့် ရှေ့ဆုံးခုံတန်းက နားမှာနားကျပ်တပ်ထားသော ကောင်မလေးတယောက်၏ ကြည်လဲ့သော မျက်လုံးနှင့် တည့်တည့် ရင်ဆိုင်တိုးလေလည်း။ မီးရောင်များ အကြားတွင် လှပစွာ ပန်းပုရုပ်ကလေးသဖွယ် တုတ်တုတ်မျှမလှုပ်ပဲ ငြိမ်ထိုင်နေသော ကောင်မလေးကို တချိန်လုံး စူးစိုက်ကြည့်နေခဲ့မိသည်။

လွန်လွန်းတယ်လို့ပဲ ပြောမလား။

သီချင်းသုံးပုဒ်ကို ဆက်တိုက် ဆိုလိုက်သည်။ အလှ ပိုင်ရှင်လေးရှေ့မှာ ဆိုနေရတာမို့ ဘယ်က ဘယ်လို အင်အားတွေ တိုးလာသည် မသိပါ။



သူ့ရင်မှ ဖူးပွင့်လာသော ပန်းကလေးသဖွယ် သီချင်းတွေ ဆင်းထွက်လာသည်။ လက်ထဲမှ နှင်းဆီပွင့် ကလေး ကိုလည်း အဲသည်ကောင်မလေးဆီသို့ လှမ်းပစ်လိုက်သည်။

တမင်ရည်ရွယ်တာမို့ တည့်တည့်ပဲ ရောက်ရှိသွားသည်။

ဝိညာဉ်တွေ ဆက်မိလေရော့လေ့သလားမိန်းကလေးရယ်....။

သီချင်းလည်းဆုံးရော လျော့လျည်းလျည်းအပြုံးနှင့်ကြည့်ပြီး နောက်ပိုင်းသို့ ဝင်လာခဲ့သည်။

ရင်ထဲမှာ မောပြီး ကျန်ရစ်ခဲ့သည်။

*

ခိုင်ထူးအလှည့်ကျလေပြီ။

ကြည်သာက လက်မြှောက်ပြလိုက်သည်။ စောစောက ရင်ခုန်မှုလေး ပျောက်မသွားအောင် ကုလားထိုင်တခုမှာ အသာလေး ငြိမ်ငြိမ်ထိုင်နေခဲ့သည်။ အချစ်နှင့်တွေ့ပြီလားဟု တွေးသည်။ ဒီလို ခံစားရတာမျိုး တခါမှ မဖြစ်ဖူးပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"အင်း....ဒီကောင်မလေးက ဘယ်သူလဲ၊ ဘယ်ကလဲ။ ဒီ ဆွံ့အ နားမကြား ကျောင်းက များလား၊ နားကျပ်ကလေးနဲ့ဆိုတော့ ဖြစ်နိုင်တယ်၊ ဟင်း...."

အင်းတွေ ဟင်းတွေ၊ သက်ပြင်းတွေ သက်မတွေချရတော့မည့်ဘဝသို့ ကြည်သာ ရောက်ရှိခဲ့လေပြီ။

ခိုင်ထူး၏ အဥ္စလီ သီချင်းသံသည် လွင်လွင်ကလေး ထွက်ပေါ်နေသည်။

"အင်းလေ....အချစ်ဆိုတာကို တမင်ရှာဖွေနေဖို့ မလိုပါဘူး၊ သူ့အလိုလို တွေ့လာရမှာပါပဲ"

နှင်းဆီပွင့်လက်ဆောင်ပေးသောအိပ်စည်ဆိုသည့်မိန်းကလေးကို ကျိတ်ပြီး ကျေးဇူးတင်ရသည်။ သူမကြောင့်သာ အလှပိုင်ရှင် ကောင်မလေးဆီသို့ ချစ်သက်သေပန်းကလေး ပို့ပစ်နိုင်ခဲ့သည်လေ။

ကြည်သာတယောက် ကြံဖန်ပြီး ကျေးဇူးရှာတင်သည်ဟု ပြောလိုက ပြောပါစေ။ မျက်လုံးထဲမှာ နှင်းဆီပွင့်ကလေး ထဖြည်းဖြည်း ဝဲကျသွားတာကိုပဲမြင်ယောင်နေသည်။

ဘိုဘိုဟန် သီချင်းသံကို ကြားရသည်။

"ဒီမှာ....ကိုကို့ကို အော်တိုရေးခိုင်းမလို့၊ ရေးပေးရမယ်နော်"



"ကျွန်မနာမည်က စိုးစိုး"

"ညီမက မြင့်မြင့်လွင်ပါနော်"

ကောင်မလေးသုံးယောက် သူ့ဆီကို လျှောက်လာသည်။ စကားတွေကို ကြိုပြောလာသည်။ လူတွေက မရောက်သေး။ စကားမပြောသောကောင်မလေးတယောက်က နောက်မှာ ကုပ်ကုပ်ကလေး ပါလာသည်။

အို....စောစောက ကောင်မလေးပါလား။

သူ့လက်ထဲမှာ နှင်းဆီပွင့်ကလေးကို တယုတယ ကိုင်လာသည်။ နားကျပ်ကလေးကိုတော့ မတွေ့ရ။

"မင်းက စိုးစိုး"

အော်တိုကိုယူပြီး ရေးပေးလိုက်သည်။ တခြားကောင်မလေးတွေရဲ့ အော်တို အဆစ်သုံးလေးခုကိုပါ လှည့်မမြင်ရပဲ ရေးပေးလိုက်ရသည်။

"သူက မြနန္ဒာတဲ့ ကိုကို"

စိုးစိုးဆိုသော ကောင်မလေးက ကိုကို....ကိုကိုနှင့် အသားတင် အသားယူခေါ်ယင်း နှင်းဆီပန်းကိုင်ထားသော ကောင်မလေးနှင့် မိတ်ဆက်ပေး၏။

"မြနန္ဒာတဲ့လား"

နှုတ်ဖျားက သူ့နာမည်လေးကို ရေရွတ်ကြည့်မိသည်။ ခေါ်ကောင်းသလောက် လှပသော အမည်ကလေးပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန္မာက ရှက်လိုလားမသိ၊ ခေါင်းကိုငုံ့ထားသည်။

"သူက ဒီဆွံ့အ နားမကြားကျောင်းကပါ အစ်ကို၊ အစ်ကို့ကို မိတ်ဆက်ချင်လို့ လိုက်လာတာပါ၊ စကားမပြော နိုင်တာကိုတော့ အစ်ကိုက ခွင့်လွှတ်ပါ"

စိုးစိုးက တောင်းပန်နေသည်။

သူ့ရင်ထဲမှာ နင့်ကနဲ ကျဉ်သွားသည်။

ဘယ်လို ခံစားမှုမျိုးလဲဆိုတာ ဝေခွဲလို့မရပါလေ။ တလှ လှပ်တုန်နေလေသည်။ ကြင်နာသနားစိတ်က ရင်ထဲကို စူး ဝင်သွား၏။

မျက်လုံးချင်း တခါပဲဆုံသည်။

နောက်ထပ်မဆုံရဲတော့။

မြန္မာကို စကားတွေအများကြီး ပြောပစ်လိုက်ချင်သည်

သို့သော် ဒါက စတိတ်နောက်ပိုင်း၊ အစစအရာရာ နား ကိစ္စကအစ ဂုဏ်သိက္ခာအဆုံး ထိန်းသိမ်းရမည်။

သိမ်မွေ့နူးညံ့သော လက်ချောင်းကလေးများကို သည်။

လက်သည်းရှည်ကလေးများက ပန်းနုသွေးရောင်ထနေသည် လက်ဖမိုးပေါ်မှ မွေးညင်းနုကလေးတွေကို စိမ်းစိမ်းက တွေ့မြင်ရသည်။ ဖြူဖြူနွဲ့နွဲ့ ပါးပါးလျလျ မဟုတ်ပဲ သူ့ အစားနှင့်သူ ကြည့်လို့ကောင်းသည်။



ဒီလောက်လှလွန်းတဲ့ မိန်းကလေး ဘာကြောင့်များ ဆွံ့အ နားမကြား ဖြစ်နေရပါလိမ့်။

သူက မြန္မာ၏ မျက်နှာကိုသာ ငေးငေးကလေး ကြည့်နေမိသည်။

မြန္မာရင်ထဲမှာတော့ ဘယ်ကဲ့သို့ ရှိမည်မသိ။

သူ့ရင်ထဲမှာတော့ လှိုင်းတွေ လိမ့်တက်လာသည်။

"စိုးစိုးတို့ သွားတော့မယ်"

သူ ခေါင်းညိတ်ပြသည်။ တခြား ပြန်ပြောစရာ စကားတွေ ရှိတော့သလို ငြိမ်သွားသည်။

ခံစားချက် များလွန်းသောအခါ ပြောစရာစကားသည် ထိတ်သွားတတ်သည်။ ခုလည်း သူ့နှုတ်မှာ တေမိကလေး အဆောင်ခံလိုက်ရ၏။

တင်မိုးခိုင်အလှည့် ကျနေပြီ။

ကြည်သာမှာ စတိတ်ရှိုးနှင့် ဝေးရာသို့ ပြေးထွက်သွားချင်ပြီ။ အချိန်မှာ အိပ်ရာပေါ်တွင် တစ်ယောက်တည်းစဉ်းစားနေချင်သည်။

"ဟင်...."

နှင်းဆီပန်းကလေး မြေတွင် ကြွေမွနေသည်။ မြန္မာ နှင်းဆီပန်းကို မေ့သွားလေသလားမသိ။

www.burmeseclassic.com

www.burmeseclassic.com



ကြည်သာကတော့ ဝမ်းနည်းစွာနှင့် ကြေွနေသော ပွင့်ဖတ်တွေကို ကောက်ယူလိုက်သည်။

*

နောက်ပိုင်းတွင် မြန်မာကို မေ့သွားသယောင်ရှိသည်။

'ရင်ထဲက အချစ်' စီးရီးဆက်ထင်ကို သွင်းဖို့ စီစဉ်နေရသည်။ အောင်ထွန်းကတော့ သူ့သီချင်းသံစဉ်နှင့် စာသား များ အာရုံစူးစိုက်လွန်းလှသည်။

ရင်ထဲကအချစ် စီးရီးသည် မအောင်မြင်လို့ မဖြစ်၊ ဒါ အားလုံး သဘောပေါက်နေသည်။

မနော်ဟရီလမ်းကလေးတွင် နေ့တိုင်းလိုလို သီချင်းတိုး သည်။ ကျောင်စိုးတယောက်သာ တခါတရံလာသည်။ ကျန် တွေကတော့ ချွေးနစ်နေအောင် ကြိုးစားနေကြသည်။

အနုပညာသည် အသက်ဖြစ်သည်ကိုး။



တနေ့ပြီးတနေ့၊ တရက်ပြီးတရက်၊ အချိန်နေ့ရက်များစွာ.... ထင်ပန်းခဲ့ရသည်။

တဘဝလုံးကို ဂစ်တာကြိုးတွေထဲတွင် မြှုပ်နှံထားရသည်။ အထိးကျန်သည်ဟု ကိုယ့်ကိုယ်ကို ထင်ထားသော်လည်း တကယ် ထမ်းကျတော့ အထီးမကျန်ပါ။ ဂီတသံစဉ်တွေသာ တသက်လုံး လက်တွဲသွားရမည့် အဖော်တွေပင် ဖြစ်သည်။

အောင်ထွန်းက စကားစ သည်။

"ရင်ထဲကအချစ်ကို သဘောကျရဲ့လား ကြည်သာ"

"သဘောကျပါတယ်ကွာ၊ မင်း သီချင်းစာသားတွေက ဆန်းသစ်နေတယ်၊ အတွေးအမြင် အားတွေလဲ ကောင်း တယ်"

"မကြိုက်တာရှိယင် ပြောင်သာ ဝေဖန်နော်"

"အေးပါကွာ"

အောင်ထွန်း အိမ်ပြန်မည်ဟုပြောသဖြင့် သူက....

"ငါ့ကားနဲ့ လိုက်ပို့ပါမယ် အောင်ထွန်းရာ၊ မင်းကလဲ သူငယ်ချင်း အချင်းချင်းတွေပဲ"

"ရပါတယ်ကွာ"

"မဟုတ်ပါဘူးကွာ၊ မင်းက သီချင်းရေးဆရာ၊ ငါက အဆိုတော်၊ တယောက်နဲ့တယောက်က ခေါင်းနဲ့ပန်းလိုပဲ ခွဲခြားလို့မရပါဘူး၊ အခု မင်းက ခွဲခြား ခွဲခြားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ထင်နေလို့ပါ၊ ငါက ဘာမှ မပြောင်းလဲသွား ပါဘူး"

"ဒါဖြင့် တက်ကွာ"

အောင်ထွန်းမှာ မငြင်းသာတော့ပဲ ကားပေါ်တက်ခဲ့ရလေသည်။

"ငါတို့နေတဲ့လမ်းက ကားဝင်လို့မရဘူး ကြည်သာ"

"ကားကို တနေရာရာမှာ ရပ်ထား လိုက်ပေါ့ ကွာ ပြီးတော့မှ လမ်းလျှောက်ဝင်သွားတာပေါ့"

အောင်ထွန်းက "မင်းကို ညှော်ခံနိုင်တာတော့ မရှိဘူးနော်" ဟု ရယ်သံတိုးတိုးနှင့်ပြောလေသည်။

"အင်း....ငါက ညှော်သည်လား"

"ငါက အားနာလို့ပါကွာ၊ မင်းက ရွှေမှုန့်စား မဟုတ်လား"

"ငါလဲ လူပါပဲကွာ၊ အတွင်းသိ အစင်းသိတွေ ဗီစကား မျိုး မပြောစမ်းပါနဲ့"

အောင်ထွန်း ငြိမ်သွားသည်။ သူက အဆင့်အတန်း ခွဲခြားသည်ကို အလွန်မုန်း၏။

*



တာမွေ အိုးစုရပ်ကွက်သို့ ရောက်သောအခါ အမှန်တကယ်ပဲ အိမ်များ ပြွတ်သိပ်နေသည်ကို တွေ့ရသည်။ အောင်ထွန်း ယောက် အရယ်မပျက် လမ်းလျှောက်ထွက်လာသလို မျက်နှာ ပေါ့ပါးလွန်းလှသည်။

မီးလောင်သွားသောနေရာသို့ရောက်သည်နှင့် အောင်ထွန်းတို့ အိမ်ကို စ တွေ့ရလေသည်။

"ငါ့ဗိုမာန်လေ"

ဝါးထရံကာ၊ ဓနိမိုးဆိုသော်လည်း သပ်သပ်ရပ်ရပ်နှင့် ဖြစ်သည်။

အောင်ထွန်းမှာ မိခင် အို ကြီး တယောက် သာ ရှိ သည်။ ညီအစ်ကို မောင်နှမ လေးယောက်၊ အိမ်ဆိုင်ကလေး တည်ထား သာကို တွေ့ရသည်။

"အိမ်ပေါ်တက်ကွာ"

အိမ်ပေါ်သို့ တက်လာခဲ့သည်။ တခုတည်းသော ပက်လက် ကုလားထိုင်ပေါ်တွင် အောင်ထွန်း မိခင်က ထိုင် နေ သည်။ အောင်ထွန်းကတော့ ဂျင်းပင်ကို လုံချည်နှင့် လဲဝတ်နေသည်။

"အမေ....ဒါ သားသူငယ်ချင်း ကြည်သာ တဲ့၊ သီချင်း ဆိုတာ သူပဲပေါ့"

"ဟုတ်လား၊ အေးအေး...."

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း....ဒါ ငါ့အမေ ဒေါ်ကြည်တဲ့"

"ဟုတ်ကဲ့အမေ....ကျွန်တော်တို့ နှစ်ယောက်က သိပ်ခင် သိပ်ချစ်တဲ့ သူငယ်ချင်းတွေပါ"

ညှော့ခန်းစာကြည့်စားပွဲပေါ်မှာ စာအုပ်တွေ သပ်သပ်ရပ်ရပ် အစီအရီ ရှိသည်။ နံရံနှစ်ခုမှာလည်း စာအုပ်တွေ အပြည့်။ ဝတ္ထု စာအုပ်က သတ်သတ်၊ ကဗျာစာအုပ်က သတ်သတ်၊ အင်္ဂလိပ် စာအုပ်တွေက သတ်သတ်။

'ဝတ်ရည်ခန်းသည့်ပန်း' ကဗျာ စာအုပ်ကို စာကြည့် စားပွဲ အလယ်တည့်တည့်တွင် ထောင်ထားသေသည်။

"ထမင်းစားသွားပါလား ကြည်သာ"

"နေပါတော့ကွာ၊ တော်ကြာ ငါပြန်တော့မှာပဲ"

"ကိုကို့ရေ....ကိုကို"

မိန်းကလေးတယောက် ခေါ်သံနှင့်အတူ သင်းပျံ့သော ရနံ့ ကလေးက အလျင်ရောက်လာသည်။

သူ လှည့်ကြည့်တော့ ရိုးရိုးယဉ်ယဉ်နှင့်ချောသော ကောင်မ လေးတယောက်ကို တွေ့ရသည်။ သိပ်အလှကြီးမဟုတ်သလို သိပ် မလှတာလည်း မဟုတ်။

"ချို....လာလေ"

ချိုဆိုသောအမည်နှင့် လိုက်ဖက်လှသည်။



"ဒါ ကိုကို့ သူငယ်ချင်း ကြည်သာတဲ့၊ အဆိုတော်ကြီး ပေါ့"

"ကိုကိုရေးတဲ့ သီချင်းတွေကို ဆိုတဲ့...."

"အေး"

"အသံကောင်းသလို ရုပ်လဲချောတယ်နော် ကိုကို"

ချိုက ပွင့်လင်းဟန်ရှိသည်။ ပြီး....'အမေထမင်းအိုးတွေဘာ တွေ တည်ပြီးပြီလား'ဟု မေးယင်း အောင်ထွန်း၏ မိခင်နားဆီ သို့ တိုးသွားသည်။

ကြည်သာ တခုရိပ်မိသွားသည်။ အောင်ထွန်းချစ်သူ ဖြစ်ရ မည်ဟု....။

ရင်ထဲမှာလည်း အားငယ်သလိုလို၊ ဟာ သလိုလို ဖြစ်သွား သည်။

"ငါပြန်မယ် အောင်ထွန်း"

"ဟာ....ငါ မင်းကားချပ်ထားတဲ့အထိ လိုက်ပို့မယ်"

အောင်ထွန်းက သူ့ကို ပြန်လိုက်ပို့ပြန်သည်။

"အဲဒီကောင်မလေးက မင်းချစ်သူလား"

"ဟုတ်တယ်"

"မဆိုးဘူးကွာ၊ Simple ပဲ"

"ရိုးရိုးကလေးဟာ အကောင်းဆုံးပဲကွ၊ သိပ်လှပြီး သိပ် ကို တော်နေတဲ့လူတွေဟာ ဆက်ဆံဖို့ခက်တယ်၊ ပေါင်း သင်းဖို့ခက်ဘယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး....မင်းပြောတာမှန်တယ်"

"မင်းတို့ဘဝက မချမ်းသာပေမယ့် ငြိမ်းချမ်းတယ်ကွာ"

ဟု သူကဆက်ပြောမိသည်။

အောင်ထွန်းကတော့ စကားတခွန်းမျှ မပြောတော့ပေ။

✱

သူ့ကားရပ်ထားသည့် နေရာ ရောက်တော့ ကားဘေးမှာ ခုနစ်နှစ်လောက်ရှိ ချာတိတ်မလေး တယောက် ရပ်နေသည်။ အောင်ထွန်းက ချာတိတ်မလေးကို ပွေ့ချီယင်း....

"ဟော့....အေးမမလှိုင်"

"ရှင်....လေးလေး"

ချာတိတ်မလေးက ချစ်စရာလေး၊ စကားသွက်သည်။

"သမီး ဖေဖေနဲ့ မေမေရော"

အေးမမလှိုင်က အိမ်ဘက်ကို လက်ညှိုးထိုးပြသည်။



"ဘာလုပ်နေကြလဲ"

"ဖေဖေက ဟင်းချက်နေတယ်၊ မေမေက အဝတ်လျှော် နေတယ်"

အောင်ထွန်းက သူ့ဘက် လှည့်ကြည့်ပြီး....

"မင်း....မှတ်မိသေးလား"

"ဘာကိုလဲ"

"မင်းတို့အိမ်ပိတောက်ပင်ကြီးအောက်မှာမင်းတယောက် တည်း ဆွေးနေတုန်း ငါပြောဖူးတယ်လေ"

သူ ပြန်စဉ်းစားသည်။

'တကယ်ချစ်တဲ့ လူတွေဆိုတာ ဝေးဝေးမနေနိုင်ပါဘူး ကွာ'

'နေဦး....တနေ့နေ့ ငါ့အိမ်ရောက်မှပြမယ်'

"ငါသတိရပြီ"

"အေး....အေးမမလှိုင် အဖေနဲ့အမေက သူ့မမွေးခင်သူ့ ကိုယ်ဝန် သုံးလလောက် အထိပေါ့ကွာ ရန်ဖြစ်ကြတာ ခဏခဏပဲ၊ သူ့အမေကစိတ်ကြီးတယ်၊ သူ့အဖေကလဲ ဒီလိုပဲ၊ ရန်ဖြစ်တာနဲ့ သူ့အမေကလဲ အိမ်ကဆင်းပြေးတာ ပဲ၊ ညားပြီးတနှစ်အတွင်းမှာကို သုံးခါပြေးတယ်၊ တတိယ အကြိမ်ပြေးတော့ အေးမမလှိုင် ကိုယ်ဝန် သုံးလနဲ့

www.burmeseclassic.com



ပေါ့၊ ဆယ့်ငါးရက်လောက်ကြာမှ ပြန်လာတယ်၊ အခု တော့ အိုကေပဲ ရန်မဖြစ်တော့ဘူး၊ ကိုယ်ပိုင်အိမ်နဲ့ ဒါပဲ သူငယ်ချင်း အချစ်စစ်ဆိုတာ တခါရ ပွဲလောင်း မနေပါဘူး''

သူက အောင်ထွန်းစကား ဆုံးသည်နှင့် အေးမမလွင်၏ပါး လေးကို မွှေးမွှေး ပေးလိုက်သည်။ အောင်ထွန်းက....

''သမီးပြန်မွှေးလိုက်လေ''

အေးမမလွင်က သူ့ကိုပြန်မွှေးမွှေးပေးသည်။ ရင်ထဲမှာအေး သွား၏။

''နေပါဦးကွ....တို့ အောင်ဂင် ကိုကိုလွင်နဲ့များ အမျိုး တော်နေသလား''

''မတော်ပါဘူးကွာ၊ သူ့အဖေနာမည်က 'လွင်'နဲ့ သူ့ အမေနာမည်က 'အေး'ကိုယူပြီး မှည့်ထားတာပါ''

''ကဲ....ငါပြန်ဦးမယ်၊ သမီးလေး....တာ့တာ''

''တာ့တာ''

အေးမမလွင်ကလည်း သူ့ကို ပြန်နှုတ်ဆက်သည်။ သူ့ ကားကို ဖြည်းဖြည်းမောင်းပြီး ပြန်လာခဲ့၏။



ရင်ထဲကမူ အောင်ထွန်းနှင့် ချို၏ဘဝကို လည်းကောင်း၊ အေးမမလွင်၏ အဖေနှင့်အမေဘဝကိုလည်းကောင်း လိုချင်နေ မိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

"တိ....တိတိ....တိ"

ကားဟွန်းကို ဆက်တိုက်တီးသည့်ခရ။ တလမ်းလုံးတယောက်တည်း လျှောက်ခနေသည်။ ကိုယ်ပိုင်လမ်းများ မှတ်နေသလားမသိ။ ဟွန်းတီးသောသော်လည်း ဖယ်မပေး။ ထပ်တီးသည်။

"တိတိ....တိတိ"

စိတ်အေ သိပ်မရှည်ချင်တော့။ လမ်းလျှောက်ခနေသော အမျိုးသမီးဘေးမှာ ဘရိတ်ကို ဆောင့်နင်းရပ်လိုက်ပြီး ကားတံခါးဖွင့်ဆင်းလိုက်သည်။



"ဟော့...."

ကောဝ်မလေးက လှည့်မကြည့်။

"ဒီလောက် ဟွန်းတီးနေတာ မကြားဘူးလား၊ မင်းနားကန်း...."

မကျေမနပ်နှင့် ကောင်မလေးဘေး ရောက်အောင် လိုက်သွားပြီး ပြောယဝ်းက သူ့မှာဆက်မပြောနိုင်ပဲ ရပ်သွား၏။

"ဟင်....မြနန္ဒာ"

မြနန္ဒာကို အတော်ပင် အားနာသွားမိသလောက် သူ့ကိုယ်သူလည်း အတော်လေး ဒေါသဖြစ်မိသည်။ မဆင်မခြင် ပြောမိသည့် သူ့ပါးစပ်ကို ဆွဲထိုးပစ်ချင်၏။

"ကျွန်တော် မြနန္ဒာမှန်း မသိလို့ပါ"

မြနန္ဒာက ဘာမျှနားမလည်ဟန်ဖြင့် သူ့ကိုတလှည့်နောက်ကကားကို တလှည့် ကြည့်သည်။ နောက်တော့မှ ရိပ်မိသွားသည်လားမသိ ခေါင်းလေး ငုံ့သွား၏။

"ကျွန်တော် တောင်းပန်ပါတယ် မြနန္ဒာ"

မြနန္ဒာက ဘာမျှမပြော၊ သူ့ကို ထူးဆန်းသော သတ္တဝါတကောင်ဟုများ ထင်နေသလားမသိ။ နောက်တော့မှ သတိရသွားဟန်ဖြင့် နားကျပ်လေးကို ထုတ်တပ်သည်။

"ကျွန်တော်တောင်းပန်ပါတယ်၊ မြနန္ဒာမှန်းမသိလို့ပါ"

www.burmeseclassic.com



သူက မြန္မာကို အားနာဟန်ဖြင့်ကြည့်ယင်း ထပ်တောင်းပန်ရသည်။ မြန္မာမှာနားကျပ်လေးကြောင့် သူ့စကားကိုကြားရပြီထင်သည်။ ခေါင်းခါပြ၏။

တောင်းပန်စရာ မလိုပါဘူးဟု ပြောခြင်း ဖြစ်လိမ့်မည်။

လှသော မြန္မာသည် နှံနက်ခင်း နေခြည်နုဘွင်ပို၍လှနေ၏။

မြန္မာက သူ့ နောက်ဘက်ကို လက်ညှိုး ထိုးပြသဖြင့် သူလှည့်ကြည့်ရ၏။ ခပ်လှမ်းလှမ်းတနေရာ၌ လူတယောက် ကားတစီးကို ဘီးဖြုတ်နေသည်။

မြန္မာစီးလာသော ကား ဖြစ်ပေလိမ့်မည်။

ခဏကြာတော့ မြန္မာက သူ့ကို ပြုံးပြီး ဆက်လျှောက်သွား၏။ဆွံ့အ နားမကြား ကျောင်းလေးကို လှမ်းမြင်နေရသည်။

"သနားစရာ ကောင်းလိုက်တဲ့ မိန်းကလေးရယ်"

မြန္မာ ကျောင်းထဲ ဝင်သွားမှ ကားပေါ်တက်ပြီး ခမောင်းထွက်လာခဲ့သည်။မြန္မာမှန်းမသိပဲ မဆင်မခြင်နှင့် ဆဲဖောက်မိသည်ကို စိတ်မကောင်း ဖြစ်ရသည်။

တနေ့နေ့တော့ မြန္မာကျေနပ်အောင် တောင်းပန်ရမည်ဟုသူ ဆုံးဖြတ်လိုက်သည်။

သံယောဇဉ်ပေးတဲ့ မိန်းကလေးရယ်။



မြန္မာကို ချစ်မိသည်လား၊သနားမိသည်လား ခွဲခြားလို့မရ။ သနားစိတ်၊ စာနာစိတ်က ပိုသည်ဟု ထင်သည်။

သူ့ဘဝမှာ အဖော် မရှိခဲ့။

တဦးတည်းသော သားမို့ အစ်ကို၊ အစ်မ၊ ညီမ မရှိ။ ညီမတယောက်လို ချစ်မိသည်။

မြန္မာ အကြောင်း တွေးယင်းက မေနှင်းအေးကို သတိရသည်။

မေ့ပစ်လိုက်....မေ့ပစ်လိုက်။

သူ့စိတ်က နှိုးဆော်နေပြန်၏။

*

အားထိုးမိသည်လား၊ ခေတ္တခဏ ပြေငြိမ်းမှုကို ရှာမိသည်ဘာမှန်းမသိ၊ သနားစိတ်ကြောင့်သံယောဇဉ်တော့ ဖြစ်မိ

www.burmeseclassic.com



သူ့ မျက်လုံးထဲမှာ ခေါင်းလေးယမ်းပြနေသော နေခြည် ထဲက မြန်န္တာကိုသာ မြင်ယောင်နေမိသည်။

တခါက ကျော်စိုး ပြောဖူးသည်ကို သွားသတိရ၏။ အ သိသော ချာတိတ်တယောက် ဆွံ့အ နားမကြား ကျောင်း တက်နေကြောင်း။

သူ မြန်န္တာနှင့် စကားပြောချင်နေသည်။ မြန်န္တာ လုပ်ပြ အမူအရာကို နားလည်ချင်နေသည်။

ပါရမီအိမ်ရောက်တော့ ကျော်စိုးအိမ်မှာမရှိ။ ကျော်စိုး က မန္တလေးကို သွားသည်ဟု ပြောသည်။

ဒီကောင် သူတို့ကို ဘာမျှ မပြောပဲ ခရီးထွက်သွားသည် ထူးဆန်းနေသည်။ ဘာကိစ္စများပါလိမ့်။

ကျော်စိုးမရှိဘူးဆိုတော့ စိတ်နည်းနည်း ညစ်သွား

"ဘယ်နေ့လောက် ပြန်ရောက်မလဲ အန်တီ"

"မပြောတတ်ပါဘူးကွယ်၊ အကျိုးအကြောင်း ပြောမသွားပါဘူး၊ မင်းတို့ သိချင်းကိစ္စလိုလို ဘာ

ဲ ...



လိုက်ပြီလား မသိဘူး၊ မင်းတို့သူငယ်ချင်းကိုလဲ ကြည့် ထိန်းပါဦးကွာ"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ပြောသာ ပြောလိုက်ရသည်၊ သူများထိန်းဖို့ မပြောနှင့် ကိုယ့် ကိုယ်ကိုပင် မထိန်းနိုင်သေး။

သူက ကျော်စိုး မေမေကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

ပါရမီလမ်းနှင့် ကမ္ဘာအေးဘုရားလမ်း မီးပွိုင့်ရောက်တော့ ကမ္ဘာအေးဘုရားသွားရန် စိတ်ကူးရသည်။ လိုဏ်ဂူထဲဝင်ပြီး ဘုရားကန်တော့သည်။

ပြန်ထွက်လာတော့ အန္တရာယ်နှင့် တိုးတော့၏။

သော်ဝင်းနှင့် တင်တင်နွယ်၊ အောင်ထွန်းနှင့်ချိုချို....

သူက ပြဿနာနှင့်သူမို့ ရှောင်ဖို့ကြိုးစားသည်။ သည်အချိန် မှာ ချစ်သူစုံတွဲများကို မြင်ရသည်မှာ ဝေဒနာကိုသာ တိုးစေ သည်။ မေနှင်းအေးသည် ရင်ထဲမှာ ရှိနေမြဲ။

သို့သော် စုံတွဲများက သူ့ကိုမြင်သွားသည်။

"အတော်ပဲ ဒရိုင်ဘာတွေ့ပြီ၊ တို့အတွက် ပါရမီဖြည့် စမ်းပါဦး၊ မယ်လမုဘုရား လိုက်ပို့ပေးစမ်းပါ၊ ကုသိုလ် ..."

www.burmeseclassic.com

www.burmeseclassic.com



အောင်ထွန်းစကားကို ငြင်းလို့မကောင်း။

သူတို့အတွဲတွေ မြင်ရတော့ စိတ်ထဲကမကောင်းသော်လည်း ကံတူ အကျိုးပေး ဖြစ်လိုသည်နှင့် လိုက်ပို့ပေးရတော့သည်။

*　　*　　*

## အခန်း ( ၁၃ )

နာရီကိုကြည့်ပြီး သူက ကားပေါ်မှ ဆင်းလိုက်သည်။

မြန်နွှာ လာချိန်နီးပြီ။

သူ သည်နေရာကိုလာပြီး အချိန်မှန်မှန် စောင့်ကြည့်နေခဲ့သည်မှာ တပတ်ပင် ကျော်ပြီ၊ ပထမဆုံးနေ့ကတော့ စောစောလာစောင့်ရသည်လေ။ နောက်နေ့တွေတော့ မြန်နွှာ၏ကားသည် သည်နေရာကို အချိန်မှန် ဖြတ်သွားကြောင်း သိရသည်။

သည်မိန်းကလေးနှင့် ဆုံဆည်းခဲ့ရသော ရန်ပုံငွေ ဖျော်ဖြေပွဲညကို သူ မေ့လို့မရ။ သည်ကြားထဲ သူက မြန်နွှာမှန်းမသိပဲ ကားပေါ်ကဆင်းပြီး 'ဟောက်'မိခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာမကောင်း။

တွေးကြည့်တိုင်း သနားနေမိသည်။

သည်လောက်လှပပြီး ယဉ်ကျေးသိမ်မွေ့လွန်းတဲ့ မိန်းကလေး တယောက်မှာ သည်လို ဆွံ့အ နေရသည်ဆိုတော့ ဆိုးလှတဲ့ ကံကြမ္မာကို ပြေးကန်ချင်မိသည်။

နားထဲက ကားစက်သံကို မှတ်မိနေသည်။

လာပြီ။

လှည့်မကြည့်ပေမယ့် သည်အချိန်လာသည့် ကားသည် မြန္မာစီးသော ကိုရိုလာအနီလေးပဲဖြစ်ရမည်လေ။ ကိုရိုလာအနီလေးပဲ ဆိုမှ သူ့ကားနှင့် အရောင်တူနေသည်ကို သတိထားမိ၏။

သူ့လက် မတားမိမှာပင် ကားပေါ်က ဆင်းရပ်နေသော သူ့ကို တွေ့သွားပြီး ကားက ရပ်သွားသည်။ နှင်းဆီနီလေး ပန်ထားသည့် မြန္မာအလှကို မြင်ရတော့ နှင်းဆီကြိုက်သော သူ့ ရင်ထဲမှာ အေးသွားသည်။

မြန္မာကို သူ ချစ်မိပြီလား။

တကယ်တော့ မြန္မာဘဝကို ကြင်နာသနားမိခြင်းသာ။

အခုတော့ ရင်ထဲမှာ....

မြန္မာက သူ့ကို ကြည့်နေရာမှ ငုံ့သွားသည်။ သူ ဘာစကားစပြောရမှန်းမသိ။ စာရေးလာမိယင် အကောင်းသားဟု တွေးမိသည်။



မြန္မာက နားကျပ်ကလေးကို နားမှာတပ်လိုက်သည်။ အမြဲ တပ်ထားရမည်ကိုတော့ ရှက်သည်ထင်ပါရဲ့။ မြန္မာက ဒီမှ စကားသံကို မျှော်လင့်နေပုံရသည်။

"မြန္မာကို ကိုယ်စကားပြောချင်တယ်၊ တောင်းပန်ချင်တယ်"

မြန္မာက သူ့စကားကို လက်ဟန်ခြေဟန် အမူအရာတွေ တုံ့ပြန်သည်။ မြန္မာဘို့ကျောင်းက ဆက်သွယ်မှုသင်္ကေတ ားဟု သူက တွေးမိသည်။ ဟုတ်သည် မဟုတ်သည်တော့ ော့ချာ။

တောင်းပန်စရာမလိုပါဘူး အစ်ကိုရယ်ဟု သူက ဘာသာပြန် လိုက်၏။

မြန္မာက ကားထဲကနေ ခေါင်းကလေးမော့ပြီး သူ့ကို ငေး ကြည့်နေသည်။ သူကလည်း မြန္မာလိုပါပဲ။

"မြန္မာတို့က ဘယ်မှာနေတာလဲ"

မြန္မာက လွယ်အိတ်ထဲမှ ကဒ်ပြားလေးတခုကို ထုတ်ပေး ါး သူက လှမ်းယူကြည့်လိုက်၏။

ဦးမြင့်ဦး
အမှတ်(........) အင်းလျားလမ်း
ရန်ကုန်မြို့။ ဖုန်း...............

www.burmeseclassic.com



"ဦးမြင့်ဦးဆိုတာက မြနန္ဒာဖေဖေလား"

မြနန္ဒာက သူ့ကို ခေါင်းညိတ်ပြယင်း ကားမောင်း
ဦးလေးကြီးကို လက်လှမ်းတို့ယင်း လက်ဟန်ဖြင့် ပြသည်။

ကားမောင်းသူက....

"ဦးလေး နာမည်က ဦးကံကြီး၊ ကလေးက မောင်

"ကျွန်တော့်နာမည် ကြည်သာ ပါ ဦးလေး"

သူ့ကို မသိသော ဦးကံကြီးကို ပြောပြရသည်။

"အေး အေး....ကလေးက မောင်ကြည်သာ ကိုး၊
လည်လာပါလို့ ပြောတာ"

"ကျေးဇူးတင်ပါတယ် ဦးလေး"

"ကျေးဇူးတင်ပါတယ် မြနန္ဒာ၊ ကိုယ် လာ လည်
မယ်"

သူက ဦးကံကြီးကို ပြောနေရာမှ မြနန္ဒာဘက်လှည့်ပြီး
လိုက်သည်။

မြနန္ဒာ ပြုံးသည်။

မြနန္ဒာ မျက်နှာလေးက နံနက်ခင်းနှင့် အပြိုင် ရွှင်လန်း
သည်။

ပြီးတော့မှ မြနန္ဒာက လွယ်အိတ်လေးကို ပတ်ပြီး ကျော
ဘက်ကို လက်ညှိုးထိုးသည်။ တဆက်တည်းမှာပင် နာရီကို ပြ
ကျောင်းချိန်နီးပြီဟု ကားနားရောက်လိုက်သည်။



သူက ကားအနီးရပ်နေရာမှ နောက်ဆုတ်ပေးလိုက်သည်။

"မောင်ကြည်သာ ရေ.... သွားမယ်၊ ကျောင်းချိန်နီး
နေပြီ"

"ဟုတ်ကဲ့"

ကြည်သာက ခေါင်းညိတ်ပြီး ဟုတ်ကဲ့ဟု ပြောယင်း ငါ
မြနန္ဒာကို ဘာသာပြန်တာ မှန်တာပေါ့ဟု တွေးမိသည်။

မြနန္ဒာက သူ့ကို လက်ကလေးပြပြီး ပြုံးနေစဉ်မှာပင် ကား
ကလေးက ဘီးလှိမ့်ထွက်သွား၏။ ရင်ထဲမှာ ဗလာကျန်ရစ်သည်။

*

ကားကို ဖြည်းဖြည်း မောင်းယင်း ခြံဝက နံပါတ်တွေကို
ကြည့်လာသည်။ မြနန္ဒာ ပေးခဲ့သော လိပ်စာကတ်ပြားပေါ်က
စာလုံးများကို ဦးနှောက်ထဲမှာ ထည့်ထားပြီးပါပြီ။

အုတ်တိုင်ဖြူဖြူမှာ ကပ်ထားသော ကြေးပြား ပေါ်က
နံပါတ်ကို မျက်လုံးက တွေ့ပြီး ဦးနှောက်ကို အကြောင်းကြား
လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ကားကို ခြံထဲချိုးကွေ့ဝင်လိုက်သည်။ မြင်နေရသော တိုက်ပုလေးဆီသို့ ဆက်မောင်းသွား၏။

ပေါ်တီကို အောက်မှာ ကားရပ်မိတော့ ကြိမ်ကုလားထိုင်လေးနှင့် စာထိုင်ဖတ်နေသော မြနန္ဒာကို တွေ့ရသည်။

မြနန္ဒာက စာအုပ်ထဲမှာ စိတ်ဝင်စားနေသဖြင့် သူ့ကား ဝင်လာသည်ကို သတိထားမိပုံမရ။ ပေါ်တီကိုအောက်မှာ ကားရပ်တော့မှ မော့်ကြည့်ပြီး အံ့သြသွားသည်။

မမျှော်လင့်ပဲ ရောက်လာသော သူ့ကို မြင်တွေ့လိုက်သဖြင့် ဝမ်းသာသွားပြီး ကပျာကယာ ထလာသည်။ လက်နှင့်အိမ်ထဲကို ညွှန်ပြယင်း မြနန္ဒာက လှေကားကို တက်သည်။

သူက မတက်ပဲ ရပ်နေသဖြင့် မြနန္ဒာက သူ့ကို ရပ်စောင့်ယင်း ခေါင်းညိတ်ခေါ်သည်။

သူနှင့် လှေကားထစ်ညီသွားမှ မြနန္ဒာက လှေကားကို ဆက်တက်သည်။ မြနန္ဒာက အိမ်နေယင်းမို့ ဘလောက်(စ်) အင်္ကျီလေးသာ ဝတ်ထား၏။

လှတော့ လှတာပါပဲ။

ဧည့်ခန်းထဲဝင်လာသော သူ့ကို မြနန္ဒာ ဖေဖေနှင့်မေမေက အပြုံးနှင့်ကြိုသည်။ မြနန္ဒာက ဖေဖေနှင့် မေမေ့ကို ကြည့်ပြီး ဟန်အမူအရာ လုပ်ပြသည်။ သူ့အထင် မိုက်ကရိုဖုန်းကိုကိုင်ပြီး သီချင်းဆိုသည့် ဟန်။



"ဟုတ်ပြီ....ဟုတ်ပြီ....ထိုင် ထိုင်"

မြနန္ဒာ ဖေဖေက လှိုက်လှိုက်လှဲလှဲဖြင့် သူ့ကို ထိုင်ခိုင်းသည်။ ထိုင်ပြီးတော့မှ....

"အန်ကယ်က ဦးမြင့်ဦး....မင်းအန်တီကဒေါ်အေးသန်း၊ မင်းကို မမြင်ဖူးပေမယ့် သမီးပြောပြလို့ သိနေပါပြီ"

အာထွေမျှား ပြောထားပါလိမ့်ဟု သူကတွေးယင်း ဦးမြင့်ဦး စကားသံကို နားစွင့်လိုက်သည်။

"မင်း သီချင်းဆိုတာ မင်း အသံကောင်းတယ်ဆိုတာ အဆိုတော် တယောက်ဆိုတာ တွေ ကြုံနေတာပဲ ကွာ၊ ပြီးတော့ မင်းကို သူ့အစ်ကိုနဲ့ တူလို့တဲ့"

"ဗျာ"

ဦးမြင့်ဦး စကားကြောင့် အံ့သြသွားမိသည်။ ဒေါ်အေးသန်း သူ့ကို ပြုံးပြယင်း....

"ဟုတ်တယ်သား....သမီးက ပြောတော့ အန်တီက သူ စိတ်ထဲထင်လို့ ပြောတာလို့ပဲမှတ်တာ၊ အခုတွေ့မှ သားက တကယ်တူတာပဲ"

သူကတော့ သားချွေးနှင့်တွေ့နေရပြန်ပြီဟု တွေးမိသည်။ ညီးပါးပါး ရုပ်ချင်းဆင်တာကို စွဲလမ်းစိတ်နှင့် တူနေချင်းသာ သမည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးက အဖေဖော်မရှိဘူးကွ၊ သူက အိမ်ကို ညှော်သည်လာယင် ဝမ်းသာနေတာ"

ဦးမြင့်ဦး စကားကြောင့် မြနန္ဒာက သူ့ကို ပြုံးကြည့်ယင်း ခေါင်းညိတ်ပြသည်။

"ဒါနဲ့ မောင်ကြည်သာက ဘယ်မှာနေလဲ"

"မနော်ဟာရီလမ်းမှာပါ အန်ကယ်"

"ဩော်....အေး၊ ကဲ...မင်းညီမလေးနဲ့ နေရစ်ဦး၊ အ ကယ်တို့ အပြင်ခဏ သွားဦးမယ်"

"အန်ကယ်တို့ပြောတဲ့သားဆိုတာ...."

"မရှိတော့ပါဘူး၊ ငယ်ငယ်ကလေးကတည်းကဆုံးသွားတယ်လေ"

ကြည်သာက မြနန္ဒာကို ပိုလို့သနားမိရပြန်ပါသည်။ မြနန္ဒာသည် သူ့မေမေစကားကို ကြားတော့ မျက်ရည်တွေ ရစ်ဝိုင်းလာသည်။

အတိတ်သည် မြနန္ဒာ့ရှေ့ကို ရောက်လာပြန်တူသည်။

*



နှစ်ပတ်လောက်ကြာတော့ ကျော်စိုးအိမ်ကို တခေါက်သွားကြည့်ရသည်။ ကျော်စိုး ပြန်ရောက်နေပြီ။ မြက်ခင်း ပေါ်က ဒရင်းဘက်ပေါ်မှာ ဆေးပေါ့လိပ်တလိပ်နှင့် စည်းစိမ် ယူနေပုံရသည်။

"မင်း မန္တလေးသွားတာကလဲကွာ ဟိုမှာပဲ ခေါင်းချတော့မလား အောက်မေ့ရတယ်၊ ကြာလိုက် တာကွာ"

"မင်းကြီးဒေါ်ကြီး ခေါင်းချပါလား၊ ငါလဲစိတ်ညစ်နေလို့၊ နေပါဦး မင်းက ဘာအပူမီး တောက်လာပြန်ပြီလဲ"

"မင်းပြောတဲ့ ဆွံ့အနားမကြား ကျောင်းက ချာတိတ်လေးနဲ့တွေ့ချင်လို့"

"ဘာလုပ်မလို့လဲ၊ သိချင်းဆိုခိုင်းမလို့လား"

ကျော်စိုးဘာဖြစ်နေသည်မသိ။ စကားကောင်း ပြောလို့မရ။

"မင်း ဘယ်လိုဖြစ်နေတာလဲ ကျော်စိုး၊ မန္တလေးမှာ ရောဂါတက်လာတယ်နဲ့ တူတယ်"

"ရောဂါတက်တာကတော့ မပြောပါနဲ့တော့ကွာ"

မပြောပါနဲ့တော့ကွာဟု ဆိုသော်လည်း ဆက်ပြောနေသည်

အိမ်ပြန်သွားသော ဥပဒေအဓိကမှကောင်မလေးကိုလိုက်ပို့ချပြီး ကျော်စိုး မန္တလေးကို လိုက်သွားသည်။ ကောင်မလေး အိမ်ရောက်တော့ ကောင်မလေးက သူ့ကို မသိသလိုလုပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လုပ်နေတာ တော်သေးတာပေါ့။ မင်းလိုပ်ပုံအရဲတိုင်ယင် အဖမ်းတောင်ခံရဦးမယ်ဟု ပြန်ပြောရသည်။

ကျော်စိုး ပြောနေသည်ကို မကြားတချက် ကြားတချက်ဖြစ်နေသည်။ သူ့စိတ်ထဲမှာတော့ ကျော်စိုးကိုသာမဟုတ်၊ ချစ်သူတွေအားလုံးကို ပြေလည်စေချင်သည်။

အချစ်ကြောင့် ခံစားရသော ဝေဒနာကို သူကိုယ်တိုင် ခံစားနေရသည်မို့ ဘယ်သူ့ကိုမျှ သည်လိုဝေဒနာမျိုး မခံစားစေချင်။

"ဟော့ကောင်....ကြည်သာ"

"ဟော...."

ကျော်စိုးအသံကြောင့် ကပျာကယာ ပြန်ထူး လိုက်ရသည်။ ကျော်စိုးက သူ့ကို မကျေမနပ်ကြည့်ယင်း ...

"မင်းကွာ....ငါကတော့ နားထောင်နေတယ်မှတ်လို့ ရင်ဖွင့်လိုက်ရတာ"

"ဆောရီးပဲကွာ....ငါ ကိုယ်ချင်းစာပါတယ်၊ မင်းပြောတာကိုနားထောင်ယင်း အတွေး လွန်သွား လို့ပါ၊ ငါ မြနန္ဒာကို စကားပြောချင်လို့"

"မြနန္ဒာ ဟုတ်လား၊ ဘယ်က မြနန္ဒာလဲ"



သူက မြနန္ဒာနှင့် စတွေ့ပုံကို ပြောပြရသည်။ ကျော်စိုးက ခေါင်းခါယင်း....

"ဖြစ်ပါ့မလားကွာ....မင်းဥစ္စာက မဟုတ်သေးဘူး ထင်တယ်၊ တော်ကြာ မင်း နောင်တ ရလိမ့်မယ်၊ ငါက မန္တလေးကို သွားရှုံလောက်ပဲ၊ မင်းကတော့ ငရဲကိုအပြီးအပိုင် သွားရလိမ့်မယ်ထင်တယ်၊ မင်းနဲ့ မြနန္ဒာပေါင်းလို့ရလာတဲ့ သားသမီးတွေ အဲဒီလိုဖြစ်နေယင် မခက်ဘူးလား"

သူကိုယ်တိုင်က ကျော်စိုး ပြောသည်လောက် အထိ မစဉ်းစားမိ။ သူသည် မြနန္ဒာကို ညီမလေး တယောက်လို ချစ်မိပြီး အားငယ်နေသူကို အားပေးလိုခြင်းသာ။

"မင်းပြောတာတွေကို စဉ်းစားပါဦးမယ်၊ လောလောဆယ် မင်းချာတိတ်နဲ့ တွေ့ချင်တယ်ကွာ"

"ချာတိတ်က ကမ္ဘာ့ခအားမှာနေတာ မင်းဆန္ဒ ပြင်းပြနေယင်တော့ ငါလိုက်ပို့ပါ့မယ်၊ ဒါပေမယ့် တခုခု ဆုံးဖြတ်တော့မယ်ဆိုယင် စဉ်းစဉ်း စားစား ဆုံးဖြတ်ပါကြည်သာရာ"

"မင်းစကားကို ကျေးဇူးတင်ပါတယ် ကျော်စိုး"

မြနန္ဒာကို ထိခိုက်လာယင်အားလုံးကို တွန်းလှန် ကာကွယ်နေချင်သည်။

မြနန္ဒာသည် သူ့နှလုံးသားကို ဆုပ်ကိုင် ထားလိုက်ပြီ ထင်သည်။

*   *   *

## အခန်း ( ၁၄ )

အောင်ကြည်လင်းထ အိမ်မှာမရှိ။ သူနှင့်ကျော်စိုးကအတော်ကြာကြာ ထိုင်စောင့်သော်လည်းမတွေ့။ သူ စိတ်မောတ်ကျစွာနှင့်ပြန်လာခဲ့ရသည်။ အိမ်သိခဲ့ပြီမို့ နောက်တခါတော့ ကိုယ့်ဘာသာကိုယ်ပဲ သွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ကျော်စိုးကို လိုက်ပို့ပြီး အိမ်ပြန်လာခဲ့သည်။

ခြံထဲကို ဝင်သည်နှင့် အိမ်ရှေ့မှာရပ်ထားသော ကားတစီးကိုတွေ့ရသည်။ ခန့်ညားသောတိုယိုတာ(ကရောင်း) ကားနက်ကြီးသည် အိမ်ကို အဝင်အထွက် ရှိသောကားမျိုးမဟုတ်။ ဘယ်သူ့ကားပါလိမ့်။

www.burmeseclassic.com



သူ့ကားကို ဧည့်သည်၏ကား ထွက်နိုင်အောင် ဘေးကပ်ရပ်ထားခဲ့ပြီး အိမ်ထဲကို လှမ်းဝင်လိုက်သည်။

"သားရေ....ခဏ"

ဖေဖေသည် ဧည့်ခန်းထဲတွင် ဧည့်သည်တယောက်နှင့် အတူထိုင်နေယင်းက လှမ်းခေါ်သည်။

"ဒါ ဖေဖေ့မိတ်ဆွေ....ဦးရွှေအိမ်၊ မော်မြိုင်က ယာကန်းရှိပိုင်ရှင်ကြီးပေါ့၊ နောက် သမီးရေ...."

ဖေဖေက လှမ်းခေါ်လိုက်မှ သူ ကြည့်မိသည်။ ဧည့်ခန်း မြတင်းပေါက်မှ ရပ်ပြီး ခြံထဲကို ကြည့်နေသော မိန်းကလေးတယောက်၊ ခေါ်သံကြောင့် လှည့်ကြည့်သည်။

အိမ်စည်။

သူ မြင်မြင်ချင်း မှတ်မိသည်။

အိမ်စည်က သူ့ဖခင် ဦးရွှေအိမ် အနီးမှာ ဝင်ထိုင်သည်။ ဖေဖေက မိတ်ဆက်ပေးတော့ သူဘာမျှမပြောပဲ ငြိမ်နေလိုက်၏။ အိမ်စည်ကလည်း ဘာမျှ မပြော။

"သားနဲ့ ကျောင်းချင်းနီးသားပဲ၊ သမီးလေးအိမ်စည်က စီးပွားရေးက၊ ကိုယ့်ညီမလေး တယောက်လို သဘောထား၊ အကူအညီပေး....ဟုတ်လား"

ဖေဖေ့စကားကို သူ စိတ်မဝင်စား၊ သူ့စိတ်က မြနန္ဒာဆီ ရောက်နေသည်။ မြနန္ဒာနှင့် စကားပြောချင်သည်။

ဒါပေမယ့် ဖေဖေ့စကားကိုတော့ စိတ်မပါပေမယ့် ခေါင်းညိတ်ပြလိုက်သည်။



"သားတို့ သိမ်ကြီးဈေးတဆိုင်ကို သမီးလေးက ရောက်ဖူးတယ်၊ မောင်ကြည်သာနဲ့ မဆုံကြလို့သာ၊ အခုရန်ကုန်မှာ ကျောင်းလာတက်နေတယ်ဆိုတော့ မင်းညီမလေးကို ကူညီဖို့ လာအပ်တယ်၊ မင်းဖေဖေနဲ့ဦးနဲ့ကတော့ စီးပွားဘက်တွေ ဆိုပါတော့"

လေကြောရှည်သော ဦးရွှေအိမ် စကားကို အတော် သည်းညည်းခံရသည်။

ကိုယ်က အိမ်ရှင်မို့ ဟုတ်ကဲ့နှင့် ခေါင်းညိတ်ခြင်းကို ရေလဲနှင့်သုံးနေရသော်လည်း ဧည့်ခန်းထဲက ထွက်ပြေးချင်လှပြီ။

ဦးရွှေအိမ်တို့ သားအဖနှင့် ပတ်သက်ပြီး ရင်ထဲမှာ လေးလံလာသည်။ အဘိုးကြီးနှစ်ယောက်၏ စိတ်ကူးထဲတွင် ဘာတွေရှိသည်ကို မသိသော်လည်း အိမ်စည်နှင့် သူ့ကို....

မဟုတ်ပါစေနဲ့....။

မြနန္ဒာကို သတိရသည်။

ကျော်စိုးစကားကို နားထဲမှ ကြားယောင်သည်။ ဖေဖေသည် မြနန္ဒာကို ငြင်းမည်လား၊ ကန့်ကွက်မည်လား၊ ဆွေအနေဆည်သာမက နားမကြားသော မြနန္ဒာကို ဖေဖေလက်ခံနိုင်လိမ့်မည်မထင်။

သောကတွေ ရင်ထဲကို ဝင်လာ၏။ ကျော်စိုး ပြောတာက တခုပင် လိုနေသေးသည်။ မွေးလာမည့် ကလေးကိစ္စသာမဟုတ်၊ ဖေဖေ၏သဘောထား....ဖေဖေ၏ဆန္ဒ။

"သား....ဘာတွေ ငိုင်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စကားကြောင့်ငိုင်နေရာမှ မော့ကြည့်မိသည်။ အိမ်စည်က Time မဂ္ဂဇင်းတအုပ်ကို ဟိုလှန်သည်လှန် လုပ်နေ၏။

"မင်းကြည့်ရတာ ငေးငေး ငိုင်ငိုင်နဲ့၊ သိချင်း ကိစ္စကိုချည်း စဉ်းစားမနေနဲ့လေကွာ၊ ကိုယ်ရေး ကိုယ်တာကိစ္စကိုလဲ စဉ်းစားဦးမှပေါ့၊ကလေးမှမဟုတ်တာ၊ လူကတက္ကသိုလ် ရောက်နေပြီ၊ ရှေ့ရေးကို ကြိုတင် အကွက်ချစဉ်းစားမှပေါ့၊ ဒါမှ နောင်ရေးအေးမှာ သားရဲ့"

ဖေဖေ့စကားကို ဦးရွှေအိမ်က ပြုံးနားထောင်ယင်း ခေါင်းညိတ်သည်။ အိမ်စည်က စကားဝိုင်းထဲကို မပါ။ ရှောင်နေသည်လားတော့ မသိ။

အိမ်စည်သည် သူ့အတွက်တေးချစ်သူပရိသတ်မဟုတ်တော့ပဲ အန္တရာယ် ဖြစ်လာတော့မည်လား မသိ။

သူက ညည်းသည်တွေမပြန်ခင်မှာပဲ ခွင့်တောင်းပြီး ညှော်ခန်းထဲက ထွက်လာသည်။ အိပ်ခန်းထဲဝင်ပြီး ခုတင်ပေါ် လှဲမိတော့မှ သက်ပြင်းတချက်ကို မှုတ်ထုတ်လိုက်၏။

ကမ္ဘာပတ် ပြေးလာရသလို ရင်ထဲမှာ မောနေသည်။

မြန္နန္ဒာနှင့် သူ့ဘဝမှာ စပင် မစရသေး။ အနှောင့် အယှက်တွေ၊ အဖျက်အဆီးတွေက အရိပ်လို လိုက်နေသည်။

မြန္နန္ဒာကို သူ ဘာကယ်ချစ်တာလား....မြန္နန္ဒာ ဘဝကို သနားတာလားဆိုတာ မသေချာပေမယ့် မြန္နန္ဒာကို မေ့လို့ မရတာတော့ အမှန်။



မြန်န္ဒာ၏အချစ်ကို မရသေးမီမှာပင် ဖေဖေ၏သဘောတူညီမှုမရလျှင် ဆိုသောအတွေးက ရင်ကိုပို၍ လေးလံပင်ပန်းစေသည်။

အချစ်ဆိုတာ ရင်ထဲမှာ မရှိလျှင် ကိုယ်စိတ်နှလုံး ချမ်းသာလိမ့်မည် ထင်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

"လက်ချောင်းကလေးနဲ့ နဖူးကို ပွတ်ပြယင် အမေ"

အောင်ကြည်လင်းက သူ့မှတ်စုစာအုပ်ကို ထုတ်ပြယင်း ဟန်အမူအရာပါ လုပ်ပြသည်။

"အဖေဆိုတာက ပါးကို လက်ပြန်ပွတ်ပြတာ"

ကြည်သာက အောင်ကြည်လင်း ပို့ချသမျှတွေကို သူ့မှတ်စုစာအုပ်လေးထဲမှာ အသေအချာရေးမှတ်သည်။ အောင်ကြည်လင်းက သူ့ကို စိတ်ပါလက်ပါ ကူညီသည်။



မေးစေ့ကို လက်သီးဆုပ်နှင့် ထောက်ပြီး လက်မထောင်ပြလျှင် လူသည်။

လက်လေးချောင်းဖြင့် နဖူးကိုထိပြီးခွာပြလျှင် သနားသည်။

ဒါကအရေးကြီးသည်။ မြန္မာကို သူက သနားရာက....

မှတ်စုစာအုပ်ထဲမှာ ကူးရေးယင်း သူပြုံးသည်။ အရေးအကြီးဆုံး ကျန်သေးသည်။

မျက်နှာက ရွှင်ပြုံးသည့်အမူအရာနှင့် လက်နှစ်ဘက်ဖြင့် ကိုယ့်ကိုယ်ကို သိမ်းဖက်ပြလျှင် ချစ်သည်။

ကိုယ်ဟန်အမူအရာ သင်္ကေတတွေက အဓိပ္ပာယ်အပြည့်နှင့်ပဲ။ အောင်ကြည်လင်း လုပ်ပြသလိုပင် သူက လိုက်လုပ်ကြည့်သည်။

လက်ဖဝါးနှစ်ဘက် ထပ်ပြတာက လက်ထပ်ချင်တယ်။ ဒါလည်းအရေးကြီးသည်ပဲ။

သူက မြန္မာဘာဝကို တတ်နိုင်သလောက် ပြည့်စွမ်းခြင်းသည် ဘာဝပေးကုသိုလ်ကြောင့် ထာဝရ ညှိုးငယ်နေသော မြန္မာကို ပြုံးစေချင်သည်။

"ဒီကောင်တော့ ရူးပြီထင်တယ်ဟေ့"

အောင်ကြည်လင်းတို့အိမ်ပေါ် တက်လာသော ကျော်စိုးနှင့် အပေါင်းအပါများ၏ အသံကို ကြားရသည်။ ဘယ်လိုဆောဘယ်သိုရုံလာကြသည်တော့မသိ။ အိမ်ပေါ်မှာ လူပြည့်သွားသည်။

www.burmeseclassic.com



အောင်ထွန်း၊ တင်ညို၊ သော်ဝင်း၊ ကိုကိုလွင်၊ ကျော်စိုး။

သူနှင့် အောင်ကြည်လင်းကို ကြည့်ပြီး ဝိုင်းရယ်သည်။ သူ ဒေါသစိတ်ကိုထိန်းထားသော်လည်း မျက်နှာက ပျက်နေသည်ကို ရိပ်မိကြဟန်တူသည်။

"ဆောရီးကွာ၊ တို့ကနောက်တာပါ၊ မင်းလုပ်ချင်တာ ဆက်လုပ်ပါ"

အောင်ထွန်းက သူ့ကို တောင်းပန်သည်။ သူငယ်ချင်းတွေဆိုတော့လည်း ခွင့်မလွှတ်လို့မဖြစ်၊ ခွင့်လွှတ်ရပြန်သည်။

ရင်ထဲမှာတော့ အချစ်နှင့်ပတ်သက်လာလျှင် ပါးလှပ်လွှာ ကြွေပန်းကန်လို အထိမခံချင်။

"ဒီနေ့ မင်း ကျောင်းမလာလို့ တို့လဲ လက်ဖက်ရည်ဆိုင် ထိုင်နေတုန်း ကျော်စိုးရောက်လာပြီး မင်း ဒီကို သွား လိမ့်မယ်ဆိုလို့ တို့လိုက်လာတာ၊ ကဲ ...လုပ်ပါ မင်းကိစ္စ"

အောင်ထွန်းက ဆက်ရှင်းသည်။ ဖြေပါပကော....ကျော် စိုးစုတ် လမ်းညွှန်ပြတာလို့၊ဘာမျှ တိုင်ပင်လို့မကောင်းတဲ့ကောင် ရွှေမောင်းကနေ ဘဝကူးလာသည်လား၊ ငွေမောင်းကနေ ဘဝ ကူးလာသည်လားမသိ။

သူက ဘာမျှ ပြန်မပြောမနေတော့။ သက်ပြင်းတချက်ချပြီး မှတ်စုစာအုပ်ကိုပိတ်ယင်း အောင်ကြည်လင်းကိုပါ နှုတ်ဆက် လိုက်သည်။



ဖယ်မလီယာကားလေးပေါ်မှာ ရွှေသုံးယောက် နောက် သုံး ယောက် ကျပ်ညပ်နေသည်။ ညှိုးနေသော သူ့မျက်နှာကြောင့် စကားသံ တိတ်နေသည်။

✲

သူ့ကားလေး မနော်ဟရီလမ်းထဲ ဝင်မိတော့....

"နွေမှာပျောက်တဲ့ချစ်သူ စီးရီးအတွက် သံစဉ်နဲ့ စာသားတွေပါလာတယ် ကြည်သာ"

နောက်ခန်းထဲမှာ ထိုင်လာသော အောင်ထွန်းက စကားစ သည်။

"ငါပြောထားတဲ့ 'ကြည်ဖြူကြင်မြတ် ခွင့်လွှတ်တတ်ပါ စေ'သီချင်းကော ပါရဲ့လား"

"ပါပါတယ်ကွာ၊ အဲဒီသီချင်းကို ပထမအပုဒ်ထားမယ် လို့ စိတ်ကူးရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အကောင်းဆုံးပေါ့ကွာ"

"အချစ်ရှုံးတဲ့ ကောင်တွေဟာ အတော် ကြောက်စရာ ကောင်းတယ်ကျော်စိုးရေ၊ အဲဒီ လူစားမျိုးက လူသတ်ချင်လဲ သတ်မှာပဲကွ"

"ဟုတ်ပါ့ကွာ"

သော်ဝင်းက ပြီးခဲ့သောစကားကို ပြန်ဆက်သည်။

"မင်းဘာကိုရည်ရွယ်တယ်ဆိုတာ ငါသိတယ်သော်ဝင်း၊ ငါ့ကိုယ်ရေးကိုယ်တာကိစ္စကို မင်းဝင်မပါနဲ့ကွ"

သူ့စကားကြောင့် ရှေ့ခန်းအစွန်တွင် ထိုင်လာသော သော်ဝင်းက သူ့ကို ဖြတ်ကနဲလှည့်ကြည့်ယင်း....

"ဘာလဲ....ဒါလေးပြောတာကို မင်းကမကြိုက်ဘူးလား၊ မကျေနပ်ဘူးလား"

"အေး....မကျေနပ်ဘူး"

သူ့အသံက မာပြတ်နေသည်။

"ကားရပ်လိုက်ပါ....ငါဆင်းမယ်"

သူစိတ်က မြန်နေသည်။ ဘရိတ်ကိုနင်းချလိုက်သဖြင့် ကားတို့ ကနဲရပ်သွား၏။ တံခါးဖွင့်ဆင်းသော သော်ဝင်းကို ကိုကိုလွင်က လှမ်းဆွဲယင်း....

"ဟေ့ကောင်....သော်ဝင်း လာစမ်းပါကွာ၊ မင်းကလဲ သူငယ်ချင်းတွေပဲ မဟုတ်လား"



"လွှတ်လိုက်စမ်းပါ"

သူက သော်ဝင်းကို လှမ်းဆွဲနေသည့် ကိုကိုလွင် လက်ကိုဆွဲပြီး ပြောလိုက်သည်။ သော်ဝင်းကလည်း ရုန်းထွက်သွားသည်။

အခြေအနေက မကောင်း။

သူ့စိတ်တွေ ဘာဖြစ်နေသည် မသိ။

"နေစမ်းပါစေကွာ၊ မင်းတို့ အောင်ကြည်လင်း အိမ်ကို လိုက်လာတုန်းကလဲ ဝိုင်း ရယ် တော့ ဒီကောင့် အသံ အကျယ်ဆုံးပဲ၊ ဘော့(စ်) တီးတတ်တဲ့ ဂစ်တာသမား တယောက်ရှာရုံပဲ"

သူသည် ဝိုင်းခေါင်းဆောင်၊ ဝိုင်းပိုင်ရှင်ဆိုပြီး၊ မာနစိတ်တက်မိသည်လား။

မြန်နှာနှင့် ပတ်သက်လာယင်....

"သား...."

"သားရေ...."

ဖေဖေ့ ခေါ်သံကြောင့် ဧည့်ခန်းထဲက ဆိုဖာပေါ်မှာလှဲယင်း အတွေးလွန်သွားသောသူ သတိပြန်ရလာသည်။

"ဖေဖေက သား အိပ်ခန်းထဲ ဝင်အိပ်နေပြီ မှတ်လို့၊ သားက ဒီမှာထိုင်နေတုန်းကိုး၊ ကဲ ကဲ ...အိပ်ခန်းထဲ ဝင်အိပ်၊ အိပ်ရေးပျက်ယင် ခုနမကောင်း ဖြစ်နေဦးမယ်"

သူက ဖေဖေ့ စကားကို ငြိမ်နားထောင်နေမိသည်။ ဖေဖေက သူ့ကို ကလေးတယောက်လို ဆွဲထူပြီး တွဲခေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းက အိမ်စည်ပြန်သွားပြီး သူနှင့်ဖေဖေ မြနန္ဒာအကြောင်းပြောရာမှ အဆင်မပြေပဲ ဖေဖေက အိပ်ခန်းထဲဝင်သွားသည်။

သူ ဧည့်ခန်းထဲမှာ တယောက်တည်း ကျန်ရစ်ရာက မေနှင်းဆီနှင့် မြနန္ဒာအကြောင်း တွေးမိသည်မှာ ဘယ်လောက်ကြာသွားသည်မသိ။

ဖေဖေ လာခေါ်တော့ မိုးသင်ချုပ်စ ပြုနေပြီ။

"အိပ်ပျော်အောင်အိပ်နော်သား၊ ပြဿနာဆိုတာ ရှင်းတတ်ယင် ပြေလည်ရမှာပေါ့ကွာ"

ဖေဖေက သူ့ကို နှစ်သိမ့်သည်။ သူ ဘာမျှ မပြောတော့။ အိပ်ရာထဲဝင်လာခဲ့သည်။

အိပ်ပျော်တော့မည် မထင်ပါ။

အိပ်မပျော်ပဲ မိုးလင်းခဲ့ရသည့်ည ဆိုသည်မှာ သူ့အတွက် အထူးအဆန်း မဟုတ်တော့။

* * *

# ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

ညနေက ကိုကိုပြန်သွားတော့ မြန္မာ လွမ်းကျန်ရစ်သည်။ ကိုကို၏ ကြင်နာတတ်သော၊ ယုယတတ်သော အပြုအမူလေးတွေကို သတိရနေမိသည်။

ကိုကို ပေးသွားခဲ့သည့် ဓာတ်ဆက်တိတိခွေကို လှမ်းယူကြည့်လိုက်သော အခါ မြန္မာနှင့် မြန္မာ ကိုကိုတို့ ယှဉ်ယှဉ်တွဲလျက် ရိုက်ထားသော ဓာတ်ပုံလေးကို မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြည်သာ အိမ်ကိုသာလည်သည့် ပထမဆုံးနေ့ကို သွားသတိရသည်။ ကိုကိုကြည်သာကို မြနန္ဒာ မေမေက မြနန္ဒာငယ်ငယ်က အကြောင်းကို ပြန်ပြောပြသည်။

*

"ကိုကိုရေ....ကိုကို"

မြနန္ဒာ အော်ယင်း ခေါ်ယင်းနှင့် ပြေးသည်။ မောကြီးပန်းကြီး ပြေးလာသော မြနန္ဒာကို ကိုကိုက....

"ညီမလေး ဘာဖြစ်လို့လဲ"

"ဟိုမှာ ဘိုဘို ထွက်ပြေးသွားပြီ၊ လိုက်ဖမ်းပေးပါဦး"

မြနန္ဒာက ခြံတံခါးဝမှ ထွက်ပြေးသွားသော ခွေးကလေးကို လက်ညှိုးထိုးယင်း ပြောပြသည်၊ ခွေးကလေးသည် သူတို့မောင်နှမ နှစ်ယောက်နှင့် ကစားဘက်ဖြစ်၏။

မြနန္ဒာက (၃)နှစ်အရွယ် ငယ်ငယ်၊ တနှစ်သာ ကွာသော ကိုကို့ကိုပဲ အားကိုးရသည်။



ကိုကိုက လက်ထဲက ဘောလုံးကို လွှင့်ပစ်ပြီး ခြံဝသို့ ပြေးထွက်သွားသည်။

"မိအောင်ဖမ်းနော် ကိုကို"

မြနန္ဒာက ကိုကို့နောက်ကို ပြေးလိုက်ယင်းက အော်ပြောသည်။ ခွေးကလေးက ခြံပြင်ဘက်လမ်းပေါ်ရောက်နေပြီ။

"ဘိုဘို....လာလာ"

ခွေးကလေးကိုဖမ်းဖို့ စိတ်စောနေသော ကိုကိုက စိတ်စောနေသူမို့ ရှေ့မှပြေးထွက်သွားသည်။ မြနန္ဒာကလည်း ကိုကို့နောက်က ပြေးလိုက်သွား၏။

မြနန္ဒာသည် အလှမ်းဝေးနေသော ဘိုဘိုနောက်သို့ အားသွန်ပြေး၏။ ရှေ့သင့် နောက်ဆင့်ပင် လမ်းမပေါ်သို့ ပြေးတက်သွားသည်။

"ကျွိ..."

ကားဘရိတ်အုပ်ပြီး ရပ်ဖို့ကြိုးစားသော်လည်း မရ။ ကိုကို့ကိုဝင်တိုက်သည်။

ရနိုင်သမျှ ကွေ့ရှောင်လိုက်သော ကားသည် ကိုကို့ဆီမှ မြနန္ဒာဆီသို့ ဦးတည်လာသည်။

"အား....ကိုကိုရေ"

မြနန္ဒာ မျက်လုံးအစုံကို ပိတ်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကားဘီးအောက် ရောက်သွားသည့် ကိုကို့ကို သွေးတွေဖြင့် မြင်နေဆဲမှာပင် မြနန္ဒာ၏ ညာဘက်ဦးခေါင်းသည် တစုံဘရာ နှင့် တိုက်မိသွားတော့၏။

✲

ကိုကို့ကို ဝင်တိုက်သောကားသည် ကိုကို့ကို ကြိုးစားရှောင် တိမ်းယင်းက မြနန္ဒာ့ကိုပါ ဝင်တိုက်မိသည်။ ကားနောက်ပိုင်း ဘော်ဒီနှင့် မြနန္ဒာ ညာဘက်နားထင်ကို ရိုက်မိသည်။

သွေးထွက်သံယိုနည်းသော်လည်း ထိုဒဏ်ရာကြောင့် မြနန္ဒာ ဘဝသည်....

အဲသည်အချိန်ကစပြီး မြနန္ဒာ စကားမပြောနိုင်တော့...

ကိုကို....။

မြနန္ဒာ၏ ကိုကို....တဦးတည်းသော အစ်ကို၊ မြနန္ဒာ တို့မှာ သည်မောင်နှမနှစ်ယောက်ပဲ ရှိသည်။



ကစားအတူ၊ စားအတူ၊ အိပ်အတူ။

ကိုကိုက မြနန္ဒာကို ချစ်သလို မြနန္ဒာကလည်း ကိုကို့ကို စ်သည်။

ကိုကိုဆုံးသည်နှင့် မြနန္ဒာဘဝသည် အဖော်မရှိပဲ အထီးကျန် ရသည်။ ကားတိုက်သည့် အချိန်က မြင်ကွင်းနှင့် ကားတိုက် သည့် ဒဏ်ရာကြောင့်ဆွံ့အခြင်းနှင့်အဘူ နားအာရုံပါ ပျက်စီး ားရတော့သည်။ မြနန္ဒာဘဝကံကြမ္မာက ယုံနိုင်စရာမရှိအောင် ဆိုးရွားလှသည်။

'အို....ကိုကိုရေ'ဆိုသည့် မြနန္ဒာ စကားသံသည် နောက်ဆုံး ပြောခဲ့သော စကားဖြစ်သလို ကိုကို့ကိုကားတိုက်ချိန်က ဘရိတ် သည့် ကျွိဆိုသော အသံမှာလည်း မြနန္ဒာ၏ နောက်ဆုံး ားခဲ့ရခြင်း ဖြစ်လေသည်။

✲

www.burmeseclassic.com

www.burmeseclassic.com



မေမေက ကိုကို့ အကြောင်းကို ကြည်သာကို ပြောပြပြီး ဖေဖေနှင့် အပြင်သို့ ထွက်သွားကြသည်။

မြနန္ဒာဘဝမှာ ကိုကိုမရှိတော့သည့်နောက်ပိုင်းမှာ ပျော်ရွှင်စရာဆို၍ ဘာမျှမရှိတော့။ မြနန္ဒာကြောင့် ကိုကို သေသွားရသည်ဟူသောအတွေးက ရင်ထဲမှာ စွဲနေသည်။

အချိန်တွေ ကုန်လွန်လာခဲ့ပေမယ့် ကိုကို့ကို မမေ့....။

သည်လိုနှင့် ကျောင်းက ရန်ပုံငွေပွဲမှာ သီချင်းလာဆိုသော ကိုကိုကြည်သာကို တွေ့ရသည်နှင့် ကိုကိုနှင့်တူနေသည်ကို မြနန္ဒာ ချက်ချင်းပင် သိလိုက်သည်။

ကိုကိုကြည်သာက မြနန္ဒာရဲ့ကိုကို ဖြစ်လာပြီပေါ့။ အခု တော့ ကိုကိုကြည်သာ အိမ်ကိုရောက်လာပြီလေ။

"မငိုပါနဲ့ ညီမလေးရယ်"

မြနန္ဒာ ပါးပြင်ပေါ်မှာ မျက်ရည်တွေ စီးကျနေသည်ကို ကြည့်ပြီး ကိုကိုကြည်သာက နှစ်သိမ့်သည်။ မြနန္ဒာက လက်ကိုင် ပဝါလေးကိုထုတ်ပြီး မျက်ရည်ကိုသုတ်၏။ ကိုကိုကြည်သာက—

"ကိုယ့်ကို မြနန္ဒာရဲ့ကိုကိုလို့ပဲ သဘော ထားပါနော်— ညီမလေး"

မြနန္ဒာက မျက်ရည်စတွေကြားက ကိုကိုကြည်သာ့ စကား ကြောင့် ဝမ်းသာရသည်။ ကိုကိုက စာနာတတ်တာပဲဟု တွေး မိသည်။



ကိုကိုကြည်သာကို ကိုကိုလို့ ခေါ်ချင်လိုက်တာ၊ ဒါပေမယ့် မြနန္ဒာစကားမှ မပြောတတ်ပဲ။

"ဒါက ကိုကို့ သီချင်းခွေအသစ်ပါ၊ မြနန္ဒာနားထောင်ဖို့၊ ပြီးတော့....ညီမလေးက နှင်းဆီကြိုက်တတ်တယ်ထင်လို့"

ကိုကိုကြည်သာက သူ ယူလာခဲ့သော ကက်ဆက်ခွေလေးနှင့် နှင်းဆီနီလေးတပွင့်ကို လှမ်းပေးသည်။ မြနန္ဒာ စိတ်ထဲကတော့ ကိုကိုက သူ့အတွေးတွေကို သိနေသလိုပါပဲလား။

ကြည့်စမ်း....သူက ကိုကိုဟု ခေါ်ချင်သည်ဟု တွေးမိရုံသာ ရှိသေးသည်။ ကိုကိုက သူ့ကိုယ်သူ ကိုကိုလို့ပြောလာသည်၊

ဝမ်းသာလိုက်တာ ကိုကိုရယ်။ ပြီးတော့ ...မြနန္ဒာ နှင်းဆီပန်း ကြိုက်သည်ကိုပင် သိနေပြန်ပါရောလား။

မြနန္ဒာက ကိုကိုလှမ်းပေးသော ကက်ဆက်ခွေနှင့်နှင်းဆီပန်း ပွင့်လေးကို လှမ်းယူလိုက်ယင်း....ဝမ်းသာတယ် ကိုကိုရယ်.... ကျေးဇူးလဲ အများကြီးတင်ပါတယ်ဟုရင်ထဲက ပြောနေမိသည်။

"ကဲ....ကိုကိုပြန်ဦးမယ် ညီမလေး"

ပြန်တော့မယ်တဲ့....၊ နေပါဦးလို့ ပြောချင်လိုက်တာ။

ဒါပေမယ့် ဘာလို့ဘယ်ဖြစ်မလဲ၊ ကိုကိုနှင့်မြနန္ဒာကအခုတောင် ဘာမျှကြာသေးတာမှမဟုတ်ပဲ။ ပြီးတော့ မြနန္ဒာကမိန်းကလေး သည်တော့ တားချင်ပေမယ့် မတားရဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကလည်း ပြန်ချင်ပုံမရ။

မြနန္ဒာကို ငေးကြည့်နေသည်၊ ဒါပေမယ့် ကိုကိုက အိမ်မှာ လူကြီးတွေမရှိပဲ နေရသည်ကို အခွင့်အရေး ယူရာ ကျသည်ဟု ယူဆပါသည်။

မြနန္ဒာက ကိုကို့ကို ကားပေါ်အထိ လိုက်ပို့မိသည်။

မြနန္ဒာက ပေါ်တီကိုအောက်မှ မောင်းထွက် သွားသော ဖယ်မလီယာကားနီလေး ခြံဝက ထွက်သွားတော့မှ လက်ထဲမှာ ကိုင်ထားမိသော ကက်ဆက်ခွေလေးကို ကြည့်မိသည်။

စီးရီးခေါင်းစဉ် စာတန်းလေးကို ဖတ်ကြည့်မိတော့ ရင်ထဲမှာ လှုပ်ရှားသွားသည်။

‘ရင်ထဲက အချစ်....’တဲ့။

ကျန် လက်တဘက်မှာ ကိုင်လာသော နှင်းဆီနီလေးကို မြနန္ဒာနမ်းလိုက်မိသည်။ ရင်ထဲရောက်အောင် မွှေးသွား၏။

ကိုကိုကြည်သာက မြနန္ဒာကိုကိုနှင့်တူသည်။ ကိုကိုကြည်သာ ပုံစံက အရုပ်မြင့်မြင့် အသားဖြူဖြူနှင့်။ မြနန္ဒာ ကိုကိုသာ ရှိလျှင် သည်လိုပဲ နေလိမ့်မည်။

မြနန္ဒာ ကိုကိုကြည်သာကို ချစ်နေမိပြီလား။

တွေးယင်းက ရင်ထဲမှာ မောလာသည်။

မြနန္ဒာနှင့် ကိုကိုကြည်သာ....ဖြစ်နိုင်ပါမလား။



ကိုကိုက နိုင်ငံသိ၊ စတီရီယို အဆိုတော်၊ ရုပ်ချောသော တက္ကသိုလ်ကျောင်းသား။

မြနန္ဒာက....

အိမ်ထဲပြန်ဝင်လာသော ခြေလှမ်းတွေကလေးကန်နေသည်။

ကက်ဆက်ကို ဖွင့်ပြီး ကိုကို့ သီချင်းကို နားထောင်နေမိသည်။ ကိုကို့သီချင်းသံက မြနန္ဒာကို အမောပြေစေသည်။

နှင်းဆီပွင့်လေးနှင့် ကက်ဆက်ဗူးခွံလေးကို ရင်ခွင်မှာထားပြီး အိပ်ပျော်သွား၏။

မြနန္ဒာက အိပ်မက် မက်၏။

ကိုကိုကြည်သာနှင့် စကားတွေ ပြောလိုက်သည်မှာ....ကိုကိုကြည်သာကပင်....‘ညီမလေး မြနန္ဒာ....စကားတွေ ပြောလို့ချည်လား၊ မောနေပါဦးမယ်’ဟု နောက်သည်။

အိပ်မက်ထဲမှာ စကားပြောတတ်နေသောမြနန္ဒာသည် ကိုကို့ကို ချစ်တယ်ဟု ပြောမိ၏။

*

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ဝေဒနာတမျိုးပါပဲလားဟု နားလည်ရတော့ မလို ဖြစ်နေသည်။ မြန္နာကိုကိုနှင့်တူသောကိုကိုကြည်သာကို ဆုံးဆည်းရသဖြင့် ပျော်ရွှင်ရသည်။

အခုတော့....

ပျော်ရွှင်မှုတွေက ပျောက်ကုန်ပြန်သည်။ ကြည်သာကို မမြင် မတွေ့ရသည်မှာ ကြာပြီလေ။

ကျောင်းသွားတိုင်းလင့်လမ်းထိပ်ရောက်လျှင်ဖယ်မလီယာအနီနှင့် ကိုကို့ကို ကြည့်ရသည်မှာအမော။ မတွေ့ရတော့ ရင်ထဲမှာ မောပန်းနွမ်းလျစွာ ခံစားရသည်။ မျက်ရည်က ဝေ့လာသည်။

မြန္နာ ရင်ထဲကအချစ်ကို လှုပ်နှိုးသေပြီလား ကိုကိုရယ်— ဟု တမ်းတမိသည်။

ကိုကိုနှင့် တွေ့ရသည့်အချိန်ကစပြီး အချစ်ဆိုတာကိုသိလိုက်သလို ပူဆွေးသောဝေဒနာကရင်ထဲကိုဝင်ရောက်လာပြန်သည်။

'မြန္နာ သူငယ်ချင်းကိုတွေ့ယင် ပြောပါနော်'ဟု စာရွက်ပေါ်မှာရေးပြီး ဦးကံကြီးကို ပေးထားရသည်။ ဦးကံကြီးက သူ့ကို ကြင်နာစွာကြည့်ယင်း 'စိတ်ချပါကလေးရယ်'ဟုပြန်ပြောသည်။

အခုအချိန်ဆို ကိုကိုတယောက် သီချင်းတွေ တိုက်နေသည် လား။



အသံ သွင်းနေမည်လား။

ကိုကို့သီချင်း ကက်ဆက်ကာဗာမှာ ရေးထားသော 'အသံ ဖမ်း မေ စတူဒီယို'ဆိုတာကို သတိရပြီး မေကို လိုက်သွားရ ကောင်းမည်လားဟု တွေးမိပြန်သည်။

တကယ်တော့ မြန္နာဘဝက အထီးကျန် ဆန်လွန်းလှသည်။ မေမေကလွဲလို့ ဘယ်သူမျှမရှိ။

အိမ်မှာနေပြန်တော့လည်း ခြံဝကိုဝင်လာမယ့် ဖယ်မလီယာ အနီလေးကို မျှော်ယင်းနှင့် မောရသည်။ ကိုကိုကတော့ ပေါ် မလာ။ တယ်လီဗေးရှင်းကိုကြည့်မိပြန်တော့လည်း ကိုကိုသီချင်း ပါမယ့်ရက်ကို တမ်းတမိသည်။

ကိုကို့ အစီအစဉ် ပါသည့်နေ့ရောက်တော့ ခုနစ်နာရီမခွဲမီကပင် ခလုတ်ဖွင့်ပြီး ထိုင်ကြည့်နေမိသည်။ အစီအစဉ် မစသေးသဖြင့် တယ်လီဗေးရှင်းမှန်သားဖြူဖြူကို ကြည့်နေယင်း....

သူက ထိပ်အောင်မြင်တဲ့ အဆိုတော်။ ငါကတော့ ဘာဝလှ တဲ့....အို....အသံနဲ့ကျော်ကြားတဲ့ အဆိုတော်နဲ့စကားလုံးဝမပြော နိုင်တဲ့ငါ။ အို... မြန္နာရူးနေတာပဲ၊ လူတွေကရယ်ကြမှာပေါ့။

အတွေးက ရင်ကိုကြေမွစေပြန်သည်။

စိတ်ကိုတင်းပြီး တယ်လီဗေးရှင်းခလုတ်ကို ပိတ်လိုက်သည်။

မကြည့်တော့ဟု ဆုံးဖြတ်ကာ အပေါ်ထပ်တက်ပြီး အိပ် ခန်းထဲ ဝင်အိပ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မလာပါနဲ့တော့ ကိုကိုရယ်....မြနန္ဒာဆီ မလာပါနဲ့ တော့။ မချစ်ရမိက လွမ်းနေရတဲ့ဘဝ၊ မခင်ရမိက လွမ်းနေရတဲ့ဘဝ၊ မကြင်ရမိက ကျွမ်းနေရတဲ့ဘဝ၊ ဝေးနေတာပဲ ကောင်း မယ် ထင်ပါတယ် ကိုကိုရယ်ဟု ရင်ထဲကပြောယင်း မျက်နှာကြက် ဖြူဖြူကို ကြည့်နေမိသည်။

မျက်နှာကြက် ဖြူဖြူက မြနန္ဒာနှင့် နီးလာလိုက်၊ ဝေးသွား လိုက်၊ နီးလာလိုက်....။

*

မမျှော်လင့်တော့ပါဘူးဟု ဆုံးဖြတ်ပြီးကာမှ မတွေ့ချင် တော့ပါဘူးဟု ဆုံးဖြတ်ပြီးကာမှ....

မြနန္ဒာသည် လောကကြီးကို ဘယ်လိုမှ နားလည် နိုင်စွမ်း မရှိတော့။

မြနန္ဒာက လင့်လမ်းထိပ်ရောက်လျှင် မျက်လုံးကို စုံပိတ်ထား လိုက်ပြီး ကျောင်းထဲမှာ ကားရပ်မှပင်မျက်လုံးပြန်ဖွင့်ခဲ့သည့်ရက် တွေက များပြီ။



သည်နေ့လည်း ထုံးစံအတိုင်း မျက်လုံးမှိတ်ပြီး လိုက်လာခဲ့ သည်။ ကားက အရှိန်သတ်ပြီး ရပ်သွား၏။ အမှတ်မဲ့မို့ မျက်လုံး ဖွင့်ကြည့်မိသည်။

ပြောပါပြီကော....ကမ္ဘာလောကကြီးက သူ့ဟာသူ ထင် တိုင်း လုပ်နေတာပါလို့။

ကားရှေ့မှာ ရပ်နေသော ကိုကို။

ကားဦးခေါင်းကိုပတ်ပြီး မြနန္ဒာရှိရာ နောက်ခန်း တံခါး အနီးကို လျှောက်လာသည့် ကိုကို့ကို အပြုံးမျက်နှာနှင့် မြင်ရ သည်။ ရွှင်လန်းသော၊ နှစ်သိမ့်သောအပြုံး။ ကိုကို့အပြုံးက လှသည်။

ကြည့်....လူ့စိတ်ဆိုတာ အတော်ခက်သည်။

အချစ်သည် ဆုံးဖြတ်ချက်တွေကို ပျက်ပြား စေသည်လား။

စောစောပိုင်းရက်က ကိုကိုနှင့်ပတ်သက်သော ဆုံးဖြတ်ချက် များ ချက်ချင်းပင် ပျောက်ကွယ်သွားသည်။

မြနန္ဒာနှုတ်ခမ်းပေါ်တွင် အပြုံးလှလှလေးတွေဖြစ်ပေါ်သွား သည်ကို မြနန္ဒာသိ၏။

"မြနန္ဒာ....ညီမလေး၊ ကိုကို့ကို စိတ်ဆိုး နေသလား။ ကိုကိုလေသီချင်းဆိုဖို့ကိစ္စတွေရှုပ်နေလို့မလာနိုင်တာပါ"

မြနန္ဒာက ကိုကိုနားလည်အောင် ရပါတယ်ကိုကိုရယ်...ကိစ္စ မရှိပါဘူးဟု ဟန်အမူအရာနှင့် လုပ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို နားလည်မှာပါ။ ကိုကိုက ခေါင်းညိတ်သည်။

"ခရေပင်လမ်းဘက် ခဏလျှောက်ရအောင်"

ဦးကံကြီးကိုနောက်တနာရီကြာယင် ပြန်လာမည်ဟု သင်္ကေတကိုသုံးပြီး ကိုကို့နောက်ကို လိုက်ခဲ့မိသည်။ မြနန္ဒာ မျက်နှာက ပန်းနုရောင်သွေး ပြေးနေ၏။

ခရေပင်လမ်းကို ဆယ်မိနစ်သောက် လျှောက်သည်။ မြနန္ဒာက နားကျပ်လေးကို နားထဲမှာ နေရာပြင်ယင်း ကိုကို့စကားကို နားစွင့်ထားမိသည်။

မြနန္ဒာ လက်ထဲမှာ ကိုင်လာသည့် ဒေးစရာဘောပွိုင့်အသေးလေးပါ တွဲပါသောမှတ်စုစာအုပ်လေးကို လှမ်းကြည့်ယင်း ...

"ကိုကိုနေတာ ဟိုဘက်နားက မခနော်ဟာရီလမ်းမှာပေါ့"

မြနန္ဒာ ခေါင်း ညိတ် သည်၊ မြနန္ဒာ ဘဝတွင် သူစိမ်းယောကျ်ားလေးနှင့် အတူတွဲပြီး လမ်းလျှောက် ဖူးခြင်းသည် ယခုပထမဆုံးပင် ဖြစ်၏။

ရင်သည် ဒိတ်ဒိတ်ခုန်နေသည်။

"ကိုကိုလေ...ညီမလေး မြနန္ဒာကို သိပ်သတိရပါတယ်။ သီချင်းတိုက်ရတာနဲ့ Recording လုပ်ဖို့ စတူဒီယိုကို သွားရတာနဲ့ မလာနိုင်ဘူး၊ ကိုကိုက ညီမလေးဆီလာချင်ပါတယ်"



မြနန္ဒာက အပြုံးနှင့်နားထောင်သည်။ ကိုကိုက မြနန္ဒာကို ကြည့်ပြီး စကားဆက်သည်။

"ကိုကိုလေ ညီမလေးမြနန္ဒာရဲ့ဘဝကို နားလည်တယ်၊ သနားတယ်၊ ပြီးတော့ ညီမလေးက ချစ်စရာကောင်းတယ်၊ ကိုကို့မှာလဲ ညီမလေးလိုပဲ အဖော်မရှိပါဘူး။ တယောက်တည်းနေရတယ်၊ အထီးကျန်ဆန်တဲ့ ဘဝကို နားလည်တယ်၊ ညီမလေးရဲ့ ချွတ်ယွင်းချက်ကို စာနာစိတ်ထားမိတယ်"

ကိုကို့ဆီက 'ချစ်'စကားနှင့် အကြင်နာ စကားသံ တွေက မြနန္ဒာဘဝကို အားပြည့်လန်းဆန်းစေသည်။

ကိုကိုက မြနန္ဒာကို ညီမလေးတယောက်လို ချစ်တာလား။ မြနန္ဒာကတော့ ကိုကို့ကို အစ်ကိုလိုလဲ ချစ်တယ်၊ ချစ်သူလိုလဲ ချစ်တယ်...ဟု ကိုကို နားလည်အောင် စာရွက်ပေါ်မှာ ရေးပြလိုက်ချင်သည်။

သို့သော် မြနန္ဒာ မရေးဖြစ်။ တစုံတရာက မြနန္ဒာကို တုံ့ဆွဲထားသလို ဖြစ်နေ၏။

ကိုကိုက အုတ်ခုံလေးတခုံမှာ ထိုင်ဖို့ပြောသဖြင့် အုတ်ခုံလေးပေါ်မှာ ဝင်ထိုင်ရသည်။ ခရေနံ့က လေထဲမှာလွင့်နေသည်။

"မြနန္ဒာ....ကိုကိုလေ...."

ကိုကိုက စကားကို ဆက်မပြော။ ခရေပွင့်လေး တပွင့်ကို ကောက်ပြီး မြနန္ဒာ လက်ထဲသည့်ပေးသည်။ မြနန္ဒာက လက်ဖဝါးပေါ်က ခရေပွင့်လေးကို အသာ မွှေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆိုယင် မြနန္ဒာနဲ့ ကိုကို စာရေးကြမယ်နော်"

မြနန္ဒာက ခေါင်းညိတ်ရပြန်သည်။

ကိုကိုက နာရီကိုကြည့်ပြီး 'ပြန်ကြရအောင်'ဟု ပြောသည်။ မြနန္ဒာက နာရီကိုကြည့်လိုက်တော့ ဦးကံကြီးကို ပြောခဲ့သည့် တနာရီပြည့်ဖို့က မိနစ်နှစ်ဆယ်လောက် လိုသေးသည်ပဲ။

ကိုကိုက အခွင့်အရေးမယူပဲ အဲသည်လို သိတတ်တာ၊ စာနာ ညာတာတာတွေကိုက ချစ်စရာကောင်းနေသည်။

မြနန္ဒာတို့ ကားထွက်တော့ ကိုကိုက လက်ပြယင်း ကျန်ရစ်သည်။

နောက်တခါ မတွေ့ရခင်အထိတော့ လွမ်းမနေရဦးမှာ ပါပဲ ကိုကိုရယ်....ဟု ရင်ထဲမှာ ပြောနေမိသည်။

မလွမ်းချင်ပါဘူး ဆိုကာမှ လွမ်းရဦးမည်။

ဘယ်တော့များမှ အလွမ်းတွေက ဆုံးမှာလဲ ကိုကိုရယ်၊ မျက်နှာလေးကို နေ့တိုင်း၊ အချိန်တိုင်း မြင်ချင်ဘယ်၊ အဲဒီလို မြင်ရဖို့က....အို....

✲



အခန်းတံခါး ပွင့်သွားသဖြင့် မြနန္ဒာက လှည့်ကြည့်လိုက်သည်။

မေမေ....။

တံခါးပြန်စေ့ပြီးမှ မေမေက မြနန္ဒာခုတင်အနီးသို့လျှောက်လာ၏။ မြနန္ဒာက ဖြုတ်ထားသော နားကျပ်လေးကိုတပ်လိုက်သည်။

"သမီးလေး နေကောင်းရဲ့လား"

မြနန္ဒာက ခေါင်းညိတ်ပြရသည်။

"မောင်ကြည်သာနဲ့ပတ်သက်လို့ သမီးလေး စိတ်ထဲမှာ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်နဲ့နော်၊ မေမေတို့က သမီးလေး စိတ်ချမ်းသာဖို့ပဲ၊ သမီးလေး စိတ်ချမ်းသာဖို့ ဆိုယင် မေမေကော သမီးဖေဖေပါ အသက်နဲ့ရင်းရပါ တယ်ကွယ်"

မေမေ့ အကြင်နာစကားကြောင့် မြနန္ဒာ မျက်ရည်ဝဲရပြန်သည်။ ဝမ်းသာမျက်ရည်စ က ပါးပေါ်သို့ရောက်သွားသည်။

မေမေက စားပွဲပေါ်က မြနန္ဒာနှင့် ကိုကို့ ဓာလေးဘဝက ဓာတ်ပုံကိုကြည့်ယင်း မြနန္ဒာပါးပေါ်က မျက်ရည်စ ကို သုတ်ပေးသည်။

"မငိုပါနဲ့သမီးရယ်....အခုဆိုယင် သမီးမှာ ကိုကိုအစား ပြန်ရသလို မေမေတို့မှာလဲ သားတယောက် ရလာတာ ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



မမေ့ စကားက မြန္မာအတွက် အားတက်ရသည်။ ကိုကို ကြည်သာအတွက်လည်း ဝမ်းသာရသည်။

ကိုကိုနှင့် ပတ်သက်ပြီး မြန္မာဘဝ အေးချမ်း ပါရစေဟု မြန္မာ ဆုတောင်းသည်။

မမေ့ရင်ခွင်ထဲ ခေါင်းထိုးပြီး ဖက်ထားလိုက်သည်။ မမေ ဖေဖေတို့၏ မေတ္တာသည် ကြီးမားလှ၏။

ချစ်ရတဲ့ ဖေဖေနဲ့ မေမေရယ်....

ပြီးတော့ ကိုကိုရယ်....

'အဖေ အမေထက် ချစ်တဲ့ ကိုကိုရယ် ...' သီချင်းကို မြန္မာ သတိရယင်း မမေ့ရင်ခွင်ထဲမှာ ပြုံးမိ၏။

✻

## ချစ်ညီမလေး မြန္မာ

ကိုကို အခွင့်အရေးသမား မဟုတ်ဘူးဆိုတာကိုတော့ မြန္မာ နားလည်စေချင်တယ်။ အထီးကျန်ဆန်လှန်းတဲ့ အားငယ်ရောဘဝကို ကိုကိုစာနာတတ်ပါတယ်။ မြန္မာ



ဘောမှာ ထာဝရ အဖော်အဖြစ် ကိုကို နေချင်ပါတယ်။ မြန္မာ လက်ခံနိုင်မယ်ဆိုယင် မြန္မာဘဝကို ကိုကို့ရင်ခွင် က နွေးထွေးမှု၊ ချမ်းမြေ့မှုတွေ ပေးပါရစေလို့....

"ဒေါက်....ဒေါက်"

အပြင်က တံခါးခေါက်သံကြောင့် သူ စာရွက်ကို အံဆွဲထဲ ထည့်လိုက်သည်၊ တံခါးပွင့်လာပြီး ဖေဖေဝင်လာ၏။ ဖေဖေက သူ့ကိုကြည့်ပြီး....

"သားကြည့်ရတာ တမျိုးပဲ၊ နေမကောင်းဘူးလား"

"ကောင်းပါတယ် ဖေဖေ"

နေကောင်းပါတယ်ဟု ဖြေလိုက်ရသော်လည်း အမှန်ဆိုသူ့ ...င်ထဲက အသည်းနှလုံးသည် ချစ်အတူးကို ဆေးရုံကြီးက ...ရေးပေါ်ခွဲစိတ်ခန်းထဲ ရောက်နေပြီဟု တွေးသည်။

ဖေဖေသည် မြန္မာအဘွားနှင့် ပေးပိုင်နေသော သူ့အခြေ ...နေကို ရိပ်မိပုံရသည်။

... သည်သွားအဖ နှင်ယောက်တည်းရှိတာ၊ တယောက် အကဲ ...ယောက်ကြည့်နေတာ သိမှာပေါ့၊

မြန္မာနှင့် ပတ်သက်နေသည်များကို သိသွားပြီလားဟု ...ပြန်သည်။

"သော်ဝင်း မင်းတို့အဖွဲ့က ထွက်သွားတယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စကားက မနကျနပ်သံ ပါနေသည်။ ငြင်းလို့ရမည့်ကိစ္စလည်း မဟုတ်။

"ဘာမဟုတ်တဲ့ကိစ္စနဲ့ သူ့ဘာသာထွက်သွားတာဖေဖေ၊ သားတို့က လိုက်ခေါ်စရာမလိုပါဘူး"

"ဘယ်လိုလဲသား၊ ငွေရှိတယ်ဆိုတဲ့ မာနနဲ့လား"

"ဒါတော့ လုံးဝမဟုတ်ဘူး ဖေဖေ"

"သားကမဟုတ်ဘူးလို့ ငြင်းပေမယ့်မင်းသဘောထားက အဲဒီလို ဖြစ်နေတယ်၊ အနုပညာသူငယ်ချင်းဆိုတာ လက်တွဲမဖြုတ်ရဘူး၊ တယောက်နဲ့တယောက် ခွင့်လွှတ်တတ်ရတယ်၊ လူဆိုတာ ချွတ်ယွင်းချက် ဆိုတာ အနည်းနဲ့အများတော့ ရှိကြတာပဲ၊ ရှိလာတဲ့ချွတ်ယွင်းချက်လေးတွေကို ကောင်းတာလေးတွေနဲ့ ဖြည့်လိုက်ယင် အခင်အမင် မပျက်ဘူး ပေါ့ကွာ၊ အဲဒီလို မဟုတ်ဘူး....ခွင့်မလွှတ်နိုင်ဘူးဆိုယင် ဘယ်သူနဲ့မှ လက်တွဲမရပဲ အထီးကျန်ဘဝနဲ့ ကုန်ဆုံးသွားရလိမ့်မယ်သား"

"မင်း....မာနကြီးနေတာလား"

ဖေဖေက ငြိမ်နားထောင်နေသော သူ့ကို စကားဖြတ်ပြီးမှ ဆက်ပြောသည်။ သူ ခေါင်းခါသည်။

"မိန်းကလေးတွေနဲ့ ပတ်သက်နေပြီလား"



"သော်ဝင်းပြောတာလား ဖေဖေ"

မြနန္ဒာနှင့်ပတ်သက်ပြီး တတ်နိုင်သမျှ လျှို့ဝှက် ခဲ့သည်ပဲ။ သည်သတင်း ဘယ်ကရသနည်း။ စဉ်းစားမရ။ ဖေဖေကသူ့ကို ပြုံးကြည့်ယင်း....

"ဒီမှာကြည့်စမ်းသား၊ မင်းက အံသွားတောင်မစုံသေးပါဘူးကွာ၊ ဖေဖေက အငုတ်ပဲ ကျန်တော့တာပါ၊ ဒါပေမယ့် ဒီအကြောင်းကိုတော့ နောက်မှ ဆွေးနွေးကြတာပေါ့"

ဖေဖေက ပြောပြီးသည်နှင့် အခန်းထဲကထွက်သည်။ သူ့မှာ မောကျန်ရစ်ခဲ့၏။

သူ့အိပ်ခန်းနံရံ လေးဘက်သည် တဖြည်းဖြည်း ရွှေတိုးလာကြသလို ခံစားရ၏။ ရင်ထဲမှာ မွန်းကျပ်လာသည်။

မြနန္ဒာနှင့်ပတ်သက်ပြီး အခက်အခဲတွေနှင့် ရင်ဆိုင် ရတော့မည်ဟု သိလိုက်သည်။ ဖေဖေက လွတ်လပ်ခွင့်တွေ ပေးခဲ့သမျှ သည်ကိစ္စ၊ ချစ်ကိစ္စ၊ ချစ်ကိစ္စကိုတော့ ရှေးရိုးနည်းအတိုင်းကျင့်သုံးတော့မည် ထင်၏။

မြနန္ဒာအတွက် မဆန့်ကျင်ခဲ့ဖူးသော ဖေဖေကိုပင် ဆန့်ကျင်ရတော့မည်လား မပြောတတ်။ မြနန္ဒာသည် ရင်ထဲကို ရောက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီသို့ ပြေးဝင်လာသော နေလုံးကြီးကို လက်သီးနှင့် ထိုးပစ်လိုက်၏။

*

'သည်ဖရောင်းစ်'အဖွဲ့ကို အာရုံစိုက်မှု နည်းလာ၏။ သော်ဝင်း မရှိတော့သဖြင့် ဘယ်သူမျှ ပျော်ကြဟန်မတူ။ သူကိုယ်တိုင် လည်းမပျော်။ မြန်မာနှင့်ဝေးသက်ပြီး မရှင်းသည့်စိတ်က ပိုလို့ နိုးနေသွား၏။

ဥပဒေ စာသင်ခန်းတွေဘက် သွားပြီး သော်ဝင်းကို တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်လိုက်သည်။ ငွေကြောင့်ဟုထင်သွားသော၊ မာန်ဟုထင်သွားသော သူငယ်ချင်းကိုမြန်မာအကြောင်း ရင်ဖွင့်ပြီး တောင်းပန်မည်။

သူက ဝိဇ္ဇာခန်းမရှေ့တွင် ကားကို ရပ်လိုက်ပြီးမှ သော်ဝင်း၏ စာသင်ဆောင်ကို သတိရကာ ဘွဲ့နှင်းသဘင်ဘက်ဆက်မောင်းခဲ့သည်။



ဥပဒေနှင့် အနီးဆုံးအဆောင်မှာရပ်ပြီး သော်ဝင်းကို ရှာသည်။ စာသင်ခန်းတွေသာ နှံ့သွားသည်၊ မတွေ့။

စိတ်ပျက်ပျက်နှင့် အိမ်ကိုကင်တင်းဘက် လျှောက်သွားတော့မှ လက်ဖက်ရည်ဆိုင်ထဲမှာ တယောက်တည်း ငိုင်နေသော သော်ဝင်းကိုတွေ့ရသည်။

"ဟေ့ကောင်"

ခေါ်သံနှင့် သူ့အပြုံးကိုတွေ့ရတော့ သော်ဝင်း အံ့ဩသလို မော့်ကြည့်သည်။

"ဟာ ကြည်သာ....လာကွာ၊ ချိုကျတခွက်လေ"

အဲဒါလေးတော့ ချစ်ဖို့ကောင်းတာ။ သူ့အကြိုက် လက်ဖက်ရည်တခွက် လှမ်းမှာပေးသည်။ သူက ကုလားဆိုင်မှာ ဝင်ထိုင်ယင်း....

"မင်းကွာ နေနိုင်လိုက်တာ"

"မနေနိုင်ပါဘူးကွာ၊ ဒီညနေ လာမလို့ပါပဲ"

"ဒီလိုဆို ငါမလာပဲနေရယင် အ[illegible]"

"ရပါတယ်ကွာ သူငယ်ချင်းတွေပဲ၊ မင်းမလာလဲ ငါ လာမှာပေါ့"

ဆိုင်အမှုထမ်းက လက်ဖက်ရည်တခွက် လာချပေးသည်။

'ဆီချက်နှစ်ပွဲ မှာပေးစမ်းပါဗျာ'ဟု သူက ဆိုင်အမှုထမ်းကို ပြောလိုက်သည်။ ဆီချက်ကြိုက်သော သော်ဝင်းက သူ့ကို ပြုံးကြည့်ယင်း....

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလေးတွေ ချစ်စရာကောင်းတာ"

ဒါကြောင့်လည်း သူငယ်ချင်းတွေ ဖြစ်ကြတာပေါ့။

တင်းမာမှုတွေ လျော့ပါးပြေပျက်သွား၏။

"ငါတောင်းပန်းပါတယ် သူငယ်ချင်း၊ ဟိုနေ့က ငါလွန်သွားတယ်၊ တို့လုပ်ရမယ့် အလုပ်တွေဟာ ဘာမဟုတ်တဲ့ ငါ့အမှားကြောင့် ရပ်ကုန်တာပေါ့ကွာ"

"ငါကလဲ နောက်တာ လွန်သွားတယ်လေ၊ ရင်ထဲက အချစ်ကိုစွဲဆိုတာ အဲဒီလူရဲ့ လွတ်လပ်ခွင့်ပဲ၊ အဲဒီလူရဲ့ ဆုံးဖြတ်ချက်ပဲ"

"မင်း....အောင်ထွန်းကိုအားကျပြီး ကဗျာရေးတော့မလို့လား"

"အချစ်ဆိုတာ အလှပဆုံး ကဗျာတပုဒ်ပဲလေ"

သူက သော်ဝင်းစကားလုံးကို သဘောကျသွားပြီး....

"မြနန္ဒာဟာ မင်းပြောတဲ့ ကဗျာတပုဒ်ပဲ"

"ရောဂါတက်လာပြန်ပြီလား"

သော်ဝင်းကနောက်သည်။

"လူတိုင်းမှာ ရောဂါတမျိုးစီတက်နေကြတာပါပဲကွာ"

"မှန်တယ်သူငယ်ချင်းရေ....မှန်တယ်၊ ငါလဲ ဆီချက်စား [illegible]"



စားပွဲပေါ် ရောက်လာသော ဆီချက်ကို သော်ဝင်းက တုတ်နှစ်ချောင်းနှင့် ကျင်လည်စွာ ချီးမြှင့်တော့သည်။ ဟင်းချိုရည်ကို တဇွန်းနှစ်ဇွန်း ခပ်သောက်ပြီးမှ....

"ငါတခုမေးမယ်ကြည်သာ၊ မင်း စိတ်မဆိုးဘူးဆိုယင်ပေါ့၊ ပြီးတော့...."

"ပြောမှာသာပြောစမ်းပါကွာ....ငါနားလည်ပါတယ်"

"မနှင်းဆွေးကို မေ့ပစ်လိုက်ပြီလား"

သူက ဘာမျှ ပြန်မပြောသေးပဲ စားပွဲနား ရောက်လာသည့် ဆိုင်အမှုထမ်းကို....

"ကြက်သွန်ချဉ်နဲ့ လဲပေးစမ်းပါဗျာ၊ ဂေါ်ဖီချဉ် မကြိုက်လို့"

ဆိုင်အမှုထမ်းက စားပွဲပေါ်က ဂေါ်ဖီချဉ်ပန်းကန် ယူသွားတော့မှ သော်ဝင်းကိုကြည့်ပြီး....

"မင်း ရင်ဝ ဓားထိုးခံရတဲ့အတိတ်ကို ပြန်ပြန်သတိရနေယင် ဒေါသစိတ် နာကျည်းစိတ်နဲ့ပဲ ပင်ပန်းနေတော့မှာပေါ့ သူငယ်ချင်း၊ ပြီးတော့ ငါ့လက်က ဂစ်တာကိုသာ ကိုင်ချင်တာ၊ ဆေးထိုးအပ်ကိုကိုင်ချင်တာ မဟုတ်ဘူး"

"မင်းကို ငါနားလည်သွားပြီ သူငယ်ချင်း"

www.burmeseclassic.com

www.burmeseclassic.com



သော်ဝင်းက သူ့လက်ကိုဆွဲပြီး ညှစ်လိုက်၏။ သူကပြုံးပြီး—

"ညနေကျသင် အချစ်ဂစ်တာနဲ့ အလှပဆုံးကဗျာတပုဒ်မင်းကိုပြမယ်"

သော်ဝင်း ခေါင်းညိတ်ယင်း ဟင်းချိုတဇွန်းခပ်သောက်၏။

"ချိုတယ်ကွ"

✱

မြနန္ဒာကို သူက လက်နှစ်ဘက် သိုင်းပြသည်။ မြနန္ဒာက ရှက်ပြီး ခေါင်းကလေး ငုံ့သွား၏။ အတော်ကြာမှ ခေါင်းပြန်မော့လာသည်။

မြနန္ဒာပါးလေး ဆေးမဆိုးပဲ ရဲနေသည်။

သူက လက်နှစ်ဘက်ကို ထပ်ပြလိုက်၏။

အောင်ကြည်လင်းဆီက သင်္ကေတတွေသုံးပြီး သူက စကားမပြောပဲ မြနန္ဒာကို အမူအရာ လုပ်ပြနေမိသည်။



မြနန္ဒာ ခေါင်းငုံ့သွားပြန်သည်။ သည်တခါတော့ ပြန်မမော့မလာတော့။ ညာခနဲလာသည့်စာကို မြနန္ဒာ ခေါင်ပေါ် တင်ပေးယင်း....

"ညနေကျယင် စောင့်နေမယ်နော်"

မြနန္ဒာ ခေါင်းညိတ်ပြသည်၊ ကားကလေးထွက်သွားတော့မှ တယောက်တည်း ပြုံးကျန်ရစ်သည်။ မြနန္ဒာ၏ ရှက်ပြုံးထဲက အကြည့်ကို မျက်လုံးထဲမှာ မြင်နေသည်။

အောင်ကြည်လင်းကို ကျေးဇူးတင်ပါသည်၊

သော်ဝင်းအသံကြောင့် အတွေးပျက်သွား၏။

မနက်ပိုင်းက မြနန္ဒာနှင့် တွေ့ခဲ့ရသည်ကို တွေးနေမိခြင်းဖြစ်သည်။ သူနှင့်သော်ဝင်း မြနန္ဒာကျောင်းရှေ့မှာ လာစောင့်နေသည်မှာ ကြာပြီ၊ ကျောင်းမလွှတ်သေး။

"မင်း....အချစ်ဂစ်တာရဲ့ အလှအပဆုံးကဗျာတပုဒ်ကလဲ ကြာလိုက်တာကွာ"

"နေဦးကွာ....ခဏ"

သူက မြနန္ဒာတို့လာကြမည့် ကိုရှိုလာအနီလေးရောက်လာသဖြင့် ကားတံခါးကို ဖွင့်ဆင်းသွားသည်။ ကိုရှိုလာ ကားထဲမှာ ဦးကံကြီး။ သူက ဦးကံကြီးဆီ လျှောက်သွားပြီး....

"ဦးလေး....အယင်ကလို ငါးနာရီမှ လာပါနော်"

www.burmeseclassic.com

www.burmeseclassic.com



သူက မြနန္ဒာနှင့်ခရေပင်လမ်းဘက်မှာ လမ်းလျှောက်မည်မို့ ဦးကံကြီးကို ပြောခြင်း ဖြစ်သည်။ ဦးကံကြီးက လက်ထဲက ဆေးပြင်းလိပ်တိုမှပြာကို ပြာခံခွက်ထဲ အသာ တို့သိပ်ယင်း....

"ဦးလေး တခုတော့ ပြောရဦးမယ်"

"ပြောပါ ဦးလေး"

"မောင်ကြည်သာ့ အကျင့်စာရိတ္တကောင်းတယ် ဆိုတာကိုတော့ ဦးလေးလဲ သိသင့်သလောက် သိပါတယ်၊ ဒါပေမယ့် မြနန္ဒာက မိန်းကလေးမို့လား၊ မိဘ ကွယ်ရာမှာ ကောင်းတာလုပ်လုပ် ဆိုးတာလုပ်လုပ် မတင့်တယ်ဘူးလေ၊ပြီးတော့.... ဦးလေးမှာလဲ တာဝန်မကင်းဘူး၊ ပြောစရာ ဖြစ်မယ်၊ မြနန္ဒာတို့ အိမ်ကို လာလည်တာ အကောင်းဆုံးပဲလို့ ဦးလေး ထင်တယ်"

ဒရိုင်ဘာဦးကံကြီး၏ စကားတွေက မှန်နေသဖြင့် သူ ဘယ်လိုမှ ငြင်းပယ်စရာမရှိ၊ ခေါင်းညိတ်ပြလိုက်သည်။

"ဒီနေ့တော့ ဦးလေး ခွင့်ပြုပါမယ်"

"ကျေးဇူးပါပဲ ဦးလေးရယ်"

မြနန္ဒာနှင့်ပတ်သက်လျှင် ဦးကံကြီးလိုပင် စေတနာ အပြည့်ရှိပါသည်။ သူက အဆပေါင်းမြောက်မြားစွာ ပိုလိမ့်မည်။

ဒါကြောင့်လည်း သူ ဒီကျောင်းရှေ့ကို ရောက်ခဲ့ရသည် မဟုတ်လား။



သူ့အကြည့်က ကျောင်းရှေ့ရောက်သွားသည်၊ သော်ဝင်းဆီ ပြန်လျှောက်လာယင်းက ကျောင်းထဲမှ ထွက်လာသော အချစ်ဂစ်တာရဲ့ အလှပဆုံး ကဗျာတပုဒ်။

သိမ်မွေ့သော ခြေလှမ်းများနှင့် မြနန္ဒာ။

"အဲဒါပဲ...."

သော်ဝင်းက သူ့စကားကြောင့် မြနန္ဒာကိုကြည့်ပြီး ငြိမ်နေသည်။ ဘာမျှပြန်မပြော။ သူက မြနန္ဒာဆီ လျှောက်သွားပြီး....

"နန္ဒာ...."

မြနန္ဒာက သူ့ကိုပြုံးပြယင်းက ကိုရှိလှာကားလေးဆီ လှမ်းကြည့်သည်။ ဦးကံကြီးက သူတို့နှစ်ယောက်ကိုမြင်သဖြင့် ကားကို မောင်းထွက်သွားသည်။

"ခရေပင်လမ်းမှာ စောင့်ဖို့ ကိုကို ပြောထားတယ် မြနန္ဒာ"

မြနန္ဒာခေါင်းညိတ်သဖြင့် သူက ခရေပင်လမ်းဘက် ခြေဦးလှည့်လိုက်၏။ မြနန္ဒာ သူ့ဘေးက ပါလာသည်။

"တကယ့် အချစ်ဂစ်တာရဲ့ အလှပဆုံး ကဗျာတပုဒ်ပဲ ပေါ့...."

နောက်မှာ ကျန်ရစ်သော ဖယ်မလီယာကားထဲက သော်ဝင်း အသံက သူနှင့်မြနန္ဒာဆီသို့ ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြန္နာကို ပြောတာ"

မြန်နွာ ပြုံးသည်။ ခရေနံ့သည် အပြုံးနှင့် ရောထွေးသွား၏။

✲

"မြန္နာ"

သူက အုတ်ခုံလေးမှာ ထိုင်မိသည်နှင့် ခေါ်လိုက်သည်။ မြန်နွာက သူ့ကိုရှက်ပြုံးနှင့် ကြည့်နေသည်။

"ဦးလေး ဦးကံကြီးကဲ ပြောတယ်....မြန္နာနဲ့ ကိုကို အခုလိုမတွေ့ပဲ အိမ်ကို လာလည်ယင် ကောင်းမယ်တဲ့"

မြန်နွာက ခေါင်းညိတ်သည်။

"အိမ်ကိုလာလည်ယင် ကိုကိုပြောချင်တာ ပြောလို့ ရမှာ မဟုတ်ဘူး၊ ဒီတော့ ကိုကိုပြောမယ် မြန္နာ"

မြန်နွာက သူ့စကားကို နားစွင့်နေသည်။

"မနက်က ကိုကိုပေးတဲ့စာ ဖတ်ပြီးပြီလားဟင်"



ရှက်ပြုံးနှင့် မျက်နှာလေး ငုံ့သွားသည်။

"ကိုကိုလေ... မြန္နာကို လက်ထပ်ချင်တယ်"

ငုံ့နေသောခေါင်းလေး မမော့မလာတော့။

"ကိုကို့တောကို မြန္နာ ယုံချင်မှ ယုံမယ်၊ ဒါပေမယ့် ကိုကို လိမ်တတ်ပါဘူး၊ မြန္နာကို ကိုကို သနားတယ်၊ ညီမလေးတယောက်လို ချစ်တယ်၊ ချစ်သူလိုချစ်တယ်"

မြန်နွာ နှုတ်ခမ်းလေးများ တဆက်ဆက် တုန်နေယင်းက ခေါင်းမော့လာသည်။ မျက်လုံးမှာ မျက်ရည်တွေ ရစ်ဝဲနေသည်။ မြန်နွာသည် သူ့ကို စကားပြောချင်နေဟန် တူသည်။

"မြန္နာကို ကိုကို တကယ်ချစ်တာပါ ညီမလေးရယ်"

သူက မြန်နွာ ဘဝအကျိုးပေးကို မကြည့်ရက်နိုင်တော့။ မြန်နွာလက်ကလေး တဘက်ကို လှမ်းဆွဲပြီး ဆုပ်ကိုင်ထားမိသည်။ မြန်နွာပါးပြင်ပေါ်မှာမျက်ရည်စတွေ စီးကျလာသည်။

"ငိုပါနဲ့ မြန္နာရယ်၊ ကိုကိုလေ မြန္နာကို ထာဝရ အချစ်နဲ့ ချစ်သွားမှာပါ"

မြန်နွာက ရှိုက်ငိုယင်း လက်ကို အသာရုန်းထွက်သဖြင့် သူက ပေးလိုက်၏၊ မြန်နွာ လက်ထဲမှာ ပါလာသည့်မှတ်စုစာအုပ်ကိုဖွင့်ပြီး စာတွေရေးနေသည်။ သူက မြန်နွာရေးပြီးသည့် စာများကို ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရယ်....

ကိုကိုလို့ မြနန္ဒာ ခေါ်ချင်နေတာ ကြာပါပြီ၊ ဒါပေမယ့် မြနန္ဒာဘဝက....

(စာရွက်ပေါ်ကို မျက်ရည်တစက်ကျသည်။ မြနန္ဒာက လက်သန်းလေးနှင့် ပွတ်ပစ်လိုက်၏။)

ဘဝမလှတဲ့ အ,အ မပါ ကိုကိုရယ်....

"အဲဒီစကားကို ဘယ်တော့မှ မပြောနဲ့ မြနန္ဒာ၊ ကိုကို မကြားနိုင်ဘူး၊ မကြားရက်ဘူး"

မြနန္ဒာ ရေးနေသည့်စာက သူ့ရင်ထဲမှာ ကျော်တက်သွား၏။ ဝမ်းနည်းစိတ်က ပြည့်လျှံ တက်သွားသည်။ မျက် လုံး ထဲမှာ မျက်ရည်ဝဲလာသည်။

မြနန္ဒာလေ....

မြနန္ဒာက စာကို ဆက်ရေးနေပြန်သည်။ မျက်ရည်ဝိုင်းနေသော မျက်လုံးအစုံက မြနန္ဒာ စာကို လိုက်ဖတ်နေမိသည်။

တွဲပြီးမှ မခွဲချင်ဘူး ကိုကို .... မဝေးချင်ဘူး.... မဆွေးချင်ဘူး ကိုကိုရယ်၊ ပြီးတော့....မြနန္ဒာ အတွက် ကိုကို စိတ်ဆင်းရဲရမှာကို မြနန္ဒာ စိုးရိမ်တယ်။



စာရွက်ပေါ်မှာ လှုပ်ရှားနေသော မြနန္ဒာ လက်ကလေးက ရပ်သွားပြီး သူ့ကို လှည့်ကြည့်သည်။ မျက်ရည်စ တွေကြောင့် နက်မှောင်သော မျက်လုံးများက ပိုလို့ရွှန်းလက်နေသည်။

'ကိုကို....မြနန္ဒာကို ရင်ထဲမှာ ထာဝရထွေးပွေ့ထားမှာပါ အချစ်ရယ်"

မြနန္ဒာက ကိုယ်လေးယိမ်းပြီး သူ့လက်မောင်းကို ပါးနှင့် အပ်သည်။

ခရေပင် အကိုင်းအခက်များက လေအဝှေ့မှာ ပွေ့ဖက်ကျီစယ်နေကြ၏။ ညနေခင်း လေပြည်သည် သူနှင့် မြနန္ဒာကို တိုးဝှေ့သွားပြန်သည်။

✲

"မြနန္ဒာက တကယ်လှတာပဲ"

မြနန္ဒာဆီက အပြန် ကားပေါ်မှာ သော်ဝင်းက စကားစ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ လှုံ့ဆော်ချစ်တာ မဟုတ်ပါဘူးကွာ၊ အားငယ်နေတဲ့ သူ့ဘဝကို ဖြည့်စွမ်းချင်လို့ပဲ၊ ပြီးတော့ မြနန္ဒာက ငါ့ကို နားလည်တယ်၊ ငါ့ ဝါသနာကို တန်ဖိုးထားတယ်"

"တခုတော့ရှိတယ် သူငယ်ချင်း"

သော်ဝင်းက စဉ်းစားသလိုနှင့်ပြောသည်။

"ဘာများလဲ သော်ဝင်း"

"မင်း မြနန္ဒာကို လက်ထပ်နိုင်ပါ့မလား"

"ဘာဖြစ်လို့ လက်မထပ်နိုင်ရမှာလဲ"

"မင်း စိတ်မဆိုးနဲ့နော်၊ မြနန္ဒာရဲ့ ချွတ်ယွင်းချက်ကို မင်း ရေရှည်ကျယင် ခံနိုင်ပါ့မလား၊ လူတွေအပြောကို ခံနိုင်ပါ့မလား"

"သည်တသက်မဟုတ်ဘူး သူငယ်ချင်း၊ နောက်ဆယ်သက်"

သူက ကားစတီယာရင်ကို လက်လွှတ်ပြီး လက်ဆယ်ချောင်းထောင်ပြသည်။ ပြီးတော့မှ စတီယာရင်ကို ပြန်ကိုင်ပြီး....

"မြနန္ဒာ စကားမပြောတတ်တာကို စကားပြောတတ်တဲ့ လူတွေက ဝိုင်းပြောကြမယ်ဆိုယင် ပြောစမ်းပါစေကွာ၊ စကားမပြောတတ်တာ နားမကြားတာက ဝေဒနာတခုပါ သူငယ်ချင်း၊ ဒုစရိုက်မှုလုပ်တာမှ မဟုတ်ပဲကွာ၊ ပြီးတော့ ငါ့အတွက်ဆို နားပူတော့ဘဲ သက်သာဦးမယ်"



သူ့စကားကြောင့် သော်ဝင်းက ပြုံးပြီး....

"အေး....မင်းပြောသလိုဆို ပိုတောင်ဟန်ကျသေးတယ်။ နို့မို့ ဟိုဟာဝယ်ချင်တယ်၊ ဒီဟာဝယ်ချင်တယ်၊ ဟိုသွားချင်တယ်၊ ဒီသွားချင်တယ်....ဒီအရေတွေ သောက်လာ ပြန်ပြီလား.... ဘာလား ညာသား.... အဲဒါတွေ ဘာမှ မကြားရတော့ဘူးပေါ့ကွာ....ဟား....ဟား"

သော်ဝင်းက သူ့ဘာသာ သဘောကျ ပြီး ရယ်သည်။

သူးလေကုန်းအဆင်း ဗသ်ဘက်ကိုကြည့်ယင်း....

"ကြည်သာ ဟိုမှာကြည့်စမ်း"

'အချစ်ဆိုတာ ဘာလဲ' ဇာတ်ကားအတွက် သီချင်း ကြော်ငြာကို တွေ့ရသည်။ ဘော့စ် သော်ဝင်း....ဆိုသောစာလုံးကို ထင်ထင်ရှားရှား တွေ့ရ၏။ နှင်းဆီပန်းစည်းကိုင်ပြီး ရပ်နေသောသူ့ပုံက အကြီးကြီး။

"မင်း သိင်္ဂီစွဲလမ်းတဲ့ နှင်းဆီနဲ့ မင်းနဲ့ကတော့ ပနံပဲကွာ"

အခုပဲ မြနန္ဒာဆီမှ ပြန်လာခဲ့သော်လည်း မြနန္ဒာဆီကို ပြန်သွားချင်မိသည်။

✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

မိုးလင်းခါနီးမှပင် မေမွှးကနဲ့ အိပ်ပျော်သွားသည်။ ဖေဖေ အားစက်နှိုးပြီး ထွက်သွားသည့်အသံကြောင့် လန့်နိုးလာသည်။ သူ အိပ်ရာကထပြီး ခေါင်းရင်းပြတင်းပေါက်ကို ဖွင့်လိုက်၏။

နံနက်ခင်းလေပြည်က သူ့ရင်ကို ရိုက်ခတ်သွား၏။ ခြံထဲက နှင်းဆီအိုးထဲမှာ နှင်းဆီပန်းတွေ ပွင့်နေသည်။

သူ့စာကြည့်စားပွဲပေါ်က ပန်းအိုးလေးထဲမှ နှင်းဆီပန်း လေးလည်း နွမ်းနေ၏။ ပန်းတွေလည်း လဲရဦးမည်။ ကြမ်းပြင် ပေါ်မှာ စာရွက်တရွက် ကျနေသည်။ စောစောက သူ ပြတင်း ပေါက်ဖွင့်တုန်းက လေဆိုက်၍ ကျသွားသည်ပဲဖြစ်မည်။



ညက အိပ်မပျော်သည်နှင့် မြနန္ဒာထံ ရေးထားသောစာ။ သည်စာသည် ဒုတိယအကြိမ် မြနန္ဒာကိုပေးရန် ရည်ရွယ်ပြီးရေး ထားသောစာ ဖြစ်၏။ သူ ပထမဆုံး မြနန္ဒာ်ထံရေးသောစာ။

ချစ်ညီမလေး မြနန္ဒာ....

အချစ်ဆိုတာကိုအဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ ရှင်းပြပါ ဆိုယင် ကိုကို ဘယ်လိုပြောရမယ်ဆိုတာ မသိပါဘူး မြ နန္ဒာ။ ဒါပေမယ့် ကိုကို့ရင်ထဲမှာ အချစ်ဆိုတဲ့အရာ ရှိနေ တာကတော့ အမှန်ပါ။

ကိုကို သိသလောက် အချစ်နဲ့ ပတ်သက် လာယင် အတိမ် အနက်၊ အနိမ့်အမြင့်၊ အနီးအဝေးဆိုတာ ဘယ် တော့မှ မရှိပါဘူး။

အချစ်ဆိုတာ ဘဝကို ချမ်းမြေ့ စေသည်လား ပူ လောင်စေသည်လား ကိုကိုမသိ။

သို့ပေမယ့်....မြနန္ဒာကို ကိုကိုချစ်တယ်....ယုံ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"ကြည်သာရေ...."

"ဟော့ကောင်....ကြည်သာ"

သူ့နာမည်ကို ခေါ်သံကြောင့် ညကာ မြန်နွှာအတွက် ရေးတားသောစာကို ဖတ်ယင်း အငတွေး လွန်သွားရာမှ သတိရလာသည်။

"လာပြီဟေ့....လာပြီကွ"

သူက စာရွက်ကို အိတ်ထဲခေါက်ထည့်ပြီ အိပ်ခန်းထဲက ထွက်လာသည်။ စေ့စေ့စီးစီး အောင်ထွန်းတကောင် ဘာစိတ်ကူး ပေါက်ပြီး ရောက်လာသည် မသိ။



သူက သော့တွဲကိုယူပြီး ဘာဂျာတံခါး အပြင်မှာ ရပ်နေသည့် အောင်ထွန်းကို လှမ်းပေးသည်။ ဖေဖော်သော့ခလောက်ကို အပြင်မှ ခတ်သွားသောကြောင့် ဖြစ်သည်။

အောင်ထွန်းက သော့ဖွင့်ဝင်လာယင်း သူ့ကို ကြည့်ကာ....

"ဘယ်လိုလဲ....ညကာ အိပ်မှအိပ်ရဲ့လား"

"အိပ်မပျော်လို့ကွ"

"မင်းမှာလဲ ပူပင်သောက ဖြစ်စရာတွေက တခုပြီး တခု ပါပဲလား"

အောင်ထွန်းက ဆိုဖာပေါ် ထိုင်ယင်း ညည်းညည်းညူညူ ပြောသည်။

"ဘယ်တတ်နိုင်မလဲအောင်ထွန်း၊ ငါ့ကံကြမ္မာကိုက ဒီလို ဖြစ်ဖို့ ဖန်တီးလာတာကိုး၊ အခုလဲ မင်း လာတာနဲ့ အတော်ပဲ၊ တိုင်ပင်စရာ ရှိလို့"

"တိုင်ပင်တော့ မမှားဘူးပေါ့ကွာ၊ မှားစရာ ရှိယင် တောင် ဆက်သွားတာပေါ့"

"ဒီလိုဆို....မင်း ဒီမှာ စောင့်နေ၊ ဘိုကောင် တွေ့ကို ကျောင်းမှာ သွားခေါ်လိုက်ဦးမယ်"

သူက ပြောပြီးသည်နှင့် ထွက်လာသည်။

"ဟော့ကောင်....နေပါဦး၊ မင်း မျက်နှာသစ်ရ သေးရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



အောင်ထွန်းပြောမှသတိရသည်။ သူမျက်နှာပင်မသတ်ရသော သောကသည် လူကို ဒုက္ခအလွန်ပေး၏။

သူ ရေချိုးခန်းဘက် ပြန်လျှောက်လာခဲ့၏။

*

"မင်းပြဿနာက သေးတော့မသေးဘူး ကြည့်ရတာရော စဉ်းစားရုံနဲ့ ရင်မောဘယ်ကွာ"

အောင်ထွန်း စကားဆုံးတော့ ရင်ဘတ်ကို လက်နှင့် ဖိထားသည်။

တကယ်တမ်း အရေးကြီးပြီဆိုတော့လည်း တယောက်တည်း မဖြေရှင်းနိုင်။ မနက်ကတည်းက ကျောင်းမှာ လူလိုက်စုရသည်။

ပျော်ပျော်နေတတ်သော ကျော်စိုးကတော့ အချစ်ပြဿနာ ဆွေးနွေးပွဲကြီး ကျင်းပတော့မယ် ဆိုပါတော့ကွာ။ ကဲ....ဘယ်မှာ သွားဆွေးနွေးမှာလဲ၊ ဒေးဗစ်စခန်းမှာလားဟု ပြောကာ လိုက်လာသည်။



အိမ်မှာ ထားရစ်ခဲ့သော အောင်ထွန်းက သူတို့အုပ်စုဝင်လာ သည်နှင့် ရင်ဘတ်ကိုဖိပြီး ဆီးပြောလိုက်ခြင်း ဖြစ်သည်။

အိမ်မှာ ဖေဖေမရှိ။

သည်ကိစ္စ ပြောဖို့ကလည်း ဖေဖေမရှိမှ ဖြစ်မည်။ ဖေဖေ့ကို ချစ်ပါသည်။ သို့သော် မြနန္ဒာကိုလည်း သူချစ်၏။

"အေးလေ....မသေးတဲ့ ပြဿနာမို့လဲ မင်းတို့ ဆီက အကြံဉာဏ်လေးများ ရမလားလို့ တိုင်ပင်တာပါ၊ နို့မို့ ငါတယောက်တည်း လုပ်သွားမှာပါ"

သူက ဆိုဖာဆက်တီပေါ် ပစ်လှဲယင်း အောင်ထွန်းကိုပြော လိုက်သည်။ သူက ဘာမျှ ဆက်မပြောသဖြင့် အားလုံးက သူ့ စကားကို နားစွင့်နေသည်။

"ကဲဟေ့....အစည်းအဝေး မစခင် ရင်အေးအောင် သုံး ဆောင်ထားကြဦး၊ ဟေ့ကောင် အောင်ထွန်းခေါက်ဆွဲ ကော ဝယ်ထားရဲ့လား"

"ဝယ်ထားပါတယ်ကွာ၊ မင်းကတော့ သောက်စားပဲ"

နောက်ဖေး ထမင်းစားခန်းထဲ ဘယ်အချိန်က ဝင်သွားမှန်း မသိ၊ ပြန်ထွက်လာတော့ ကျော်စိုးလက်ထဲမှာ ရေခဲသေတ္တာ ထဲက ထုတ်လာသော ဘာလီပုလင်းတွေ ပိုက်တပ်ပြီး ဗန်းထဲ ထည့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံစံက ဗန်းကို လက်တဘက်တည်းဖြင့်ကိုင်ပြီး ဟိုဘယ်စားပွဲထိုး ပုံစံနှင့် တယောက်တလုံးစီ ချပေးသည်။ ကျော်စိုးပုံစံဖြောရယ်စရာ....ဒါပေမယ့် သူ မရယ်နိုင်။

"မြန်န္မာကို လက်ထပ်မသို့၊ အဲဒါ...."

"ဘာ....မင်းတကယ်ပြောတာလား ကြည်သာ"

"ဟုတ်မှလဲ လုပ်ပါကွာ"

သူ့စကားကြောင့် သော်ဝင်းက ဘာလီရည်ကို ပိုက်နှင့်စုပ်နေရာမှ ကပျာကယာဖြုတ်ပြီး မေးသည်။ ကျော်စိုးကပါ သူ့ကိုကြည့်ပြီး မယုံနိုင်ဟန်ဖြင့် ဝင်ပြောသည်။

"ဟုတ်တယ်"

သူပြန်ဖြေတော့ အားလုံးငြိမ်ပြီး တိတ်သွား၏။ သူ့ပြဿနာက အားလုံးကို ကူးစက်သွားဟန် တူသည်။ အတော်ကြာမှ အောင်ထွန်း၊ စကားသံထွက်လာသည်။

"ငါ ဇော်ခစာကပြောသလိုပါပဲကွာ၊ ရင်မောစရာကြီးပါ"

"ငါ အစကထင်တာက မနေ့င်းအေးနဲ့ ပြဿနာဖြစ်သို့ စိတ်လှင့်နေတာပဲလေဆိုပြီး ကြည့်နေတာ၊ ဒီအဆင့်အထိ ရောက်လာလိမ့်မယ်လို့ မထင်ဘူး"

ဟု သော်ဝင်းကပါ ဝင်ပြောသည်။



"မြန်န္မာ ဂဝကို ငါသနားတယ်၊ သူကလဲ ငါ့ကို အစ်ကိုတယောက်လို ခင်တွယ်ရက အခုဆို သူ့ဘေးမှာ ငါ မရှိလို့ မဖြစ်တော့ဘူး၊ သူ့ဘဝတလျှောက်လုံးမှာ ဘာတွေဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ သည် စကားမပြောနိုင်တဲ့ အ့ အပဲ ပြောပါတော့ကွာ၊ အဲသည်ကိစ္စကြောင့် အမြဲတမ်း အားငယ်နေခဲ့ရတယ်၊ ညှိုးငယ်ခနခဲ့ရတယ်"

"အဲဒီတော့...."

သူ့စကားကို ကျော်စိုးက ဝင်ထောက်ပေးသည်။

"အဲဒါကို ငါက ဖြည့်စွမ်းရမှာပေါ့ သူငယ်ချင်း"

"မင်းအသေအချာ ဆုံးဖြတ်ထားပြီးပြီလား"

"မဆုံးဖြတ်လို့ မဖြစ်တော့ဘူးအောင်ထွန်း၊ သည်လို မိန်းကလေးမျိုးကို မယူနိုင်ပဲ အပျော်သဘောထားလို့ မရဘူး၊ ပြီးတော့ သူ့ကို တွေ့စကတည်းက သနားသွားတယ်၊ မြန်န္မာလုတာလဲ ပါတာပေါ့ကွာ၊ သည်လောက်လှတဲ့မိန်းကလေးမှာမှ သည်လိုဖြစ်နေရတယ်ဆိုတော့ ငါ မြန်န္မာအတွက် သိပ်ဝမ်းနည်းမိသွားတယ်၊ သူ့နေရာမှာ ငါနေကြည့်တယ်၊ ဒီအရွယ်ရောက်အောင်တောင် ကိုယ့် အသက်ကိုကိုယ် ရှင်ခွင့်ပေးမိမယ်မထင်ဘူး။ ပြီးတော့ သူ့အိမ်ကသဲ ငါ့ကိုလက်ခံတယ်၊ ဒီအချိန်မှာ ငါ

www.burmeseclassic.com



"နောက်ဆုတ်လို့ ဘယ်ဖြစ်မလဲ၊ ငါကိုယ်တိုင်ကလဲ နောက် မဆုတ်ချင်ဘူး။ နောက်ဆုံးတော့ သူ့မိဘတွေကိုပါ ငါ ကတိပေးလိုက်ပြီ"

သူ့စကားကို အားလုံးက ငြိမ်နားထောင်နေသည်။ သူ့မှာလည်း အလိုလို ရင်ထဲကမောနေသည်မို့ စကားဆုံးတော့ ပိုမော သွားသည်။

စားပွဲပေါ်က ဘာလီရည်ကို တငုံ စုပ်သောက်လိုက်ပေမယ့် ဘာအရသာမျှ မခံစားရ။

အခန်းနံရံမှာ ကပ်ထားတဲ့ နာရီစက်သံ တချက်ချက်ထက် သူ့ရင်ထဲက နှလုံးခုန်သံက ဆယ်ဆလောက် မြန်နေသည်။

"မင်းအဘိုးကြီးက သဘောတူပါ့မလားကွ"

"အဲဒါဟာ ငါ့အတွက် အဓိက ပြဿနာကြီးပဲပေါ့ သော်ဝင်း"

"အဘိုးကြီးက သိသွားပြီလား"

"သိတော့ သိဘယ်"

"ဘာပြောလဲ"

သူ့စကားမဆုံးမီ သော်ဝင်းက ဖြတ်မေးသည်။

"သိတယ်ဆိုတာက နာမည်ပဲသိတာ၊ သဘောမတူဘူး လို့တော့ မပြောဘူးပေါ့ကွာ၊ ဒါပေမယ့် သူ့ထား ငါ့အတွက် ရည်ရွယ်ထားတဲ့လူ ရှိပုံရတယ်"



"ဘယ်သူတဲ့လဲ"

"အိမ်စည်လို့ ထင်တာပဲ"

"ဒါဆို မခက်ပါဘူးကွာ၊ အန်ကယ့်ကို ငါပဲ ရှင်းလိုက်ပါ့ မယ်ကွာ"

"ဘယ်လိုရှင်းမှာလဲ၊ လင်းစမ်းပါဦး ကျော်စိုးရယ်"

ဆေးပေါ့လိပ်ဖွာယင်း ငြိမ်နားထောင်နေသော အောင်ထွန်း ကဝင်မေးလိုက်သည်။ ခင်မောင်ကြည်က ပြုံးစိစိ လုပ်ပြီး....

"အိမ်စည်နဲ့ ငါနဲ့ပေးစားပါလို့၊ အန်ကယ့်သားကတော့ မြနန္ဒာမှ မြနန္ဒာဖြစ်ခနေပြီလို့"

ကျော်စိုးက သူ့ပြဿနာအတွက် ခေါင်းရှုပ်နေကြသည်မို့ အပြောင်အပြက် ဝင်ပြောသော်လည်း ဘယ်သူမျှ မရယ်မိကြ။

"ကဲပါကွာ စကားစပျောက်သွားဦးမယ်၊ ခုန အဲ.... မင်းအဘိုးကြီးကို မင်းက ဘယ်လိုပြောထားလဲ"

အောင်ထွန်းက ကျော်စိုးကို ဟန့်လိုက်ပြီး သူ့ကို ဆက်မေး သည်။

"မြနန္ဒာကို အိမ်ခေါ်မယ်လို့ ပြောထားဘယ်၊ အဲဒါ မြနန္ဒာကို သွားခေါ်နေတုန်း မင်းတို့က ဖေဖေပြန်လာ ယင် မြနန္ဒာအကြောင်းကို ကြို ပြောထားပါ၊ ငါ့အတွက် ဘတ်နိုင်သမျှ ပြေလည်အောင်ပေါ့ကွာ၊ မင်းတို့ရှိတော့ ငါတို့နှစ်ယောက်အတွက် အခနကောင်းတာပေါ့

www.burmeseclassic.com



"မင်း ဆုံးဖြတ်ချက်က အပြီးပဲလား၊ ပြင်ဆင်ချက်တွေ ဘာတွေ လုပ်လို့မရတော့ဘူးလား"

အောင်ထွန်းစကားကို သူက ခေါင်းယမ်းပြလိုက်သည်။

"ခက်တော့ခက်တယ် ကြည်သာ၊ မင်းက အလုပ်တခုကို ဘယ်တော့မှ ကြို အသိမပေးဘူး၊ ပြဿနာတွေ တက်လာမှ ပြောတာချည်းပဲ၊ အခု မင်းက ဆုံးဖြတ်လို့လဲ ပြီးနေပြီ၊ အခြေအနေကလဲ နောက်ဆုတ်လို့ မရတော့ဘူး၊ ဒီတော့ ငါတို့ ဘာပြောစရာ ရှိတော့လဲ၊ မအား... တခုတော့ ရှိတယ်"

"ပြောစရာရှိပြောပါ အောင်ထွန်း"

အောင်ထွန်းက သူ့ကို ကြည့်ယင်း စကား ရပ်သွားသဖြင့် ပြောချင်တာပြောဖို့ စကား ထောက်ပေးလိုက်သည်။

"ငါတို့ သိသလောက် မင်းအဖေက မင်းကို သိပ်ချစ်တယ်၊ မင်း မြန်နန္ဒာကိုယူမှာကိုတော့ ကြည်ဖြူမှာမဟုတ်ဘူး၊ ဘာလို့လဲ ဆိုတော့ သူ့မှာ မင်းအတွက် ရည်ရွယ်ထားပြီးတဲ့အပြင် မြန်နန္ဒာ့ချွတ်ယွင်းချက်က သူဘယ်လိုမှ လက်ခံနိုင်မယ် မထင်ဘူး"

"ဖေဖေ ငါ့ကို ဘယ်လောက် ချစ်တယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့်...ငါဘယ်လိုမှမတတ်နိုင်တော့ဘူး"

သူက စကားပြောယင်း နံရံပေါ်မှာ ချိတ်ထားသော ဓာတ်ပုံကြီးဆီ မျက်လုံးရောက်သွားသည်။

သူနှင့် ဖေဖေ....။



သူ ဆယ်တန်းအောင်သောနှစ်က နှစ်ယောက်တွဲ ရိုက်ထားသော ဓာတ်ပုံကြီး။

ဓာတ်ပုံထဲမှာ....ဖေဖေက ပြုံးနေသည်။ သူလည်း ပြုံးနေသည်။

ခုတော့ ဖေဖေလည်း မပြုံးနိုင်၊ သူလည်း မပြုံးနိုင်။

"ပြောသာ ပြောတာပါကွာ၊ တကယ်တမ်း ကျတော့ ကာယကံရှင်က အဓိကပါ၊ မိဘ ဆိုတာကတော့ ထုံးစံအတိုင်း သားသမီးကို သူတို့သဘောကျတဲ့လူနဲ့ ပေးစားပြီး ဆင်စီးတာတွေ ကားစီးတာတွေပေါ့ကွာ၊ ဒါပေမယ့် လင်မယားဘဝမှာ ဖြစ်လာတဲ့ ပြဿနာ ကျတော့ သဘောတူတာပဲ ယူယူ...သဘော မတူတာပဲ ယူယူ ကာယကံရှင်ကသာ ခံစားရတာပါ၊ အသည်းနှလုံး ကိစ္စကျတော့ အငှား အသည်းနှလုံးနဲ့ ခံစားခိုင်းလို့ မရပါဘူး၊ လွမ်းရပြီ ဆွေးရပြီဆိုတော့ကာယကံရှင်တယောက်တည်း....ကိုယ်တယောက်တည်း....

"မိဘကို တော်လှန်တဲ့....မထောက် ထားတဲ့ သဘော ပြောတာတော့ မဟုတ်ပါဘူး၊ သူတို့ ပေးစားတာ ယူတော့ ကိုယ်နဲ့ အဆင်မပြေယင် ကိုယ် စိတ်ဆင်းရဲရမှာ၊ အဲဒီတော့ ကိုယ်မချစ်တဲ့လူကိုယူပြီး စိတ်ဆင်းရဲရမှာပဲ၊ ကိုယ်ချစ်တဲ့လူကို ယူပြီး စိတ်ဆင်းရဲတာက ခံသာသေးတယ်၊ အခု မင်းကလဲ ဆုံးဖြတ်ပြီးသားဆိုတော့ ငါတို့ သူငယ်ချင်း ကောင်း ပီသစွာ မင်းလုပ်ချင်တာ လိုသလိုလုပ်ပေးရုံပဲ ရှိတော့တယ် သူငယ်ချင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်းလုပ်ချင်တာတွေသာပြောပေတော့"

အောင်ထွန်း စကားဆုံးတော့ ကျော်စိုးက ဝင်ထောက်ခံသည်။ သော်ဝင်းက စီးကရက်ဖွာယင်း ခေါင်းညိတ်သည်။

"ငါ မြနန္ဒာကို သွားခေါ်မယ်၊ ဖေဖေလာယင် မင်းတို့ ပြောထားနှင့်ကြ"

"အပေါင်းအသင်းက ကောင်းခဲ့တော့ ခေါင်းကျိန်း ဦးတော့မှာပေါ့ကွာ"

သူ စကားပေါ်တက်ပြီး စက်နှိုးမိတော့ ကျော်စိုးက တခါးဝ လိုက်ပြီး ပြောသည်။ လောလောဆယ်တော့ သူပျော်နေသည်။ အဲသည် အပျော်လေး....ပျော်ကျသွားမှာ စိုးရိမ်မိပါသည်။

✲ ✲ ✲

# အခန်း ( ၄ )

"အခြေအနေကတော့ တော်တော့ကို မကောင်းတာပါ ပဲလား"

အောင်ထွန်းနှင့် သော်ဝင်းက ကြည်သာ့ဖခင် ဦးမောင်ညွန့်ကို ကြည်သာနှင့်မြနန္ဒာကိစ္စကို ရှင်းပြပြီးသည်နှင့် ဦးမောင်ညွန့်မှာ စိတ်ခေါတ်အတော် ကျသွားပုံရသည်။ လက်ထဲက ဆေးလိပ်ကို ခွေးပွဲပေါ်က ပြာခံခွက်ထဲသည့်ယင်း ညည်းညည်းညူညူ ပြောသည်။ အောင်ထွန်းနှင့် သော်ဝင်းမှာ ဦးမောင်ညွန့် အခြေအနေကြောင့် စကားမဆက်နိုင်ပဲ ငြိမ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ဉာဏ်က ပြာခံခွက်ထဲက ဆေးလိပ်ကို ပြန်ကောက်ယူပြီး မီးညှိမလိုလုပ်ပြီး မညှိတော့ပဲ ပြန်ချထားပြန်၏။

"စကားလဲ မပြောတတ်၊ နားလဲမကြား ဆိုတော့"

ဦးမောင်ဉာဏ်က စကားကိုရပ်ပြီး သက်ပြင်းတချက်ချသည်။ ဦးမောင်ဉာဏ်ရင်ထဲမှာသားအတွက် မည်မျှခံစားနေရမည်ဆိုတာ ဦးမောင်ဉာဏ်ပဲ သိလိမ့်မည်။

ဦးမောင်ဉာဏ် အမူအရာကိုကြည့်ပြီး ဘယ်လောက် စိတ်လှုပ်ရှားနေသည်က တော့ ကြည်သာ့ သူငယ်ချင်းတွေ ခန့်မှန်းမိ၏။

"ဒီလောက်ပဲ ယူစရာရှားသလားကွာ"

ဦးမောင်ဉာဏ် မချင့်မရဲနှင့် ပြောသည်။ သော်ဝင်းက အောင်ထွန်းကိုလှည့်ပြီး ဘာပြောရမလဲဆိုသည့် သဘောနှင့် မေးဆတ်ပြသည်။

"ဦးလေးကို ကျွန်တော်တို့ လေးစားပါတယ် ဦးလေး။ ပြီးတော့ ကျွန်တော်တို့ မိဘဆိုလဲ မခွားပါဘူး၊ ကျွန်တော်ပြောတဲ့စကားက တယူသန့် ဖြစ်ချင်လဲ ဖြစ်နေပါလိမ့်မယ်၊ ကမ္ဘာကျော်တဲ့ခေါင်းဆောင်ကြီး ဟစ်တလာလို၊ နပိုလီယံလို ပုဂ္ဂိုလ်မျိုးတွေ ဦးနှောက်ကို သုံးပြီး ကမ္ဘာတခုလုံးကို စိုးမိုးဖို့ ကြိုးစားကြတယ်၊ ဒါပေမယ့် အချစ်နဲ့ ပတ်သက်လာတဲ့အခါ အဲဒီဦးနှောက် ဆိုတာ



အမှိုက်ပုံက ဖိနပ်စုတ် တဘက်လို ဖြစ်နေတယ်၊ အခု ကြည်သာ့ ကိစ္စကလဲ ဦးနှောက်ကို နေရာ မပေးဘူး ဦးလေး"

"မောင်အောင်ထွန်းက အချစ်တခုပဲလို့ဆိုချင်တာလား"

"ကျွန်တော် တခုတော့ ကြိုပြောပါရစေ ဦးလေး၊ ဦးလေးကို ကျွန်တော် စကားနိုင်လုပြီးပြောတာ မဟုတ်သလို ခံပြောဖို့ ကြိုးစား နေတာလဲ မဟုတ် ပါဘူး၊ ကြည်သာဟာ ကျွန်တော်တို့ သူငယ်ချင်း၊ ဦးလေးက အဖေ၊ ဦးလေးလဲ သားအနေနဲ့ချစ်သလို ကျွန်တော်တို့ ကလဲ သူငယ်ချင်းတယောက် အနေနဲ့ ချစ်တာပါပဲ၊ တခုတော့ရှိပါတယ်၊ မိဘခမတ္တာကိုတော့ မမီပါဘူး၊ ဒါပေမယ့် သူငယ်ချင်းတယောက် ဆိုးဆိုးရွားရွားဖြစ်သွားမှာကို မလိုလားသလို သူငယ်ချင်း စိတ်ဆင်းရဲမှာကိုလဲ မမြင်ချင်ပါဘူး"

"မောင်အောင်ထွန်းတို့က ငယ်ပါသေးတယ်၊ အတွေ့အကြုံဆိုတာ ဘာမှ မရှိသေးဘူး၊ တကယ့်လက်တွေ့ဘဝမှာ ရုပ်ရှင်ထဲကလို ဝတ္ထုထဲကလို စိတ်ကူးယဉ် အချစ်မျိုးက ရှိတာမဟုတ်ဘူး၊ အိမ်ထောင်သည် ဘဝဆိုတာ အချစ်တခုတည်းနဲ့ မပြည့်စုံနိုင်သလို ငွေရှိရုံနဲ့လဲ မပြည့်စုံနိုင်ဘူး၊ အခုခေတ်မျိုးမှာတော့ အချစ်....အချစ်နဲ့ အသံကုန်ဟစ်နေတာပဲ၊ အသံကုန်မောပြီး ရပ်သွားတော့

www.burmeseclassic.com

www.burmeseclassic.com



အပြစ်....အပြစ်ဆိုတာတွေ ပေါ်လာရော၊ မင်း စဉ်းစား ကြည့်လေ....စကား မပြော တတ်တဲ့ နား မကြား တဲ့ မိန်းကလေးနဲ့ အကြင်လင်မယား အဖြစ် ဘယ်သို့နေ မှာလဲ"

"နားကျပ်ဘပ်ထားယင် နားကြားရပါတယ် ဦးလေး၊ အမူအရာနဲ့ပြောတာကိုလဲ ကြည့်သာက နားလည်ပါ တယ်"

သော်ဝင်းက ဝင်ပြောသည်။ ဦးမောင်ညာဏ်က ခေါင်းခါ ယင်း....

"ဦးလေးတော့ ဘယ်လိုမှ စဉ်းစားလို့မရပါဘူးကွာ"

အောင်ထွန်းက သူငယ်ချင်းကြည့်သာအတွက် လျှောက်လဲ ချက်ပေးရန် ပါးစပ်ပြင်စဉ် ကားသံကြားရသည်။

တိုယိုတာကိုရှိလာ အသံ။ မြနန္ဒာတို့အိမ်မှ ကားဖြစ်မည်။

ကားစက်သံကြောင့် ဦးမောင်ညာဏ် မျက်နှာမှာ ပို၍ညိုး သွား၏။ သားသမီးကို ချစ်ရသောကြောင့် ခံစားရသည့် ဝေဒနာ သည်လည်း အဆင့်သေးလှသည်မဟုတ်၊ ရင်ထဲမှာ နင့်နေသည်။

✲



သူနှင့် မြနန္ဒာ ဝင်လာတော့ ကျော်စိုးက ဖေဖေ မမြင် အောင် လက်ခါပြသည်။

အခြေအနေ မကောင်း။

မျက်နှာတွေအားလုံး အပြုံးမရှိ။ သူ့ရင်ထဲမှာ လေးလာ သည်။ မြနန္ဒာကလည်း ရိပ်မိပုံရသည်။

သူက မြနန္ဒာ လက်ကလေးကို ဖျစ်လိုက်ပြီး နှစ်သိမ့်ပြုံး ပြုံးမိသည်။

သူက မြနန္ဒာ လက်ကိုဆွဲပြီး ဖေဖေ ထိုင်နေသည့်နေရာကို လျှောက်လာခဲ့သည်။

"ဖေဖေ...."

သူ့အသံက တိုးလွန်းနေသည်လား မသိ၊ ဖေဖေက မထူး။ ငြိမ်သာ ပြုံးနေသည်။ ဖေဖေ့ အပြုံးသည် လှိုက်လှဲမှု မရှိလှ ကြောင်းကို သူနှင့် မြနန္ဒာ သိသလို ဖေဖေ ကိုယ် တိုင် လည်း သိလိမ့်မည်။

"ဖေဖေ....ဒါ သားပြောတဲ့ မြနန္ဒာ"

သူက မြနန္ဒာရှေ့မှာမို့ စကားကို ကြိုးစားပြောနေရသည်။ ရင်ထဲမှာတော့ မကောင်း။

"အေး....အေး....ထိုင်ကြ....ထိုင်ကြ"

သူက မြနန္ဒာကို နေရာပေးပြီး သူပါ ဝင်ထိုင်သည်။ မြနန္ဒာ မျက်နှာပေါ်မှာ အားငယ်စိတ်၊ စိုးရိမ်စိတ်နှင့် ရှက်သွေးတို့ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတန်မဲ့ ယောကျ်ားလေး မိဘရှေ့သို့ လိုက်လာရ သည့် သတ္တိမှာ တော်ရုံမဟုတ်၊ သည်လိုသတ္တိမွေးဖို့ ရင်ထဲက အချစ်စိတ်၏ တွန်းအားမည်မျှရှိသည်ကိုလည်း သူ ခန့်မှန်းမိ၏။

မြနန္ဒာ စိတ်ထဲတွင် သူသ စိုးမိုးနေကြောင်း သိရသောအခါ မြနန္ဒာအပေါ် ထားမိသော ကြင်နာသနားစိတ်နှင့် ကရုဏာ တရားသည် ပို၍တိုးလာရပြန်သည်။

"ဖေဖေ ပြန်ရောက်တာ ကြာပြီလား"

သူက ဖေဖေ့မျက်နှာကိုကြည့်ကာ ဘာစကား ပြောရမှန်း မသိ၊ ပြောမိပြောရာ ပြောမိသည်။ ဖေဖေက ညို့မှိုင်းသော အကြည့်ဖြင့် တုံ့ပြန်ယင်း 'အင်း'ဟု လေးလေးပင်ပင် ပြော သည်။

ဖေဖေ့ ရင်ထဲမှာလည်း မောနေပုံ ရသည်။ တကယ်တော့ ဧည့်ခန်းထဲမှာ ရှိသမျှလူတွေအားလုံး ရင်မောနေကြရသည်ပင်။

"သား....စိတ်ချမ်းသာတယ်မဟုတ်လား"

သူ ဘယ်လိုပြောရမှန်းမသိ၊ ယောင်ချာချာနှင့် ခေါင်းညိတ် မိသည်။ မြနန္ဒာကတော့ ခေါင်းလေး ငုံ့ထားသည်။

ဖေဖေက ခေါင်းတညိတ်ညိတ်လုပ်ယင်း....

"သမီးလေး ဘာမှ မစိုးရိမ်နဲ့နော်၊ အားလုံးကို ဦးလေး သဘောပေါက်ပါတယ်"



ဖေဖေ့ စကားကို အဓိပ္ပာယ်ဖော်သော်လည်း အဖြေမထွက်။ အဖြူလား....အမည်းလား....မသဲကွဲ။

နှစ်သိမ့်စကားဟုပင် မယူဆရဲ။

အားလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေသည်။ ဖေဖေက ဆေးလိပ်နှင့် မီးခြစ်ကို ကောက်ယူယင်း ထိုင်ရာမှ ထကာ....

"အေးအေးဆေးဆေး နေကြဦးပေါ့၊ ဖေဖေ ခဏ အနားယူလိုက်ဦးမယ်"

မြနန္ဒာက ခေါင်းညိတ်သည်။ ဖေဖေ ဧည့်ခန်းထဲမှ ထွက်ပြီး အိပ်ခန်းထဲဝင်သွားသည်အထိ ဘာစကားမျှ မကြားရ။

မြနန္ဒာကို လှည့်ကြည့်မိသည်။

မျက်လုံးထဲက မျက်ရည်စသည် ကြွေလုလု....

"မြနန္ဒာ....ညီမလေး"

မြနန္ဒာက သူ့အသံကြောင့် အသက်ဝင်လာပြီး သူ့ကိုမော့ ကြည့်သည်။ မြနန္ဒာပခုံးသား နုနုလေးကို တင်းတင်းဆုပ်ပြီး....

"အားမငယ်စမ်းပါနဲ့ မြနန္ဒာ၊ မြနန္ဒာဘေးမှာ ကိုကို ထာဝရရှိမှာပါ၊ မြနန္ဒာအတွက် အရာအားလုံးကို ဆန့် ကျင်မှာပါ၊ ဖေဖေ အတွက်လဲ မစိုးရိမ်ပါနဲ့ကွ၊ ဖေဖေ က ကိုကို့ကို ချစ်ပါတယ်"

မြနန္ဒာက သူ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်ယင်း ခေါင်း ညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အားမငယ်ပါနဲ့ ညီမလေးရယ်"

မြန္မာကို အားမငယ်ရန် ပြောနေရသော်လည်း သူကိုယ်တိုင်က အားငယ်သလို ဖြစ်နေသည်။

ကံကြမ္မာကို ရေဒါနှင့်ကွန်ပြူတာသည် တွက်ချက်နိုင်စွမ်းမရှိ။ သူလည်း ဘာမျှမသိ။ ရင်ထဲမှာ အချစ်ရှိသည်။

နှလုံးသားသည် သံယောဇဉ်ကြိုးလုပ်သော စက်ဖြစ်၏။

*

မြန္မာကိုပို့ပြီး ပြန်လာတော့ အိမ်မှာ ဘယ်သူမျှမရှိ။ သူငယ်ချင်းတွေလည်း ပြန်သွားပြီ။ သူက တံခါးဖွင့်ပြီး ဝင်လာတော့ ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ငူငူကြီးထိုင်နေသော ဖေဖေကို တွေ့ရသည်။

စားပွဲပေါ်က ပြာခံခွက်ထဲမှာ စီးကရက်တိုတွေ ပြည့်နေ၏။

"ဖေဖေ နေကောင်းတယ်နော်"



သူက ဖေဖေ့အနီးလျှောက်သွားပြီး မေးသည်။ ဖေဖေက လက်ထဲကစီးကရက်ပြာကို ခြွေချယင်း ခေါင်းညိတ်သည်။

"ထိုင်ဦး....သား"

သူက ဖေဖေ့ဘေးမှာ ဝင်ထိုင်သည်။ ဖေဖေကသူ့ကိုဘယ်က စပြောရမည်ကို စဉ်းစားနေဟန် တူသည်။ တဝက်လောက် သောက်ပြီးသော စီးကရက်ကို ပြာခံခွက်ထဲ ထိုးခြေလိုက်သည်။

စီးကရက်မီးခိုး ငွေ့များက အခန်းမှာ ပျံ့လွင့်နေသည်။

"ဖေဖေ သဘောတူတာကတော့ အိမ်စည်ပဲ"

ဖေဖေက စကားကို တိုးတိုးကြီး ပြောချလိုက်သည်။ သူမင် ဘာပြန်ပြောရမှန်း မသိ။

အိမ်စည်ပဲ သဘောတူတယ်ဆိုတော့ မြန္မာကိုသဘောမတူကြောင်း ပြောသည်ပင်ဖြစ်၏။ သူ့ရင်ထဲမှာ အိမ်စည်အတွက် နေရာ လုံးဝမရှိ။

"မြန္မာကို ကျွန်တော် ကတိပေးပြီးပါပြီ ဖေဖေ"

"မင်းကောင်မလေးနဲ့ အိမ်စည်နဲ့ ဘာဆိုင်လို့လဲ၊ ပြောလိုက်ယင်မကောင်း ဖြစ်သွားမယ်"

ဖေဖေ ဒေါသထွက်သွားသည်။ အခုအချိန်မှာတော့ သူပြောသမျှစကားသည် ဖေဖေ့ဆန္ဒနှင့် ဆန့်ကျင်ဘက်တွေ နားခါးစရာတွေသာ ဖြစ်နေပေလိမ့်မည်။ တတ်နိုင်သမျှ ဘာမျှ ပြန်မပြောဖို့ ဆုံးဖြတ်ပြီး ခေါင်းငုံ့နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သား...."

ဖေဖေ့အသံက နူးညံ့သွား၏။ သူက ခေါင်းငုံ့ပြီးနားထော
နေသည်။

"သားရယ်....သားကို ဖေဖေ ဘယ်လောက် ချစ်ထ
အလိုလိုက်တယ်ဆိုတာ သားသိပါတယ်၊ သားကိုဖေ
သိပ်ချစ်တယ်"

ရင်ထဲမှာ လှိုက်ကနဲ ခံစားရသည်၊ ဖေဖေ့အချစ်ကို သူ
သည်။ မျက်ရည်စသည် ပေါက်ကနဲ ကြွေကျ၏။

အပြာရောင် ဂျင်းဘောင်းဘီမှာ မျက်ရည် စွန်းသွားသည်

"သားရယ်....မင်းဘဝကို အဆုံးခံတော့မသား"

သူငြိမ်ပြီးနားထောင်နေသည်။ သူပြန်ပြောမည့်စကားသ
ဖေဖေ့အတွက် မကျေနပ်စရာပဲ ဖြစ်လိမ့်မည်။ ဖေဖေ့အသံ
ငိုသံပါနေသည်။

"မင်း ဖေဖေ့ကို တယောက်တည်း ထားခဲ့တော့မှာ
လား....သား၊ ဖေဖေ့ကို ရက်စက် တော့မှာလား"

"ဖေဖေ့ကို သား ရက်စက်တာ မဟုတ်ပါဘူး ဖေဖေ
ဖေဖေ့ကို သားချစ်ပါတယ်၊ ပြီးတော့ မြန်နွှာကို
သား ပစ်မထားနိုင်ဘူး၊ မြန်နွှာဟာ သားကိုသူ့အ
စွမ်းအားအဖြစ် သတ်မှတ်ထားတာပါဖေဖေ၊ အခုအ



မှာ သားက မြန်နွှာကို ခွဲထားခဲ့ယင် သား လူမဟုတ်
တော့ဘူး ဖေဖေ၊ အရိုင်းစိုင်းဆုံး အရက်စက်ဆုံး
တိရစ္ဆာန်တကောင် ဖြစ်သွားလိမ့်မယ်"

ပြောချင်သော်သည်း မပြောဖြစ်။ ရင်ထဲမှာ ပျောက်ကွယ်
သွားသည်။ ဖေဖေ့ဆီမှ စကားသံကို ကြားရပြန်သည်။

"ပညာလေးကလဲစုံ အောင်မြင်တဲ့ အဆိုတော်
တယောက်လဲ ဖြစ်နေပြီဆိုတော့ ဖအေကို အားမကိုး
ချင်တော့ဘူး၊ ခြေရာချင်း တူသာပြီလေ၊ ဒါပေါ့ကွာ
ကျွန်ကိုယုံယင် တာက်ပါကန်းတာ၊ အခု နှစ်ဘက်ကန်း
ရဘာပေါ့"

သူက ခေါင်းခါသည်။

"မိဘမေတ္တာဆိုတာ စူးတတ်တယ်၊ မိဘမေတ္တာကို နား
မလည်ယင် ဒုက္ခ ရောက်တတ်တယ်၊ သားကို ဖေဖေ
သိပ်ချစ်တယ်"

ဖေဖေ စကားဆုံးသည်နှင့် အိပ်ခန်းထဲ ဝင်သွားသည်။ သူ
ဖေဖေ့ကို စိတ်မဆိုးပါ။ ဖေဖေ့မေတ္တာကို နားလည်ပါသည်။

လောက၌ နောက်ဆုတ်၍ မရသောအရာတွေ အများကြီး
ရှိသည်။

သို့သော် ဖေဖေ့အတွက် သူဝမ်းနည်းရပါသည်။ ခွင့်လွှတ်
ပါဖေဖေရယ်ဟု ပြောသည်ကလွဲလို့ ဘာမျှမတတ်နိုင်တော့ပါ။

သက်ပြင်းတချက်ကိုလေးကန်စွာချယင်း သူလည်းသူ့အိပ်ခန်း
ထဲ ဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းအိုးထဲက နှင်းဆီလေး ပွင့်လန်းနေ၏။ ပြတင်းတံခါးကို ဖွင့်လိုက်တော့ ရွက်ဝါလေးတရွက် ခုန်ပျံဝင်လာသည်။ နွေသည် ကြိုနေပြီ။

ညဦးလေသည် နွေရိပ်ထင်နေ၏။

* * *

အခန်း ( ၅ )

လရောင်သည် မြနန္ဒာ၏ ရင်ကိုအေးမြစေနိုင်စွမ်းမရှိ။ မြေပြင်ပေါ်မှ ရွက်ကြွေများကိုကြည့်ယင်း ကိုယ့်ဘဝကိုယ် မကျေနပ်။

မြနန္ဒာသည် လူတွေကို ဒုက္ခပေးဖို့များ မွေးဖွားလာရသည်လား...,

မြနန္ဒာငယ်ငယ်လေးကတည်းက မြနန္ဒာကြောင့် ကိုကို သေဆုံးခဲ့ရသည်။

သည်အရွယ်ရောက်ပြန်တော့ ကိုကိုကြည်သာသည် မြနန္ဒာအတွက် စိတ်သောကရောက်နေရပြန်သည်။ ကိုကိုပေဖေသည်း သောကဖြစ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သေသွားလျှင် ကောင်းမည်လားဟု စိတ်ကူးမိသော်လည်း ကိုကို့ကို မခွဲနိုင်။

ညနေက ကိုကို့ဆန္ဒကိုမငြင်းပယ်လိုသောကြောင့်သာ လိုက်သွားရသည်။ မြနန္ဒာမလိုက်ချင်။ ဟိုရောက်တော့ ကိုကို့ဖေဖေ မျက်နှာက မြနန္ဒာကို လိုလားဟန်မရှိ။ အခုအချိန်ဆို ကိုကို့ ဖေဖေသည် ကိုကို့ကို ဘာတွေပြောနေမည်လဲမသိ။

အဆင်ပြေရဲ့လား။

ပြေမည်တော့မထင်ပါ။

ကိုကို့လိုတက္ကသိုလ်ကျောင်းသား အဆိုတော်တယောက်နှင့် မြနန္ဒာလို ဆွံ့အ နားမကြားသော မိန်းကလေး....။

ကိုကို့ဖေဖေကို မြနန္ဒာစိတ်မဆိုးနိုင်ပါ။ မြနန္ဒာဘဝကိုသာ မကျေမနပ်ဖြစ်မိသည်။

"ကိုကိုရယ်.... မဆုံဆည်းခဲ့ကြယင် မချစ်ခဲ့ကြယင် ကောင်းမှာပါ၊ မြနန္ဒာကို မချစ်ပါနဲ့တော့ ကိုကိုရယ်၊ မြနန္ဒာဘဝနဲ့မြနန္ဒာပဲရှိပါစေ၊ ကိုကို မြနန္ဒာကို မချစ်လို့ ကိုကို့ဖေဖေက မကျေနပ်လို့ ထားရစ်ခဲ့မယ်ဆိုလဲ ထားရစ်ခဲ့ပါတော့ မြနန္ဒာ ကိုကို့ကို ခွင့်လွှတ်ပါတယ်"

မြနန္ဒာရင်ထဲက နှလုံးခုန်သံသည် မြန်သွားလိုက်၊ နှေးသွားလိုက်။ ကိုကို့ကိုပိုင်ဆိုင်ချင်သလို ခွင့်လွှတ် အနစ်နာခံချင်သည်။



"သမီးလေး....မအိပ်သေးဘူးလား"

မေမေ့ အသံကို နောက်မှကြားရသည်၊ ဘုရားခန်းထဲမှ ဖေဖေ၏ အမျှဝေသံနှင့်အတူ ကြေးစည်သံကို ကြားရ၏။ ကြေးစည်သံသည် ဝမ်းနည်းစရာ ကောင်းနေ၏။

မေမေက မြနန္ဒာအနား ရောက်လာပြီး မြနန္ဒာ ခုံးလေးကို ပွေ့ဖက်ယင်း....

"စိတ်အေးအေးထားနော် သမီးလေး၊ သမီးလေး ကံကောင်းမှာပါ၊ စိတ်ညစ်စရာ မတွေးနဲ့ဟုတ်လား၊ မောင်ကြည်သာက လူတော်တယောက်ပါကွယ်"

မေမေ့အယုအယနှင့် အကြင်နာစကားက မြနန္ဒာရင်ကို လန်းဆန်းသွားစေသည်။

မြနန္ဒာပြုံးသည်။

မေမေက မြနန္ဒာပါးလေးကို မွှေးမွှေးပေးသည်။

ကိုကို့ကို သတိရသည်၊ ပြီးတော့ မြနန္ဒာရှက်နေပြန်သည်။ ကိုကိုနမ်းမှာ ကြောက်သည်။

✲

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက မြေပဲလှော်ကြိုက်သည်။

ကိုကိုနှင့်မြနန္ဒာ ရွှေတိဂုံဘုရား မြောက်ဘက်မုခ် ဓာတ်လှေကားကတက်ပြီး ဘုရားဖူးသည်၊ ပန်းနှင့်ရေလှူသည်။ ထာဝရအချစ်နှင့် ထာဝရချစ်ဖို့ သစ္စာပြုကြသည်။

ဘုရားကျောင်းကန်၏အရိပ်သည် ရင်ကို အေးမြစေ၏။

တန်ဆောင်းကလေးတခုမှာ ကိုကိုကထိုင်မည်ဆိုတော့ မြနန္ဒာခေါင်းညိတ်မိသည်။ ကိုကိုသည် မြနန္ဒာအတွက် စေတလုံးပိုင်ရှင်ပင်ဖြစ်၏။

အိမ်မှာကဘည်းက လှော်ပြီး အခွံချွတ်လာသော မြေပဲလှော်ဖြူဖြူလေးတွေထုပ်လာသည့် မြနန္ဒာလက်ကိုင်ပဝါလေးကို ဖြေလိုက်တော့....

ကိုကို့အလိုကို သိပ်သိတဲ့ ညီမလေးပါပဲ....တဲ့။

ကိုကိုက မြနန္ဒာပေးသည့် မြေပဲစေ့လေးကိုဝါးယင်း....

"ဘုရားရှေ့မှာ ပြောတဲ့စကားမို့ ကိုကိုမလိမ်ပါဘူး မြနန္ဒာ၊ ပြီးတော့ ကိုကိုကိုယ်တိုင်လဲ မလိမ်တတ်ပါဘူး၊ ကိုကို ညီမလေးကိုသနားတယ်၊ညီမလေးမျက်နှာ ညှိုးနေတာအားငယ်နေတာကို မကြည့်ရက်ဘူး၊ ညီမလေး စိတ်ချမ်းသာမယ်ဆိုယင် ကိုကိုဘာပဲလုပ်ရလုပ်ရမှာ"



မြနန္ဒာက ပြုံးပြီးခေါင်းကလေးကို ညိတ်မိပြသည်၊ တချင်ချင်မြည်နေသော ဆည်းလည်းသံလေးများက ကြည်နူးစရာ ကောင်းနေသည်။

✲

ပိတ်ကားပေါ်က အရုပ်တွေကို သတိမထားမိ။ ဆောင်းဘောက်က ထွက်နေသည့်အသံကိုမကြား။ ပိတ်ကားပေါ်က ပြန်လာသောအလင်းရောင်ဖြင့် တချက်တချက် မြင်နေရသော ကိုကို့မျက်နှာကိုသာ ငေးကြည့်နေသည်။

ကိုကိုက ကွာစေ့ကို ကတောက်တောက် ဝါးနေသည်။

စောကြာတော့ ကိုကိုက မြနန္ဒာ လက်ဖဝါးလေးကို ကိုင်သည်။ ပြီးတော့ လက်ဖဝါးလေးကို ဖြန့်ပြီး ကွာစေ့တွေ ထည့်ပေးသည်။ လက်နှင့် တဆုပ်။

မြနန္ဒာက လက်ထဲက ကွာစေ့တစေ့ယူပြီး အခွံခွာသည်။

ကွာစေ့က အခွံမပါ။

ကိုကိုက မြနန္ဒာအတွက် ကွာစေ့တွေကို အခွံခွာ ကျွေးခြင်းဖြစ်သည်။

ချစ်လိုက်ရတဲ့ ကိုကိုရယ်....

www.burmeseclassic.com

www.burmeseclassic.com



ရှက်လိုက်တာ။

ဖြတ်ကနဲ ကိုကိုက မြန္မာ့ပါးလေးကို နမ်းသည်။ ပျော်ပြီး ရှက်သည်။ ရုပ်ရှင်ပြီးသွားသည်။

မီးတွေ လင်းလာသည်။

မြန္မာ့ပါးကလေးရဲနေမည်ကို သမ္မတရုံနံရံကမှန်ကိုမကြည့်ပဲ သိပါသည်။

ရုံကထွက်တော့ ကိုကို့လက်ကို တွဲထားသော်လည်း ကိုကို့ မျက်နှာကို မကြည့်ရဲသလို ဖြစ်နေသည်။ ခေါင်းကလေး ငုံ့ပြီး ...းမိ၏။

ပြုံးပြီး ရှက်ရပြန်သည်။

*　　　*　　　*

အခန်း ( ၆ )

"မင်းနဲ့ မနှင်းအေး တွေ့သေးသလား၊ ကြည်သာ"

အမှန်က ကျော်စိုးပိုင် 'ထနောင်း' တေးသံသွင်းမှ ထုတ်မည့် ...ချင်းကိုစကို တိုင်ပင်စရာ ရှိသည် ဆိုသောကြောင့် သူနှင့် ကျော်စိုးသည်နေရာမှ ထိုင်နေခြင်း ဖြစ်သည်။ သည်နေရာဆိုတာ ...တက္ကသိုလ် ရေကူးကန်ရှေ့ စွယ်တော်ပင်အောက်က ဗူးသီး ...ကြော်ဆိုင်....။

စီးရီးအသစ်အတွက် အသံသွင်းဖို့ ကိစ္စကို တခွန်းမှ မပြောရ ...သေး။ ဗူးသီးကြော်မရောက်သေးသဖြင့် ရေနွေးကြမ်း သောက် ...နေယင်းက ကျော်စိုးသည် မမျှော်လင့်သောစကားကို ပြောလာ ...သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါပြောဖူးသားပဲ၊ အင်းဝ အအေး ဆိုင်မှာ အဖော်တယောက်နဲ့ တွေ့လိုက်တာဟာ နောက်ဆုံးပဲ ကျော်စိုး"

"မနေ့က စိန်ဂျွန်းဈေးမှာ ငါနဲ့ တွေ့တယ် ကြည်သား၊ သူက ကားစက်နှိုးပြီး ထွက်တော့မလို့၊ ငါကလဲ အမှတ်တမဲ့မို့ သူ့ကားကို သတိမထားမိပဲ ငါ့ကားကသူ့ကား ဘေးမှာ ရပ်မိတယ်၊ ငါကားပေါ်ကဆင်းတော့ သူက လှမ်းခေါ်တာ"

ကျော်စိုးက သူ့စကားကို စောင့်နေဟန် တူသည်။ ရေနွေးတခွက်ကိုသောက်ယင်း....လာချပေးသည့်ဗူးသီးကြော်ကိုချဉ်ရည် တို့ပြီး စားနေသည်။

သူ့ဆီက ဘာသံမျှ မကြားရတော့မှ....

"သူ့မိဘတွေက ဆရာဝန်တယောက်နဲ့ သဘောတူထားလို့ အဲဒီလူနဲ့ လက်ထပ်ချင် လက်ထပ်ရလိမ့်မယ်တဲ့၊ မင်းအကြောင်းကိုတော့ အများဆုံး ပြောတယ်၊ ဘာတွေ လုပ်နေသလဲလို့လဲ မေးတယ်၊ မင်းသီချင်းတွေ ထွက်တာလိုလဲ သိနေတယ်၊ ငါ ခန့်မှန်းလို့ ရသလောက်တော့ မင်းကို သံယောဇဉ်ပြတ်ဟန် မတူဘူး၊ မင်းက သူ့ကို လျစ်လျူရှုထားတယ်၊ ဘာညာပေါ့ကွာ စိုးနေတာပဲ....



"ငါကလဲ ဝယ်စရာကိစ္စနဲ့ မတ်တတ်ရပ်ပြောနေရတာမို့ အားနာတယ်နဲ့ တူပါတယ်ကွာ....သူ့ရင်ထဲမှာ ပြောစရာတွေ အများကြီးရှိတယ်တဲ့၊ အေးအေးဆေးဆေး ပြောချင်သေးတယ်လို့ပြောပြီးကားမောင်း ထွက်သွားတာပဲ"

"သူ တယောက်တည်းလား"

"တယောက်တည်းပါကွာ"

နှုတ်မှ လွတ်ကနဲထွက်သွားသည်။ သည်စကားကို သူ ဘာလို့ မေးမိပါလိမ့်။ တကယ်ဆို မေနှင်းအေး သည် သူ့ ဘဝထဲက ထွက်သွားခဲ့ပြီပဲ။

သူ မေးသည့်စကားက မနာလိုသည့် စကားလား။

သံယောဇဉ်မပြတ်သည့် စကားလား။

သူ မေနှင်းအေးကို မမေ့နိုင်ဘူးလား။

သူ မဖြေတတ်ပါ။ ဖြေတတ်လျှင်လည်း မဖြေချင်။

ကမ်းစပ်မှာ....

သစ်ပင်အောက်တွေမှာ....

ကျောင်းပိတ်တော့မည်မို့ လွမ်းစကားခြွေနေသော ချစ်သူများကို မြင်ရသည်။

ဟိုတုန်းကတော့ သူနှင့် မေနှင်းအေးသည်လည်း သည်လိုပဲပြီး အင်းလျားကို ကြံဖန်ပြီးအလှဘွဲ့ဖွဲ့ခဲ့ကြဖူးသည်၊ ကြာပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



...နေကောင်းရဲ့လား”

သည်နေ့ ကျော်စိုး ဘာဖြစ်နေသည် မသိ။ ကျော်စိုးစကား တွေက ရင်ကို လာလာထိနေ၏။

“နေတော့ ကောင်းပါတယ်ကွာ၊ စိတ်ကတော့မင်းသိတဲ့အတိုင်းပဲ၊ ငါလဲ ဘာလုပ်ရမှန်းမသိဘူး”

“အင်း....မင်းကို ကြည့်ရတာ ‘မနုဿီဟ’နဲ့ တူတူလာတယ်....”

ကျော်စိုးက လေးလံနေသော စိတ်ကို ဖြေထုတ်သည်။ သို့သော်မပြေ....

“ဖေဖေ့အတွက်လဲ ငါစိတ်မကောင်းပါဘူး ကျော်စိုးရ။ ဒါပေမယ့် အခုချိန်မှာ ငါ ဘာမှ မလုပ်တတ်တော့ဘူး”

ကျော်စိုးက ရေနွေးခွက်ကို ချပြီး ဆေးပေါ့လိပ်ကို မီးညှိဖွာသည်။

“ဒီကိစ္စမျိုးက ဒီလိုပါပဲကွာ၊ ဒီအချိန်မျိုးမှာ အခြေအနေက တင်းမာ ရှုပ်ထွေးနေမှာပဲ၊ နောက်တော့လဲ အေးအေးဆေးဆေး ဖြစ်သွားမှာပါကွာ”

“စာမေးပွဲ ပြီးယင်တော့ တခုခုကို ဆုံးဖြတ်ရမှာပဲ”

“နှုတ်ဆိမ်းပွဲ ခံမလို့လား”

သူ ဘာမျှမပြော၊ ငြိမ်နေလိုက်သည်။ ကျော်စိုး ထပ်မမေးမီ အတော်ကြာမှ....



“အောင်ထွန်းက စီးရီးနာမည် ရွေးပြီးပြီလား”

“ရွေးပြီးပါပြီကွာ”

“ဘာတဲ့လဲ”

“နံ့ရံ့တချပ်ခြား”

ကျော်စိုး အားမေးကို ဖြေတုန်းက ဖြေလိုက်သော် လည်း နာမည်ကို ပြောလိုက်ပြီးမှ ရင်ထဲမှာ ဝေဒနာတခု ဝင်လာကြောင်း သိလိုက်သည်။

✱

“အခုအချိန်မှာတော့ ဘာပဲဖြစ်ဖြစ်လို့ သဘောထားနေမှာပဲ၊ ဖေဖေ့အနေနဲ့ကတော့ နောက်ဆုံးအခါနဲ့စဉ်းစားပါဦးလို့ ပြောချင်တယ်”

ဖေဖေသည် သူ့ကို နည်းအမျိုးမျိုးဖြင့် ဖျောင်းဖျနေသည်။ တအိမ်တည်းနေသော်လည်း သားအဖမို့ ရှောင်လို့သည်း မရ၊ သူ အိပ်ခန်းထဲမှာ တနေ့လုံး အောင်းမနေနိုင်သလို တနေ့လုံးလည်း အပြင်ထွက်မနေနိုင်။ သည်တော့ ဖေဖေနှင့် မျက်နှာချင်းဆိုင်မိရသည်။

www.burmeseclassic.com

www.burmeseclassic.com



မျှက်နှာချင်းဆိုင်မိသည်နှင့် ဖေဖေက စစ်အေး တိုက်ပွဲကို စ၏။ သူက တတ်နိုင်သမျှ နောက်ဆုတ်ပြီး နှုတ်ပိတ်ထားသည်။

သူ့ဆန္ဒနှင့် ကိုယ့်ဆန္ဒသည် ဆန့်ကျင်ဘက်ဖြစ်နေကြသည်။ ပြန်ပြောလျှင်လည်း ဖေဖေနှင့်သူ စိတ်ညစ်ခြင်းသာ အဖတ်တင်လိမ့်မည်။

"ဖေဖေ့ ဘဝမှာ သားတယောက်တည်းရှိတာပါ၊ သား မေမေ မရှိကတည်းက သားဘဝကို ဒီအခြေ ဒီအနေ ရောက်အောင် ဖေဖေ ဘယ်လိုပြုစုခဲ့ရတယ် ပျိုးထောင် ခဲ့ရတယ်ဆိုတာ သား နားလည်ဖို့ကောင်းတယ်"

"ဖေဖေ့ စေတနာ မေတ္တာနဲ့ ကျေးဇူးတရားကို သား နားလည်ပါတယ် ဖေဖေ၊ မေ့လဲ ဘယ်တော့မှ မမေ့ပါ ဘူး၊ ဒါပေမယ့် မြနန္ဒာရဲ့ ကိစ္စကိုတော့ ကိုယ်ပိုင် လွတ် လပ်ခွင့်နဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေးစေချင်တယ်"

ဖေဖေသည် သူ့စကားကိုကြားရတော့ စိတ်ပျက်အားလျော့ သွားပုံရသည်။

ဖေဖေ့ကို စိတ်မချမ်းမသာ မဖြစ်စေချင်ပါ။

မြနန္ဒာကိုလည်း စိတ်မချမ်းမသာ မဖြစ်စေချင်ပါ။

ဖေဖေက ဆေးပေါ့လိပ်ကို မီးခိုး တထောင်းထောင်း ထ အောင် ဖွာနေသည်။ ပြီးတော့မှ တခုခုကို ဆုံးဖြတ်ချက်ချဟန် ဖြင့်....



"ကောင်းပြီ သား၊ မင်း ထပ်စဉ်းစားပါ၊ စဉ်းစားလို့ ပြီးယင် မင်းလုပ်သင့်တယ်ထင်ထားတာကို ဆက်လုပ်ပါ၊ ဖေဖေလဲ ထပ်စဉ်းစားဦးမယ်၊ ပြီးယင် လုပ်သင့်တာကို လုပ်မယ်"

ဖေဖေက စကားဆုံးသည်နှင့် ထိုင်ရာမှထပြီး အိပ်ခန်းထဲဝင် သွားသည်။ သူတို့ သားအဖနှစ်ယောက် ဘာကိုမျှ ညှိနှိုင်းလို့ ရမည်မထင်တော့။

ဖေဖေ့ စကားထဲတွင် သူ့အတွက် အန္တရာယ် အရိပ်အငွေ့ တွေ ပါနေသည်ဟု ထင်၏။

ပြဿနာသည် မည်သည့်အဆင့်ကို ရောက်နေပြီလဲ....အမြင့် ဆုံး မဟုတ်တောင် အမြင့်ဆုံး၏ အမြင့်ဆုံးနားမှာ ရောက်နေပြီ ထင်၏။

အိမ်ထဲမှာ နေရသည်မှာ ကျဉ်းကျပ်သလို ခံစားရသည်။

မြနန္ဒာ မျှော်နေရော့မည်။

*

www.burmeseclassic.com

www.burmeseclassic.com



ခြံဝရောက်တော့ ကျော်စိုး ကားနှင့်ဆုံသည်။ ကျော်စိုး ကားထဲမှာ လူစုံပါလာသည်။

သော်ဝင်း၊ အောင်ထွန်းနှင့် တင်ညိုက သူ့ကားကိုမောင်း စီးကြသည်။

"ဘယ်သွားကြမလို့လဲ"

"ဒီနေ့ 'နံရံတချပ်ခြား' ဖြန့်တဲ့နေ့လေ၊ အဲဒါ ကျော်စိုး က အောင်ပွဲအနေနဲ့ အင်းလျားလိတ်မှာ ကျွေးမယ်"

"ငါ မလိုက်တော့ပါဘူးကွာ"

သူက မြန်နန္ဒာဆီ သွားရဦးမည်မို့ သော်ဝင်းကို ငြင်းလိုက် သည်။ သော်ဝင်းက သူ့ကိုကြည့်ပြီး....

"ဟ....ဘယ်ဖြစ်မလဲကွ၊ ဒါက တဖွဲ့လုံးကိစ္စ၊ ပြီးတော့ မင်းက အဓိကပဲဟာ"

"ငါ့စိတ်ထဲမှာ မရှင်းဘူး သူငယ်ချင်း၊ မင်းတို့နဲ့လိုက်လည်း ငါပျော်မှာမဟုတ်ဘူး၊ မင်းတို့လဲ ပျော်မှာမဟုတ်ဘူး"

"လိုက်မှာသာ လိုက်ခဲ့စမ်းပါကွာ၊ ဟိုရောက်တော့လည်း ဒီလိုပဲ အဆင်ပြေသွားမှာပေါ့"

ငြင်း၍ရမည်မဟုတ်သဖြင့် သူက ကားကိုမောင်းထွက်လိုက် သည်။

"ဟေး"



သူငယ်ချင်းတွေက သူလိုက်လာသဖြင့် ပျော်ပြီး ဝိုင်းအော် ကြ၏။ သူငယ်ချင်းတွေကိုကြည့်ပြီး ပျော်သလိုလိုနှင့် တကယ် တော့ မပျော်....။

ကျော်စိုးက သူ့ကားနှင့်ယှဉ်မောင်းယင်း အော်ပြောသည်။

"မင်းကားက ပြေးတယ်ပြေးတယ်နဲ့ လှည်းဟောင်းကြီး လိုပါပဲလားကွ"

သူ့စိတ်အပြောင်းအလဲဖြစ်အောင် လုပ်နေခြင်းဖြစ်ကြောင်း သူသိသည်။ သူက ဘာမျှ ပြန်မပြောပဲ ပြုံးရုံသာပြုံးပြလိုက်၏။

"မင်း ကားက စပါယ်ရှယ် အင်ဂျင်ဆိုတာ ဒီကောင် မသိဘူးနဲ့တူတယ်"

သော်ဝင်းက သူ့ကိုထောင်ပေးသည်။ ဟုတ်တော့လည်း ဟုတ်သည်။ကားက(ဆ-နံပါတ်)ဆိုသော်လည်း အင်ဂျင်အစိတ် အပိုင်းတွေက အသစ်ချည်း။

ကားဝါသနာပါသော ဖေဖေသည် ကားအမျိုးအစားချင်း တူပါစေ။ သည်နေ့မှ စက်ရုံထဲက ထုတ်လာသော ကားကို လည်း မကြောက်။

အနိုင်မခံချင်သောစိတ်၊ အရှုံးမပေးချင်သောစိတ်သည် ပြန် ပေါ်လာ၏။

ဂီယာကို ဖတ်ကနဲ ဖတ်ကနဲ ချိန်းသည်။ ဆီလွှတ်အားကိုပြ ပြင်ထားသဖြင့် ကားလေးက တရိပ်ရိပ် ပြေးနေသည်။ ရှေ့က ကျော်စိုးလည်း သူ နောက်ကလိုက်လာမှန်းသိသဖြင့်မောင်းပြေး တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြည်သာကွ....ဘယ်လောက်ပြေးပြေး ငါ့ ဝေ

အောင်ထွန်းက ကျော်စိုးကားနှင့် ယှဉ်မိတော့ လှမ်းအော်သည်။ ကမ္ဘာအေး ဘုရားလမ်း ရိပ်သာ ကျော်တော့ ကျော်စိုးကား နောက်မှာကျန်ရစ်သည်။

အင်းလျားလိတ်ရှေ့မှာ ကားရပ်မိတော့ သော်ဝင်းက ခေါင်းပေါ် တက်ထိုင်ပြီး စီးကရက်တလိပ်ကို ဟန်ကျ ပန်ဖွာယင်း ကျော်စိုးတို့ကားကို စောင့်၏။

ကျော်စိုးတို့ကား သူ့ကားဘေးမှာရပ်တော့ သော်ဝင်းက

"ဒါ....ဒုတိယမြောက်စီးကရက်ကို သောက်နေတာ

ကျော်စိုး ပြုံးသည်။ ဒီည အင်းလျားလိတ်မှာ စားယင်း သောက်ယင်း သူ့ကိစ္စကို ဆွေးနွေးယင်းဖြင့် မြနန္ဒာဆီမရောက် နောက်နေ့မှ သွားရတော့မည်။

သူ့ကို မျှော်နေမည့် ညီမလေး မြနန္ဒာ စိတ်ကောက်မည်လားမသိ။

*



ကိုကိုလာမည်ဆို၍ မြနန္ဒာ စောင့်နေ သော်လည်း မိုးသာချုပ်သည်၊ ပေါ်မလာ။ ညက အိမ်မဒေပျော်သည်နှင့် ကိုကို့ကို ပေးထားသော စာကို ကားပြတင်းပေါက်က လွှင့်ပစ်လိုက်ချင်စိတ် ပေါက်သွားသည်။

ဒါပေမယ့် မလွှင့်ပစ်မိပါဘူး။ နောက်နေ့ လာလျှင်တော့ ကိုကို့ကို မြနန္ဒာ လက်သီးနှင့် ထိုးပစ်လိုက်မည်။

တကယ်တော့ ကိုကိုက မြနန္ဒာကို ဂရုမစိုက်ဘူး၊ ချစ်လည်း ချစ်မှာ မဟုတ်ပါဘူးဟု တွေးမိယင်းက မျက်ရည်ဝဲမိရပြန်သည်။

မနေ့က ညနေကဆို ကိုကိုကြိုက်သော နှင်းဆီပွင့် လေးကို ပန်ယင်း ခြံထဲကနေ မိန်းမကြိုက်တော့ မျှော်လိုက်တာဇာတ်ခင်းရသည်။

ကိုကိုကတော့ ဆိုက်ဆိုက်မလာ။

သည်နေ့လည်း ကျောင်းကအပြန် ကိုကိုများ လာစောင့်နေမည်လားဟု ကြည့်ရသည်။ ကိုကို့ကိုမတွေ့။

"သမီးလေးမြနန္ဒာ....ဘာဖြစ် နေတာလဲ၊ မျက်နှာလဲ မကောင်းပါလား၊ မောင်ကြည်သာကို စိတ်ကောက်နေတယ်ထင်တယ်၊ ခါတိုင်း လာနေကျပဲကွယ်၊ တခါတလေတော့ သူ့မှာက ကျောင်းကတဘက် အဆိုအတီးကိစ္စကတဘက်နဲ့ ဆိုတော့ မအားတဲ့ရက်လဲ ရှိမှာပေါ့ကွယ်"

ကားမောင်းနေသည့် ဦးလေးဦးကံကြီးက နောက်ကြည့်မှန်ထဲမှကြည့်ယင်း ပြောသည်။ မြနန္ဒာ ငြိမ်နားထောင်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးကံကြီးပြောတာလည်းဟုတ်သည်။ ကိုကို့မှာက ကျောင်း
တတက်နှင့် တီးဝိုင်းကိစ္စ၊ သီချင်းဆိုသည့် ကိစ္စတွေက ရှုပ်ရှ
သည်ပဲ။

'ခွင့်လွှတ်ပါတယ် ကိုကိုရယ်....'ဟု ရင်ထဲက ပြောမိသည်။
ပါးစပ်ကလည်း ပြောလို့ မရပါဘူးလေ။

*  *  *

၅

အခန်း ( ၃ )

ညှော်ခန်းထဲ ဝင်လိုက်သည်နှင့် မြနန္ဒာနှင့်တွေ့ပြီး ပျော်ခဲ့ရ
သောအပျော်လေး ပျောက်သွား၏။ မြနန္ဒာဆီ မရောက်သဖြင့်
နက်ကတော့ စောစောပင် မြနန္ဒာဆီ သွားခဲ့၏။

မြနန္ဒာက သူ့ကို စိတ်ကောက်နေသည်။

ခြံထဲက ခူးသွားသော နှင်းဆီပန်းတွေနှင့် သူ့စီးရီးအသစ်
ရှိတချပ်ခြား'ကို ပေးသော်လည်း စိတ်ကောက်မပြေ။

နောက်ဆုံးတော့ မြနန္ဒာငိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြီးကြာအောင် ချော့မှ မြနန္ဒာပြုံးလာသည်။ အတူတူ ခနဖို့ရက်က မဝေးတော့ပါဘူး မြနန္ဒာရယ်၊ နောက်ဆို မြနန္ဒာအပါးမှာ ကိုကိုအမြဲ ရှိနေတော့မှာပါဟု ပြောတော့မှ မြနန္ဒာ ဟန်ပန်လေးတွေက ရွှင်လန်းတက်ကြွလာသည်။

အားငယ်သူ၏အပါးမှာ နှစ်သိမ့်စကား ပြောနေရ သည်မို့ သူ စိတ်ချမ်းသာသည်။

မြနန္ဒာကို နောက်ပိုင်းရက်များတွင် စာမေးပွဲ အတွက် စာကျက်ရတော့မည်မို့ သူမလာဖြစ်လျှင်လည်း အားမငယ်ရန်နှင့် စာမေးပွဲ ပြီးလျှင် လျှောက် လည်ရန် ပြောပြီး ပြန်လာခဲ့သည်။

မြနန္ဒာ လွမ်းကျန်ရစ်နေမည်ကို သူသိပါသည်။

အိမ်ပြန်ရောက်လို့ ဧည့်ခန်းထဲ ဝင်လိုက်သည်နှင့် ဖေဖေက အလုံးအရင်းနှင့် ထိုးစစ်ဆင်ဖို့ ပြင်ထားသည်ကို တွေ့ရ၏။

ဦးရွှေအိမ်နှင့် အိမ်စည်။

ဖေဖေကသူ့ကို 'ဆိုက်ကိုအတက်ခ်' စိတ်ဓာတ် စစ်ဆင်ရေး လုပ်ပြီထင်၏။ သူက ဧည့်ဝတ်ကျေပြုံးပြပြီး အိပ်ခန်းထဲ ဝင်အောင်းနေသည်။

စာကျက်ဖို့ ဂါအုပ်တွေ ထုတ်ဖတ် နေသော်လည်း ဖတ်လို့မရ။ ဧည့်ခန်းထဲက အသံတွေ ဝင်ဝင်လာ၏။

"သမီးအိမ်စည်ကို ဒီဇင်မ်ဂ ပဲ ကျောင်း တက်ခိုင်းချင် တက်ခိုင်းပေါ့၊ ဒီကဆို အားလုံး အဆင်ပြေနေတာပဲ"



ဖေဖေ့အသံ။

ခုကတည်းက ဖေဖေသည် စိတ်ကြိုက်ရွေးသားသော ချွေးမလောင်းကို အိမ်ပေါ်ခေါ်တင်သည်။

"ဟုတ်တယ် ကိုမောင်ညာဏ်ရေ...သမီး မိန်းကလေး ဆိုတော့ မျက်စိကွယ်ရာ နားကွယ်ရာမှာ မထားချင်ဘူး၊ ဒီနှစ်ပြီးလို့ နောက်နှစ်ကျယင်တော့ ကိုမောင်ညာဏ်ပြောသလိုပဲ ဒီကပဲ ကျောင်းတက်ခိုင်းရလိမ့်မယ် ထင်တယ်"

အိမ်စည်အဖေ ဦးရွှေအိမ့်စကား။ ခမည်းခမက်နှင့် ချွေးမသိပ်ကို ဟုတ်နေကြသည်။

သည်အတိုင်းဆိုလျှင်တော့ ဖေဖေသည် ဘီလူးက ကတော့ ည် ထင်သည်။ ဆိုင်းသံတော့ ကြားနေရပြီ၊ ပတ်ကြမ်း။

မြနန္ဒာကို လုံးဝသဘောမတူနိုင်သော ဖေဖေ့ကို မြနန္ဒာမိဘများထံခေါ်ပြီး စေ့စပ်ခိုင်းဖို့ကတော့ မျှော်လင့်ချက်လုံးဝ မရှိတော့။ သူ ဘာလုပ်ရမည်၊ ဘာလုပ်သင့်သည်ကို ဆုံးဖြတ်ချက် ချရတော့မည်။

အမြဲအနေအသည် ထင်သည်ထက် ဆိုးလာသည်။

"သားက သီချင်းဆိုလဲ ကောင်းတယ်ခနော်"

"နာမည်ကျော်နေပြီပဲဗျာ၊ အခုပဲ စတုတ္ထစီးရီး ထွက်သွားပြီ၊ စာမေးပွဲပြီးယင် ပဉ္စမစီးရီး ထုတ်ဦးမှာ။ မိန်းကလေးတွေကတော့ ဟဲ...ဟဲ ...ဒီတဲ့ အတိုင်းပေါ့ ဗျာ...."

www.burmeseclassic.com



ဖေဖေ့အကြွားကို ဦးရွှေအိမ် သဘောကျပြီး လိုက်ရယ်သ-ကြားရ၏။ လူကြီးတွေမို့ မပြောကောင်းလို့သာ၊ အမှန်က-ဘုန်းကြီးရှူးနှင့် လေ့လူး... အူမြူးနေခြင်း ဖြစ်၏။

ကိုယ်ကသာ မကျေမနပ် ဖြစ်နေသည်။ သူတို့ဘက်ကလည်း သူတို့ထွက်ကိန်းနှင့်သူတို့ ဟုတ်နေမည်သာ။

တဦးတည်းသော သမီးနှင့်သား၊ ပညာတတ်၊ အမွေဆက်ခံမည့်သူတွေ၊ စိတ်ချရပြီပေါ့။

ညစာစားပြီးမှ ပြန်ကြသည်။ ထမင်းဝိုင်းသည် သူ ထိုင်နေသော်လည်း သူ မပါသလို ဖြစ်နေ၏။ ဦးရွှေအိမ်နှင့် အိမ်စည် ပြန်သွားသောအခါ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ရက် နေ့ကို မမီလိုက်သော်လည်း သူ စိတ်ကူးနှင့် ခံစားကြည့်၏။

အတူတူပဲ ဖြစ်လိမ့်မည်။

*



သူ မပဟာသိပ္ပံတက်ချင်သည်။

ကျောင်းပိတ်ဖို့ တပတ်ပဲလိုတော့၏။ အတန်းတွေ ဖိတက်နေရသည်။ သူတို့အားလုံး စာအုပ်နှင့်မျက်နှာ မခွာရတော့။ သည်ဖရင်းစ်အဖွဲ့ကိစ္စတွေကို မေ့ထားနိုင်သော်လည်း မြနန္ဒာကိုတော့ သတိရသည်။

မေနှင်းအေးသည် ရင်ထဲက မထွက်သေး။

နေ့လယ်ဆို သူတို့ တက္ကသိုလ်စာကြည့်တိုက်ထဲမှာ ဆုံသည်။ စကားသိပ်မပြောဖြစ်။ စာကိုသာ ကျက်နေရသည်။ ကံကော်တော၏ညြသံကလွမ်းစရာကောင်းသော်လည်းလွမ်းချိန်ပင်မရ။ လွမ်းစရာဘောချိတ်၊ ဂရိတ်ဖိုက်ရအောင် လုပ်နေရသည်။

"တင်တင်နွယ် လာတယ်ဟေ့"

ကျော်စိုးက စာကြည့်တိုက်ထဲရောက်လာသော တင်တင်နွယ့်ကိုကြည့်ကာသော်ဝင်းကို လှမ်းပြောသည်။ သော်ဝင်း မနေနိုင်။ တင်တင်နွယ်နှင့် ပါသွားသည်၊ သော်ဝင်းနှင့် တင်တင်နွယ်က တကျောင်းတည်းကိုး၊ တွေ့နေရတာပေါ့။

သူ့မှာက....

မြနန္ဒာသည်....

မေနှင်းအေးနှင့်တကျောင်းတည်းနေတုန်းကတော့ အသည်းသည်လိုပဲမဟုတ်လား။ မေနှင်းအေးသည် ရင်ထဲက မထွက်။ မောင်းထုတ်ဖို့ကြိုးစားသည်၊

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းကို ခါယမ်းပစ်လိုက်၏။

အဝေးကကြားရသော လွမ်းစရာဥသြသံက နားထဲ ဝင်လာပြန်သည်။

သွား....သွား....သွားစမ်း။

* * *

## အခန်း ( ၈ )

"ညီမလေး....မြန္နာ"

ကိုကိုက တိုးတိုးလေး ခေါ်သည်။

မြန္နာက မှိတ်ထားသောမျက်လုံးကို အသာဖွင့်ကြည့်သည်။ ကိုကိုက မြန္နာကို အားပေးသလို ပြုံးကြည့်ယင်း မြန္နာနဖူးကို အသာလေး နမ်းသည်။

"မြန္နာ အားငယ်နေသလား၊ မြန္နာဖေဖေနဲ့မေမေ့ကို သတိရနေသလား၊ တရက်နှစ်ရက်ပေါ့ ညီမလေးရေ.... တော်ကြာ ပြန်တွေ့ရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက မျက်ရည်ဝဲနေသော မြန္နာကို ကြည့်ကာ နှစ်သိမ့်သည်၊ မြန္နာ သည်အရွယ်အထိ ဖေဖေနှင့်မေမေကို ခွဲဖူးသည် မဟုတ်။

အခုတော့ ဖေဖေနှင့်မေမေသည် မြန္နာ အပါးမှာ မရှိ။

အခန်းလေးထဲမှာ ကိုကိုနှင့်မြန္နာ နှစ်ယောက်တည်း။

ညဦးအတော်နက်မှ ကိုကို့ သူငယ်ချင်းတွေ ပြန်သွားသည်။ သည်အိမ်က ကိုကို့ သူငယ်ချင်း ကိုကျော်စိုး၏ အဒေါ်ပိုင်သော အိမ်ဖြစ်သည်။ ရွှေတောင်ကြားလမ်းထဲက တထပ်တိုက်ပုလေး။

မြန္နာတို့အိမ်နှင့် ဝေးလှသည်တော့ မဟုတ်။ အိမ်က သံရုံးဝန်ထမ်းတွေကို ငှားထားသော အိမ် ဖြစ်သည်။

ခု လောလောဆယ် လူမရှိ။

သံရုံးဝန်ထမ်းက တာဝန်ချိန် စေ့သဖြင့် ပြန်သွားသောကြောင့် အိမ်က အားနေသည်။

ကိုကျော်စိုး၏ အစီအစဉ်ဖြင့် မြန္နာနှင့် ကိုကိုသည် တထပ်တိုက်ပုလေးမှာစံဖြစ်သည်မှာ သည်နေ့မနက်ပိုင်းကစသည်လေ...

* * *



ကိုကိုကတော့ စာမေးပွဲရက်များကို ဘယ်လိုဖြတ်ကျော်ခဲ့ရသည် မသိ၊ မြန္နာမှာတော့ ကိုကို စာမေးပွဲ ဖြေနိုင်ပါစေ၊ စာမေးပွဲအောင်ပါစေ....လို့ ဆုတောင်းယင်း စာမေးပွဲနောက်ဆုံးနေ့ကို ရင်မောစွာ စောင့်ခဲ့ရသည်။

ကိုကိုက စာမေးပွဲပြီးသည်နှင့် အိမ်ကို လာလည်မည်ဆို၍ မြန္နာ ကျောင်းမတက်ပဲ စောင့်နေရသည်။ ဖေဖေနှင့်မေမေက ညစာစားပွဲတခုကို မသွားမဖြစ်မို့ သွားရသည်။ မြန္နာကို ခေါ်သော်လည်း မြန္နာ မလိုက်။

ကိုကိုသည် မြန္နာအတွက် အရေးအကြီးဆုံး။

ညှော်ခန်းနံရံက နာရီကို နှေးလွန်းသည်ဟု ထင်နေမိသည်၊ ညှော်ခန်းထဲမှာ စောင့်နေရသည်ကို စိတ်မရှည်။ ခြံထဲဆင်းပြီး ခြံပေါက်ဝကို မျှော်ရသည်။

ခြံဝအင်းလျားလမ်းပေါ်က ကားသံကြားတိုင်း ဖြတ်ကနဲ ဖြတ်ကနဲ လှမ်းကြည့်ရသည်။ ကိုကိုက တော်တော်နှင့် ပေါ် မလာ၊ လာမယ့် လာတော့ ကိုကို့ ကားပေါ်မှာ သူငယ်ချင်းတွေပါ ပါလာသည်၊

ဘယ်လိုလဲ....နှစ်ယောက်တည်း လျှောက် လည် မယ် ဆိုပြီး ခုတော့ ကားပေါ်မှာ သူငယ်ချင်းတွေနှင့်၊ ကိုကို့ကားနောက် ကားတစီးပါလာပြန်သည်။

ကိုကျော်စိုး ကား။

ကိုကျော်စိုး ကားပေါ်မှာလည်း ကိုကို့ သူငယ်ချင်းတွေ ပါလာသည်။

www.burmeseclassic.com



ဘာလုပ်ကြတာလဲ။

ရှင်လောင်းလှည့်ပြီး ပြန်လာကြတာလား။

ကိုကိုက ကားကို မြန္မာ့ရှေ့မှာရပ်ပြီး ကားပေါ်က ဆင်းလာသည်။

"ဆောရီးပဲ မြန္မာ၊ ကိုကို အစီအစဉ်လေးတွေ လုပ်နေရလို့ နည်းနည်းနောက်ကျသွားတယ်၊ ခွင့်လွှတ်နော်"

ကိုကိုက နောက်ကျသဖြင့် တောင်းပန်သည်။ ဘာအစီအစဉ်တွေ လုပ်နေမှန်း မသိသော်လည်း ကိုကို့စကားကို ခေါင်းညိတ်ပြလိုက်မိသည်။

"အန်ကယ်တို့ အန်တီတို့ရော"

မြန္မာက ခေါင်းခါပြသည်။

"ကောင်းတယ်၊ လာ...သွားမယ်"

ဘာကောင်းတာလဲတော့ မသိ၊ ကိုကိုက မြန္မာ့ကို ကားတံခါးဖွင့်ပေးသဖြင့် မြန္မာ ကားပေါ်တက်ရသည်။

ကိုကိုနဲ့ဆို ဘယ်ခရီး သွားရ သွားရပါ၊ မြန္မာ မငြင်းဆန်ပါဘူး၊ မြန္မာက ကိုကို့ကို သိပ်ချစ်တာကိုး....

✱



ကားပေါ်ရောက်မှ ကိုကိုက ဖောင်းကြွစာလုံးတွေနှင့် ရိုက်ထားသော ကတ်ပြားနှစ်ခုကို ထုတ်ပေးယင်း....

"မြန္မာနဲ့ ကိုကို သည်နေ့လက်ထပ်မယ်"

ရင်ထဲမှာ ဘယ်လိုဖြစ်သွားသည်မသိ။ ဝမ်းသာသည်လား၊ ဝမ်းနည်းသည်လားပင် မဝေခွဲတတ်။

ကိုကိုက သည်ကိစ္စနှင့်ပတ်သက်ပြီး ဘာအစီအစဉ်မျှမပြောခဲ့ဖူးတော့ မြန္မာ အံ့သြနေမိသည်။

တရားသူကြီးနှင့် အဖွဲ့သည် ကိုကိုတို့ ကြိုတင်စီစဉ်ခဲ့သဖြင့် အဆင်သင့်ပင် စောင့်နေကြသည်။ မြန္မာက ကားပေါ်မှာ ကိုကို့အတွက် စာရေးပြခဲ့သည်။

ကိုကိုရယ်....

ကိုကို့ဖေဖေ သဘောမတူတော့ မြန္မာနဲ့ ကိုကို့ကို လိုက်ခွဲနေယင် ဘယ်လိုလုပ်မလဲ....။ အားလုံးစိတ်ဆင်းရဲရမှာတော့ မြန္မာ မလိုလားပါဘူး၊ မြန္မာပဲ စိတ်ဆင်းရဲပါရစေ၊ မြန္မာ့ကို ကိုကို လက်မထပ်ပါနဲ့တော့။

ကိုကိုက မြန္မာ စာကိုဖတ်ပြီး ကားလမ်းဘေး လွှင့်ပစ်လိုက်ယင်း....

"ကိုကို ဆုံးဖြတ်ပြီးပြီ မြန္မာ၊ သည်အချိန်က စပြီး ညီမလေး မြန္မာ ဘယ်တော့မှ စိတ်မဆင်းရဲရဘူး၊ အမြဲတမ်း ပျော်နေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့စကားကြားရတော့ မြနန္ဒာတကိုယ်လုံး အင်အားတွေ ပြည့်လျှံသွားသလို ခံစားရသည်၊ ကိုကို့အနားမှာ ထာဝရနေရတော့မည်မို့ မြနန္ဒာ ပျော်ပါသည်။

*

ကိုကိုကလည်း မြနန္ဒာကို တင်းတင်းကျပ်ကျပ် ပွေ့ထားသည်။

''အဲဒီလို ပြုံးစမ်းပါ ညီမလေးရဲ့''

မြနန္ဒာက မနက်ပိုင်းက အဖြစ်အပျက်ကိုပြန်တွေးယင်း ပြုံးမိသည်ကို ကိုကိုက မြင်သွား၏။ ကိုကို့ကို မြနန္ဒာ ပွေ့ဖက်လိုက်သည်။

ကိုကိုလည်း မြနန္ဒာကို တင်းတင်းကျပ်ကျပ် ပွေ့ထားသည်။

ကိုကိုက မြနန္ဒာအတွက် စောင်ပါးလေးထထည်ခြုံပေးသည်။ ပြီးတော့ မြနန္ဒာကိုကြည့်ပြီး ရယ်သည်။

မြနန္ဒာ ပုံစံကလည်း ရယ်စရာဖြစ်နေသည်။



ကိုကို့လုံချည်နှင့် ကိုကို့ရှပ်အင်္ကျီက မြနန္ဒာနှင့် ဘယ်လိုမျှ ကြည့်ကောင်းမည် မထင်။ ဆပ်ကပ် လူပြက်ထက်ပင် ရယ်စရာ ကောင်းနေသည်လား မသိ။

ကိုကိုရယ်တာက တမျိုးချစ်စရာကောင်းသည်။

မြနန္ဒာ အတွေးနှင့် အိပ်ပျော်သွားသည်။ အိပ်မက်ထဲမှာ ကိုကိုက အနီးတွေလျှော်နေသည်။

အို....ဘာတွေမက်နေတာလဲ၊

ရှက်စရာကောင်းလိုက်တာ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

သည်ကို လာတုန်းက ရည်ရွယ်ချက် တမျိုး။ သည်ရောက်တော့ ရည်ရွယ်ချက်က တမျိုးဖြစ်သွားသည်။

မြနန္ဒာ ဖေဖေနှင့်မေမေ စိတ်ပူနေမည်စိုး၍ မနက်စောစောပင် ရွှေတောင်ကြားလမ်း ကျော်စီးတို့အဒေါ်အိမ်ကိုသော့ခတ်ပြီး ထွက်လာခဲ့သည်။ မနေ့ကတည်းက စာတစောင် ရေးပြီးထားခဲ့သော်လည်း စိတ်ပူနေဟန် တူသည်။

သူနှင့်မြနန္ဒာ ဧည့်ခန်းထဲရောက်မှ....



"စိတ်ပူလိုက်ရတာ သားတို့ရယ်၊ ညကဆို အန်တီကော အန်ကယ်ရော မအိပ်နိုင်ကြဘူး၊ စာရေး ထားခဲ့ပေမယ့် မြန်းဒိုင်းဆိုတော့ ရင်ထဲမှာ မီးတောက် သွားတော့ တာပေါ့"

သူက မြနန္ဒာဖေဖေနှင့် မေမေကို ဘာမျှမပြောသေးပဲ ကန်တော့သဖြင့် မြနန္ဒာကလည်း သူ့ဘေးမှကျုံ့ကျုံ့လေးထိုင်ပြီး ကန်တော့သည်။ ကန်တော့ပြီးတော့မှ....

"ကျွန်တော်လဲ မလုပ်မဖြစ်လို့ လုပ်လိုက်ရတာပါ အန်ကယ်၊ အန်ကယ်တို့ကို မိဘလိုသဘောမထားပဲ လုပ်ချင်တာ လုပ်သွားတာတော့ မဟုတ်ပါဘူး၊ အခြေအနေက ဖန်တီးလာလို့ပါ"

"ကျွန်တော့်အဖေနဲ့ကျွန်တော် ညှိနိုင်းလို့ မရဘူး အန်ကယ်၊ အန်ကယ်တို့ကို ပြောပြယင်လဲ အခြေအနေက တမျိုး ပြောင်းယင် ပြောင်းသွားဦးမှာ၊ ညီမလေးကို စိတ်မကောင်းဖြစ်အောင် မလုပ်ချင်ဘူး အန်ကယ်"

သူက ဧည့်ခန်းဆိုဖာမှာ ဝင်ထိုင်ယင်း မြနန္ဒာဖေဖေကို ရှင်းပြရသည်။ မြနန္ဒာကို သူ့မေမေက ဖက်ထားသည်။ သားအမိ နှစ်ယောက် မျက်ရည်လည်နေသည်။

မြနန္ဒာဖေဖေက စီးကရက်တလိပ်ကို မီးညှိယင်း...

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေ…ခုအချိန်ရောက်မှတော့ အန်ကယ်တို့လဲ ဘာတတ်နိုင်မှာလဲ၊ အန်ကယ်တို့ ကတော့ ဒီသမီးလေး တယောက်တည်းရှိတာ၊တတ်နိုင်သမျှ ကောင်းဖို့လုပ်ပေး ချင်တာပဲ၊ နှစ်ဘက်မိဘ အဆင်ပြေယင်တော့ အဘိုး တက်အလွန်ပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် မင်္ဂလာဆောင်ဖို့က အန်ကယ်တို့ တာဝန်ယူရမှာပဲ"

"ကျွန်တော့် စကားမှားယင် သည်းခံပါအန်ကယ်၊ ကျွန် တော် ခမ်းခမ်းနားနား မင်္ဂလာဆောင်တာမျိုးကိုမလုပ် ချင်ပါဘူး၊ ညီမလေးက လုပ်ချင်တယ်ဆိုယင်တော့ကျွန် တော် လိုက်လျောပါ့မယ်"

သူက မြနန္ဒာဖေဖေကိုပြောယင်း မြနန္ဒာကိုလှမ်းကြည့်သည်။ မြနန္ဒာက သူ့သဘောဆိုသည့် အနေဖြင့် ခေါင်းညိတ်သည်။

"အေးလေ…သားတို့သမီးတို့ သဘောပေါ့၊ အိမ်မှာပဲ မင်္ဂလာဆွမ်း ကျွေးချင်လဲကျွေးပေါ့"

နောက်ဆုံးတွင်အိမ်မှာမင်္ဂလာဆွမ်းကျွေးဖို့သဘောတူကြ၏။

"ကဲ…အေးရေ၊ သမီးကိုခေါ်ပြီး အိမ်ထောင်မှုတာဝန် လေးဘာလေး ပြောပြလိုက်ပါဦးကွယ်"

မြနန္ဒာဖေဖေက သမီးနှင့်ဇနီးကိုကြည့်ပြီး ပြောသည်။ အမှန် ဏ သူ့ကို မြနန္ဒာကွယ်ရာမှာ တခုခု ပြောချင်ပုံရသည်။ မြနန္ဒာ နှင့် မြနန္ဒာမေမေ ဧည့်ခန်းထဲက ထွက်သွားတော့မှ…



"သားကို အန်ကယ်တခု ပြောစရာရှိလို့၊ အစကတော့ မပြောဘူးလို့ နေတာပါ၊ ဒါပေမယ့် မပြောလို့ မဖြစ် ဘူး၊ ပြေ မှပဲ သားဘက်က ဆင်ခြင်နိုင်ပါ"

မြနန္ဒာဖေဖေက စကားကို တလုံးချင်းစဉ်းစဉ်းစားစားပြော နေသည်။

ဘာတွေများ ပြောမလို့ပါလိမ့်။

မြနန္ဒာမှာ ဘာတွေများ လျှို့ဝှက်ချက် ရှိနေပြန်ပြီလဲ။

ရင်ထဲမှာ စိုးရိမ်စိတ်ဝင်လာသည်။

"ပြောပါအန်ကယ်၊ ကျွန်တော် နားထောင် နေပါ တယ်"

"သားညီမ မြနန္ဒာမှာ နှလုံးရောဂါလဲရှိတယ်၊ သူက တော့ သူ့ကိုယ်သူ မသိပါဘူး၊ အန်ကယ်တို့ကလဲမပြော ဘူး၊ တတ်နိုင်သမျှ သူ့ကို စိတ် ချမ်းသာအောင်ထား တယ်၊ နှလုံးရောဂါစရတာကတော့ သူ့အစ်ကို ဆုံးပြီးစ ကတည်းကပေါ့၊ ချောက်ချားစရာကောင်းတဲ့သေဆုံးခိုင်း ထဲက မြင်ကွင်းဟာ ငယ်ငယ်ရွယ်ရွယ် သမီးလေးရဲ့နှလုံး ကို ထိခိုက် သွားရတော့တာပဲ၊ လူကြီးတောင်မှ နှလုံး ပျက်စရာကောင်းတဲ့ မြင်ကွင်းပဲသား…

"အဲဒီတော့ သားက ညီမလေးမြနန္ဒာကို တတ်နိုင်သမျှ အလိုလိုက်ပါ၊ ဖြစ်နိုင်ယင် သား မလျော့ပါလို့ ပြော တော့မယ် ဆိုတော့မယ် ဆိုယင်တောင်မှ အန်ကယ်တို့ကို ပြောစေချင်တယ် သား"

www.burmeseclassic.com

www.burmeseclassic.com



မြနန္ဒာဘဝကို သူဘယ်လို နားလည်ရမှန်း မသိနိုင်လောက်အောင် ဖြစ်ရသည်။ ဘဝအဆက်ဆက်က ဝဋ်ကြွေးကြမ္မာသည်လည်း သည်ဘဝမှပဲ စုံခံရမည့်အဖြစ်ကို အံ့သြဝမ်းနည်းရသည်။

"စိတ်ချပါအန်ကယ်၊ ကျွန်တော့်အသက်သာ အသေခံယင်ခံမယ်၊ မြနန္ဒာကို စိတ်မချမ်းမသာမဖြစ်စေရပါဘူး"

"ကျေးဇူးတင်ပါတယ် သားရယ်"

မြနန္ဒာဖေဖေက လှိုက်လှိုက်လှဲလှဲစကားဆိုသည်။ မိဘမေတ္တာကို သူ နားလည်ရသည်။

*

မြနန္ဒာကိုခေါ်သွားဖို့ စိတ်ကူးပြီးမှ မခေါ်တော့ပဲ တယောက်တည်း ထွက်လာခဲ့သည်။ လမ်းကျမှ ကျော်စိုးကို အဖော်ခေါ်သွားလျှင် ကောင်းမည်ဟု စိတ်ကူးရကာ ပါရမီရှင် ကျော်စိုးကို သွားခေါ်ရသည်။

မခနော်ဟာရီလမ်းထိပ် ရောက်တော့ ရင်ထဲ ပိုခုန်လာသည်။ ခြံထဲကိုကားဝင်မိတော့ဒိန်းဒိန်း....ဒိန်းဒိန်းဖြစ်လာသည်။ ပေါ်တီကို အောက်မှာ ခါးထောက်ရပ်နေသော ဖေဖေ့ကို တွေ့ရသည်။



"ကြည်သာ မင်းပဲ သွားပါတော့လို့ ပြောချင်တယ်ကွာ"

ကျော်စိုးက ဖေဖေ့ပုံစံကို မြင်သဖြင့် ပခုံးတွန့်ပြပြီး ပြောသည်။ သူကတော့ စတီယာရင်ကိုင်ထားသောလက်ကို မတုန်အောင် ဖျစ်ညှစ်ကိုင်ထားရသည်။

"မင်းကလဲကွာ ကြောက်ပါတယ်ဆိုမှ ဖြဲခြောက်နေပြန်ပြီ"

သူက ကားကို ဖြည်းဖြည်းမှောင်းယင်း ဆင်ဝင်အောက်မှာ ရပ်လိုက်သည်။ ဖေဖေက အလိုမကြည်ပဲ အိမ်ထဲဝင်သွား၏။ သူနှင့်ကျော်စိုး ကားပေါ်ကဆင်းပြီး အိမ်ပေါ်တက်လာမိသည်။

"မင်း....ဘယ်ခတွေ လျှောက်သွားနေတာလဲ ကြည်သာ"

ဖေဖေ့စကားတွေကစိမ်းကားလွန်းနေကြောင်း သူသိသည်။ သူ့ကိစ္စကလည်း မပြောလို့မဖြစ်။

"သား....မြနန္ဒာနဲ့ လက်ထပ်လိုက်ပြီဖေဖေ"

"ဘာ...."

ဖေဖေ့အသံသည် ဧည့်ခန်းထဲမှ ဗုံးတလုံးပေါက်ကွဲသလို ကျယ်လောင်လှသည်။

"သား မြနန္ဒာနဲ့ လက်ထပ်လိုက်ပါပြီ ဖေဖေ.... သားကို ခွင့်လွှတ်ပါ"

"မင်းလုပ်တဲ့အလုပ်က ခွင့်လွှတ်နိုင်တဲ့ အလုပ်မျိုးလားကွ၊ တမျိုးလုံးမျက်နှာကို အိုးမဲသုတ်တဲ့ကောင်၊ ခွင့်မလွှတ်ဘူးကွ၊ ခွင့်မလွှတ်ဘူး။ မင်းမျက်နှာကို ဒီအိမ်ပေါ်မှာ ငါမမြင်ချင်တော့ဘူး၊ မင်းသွားတော့"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဒေါသကြီးနေသဖြင့် ဘာကိုမျှ မရှင်းတော့၊ ရှင်းပြလည်း အကြောင်းထူးမည်မထင်။ ကျော်စိုးက သူငယ်ချင်းကောင်း ပီသစွာ အိမ်ထဲပင်မဝင်၊ တံခါးပေါက်မှာကပ်နေသည်။

သူက ဖေဖေ့ရှေ့မှာ ဒူးတုပ်ထိုင်ပြီး ကန်တော့သည်။

"တောက်"

ဖေဖေ့တောက်ခေါက်သံ ပြင်းလှသည်။ သူ ကန်တော့ပြီး ခေါင်းမော့လိုက်တော့ ဖေဖေသည် အံကြိတ်ယင်း မျက်ရည်တွေဝဲနေသည်။

"သား....သွားတော့မယ်ဖေဖေ"

ဖေဖေက ဘာမျှမပြော။ သူ ဖေဖေ့အပါးက ထွက်လာသည်ခြံထဲက မြေနီလမ်းပေါ် ခြေချမိတော့....

"ကြည်သာ"

ဖေဖေ့အသံကို ကြားရသည်။ ပေါ်တီကိုအောက်မှာ ရပ်နေသော ဖေဖေ့ကို တွေ့ရ၏။

"ဒီကား မှင်းယူသွားနိုင်တယ်"

"သား လမ်းလျှောက်တော့မယ်ဖေဖေ"

ဖေဖေနောက်ထပ် တောက်တချက် ခေါက်သံကို သဲ့သဲ့ကြားရ၏။ သူလှည့်မကြည့်တော့။ ဘေးကငြိမ်ပြီး လိုက်လာသော ကျော်စိုးက ခြံဝရောက်မှ အသံထွက်လာသည်။

"မင်းအဖေက မင်းကိုချစ်ပါတယ်"

"ငါလဲ ငါ့အဖေကို ချစ်တာပါပဲ"

မနော်ဟရီလမ်းပေါ် ရောက်တော့မှ....



"ငါပြောသားပဲ၊ ငါ့ကားယူလာခဲ့ပါမယ်လို့၊ ခုတော့ ဒေါက်ပြုတ်တယ်ကွာ"

နေရောင်ကိုလက်ဖြင့်ကာယင်း မနော်ဟရီလမ်းပေါ်မှာ ဖိနပ်ကို အသုံးချနေရ၏။

ဘဝဆိုတာ ဒီလိုပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"နန္ဒာ....ညီမလေး"

ကလေးတယောက်လို ကြည်လင်သော မြနန္ဒာ၏ မျက်နှာလေးက ချစ်စရာကောင်းနေသည်။

"မြနန္ဒာ... ညီမလေး"

သူက မြနန္ဒာကိုယ်လေးကို အသာအယာ လှုပ်ပြီးနှိုးရသည်။

မြနန္ဒာက ရှည်လျားသော မျက်တောင်များကို ပုတ်တော်ပုတ်ခတ်လုပ်ပြီး မျက်လုံးလေး ဖွင့်ကြည့်သည်။ ပြီးတော့မှ နှုတ်ခမ်းကျပ်လေးကို နှာမှာတင်၏။



"မိုးလင်းပြီ ညီမလေးရဲ့"

သူက မြနန္ဒာနဖူးလေးကို ငုံ့နမ်းလိုက်သည်။ မြနန္ဒာက သူ့လည်ပင်းကို ခိုပြီး အိပ်ရာမှ ထယင်း သူ့ပါးကိုနမ်းသည်။

သန့်စင်သော အပြုံးများသည် အိပ်ခန်းလေးထဲမှာ ပြည့်နေတော့၏။

သူက မြနန္ဒာကိုထားပြီး အိပ်ခန်းထဲက ထွက်လာသည်။ ဘုရားခန်းထဲက မြနန္ဒာဖေဖေနှင့် မေမေ၏ ဘုရားရှိခိုးသံကို ကြားရသည်။

သူ ရေချိုးခန်းထဲက ထွက်ပြီး ထမင်းစားခန်းထဲ ဝင်လာတော့ မြနန္ဒာက အားလုံးအဆင်သင့်ပြင်ဆင်ပြီးပြီ။ မြနန္ဒာက သူ့ပခုံးပေါ်မှ မျက်နှာသုတ်ပဝါကိုယူပြီး အိပ်ခန်းထဲသွားပြီးမှ ပြန်လာသည်။

ပေါင်မုန့်မီးကင်ကိုထောပတ်ထူထူ သုတ်ပေးထား၏။ မြနန္ဒာသည် သူ့အကြိုက်ကို အားလုံးသိ၏။ မြနန္ဒာဖေဖေက သတင်းစာကိုင်ပြီး ဝင်လာသည်။

"ဘယ့်နှယ်လဲသား၊ အခုတော့ နေရထိုင်ရတာ အသားကျသွားပြီ မဟုတ်လား"

"ဟုတ်ကဲ့ပါ အန်ကယ်"

သူက ခေါင်းညိတ်ပြီးဖြေသည်။

သူတို့လက်ထပ်ပြီးသည့်နေ့က အိမ်ဘလုံးငှားပြီး နေဖို့ပြောသော်လည်း မြနန္ဒာ အဖေနှင့်အမေက သည်တိုက်ကြီးကြီးနေမယ့်လူ မရှိ။ ပြီးတော့ သမီးကိုလည်း မခွဲနိုင်။ မြနန္ဒာလည်း နေချင်သည်ဆိုသည်နှင့် နေဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာက ကားဂိုဒေါင်နှစ်လုံးရှိပြီး တလုံးသာ ကားထားသည်။ တလုံးက အားနေသည်။ အားနေသော ဂိုဒေါင်ကို သူတို့ပြုပြင်ပြီး သည်ဖရင်းစ်တီးဝိုင်းအတွက် သီချင်းတိုက်ဖို့ နေရာလုပ်ခဲ့သည်။

သည်ဖရင်းစ် တီးဝိုင်း၏ လက်ရှိပစ္စည်းများသည် ဖေဖေဝယ်ပေးသည့် ပစ္စည်းများ မဟုတ်တော့။

သူ သီချင်းဆိုရသည့်ငွေနှင့် မြနန္ဒာဖေဖေက လိုငွေကိုစိုက်ပြီး ဝယ်ထားပေးခြင်း ဖြစ်သည်။

မြနန္ဒာဖေဖေက ကော်ဖီကိုလှမ်းယူယင်း သတင်းစာကို သူ့ဆီ လှမ်းပေးသည်။ ကြေးမုံသတင်းစာ စာမျက်နှာ ခြောက်နှင့် ရှနစ်ကို အလျှင်လှန်ကြည့်သည်။ ကြော်ငြာ ဖတ်ရန် ဖြစ်၏။

ကြည်သာ တကိုယ်တော်
'အချစ်နေဖို့ အချစ်အိမ်'
တေးဂီတ.... 'သည်ဖရင်းစ်'

ကျော်စိုး၏ကြော်ငြာကို ဖတ်ရသည်။
ရင်ထဲမှာ ကျဉ်ကနဲ ဖြစ်သွားသည်။
ဘာဆိုင်လို့လဲ....

သူ မျက်နှာကို မပျက်အောင် ထိန်းရသည်။ သူ့ သီချင်းကြော်ငြာအောက်က စေ့စပ်ကြောင်းလမ်းခြင်း ကြော်ငြာတခုကိုတွေ့ရသည်။

မေနှင်းအေးနှင့် ဆရာဝန်တယောက် နာမည်ကို တွေ့ရသည်။



မနာလိုတာလား၊ မခံချင်ဘာလား၊ ဒေါသ ဖြစ်ဘာသလား ဘာမှန်းမသိ။

သူ့အလွန်ကြိုက်သော ပေါင်မုန့်မီးကင် ထောပတ်သုတ်သည် ရာဘာတုံးကို ဝါးနေရသလို အရသာမရှိတော့။

မှတ်မှတ်ရရ သည်နေ့၊ သူနှင့်မြနန္ဒာ လက်ထပ်ပြီး တနှစ်နှစ်ဆယ့်ကိုးရက်မြောက် နေ့မှာ မေနှင်းအေး စေ့စပ် ကြောင်းလမ်းခြင်း ဖြစ်သည်။

✲

"အချစ်ဆိုတာ ဒီနေ့အထိ ဘယ်သူမှ နားမလည်နိုင်တဲ့ မဖြေရှင်းနိုင်တဲ့ အလွန်တရာ ရှုပ်ထွေးသောပြဿနာကြီးတခုပဲ၊ ကိုကိုလွင်တို့က ဘော့ လူပျိုကြီးပဲလုပ်ဒေတာ့မယ်"

ဦးချစ်ဆိုင်မှာထိုင်ယင်း သော်ဝင်းပြဿနာကို ဆေးခန်းဆရာက ကိုကိုလွင်က အားလျော့ စိတ်ပျက် ဟန်နှင့် ပြောသည်။ သူနှင့် မြနန္ဒာပြဿနာက အေးငြိမ်းရှိသေးသည်။ သော်ဝင်းနှင့် အောင်သွန်းက ပြဿနာတက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ၏ အရိပ်အကဲကို ဘယ်လိုမျှခတ်လို့မရ။ စိန့်ကဲကျောက်ကဲ ပတ္တမြားကဲထက် မိန်းမကဲခတ် အလွန်ပဲခက်၏ ဆိုလျှင် ပိုကောင်းမည် ထင်သည်။

သော်ဝင်း ကောင်မလေး တင်တင်နွယ်ဆိုလျှင် သော်ဝင်း အနား၊ကမခွာ။နယ်ပွဲတွေသာမလိုက်သော်လည်းရန်ကုန်ပွဲတွေဆို သော်ဝင်းအနားမှာ အမြဲရှိသည်။

ရှိုးရှိုးအေးအေးနှင့် ပွင့်လင်းသော အောင်ထွန်း၏ ချိုချိုကလည်း ပူပူဆူဆူဖြစ်လာသည်။

သော်ဝင်းနှင့် တင်တင်နွယ်က ကျောင်းပြီးလျှင် လက်ထပ်ဖို့ကိစ္စပြောယင်း စကားများသည်။ သော်ဝင်းက ရုံးတက် လက်မှတ်ဆိုးမည်။ တင်တင်နွယ်က အင်းလျားလိတ်၊ ကရဝိက်၊ သမ္မတ၊ စထရင်း။ ဘယ်လိုမျှ ညှိမရ။

အောင်ထွန်းက သီချင်းရေးခကို ချိုချိုနှင့်လက်ထပ်ဖို့ မစုနိုင်ပဲ နွမ်းပါးသောမိဘကို ထောက်ပံ့နေရသည်။

ပြဿနာ ဖော့က သပ္ပတ်အူဘက် ဆယ်ဆခလောက် ရှုပ်နေသည်။

ကတ်နိုင်သမျှ အကြံပေးရသည်။ သူ့တုန်းကလည်း ဒီ သူငယ်ချင်းတွေပဲ အကြံ ပေးခဲ့ကြသည်၊ ကူညီခဲ့သည် မဟုတ်လား။

"မင်းကတော့ ကံကောင်းပါတယ် ကြည်သာ၊ မင်းအိမ်ထောင်ရေးက ချမ်းမြေ့စရာ ကောင်းတယ်၊တယောက်နဲ့ တယောက် ကြင်နာတယ်၊ မင်းဘဝက ပြည့်စုံနေပါပြီ၊ နောက်ဆို ပြည့်စုံသထက်တောင် ပြည့်စုံဦးမယ်"



သော်ဝင်း၏ ရည်ရွယ်ချက်စကားကို သူကသိသဖြင့် ပြုံးမိသည်။ ကိုရှိလာကားသံ ကြားရသဖြင့် အားလုံး ဝိုင်းကြည့်ကြသည်။

"မဗိုက်လာတယ်ဟေ့"

မြနန္ဒာ ဝမ်းဗိုက်ကလေးက မသိမသာ မို့နေသည်။ ကားပေါ်ကဆင်းပြီး သူတို့စားပွဲဆီ လျှောက်လာ၏။

မနက်က အိမ်ကို ကျော်စိုးလာခေါ်ကတည်းက ဦးချစ်ဆိုင်မှာရှိနေမည်ဟု ပြောခဲ့သဖြင့် မြနန္ဒာ လိုက်လာခြင်း ဖြစ်သည်။ ထမင်းစားချိန်ကျော်လျှင် မြနန္ဒာ လိုက်လာတတ်စမြဲ။

"မင်းမိန်းမက ဗိုက်နဲ့လဲ ကားမောင်းနေတာပဲလား"

အောင်ထွန်းက စိုးရိမ်စကား ပြောသည်။ သော်ဝင်းက မြနန္ဒာကို ကြည့်ပြီး....

"ဘာဖြစ်လဲကွာ၊ ဗိုက်နာလာတော့လဲ ဂျင်မခါနာကို တန်းမောင်းသွားယင် ပြီးတာပေါ့"

မြနန္ဒာက ရှက်ပြုံးလေးနှင့် သော်ဝင်းကျောကို ထုသည်။

"ကဲ....ငါ ပြန်ဦးမယ်"

သူက မြနန္ဒာလက်ကိုဆွဲပြီး ထိုင်ရာမှ ထသည်။

"လက်ဖက်ရည်ဖိုးတော့ ရှင်းခဲ့ပါဦးဆရာရယ်"

အောင်ထွန်းက သူ့ကိုကြည့်ပြီး ပြောသည်။ မြနန္ဒာက သူ့ဆလင်းဘက်ထဲက အစိတ်တန်တရွက်ထုတ်ပြီး စားပွဲပေါ် ချပေးသည်။ သော်ဝင်းက....

"ပိုတာ ငါယူမယ်"

"ငါ တောင်းတာကွ"

www.burmeseclassic.com

www.burmeseclassic.com



အောင်ထွန်းအသံ၊ သူနှင့်မြန္မာ ကားပေါ် ရောက်တော့—

“ချမ်းမြေ့ကြပါစေ”

သူငယ်ချင်းတွေက ပိုင်းအော်သည်။ ပေးတဲ့ဆုနဲ့ ပြည့်ပါစေဟု ဆုတောင်းမိ၏။

“ဖြည်းဖြည်းမောင်းလေ....မြန္မာ”

တက္ကသိုလ်ရိပ်သာ လမ်းပေါ် ရောက်တော့ မြန္မာ ကားမောင်းပြန်သဖြင့် သူက တားရသည်။ မြန္မာကားအရှိန်မလျှော့၊ သူ့ကို ပြုံးကြည့်နေသည်။

*　　　*　　　*

# ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

အချိန်တွေက လျင်မြန်စွာ ကုန်လွန်ခဲ့သည်။ သူ့သီချင်းခွေတွေက တခွေပြီးတခွေ ထွက်လာသည်နှင့်အမျှ နာမည်ကလည်း ကျော်ခဲ့သည်။သို့သော် အောင်မြင်မှုကို မယစ်မူး။ ဂီတကိစ္စကို ကြိုးစားယင်း အိမ်ထောင်ရေးကိုလည်း ဂရုစိုက်သည်။

သူထည့်ခဲ့သော ကြော်ငြာလေးကို ပြန်ဖတ်ယင်း တခါတ်ည်း ပြုံးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းမလေးမွေးဖွားခြင်း....

ကျွန်တော် ကြည်သာ (The Friends) အတွက် ဇနီး မြနန္ဒာက သမီးဦး လေး ကို (၄-၁-၈၁) နေ့တွင် မွေးဖွား ပေးပါသည်။

ကြည်သာ (The Friends)

ရင်ထဲမှာ ပျော်နေသည်။

လူက ပင်ပန်းသော်လည်း စိတ်ထဲမှာ လန်းဆန်း တက်ကြွနေ၏။ မြနန္ဒာကို မီးဖွားဖို့ ဆေးရုံ တင်ထားရစဉ်က သူ့မှာ နေ့မအိပ် ညမအိပ်နှင့် ဆေးရုံအောက်မှာ စောင့်ရသည်။

ညှော်ချိန်လွန်သည်အထိ မြနန္ဒာအပါးမှာနေပြီး ညှို့နှင်သည်နှင့် ဆေးရုံထဲက သက်သာဆိုင်မှာ ထိုင်စောင့်ရသည်။

သည်လိုနှင့် သူသည် ကလေး၏အဖေ ဖြစ်လာ၏။ သူ အဖေဖြစ်လာသည်မှာ နှစ်လပြည့်ပြီ၊ မိဘမေတ္တာကို ပိုမိုနားလည်လာ၏။ မြနန္ဒာက အေးအေးလေး အိပ်ပျော်နေသည်။

မြနန္ဒာဖေဖေနှင့် မေမေကတော့ မြေးမကလေးဘေးကမခွာတော့။

သမီးလေးက ဖြူဖြူဖွေးဖွေး လုံးလုံးလေး။ မအောင့်သည်လားတော့ မသိ၊ နက်မှောင်သော မျက်ခုံးမွေးက တန်းပြီး မျက်တောင်ကော့နှင့် မျက်လုံးများ ဝိုင်းစက်ကြည်လင်နေသည်။



"မြေးကလေးကချစ်စရာလေးကွ"

"နာမည်ပေးဖို့လဲ စဉ်းစားဦး ကိုမြင့်ဦး"

အဘိုးနှင့် အဘွားသည် မြေးကို နာမည်ပေးဖို့ အလုပ်ရှုပ်နေ၏။ သူက သမီးလေးအပါးသွားပြီး ပါးကို နမ်းလိုက်သည်။

မြနန္ဒာက မျက်လုံးလေးတွေ ပွင့်လာသည်။ သူက မြနန္ဒာကို အားပေးသလို ပြုံးပြယင်း....

"နန္ဒာ စားချင်တာရှိယင် ပြောနော်"

မြနန္ဒာက ပြုံးပြပြီး ခေါင်းခါသည်။ သူက မြနန္ဒာ လက်ကလေးကို ဆုပ်ကိုင်လိုက်၏။

"မေမေ အားလုံး လုပ်ပေးပါတယ် သားရယ်....သမီးအတွက်ရော မြေးအတွက်ရော ဘာမှ မပူပါနဲ့"

"မအေးတို့ကတော့ ကိုယ်ချင်းမစာ ပြောတော့မယ်၊ မင်းတောင်မှ သားနဲ့မြေးအနားက မခွာနိုင်ဖြစ်နေတာ၊ သားက ဇနီးနဲ့သမီးကွ...."

မြနန္ဒာဖေဖေ စကားကြောင့် သူက ဖေဖေကို သတိရသည်။ ဖေဖေက သူ့ကို သိပ်ချစ်သည်ပဲ။

အရွယ် မရောက်သေးသည့် လူမည်သမီးလေးကိုပင် သူအတုန်နေအောင် ချစ်လျှင် ဖေဖေက ဘယ်လောက် ချစ်မည်လဲ။

✲

www.burmeseclassic.com

www.burmeseclassic.com



ခုတလော ကိုကို ခေါင်းရှုပ်နေပုံရသည်။ တီးဝိုင်းကိစ္စပဲဖြစ်မည်။ ကိုကို ပင်ပန်းသည်ကို မြနန္ဒာ မကြည့်ရက်၊ မမြင်ရက်။

ခက်တာက ကိုကို့ကို သည်အလုပ်မလုပ်ဖို့ တားလို့ရမည်မဟုတ်။ ကိုကိုက သီချင်းဆိုယင်း ဂစ်တာတီးယင်း သေမည့်လူစားမျိုး။

ရွှေမန်းတင်မောင်က ပွဲကယင်း အသက်ဆုံးသွားသည်။

ကမ္ဘာကျော် ဂီတပါရဂူ မိုးဇက်က သူ၏ နောက်ဆုံးနှင့် အကျော်ကြားဆုံး 'ကီရီယမ်' ဝိုချင်းရှည်ကို တေးဖွဲ့စပ်ဆိုယင်း အသက် ၃၅ နှစ်အရွယ်မှာ ကွယ်လွန်ခဲ့ရ၏။

ကိုကို့အတွက် သီချင်းဆိုပြီး ငွေရှာဖို့မလိုပါ။ ကိုကိုနှင့် မြနန္ဒာ တကယ်အဟုတ် သမီးလေးတသက်ပင် ထိုင်စားနိုင်ပါသည်။

မြနန္ဒာကတော့ ကိုကို့မျက်နှာကိုပဲကြည့်နေချင်သည်။ ကိုကို့အပါးမှာပဲ နေချင်သည်။ ကိုကိုကတော့ တခါတလေ စတိတ်ရှိုးကိစ္စ၊ အသံသွင်းဖို့ ကိစ္စတွေနှင့် အပြင်ကို ရောက်နေတတ်သည်။

သမီးလေး မမွေးခင်တုန်းကတော့ မြနန္ဒာ ကိုကိုသွားလေရာ အရိပ်လို လိုက်နေမိသည်။

ခုတော့ မြနန္ဒာ ကိုကို့နောက်ကို မလိုက်နိုင်။ သမီးလေးကို ထိန်းယင်း ကိုကို ပြန်အလာကို မျှော်နေရသည်။

သမီးလေးနှင့် နှစ်ယောက်တည်းနေရတော့ သမီးလေးကို နာမည်ပေးဖို့ စဉ်းစားသည်။ နာမည်တွေကို စာရွက်ပေါ်မှာ ရေးချမိသည်။ ဘယ်နာမည်မျှမကြိုက်။ နောက်ဆုံးတော့ မြနန္ဒာ နာမည်က မြနှင့် ကိုကို့နာမည်ကို တွဲကြည့်သည်။



မြကြည်သာ....။

ကိုကို....

သမီးလေးကို မြကြည်သာ လို့ နာမည်ပေး
မယ်နော်၊ တနှစ်ပြည့်ယင် နာမည် ပေးယင်း
မွေးနေ့လုပ်မယ်၊ ကိုကို သဘောတူလား။

ကိုကို့လက်ထဲကို မြနန္ဒာ ရေးထားတဲ့ စာရွက်ကလေး ပေးလိုက်တော့ ကိုကိုက ဖတ်ပြီးရယ်သည်။ ခေါင်း ညိတ် သည်။ ကိုကိုက ပျော်ပျော် ရွှင်ရွှင် ရယ်ရယ် မောမောနှင့် ဆိုတော့ မြနန္ဒာလည်း ပျော်ရသည်။

"မြကြည်သာ တဲ့လား၊ ကိုကို့မိန်းမက နာမည်ပေးစားလို့တောင် ရနေပြီပဲ၊ ကောင်းတယ်ဟေ့...ကောင်းတယ်၊ သမီးလေးနာမည် မြကြည်သာ....တနှစ်ပြည့်ယင် မွေးနေ့လုပ်ရမယ်"

ကိုကိုက သမီးလေးချီထားသော မြနန္ဒာကိုဖက်ယင်း ပြောသည်။

ကိုကိုရယ် ပျော်လိုက်တာ၊ ထာဝရ ပျော်ပါရစေ....ဟု မြနန္ဒာ ရင်ထဲက ပြောဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂ )

"ဖေဖေ လာရမယ်ပေါ့၊ ဟုတ်လား"
"ဟုတ်တယ် ဖေဖေ၊ သမီးလေးမွေးနေ့ကို ဖေဖေ လာစေချင်ပါတယ်"
"ဖေဖေ မလာနိုင်ဘူး သား၊ ဖေဖေ့ရင်ထဲက မင်းခွဲထွက်သွားတာ ကြာပြီပဲ၊ ဖေဖေ့မှာ သား မရှိဘူး၊ သားမရှိသလို မြေးလဲမရှိဘူး၊ ခုတော့ မိဘနေရာကို မင်းရခဲ့ပြီမို့ မင်း နားလည်လာလိမ့်မယ်"
"သားကတော့ လာစေချင်တာပဲ ဖေဖေ"



"မင်းအတွက် ဝမ်းနည်းပါတယ်၊ ဖေဖေ မလာနိုင်ပါဘူး"

ဖေဖေက သူပေးထားသော ဖိတ်စာကို အသေအချာ ဖတ်ပြီးမှ တောပွိုင့်ကိုသုတ်ကာ ဖိတ်စာထဲမှာ ထည့်ရိုက်ထားသော ဦးမောင်ညာဏ် ဆိုသည့်နာမည်ကို ဖျက်ပစ်လိုက်သည်။

"မင်းကတော့ ပျော်နေမှာပေါ့"
"ပျော်တယ်လို့တော့ မဟုတ်ပါဘူး ဖေဖေ၊ ဒါပေမယ့် ဖေဖေက သားတို့ကို ချစ်ချစ်ခင်ခင် ဆက်ဆံယင်တော့ သားတို့ ပျော်မှာပါပဲ"
"ငါက အရေးမကြီးပါဘူးလေ၊ ဟုတ်တယ် မဟုတ်လား"

ဖေဖေ့စကားက ဘာကိုရည်ရွယ်မှန်း သူသိပါသည်။ အခုအချိန်မှာတော့ ဖေဖေ့ကို ငြင်းဆန်စကား မပြောချင်တော့။ ကိုယ်လုပ်ချင်ရာကို လုပ်ခဲ့ပြီးပြီ၊ သည်အချိန်မှာ ဖေဖေ ပြောသမျှခံပြီး တောင်းပန်ရုံသာရှိတော့သည်။

"ဖြစ်ပြီးခဲ့တာတွေကိုမေ့ပြီး သားအပေါ် ခွင့်လွှတ်ပါ ဖေဖေ"

သူ့စကားက ဖေဖေ့ကို ထိရောက်ဟန်မတူ။ ဖေဖေသည် အနှင့်ပတ်သက်ပြီး ရင်ထဲမှာ နာကျင်နေမြဲဟန်တူသည်။

"သားပြန်တော့မယ် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



သူက ထိုင်ရာမှ ထပြီး နှုတ်ဆက်ယင်း ဖိနပ်ဘာကတ်ပြား အသစ်လေးတခုကို မေမေ့ရှေ့စားပွဲပေါ်တင်ပြီး ထွက်သွားခဲ့သည်။ ပေါ်တီကိုအောက်မှာ တခါက သူစီးခဲ့သော ဖယ်မလီယာ ကားနီလေးကို ဖုန်မသုတ် ရေမဆေးပဲထားသည်ကို တွေ့ရ၏။

သူက ကိုရှိသောကားအနီပေါ် တက်ထိုင်လိုက်၏။

✲

ညွှ်သည်နှစ်ယောက်နှင့် စကားပြောနေသော ကိုကို့ကို ကြည့်ကာ မြနန္ဒာ ကိုကို့ကို သနားမိသည်။ ကိုကိုတို့ ဂီတကိစ္စ စာလည်း ရှင်းမလိုနှင့် ရှုပ်လှသည်။

သမီးလေးမွေးနေ့ကို စည်စည်ကားကား ကျင်းပနိုင်ခဲ့သော် လည်း ကိုကို့ဖေဖေ မလာသဖြင့် ကိုကို စိတ်မကောင်း။ ကိုကို သည် ညွှ်ခံပွဲပြီးသည့်အချိန်အထိ သူ့ဖေဖေကို စောင့်သည်။ သို့သော် ကိုကို့ဖေဖေက မလာ။

သည်ကြားထဲ ကိုကို့တီးဝိုင်းထဲကလူတချို့ အကြောင်း ကြောင်းကြောင့် နှုတ်ထွက်သွားရသည်။ လူသစ်နှစ်ယောက် ရောက်လာသည်။ ကိုကိုစိတ်တိုင်းကျပုံမရ။



ညွှ်သည်နှစ်ယောက် ပြန်သွားမှ ကိုကိုက အိမ်ခန်းထဲဝင်လာ သည်။ အိပ်ပျော်နေသော သမီးလေးမြကြည်သာကိုကြည့်ယင်း....

"နန္ဒာ....သမီးလေးကို နို့တိုက်ရဲ့လား"

မြနန္ဒာက ခေါင်းညိတ်ပြတော့ ကိုကိုကပြုံးသည်။ အိပ်နေ သော သမီးလေးပါးကို ဖွဖွလေးနမ်းပြီး မြနန္ဒာဘေးမှာ ဝင် ထိုင်သည်၊ ကိုကိုက မြနန္ဒာပခုံးကိုဖက်ယင်း....

"သမီးလေးဟာ ကိုကို့အသက်ပဲနန္ဒာ၊ သမီးလေးကို ဂရုစိုက်ပါနော်၊ နန္ဒာလဲ သမီးလေးအတွက် သိပ်များ ပင်ပန်းနေပြီလားဟင်"

မြနန္ဒာက ခေါင်းခါပြသည်။

ကိုကိုကမြနန္ဒာနဖူးဆံစလေးကိုလက်ဖဝါးဖြင့်အသာပွတ်ယင်း မြနန္ဒာပါးကိုနမ်းသည်၊မြနန္ဒာကလည်းကိုကို့ပါးကိုနမ်းမိသည်။

ကိုကိုက သမီးလေးကို ကိုကို့အသက်တဲ့၊ မြနန္ဒာအတွက် လည်း အသက်ပါပဲ။ ပြီးတော့ ကိုကိုရယ်၊ သမီးလေးရယ်၊မြနန္ဒာ ရယ် တသက်လုံးမခွဲပဲ အတူနေသွားချင်တယ်။

ကိုကို့ကို မယုံလို့တော့ မဟုတ်ပါဘူး၊ မြနန္ဒာကိုကို့ကို ယုံပါ တယ်၊ အချောအလှတွေဝိုင်းနေတဲ့ကြားထဲက မြနန္ဒာလို အအ မ ကို ယူခဲ့သည်ပဲ။ ဒါပေမယ့် ကိုကိုနှင့် ခွဲရမှာကိုတော့ သေရမှာ ထက် ကြောက်သည်။

ကိုကိုသာမရှိလျှင် မြနန္ဒာလည်း သည်မြေပေါ်မှာ ရှိတော့ မည်မထင်။

www.burmeseclassic.com

www.burmeseclassic.com



မြန္နာ ကိုကို့ကိုစကားတွေပြောချင်သည်။ မြန္နာသာစကား ပြောတတ်လျှင် ကိုကို့ကိုချစ်တယ်....ကိုကို့ကို ချစ်တယ်ဆိုသည့် စကားကို နေ့တိုင်းနေ့တိုင်း မနားတမ်း ပြောနေမိမည်လားမသိ။

ခုတော့....မြန္နာက လူစဉ်မမီ၊ လူတောမတိုး။

"ဟင်...မြန္နာ ညီမလေး ငိုနေတယ်ဟုတ်လား၊ ဘာလို့ ငိုရတာလဲ နန္နာရယ်၊ ဘာတွေ စိတ်မကောင်းဖြစ်နေပြန်ပြီလဲ၊ အားမငယ်ပါနဲ့နန္နာ၊ ကိုကိုတယောက်လုံး နန္နာ့ဘေးမှာ ရှိနေပြီပဲ၊ တိတ်ပါကလေးရယ်"

ကိုကိုက တိတ်ပါဆိုသော်လည်း ကိုကို့ရင်ခွင်ထဲ ခေါင်းတိုးပြီး မြန္နာ ငိုမိလေသည်။

ချစ်ရတော့လည်း ငိုရသည်ပဲလား....

အချစ်သည် ဆန်းကြယ်လွန်းလှ၏။

*

"နန္နာလိုက်မလား"

သူတို့ The Friends အဖွဲ့ သည်နေ့ည ဆေးတက္ကသိုလ်(၁)မှာ ဖျော်ဖြေရမည်။ မြန္နာ အပြင်မထွက်ရသည်မှာ ကြာပြီမို့ သူကခေါ်တော့ မြန္နာ ခေါင်းညိတ်သည်။



"မြေးလေးတော့ ခေါ်မသွားကြနဲ့နော်၊ ကလေးက ငယ်သေးတယ်၊ သမီးကတော့ အိမ်ထဲမှာ နေအောင်းနေရတာ ကြာပြီပဲ၊ အပြင်လေးဘာလေး ထွက်ဦးပေါ့၊ မြေးလေးကို မေမေကြည့်ထားလိုက်ပါ့မယ်"

မြန္နာမေမေက ဝင်ပြောသည်၊ မြန္နာက အဝတ်အစား ကပျာကယာလဲပြီး ထွက်လာသည်။ သမီးလေးကို လင်မယား နှစ်ယောက် အလှအယက်နမ်းပြီး အိမ်ကထွက်လာ၏။

"ဖြည်းဖြည်း မောင်းမမ်းပါနန္နာရယ်၊ အချိန်က လိုပါသေးတယ်"

မြန္နာက ဘာမျှမပြော၊ လျှာလေးထုတ်ပြသည်။ သူက မြန္နာ ခေါင်းလေးကို လှမ်းပုတ်လိုက်၏။

*

စတိတ်ခုံနောက်ရောက်တော့ ကောင်မလေးတွေက အော်ဟစ် စာအုပ်လေးတွေနှင့် စောင့်နေသည်။ မြန္နာက နှုတ်ခမ်းစူသည်။

"ညီမတို့ကို တောင်းပန်ပါတယ်၊ ဝိုင်းက စခါနီးနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မရတူး၊ ဒီအော်တိုတွေပြီးမှ သွားရမယ်"

သူ့မှာ မငြင်းသာ၊ ကိုယ့်ပရိသတ်ကို ငြင်းပယ်လို့မကောင်း။ သူတို့ကျေနပ်အောင် အော်တိုတွေ တအုပ်ပြီးတအုပ်ရေးပေးရသည်။

"စာသားလှလှ ရေးပေးပါနော်"
"ကဗျာပါစပ်ပေးပါအစ်ကို"
"အစ်ကို့ သီချင်းတွေက သိပ်ကောင်းတာပဲ၊ ညီမတို့က တော့ သိပ်ကြိုက်တယ်"

"အစ်ကို မိန်းမယူတာ စောတယ်"

ကောင်မလေးတွေက သူတို့စိတ်ထဲထင်တာတွေ လျှောက်ပြောနေသည်။ သူက ဘာမျှပြန်မပြော၊ သူတို့နှင့် ပြန်ပြောနေလျှင်လည်း စကားဆုံးမည်မထင်တော့။ မြနန္ဒာကို လှည့်ကြည့်လိုက်တော့ ကျောခိုင်းပြီးရပ်နေသည်။ ရွှေစိတ်တော်ကောက်နေပြီထင့်။

သူက အော်တိုတွေရေးပြီး မြနန္ဒာဘက် လှည့်ထွက်လာခဲ့သည်။

"ကိုကြည်သာ့ ဇနီးက သနားဖို့ကောင်းတယ်နော်"

နောက်ဘက်က စကားသံတိုးတိုး ကြားရသည်။ သူ လှည့်ကြည့်မနေတော့၊ လှည့်ကြည့်စရာအကြောင်းမှ မရှိပဲ။ လူဆိုတာသည်လိုပဲပေါ့လေ။

မျက်နှာညှိုးနေသော မြနန္ဒာပါးလေးကို လိမ်ဆွဲလိုက်သည်။



"ချစ်ရယ်....စိတ်မကောက်ပါနဲ့ကွယ်၊ ကိုကို့ကိုချစ်ယင် ဒီလောက်တော့ ခွင့်လွှတ်နိုင်ရမှာပေါ့ကွာ"

✲

ပရိသတ်က ကိုကိုတို့အဖွဲ့အပေါ် အားပေးနေသည်မှာ အံ့သြစရာ။ ကိုကိုတို့အဖွဲ့သားတွေက မြနန္ဒာနှင့် ရင်းနှီးနေပြီမို့ အားလုံးကို သိနေသည်။

ကိုကိုက မြနန္ဒာကို စိတ်မကောက်ပါနဲ့တဲ့။

မြနန္ဒာစိတ်ကောက်တာမဟုတ်ပါဘူး။ မြနန္ဒာလူပိုတယောက်လို ဖြစ်ရသည်ကိုသာ ဝမ်းနည်းမိနေခြင်းဖြစ်သည်။

ကိုကို့အတွက် မြနန္ဒာဘာအကူအညီမျှ မပေးနိုင်၊ ကိုကို့ဘေးမှာပင် ရဲရဲဝံ့ဝံ့ရပ်မနေရဲ။ မြနန္ဒာ၏ ချို့တဲ့မှုက ကိုကို့ကို ညှိုးမှိန်မှာ စိုးသည်။ ကိုကို့အတွက် စိတ်ချမ်းသာမှုကို အပြည့်အဝ မပေးနိုင်ဟုသာ ထင်နေမိသည်။

ကိုကိုရယ် မြနန္ဒာနဲ့မှ ဘာလို့များ လာဆုံရတာလဲ....

မြနန္ဒာကို ကိုကိုချစ်မိတာမှားပြီထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ စွန့်လွှတ်အနစ်နာခံခြင်းလို့ မြန်နွှာနားလည်သည်။ ကိုကို့ကို မြန်နွှာချစ်ပါသည်။ ကိုကို့အတွက် မြန်နွှာ အနစ်နာ ခံရပါသည်။

အခုအချိန်မှာ ကိုကိုစိတ်ချမ်းသာမည်ဆိုလျှင်ကိုကို့ကို မြန်နွှာ စွန့်လွှတ်ရပါသည်။ ကိုကို့ကို စွန့်လွှတ်ပြီးသည့် နောက်ပိုင်းတွင်မူ....

မြန်နွှာဘာမျှ မတွေးချင်တော့။

ကိုကို့သီချင်းသံက နားထဲကို ဝင်လာသည်။ ကိုကိုက သီချင်းသံပုဒ်ကို ဆက်တိုက်ဆိုသည်။ ပရိသတ်ဆီမှ ကြည်သာထပ်ဆိုပါဆိုသည့် အသံကို ခဏခဏကြားရသည်။

သည်မျှ အောင်မြင်နေသော ကိုကိုသည် မြန်နွှာနှင့်ပင်မထိုက်တန်တော့ပါဟု တွေးမိပြန်သည်။

*

သီချင်းဆိုသင်း မျက်လုံးက ရှေ့ဆုံးတန်းဘာနေရာကို ရောက်သွားသည်။

မေနှင်းအေး....

မှတ်မိပါသည်။



သူ့အသည်းနှလုံးမှာ အုတ်မြစ်ချ ပန္နက်ရိုက်ခဲ့သူပဲ။

မေနှင်းအေးအားတွင် အဖော်သို့မဟုတ် ခင်ပွန်းဖြစ်သူကို မတွေ့ရ။ငယ်သူငယ်ချင်းဖြစ်ဟန်တူသော အမျိုးသမီးနှစ်ယောက်ကိုသာ တွေ့ရသည်။

သူက အပြုံးမပျက် သီချင်းဆိုနေသော်လည်း မေနှင်းအေးက မပြုံး၊ မေနှင်းအေးမျက်နှာက ညှိုးနေသည်။

အစကတော့ မေနှင်းအေးရှိသော ဆေးတက္ကသိုလ် မလာချင်၊ တာဝန်အရသာ လာခဲ့ရခြင်းဖြစ်သည်။

ခုတော့ အောင်မြင်မှုဂုဏ်မာနကို ပြချင်လာသည်။

အနုပညာသမား၏ အောင်မြင်မှု၊ ကျော်ကြားမှုကို ပြချင်သည်။ တချိန်က သူ့ကို အထင်သေး၊ အမြင်သေးနှင့် ကြည့်ခဲ့သော မေနှင်းအေး၏ မျက်လုံးများသည် အခုတော့ ပြောင်းလဲနေသည်။

ဝမ်းနည်းနေသည်လား၊ အံ့ဩနေသည်လားမသိ။

သူကတော့ပျော်သည်။

မာနချင်းပြိုင်လို့တော့ ဘယ်တော့မှ သူက အရှုံးမပေး။

သီချင်းဆုံးတော့ ဦးညွှတ်လိုက်သည်။ ခေါင်းပြန်မော့သည်အထိ လက်ခုပ်သံ မစဲသေး။ မေနှင်းအေး လက်ခုပ်တီးနေတာကိုမြင်ရသည်။ တောင့်တမှုတခု ပြည့်သွားသည်။

မေနှင်းအေး၏ လက်ခုပ်သံကို ကြားရပြီလေ။

"ကောင်းတယ်ဗျို့"

www.burmeseclassic.com

www.burmeseclassic.com



သူ စင်ပေါ်ကဆင်းတော့ ခိုင်ထူးက လက်ဆွဲနှုတ်ဆက်ယင်း ပြောသည်။ သူတို့လောကလေးမှာ သည်လို မြတ်နိုးစရာလေးတွေလည်း ရှိပါသေးသည်။

မြနန္ဒာက သူ့အနားရောက်လာပြီး လက်မောင်းကို ဆွဲထားသည်။

"အမျိုးသမီးက စိတ်မချဘူးထင်တယ်"

ခိုင်ထူးက မြနန္ဒာကိုကြည့်ပြီး သူ့ကိုနောက်သည်။ မြနန္ဒာက ပြုံးနေ၏။ သူ့နေရာတွင် လူစားထိုးပြီး တီးခိုင်းထားရသည်။ မြနန္ဒာတယောက်တည်း အားငယ်နေမည်မို့ မြနန္ဒာအနားတွင် သူကနေရ၏။

တင်မိုးခိုင်အသံကို ကြားရသည်။

*　　　*　　　*

အခန်း ( ၃ )

သည်နေ့ သူတို့ သည်ဖချင်းစ်အဖွဲ့ ကျော်စိုး၏ အစီအစဉ်အရ အဆိုတော်သစ်တဦးအတွက် ခမ္မစတူဒီယိုမှာ တီးပေးရသည်။ အစီအစဉ်အားလုံးပြီးတော့ သူ ဘာပြန်မည်လုပ်သော်လည်းမရ။ ကျော်စိုးက အင်းလျားသိတ်မှာ တဝိုင်းကျွေးမည်မို့ အားလုံးက သူ့ကိုခေါ်သည်။

အဆိုတော်သစ်ဆိုသော်လည်း လူစိမ်းမဟုတ်၊ သူတို့အဖွဲ့ထဲက အော်ဂင်ဆရာလေး ကိုကိုလွင်။

ကိုကိုလွင်က သူမလိုက်လျှင် မလိုက်တော့ဘူးဆိုသဖြင့် ကိုကိုလွင်ကို အားနာပြီး လိုက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန္နာနှင့် သမီးလေးကို သတိရသည်။

သူ့ကိုစောင့်ကြိုယင်း အိမ်ရှေ့ခြံထဲမှာကစားနေပေလိမ့်မည်။

ဘာလိုလိုနှင့် သမီးလေးပင် (၂)နှစ်ပြည့်ခဲ့ပြီပဲ။

သမီးလေးက လမ်းပင် လျှောက်နေပြီ။ သမီးလေးဆိုလို့ ဖေဖေ့ကို သတိရသည်။

ဖေဖေသည် သမီးလေး တနှစ်မြောက် မွေးနေ့တုန်းကလည်း မလာ၊ (၂) နှစ်မြောက် မွေးနေ့တုန်း ကလည်းမလာ။

ဖေဖေက သူ့အပေါ် အချစ်ကြီးသလောက် အမျက်ကြီးနေသည်လားမသိ။ သူ၊ မြန္နာနှင့်သမီးလေးကတော့ ဖေဖေ့ထံ မကြာခဏသွားသည်။

သို့သော် ဖေဖေသည် သမီးလေးပြုံကြည်သာကို ကာခါချမခံ ဖူး။ တည်တည်မှန်မှန်သာ ဆက်ဆံသည်။ တနေ့တော့ သူတို့ မိသားစုနှင့် ဖေဖေ အဆင်ပြေလာလိမ့်မည်ဟု မျှော်လင့်ထား၏။

အင်းလျားလိတ်ရောက်တော့ သူတို့အဖွဲ့နှင့် ကိုင်ဘာတို့အဖွဲ့ ပေါင်းမိသွားသည်၊ သည်လိုနှင့် အိမ်ပြန်နောက်ကျရတော့သည်။ အိမ်ရောက်တော့ မြန္နာမရှိ၊ အဖေ့ဆီကြ မှ ပြန်ရောက်လာသည်။

✲



နေ့လယ်ကတည်းက ရင်ထဲမှာ လေးနေသည်။ ဘာရယ်လို့တော့ မသိ။

ကိုကိုစားဖို့ ဦးကံကြီးဇနီး ဒေါ်မာဂျီနှင့် ကူညီ ချက်ပြုတ်ယင်း မြန္နာကြောင့် ပန်းကန်တချပ် ကွဲသွားသည်။ စိတ်ထဲက မကောင်း။ ကိုကိုပြန်လာချိန် ပြန်မရောက်တော့ရင်ထဲမှာ ပူလာသည်။

ဦးကံကြီးကိုခေါ်ပြီး သမီးလေးနှင့်အတူထွက်ရှာရသည်။ မေစတူဒီယိုရောက်တော့ ကိုကိုတို့အဖွဲ့ ပြန်သွားပြီ ဖြစ်ကြောင်းနှင့် အင်းလျားလိတ်ကို သွားမည် ထင်ကြောင်း၊ မြန္နာကို ကိုကို့ ဇနီးမှန်းသိနေသော ဦးရဲခေါင်ကြီးက ပြောသည်။

အင်းလျားလိတ်ရောက်လာတော့လည်း ကိုကို့ကိုမတွေ့။ ခိုင်ထူးက ကိုကိုတို့ထွက်သွားပြီဟု ပြောသည်။

နောက်ဆုံးတော့ ရင်မောစွာနှင့် အိမ်ပြန်လာခဲ့ရသည်။ ကိုကို တခုခုဖြစ်မှာ စိုးရိမ်နေသည်။ ခြံဝရောက်တော့မှမြန္နာကိုစောင့်နေသော ကိုကို့ကို တွေ့ရ၏။

တော်ပါသေးရဲ့ ကိုကိုရယ်....

ဦးကံကြီးက ကိုကို့နားမှာ ကားကို ရပ်ပေးသည်။ ကိုကိုက မြန္နာလက်ထဲက သမီးလေးကို လှမ်းချီယင်း....

"ဘာလို့လိုက်ရှာရတာလဲ နန္နာရယ်....ကိုကို ပြန်လာမှာပေါ့၊ အိမ်ကို ဖုန်းဆက်သေးတယ်၊ မြန္နာ မရှိတော့ဘူးလေ၊ ကိုကိုလဲ စောစော ပြန်လာမလို့ပဲ....ကိုကိုလွင်က တားနေလို့၊ သူ့ ပွဲဆိုတော့ ကိုကိုထပြန်လို့ မကောင်းဘူး မဟုတ်လား ကလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



သမီးကိုချီထားသော ကိုကိုနှင့် ယှဉ်တွဲ လျှောက်လာယင်း ကိုကိုသာ သူနောက်ကျရသည့်အကြောင်းကို ရှည်လျားစွာရှင်းပြနေသည်။

မြနန္ဒာက စိတ်ပူလို့ပါ ကိုကိုရယ်၊ အပြစ်တင်နေတာ မဟုတ်ပါဘူးဟု မြနန္ဒာက အမူအရာနှင့် ရှင်းပြသည်။

ဧည့်ခန်းထဲရောက်တော့ မေမေက ပြုံးကြည့်ယင်း....

"ကလေးအမေပဲ ဖြစ်နေပြီ....ကလေးလို လုပ်နေတယ်၊ သမီးက မြေးလေးမြကြည်သာထက်တောင် ငယ်ချင်နေသေးတယ်"

ဖေဖေက ပုတီးပင်မစိပ်နိုင်ပဲ မြနန္ဒာတို့မိသားစုကို ကြည့်ပြီးရယ်နေသည်။ သံယောဇဉ်ကြိုးသည် ပြတ်နိုင်ခဲသည်ပဲ။

"ကဲ....ညီမလေး၊ သမီးလေးကိုချီချီတိုက်လိုက်ဦး၊ အမေနောက်လျှောက်လိုက်နေရတာ နို့ဆာရောပေါ့"

ကိုကိုက မြနန္ဒာခေါင်းကို ဖွဖွလေးကိုင်ယင်းပြောပြီး အခန်းထဲဝင်သွားသဖြင့် မြနန္ဒာ ကိုကို့နောက်လိုက်ခဲ့ရသည်။ ဖေဖေနှင့်မေမေက သူတို့ မိသားစုကို ပြုံးကြည့်ယင်း ဧည့်ခန်းထဲမှာ ကျန်ရစ်၏။

*



ဇနီးနှင့်သမီးကိုခေါ်ပြီး ဖေဖေ့အိမ်ကို လာခဲ့သည်၊ ဖေဖေ့မျက်နှာ တည်တည်ကြီးကိုမြင်ရမှာ လန့်နေသည်။ သူတို့ရောက်တော့ ဖေဖေက အိမ်တံခါးကိုဖွင့်ပေးယင်း သူ့လက်ထဲက သမီးလေး မြကြည်သာကို လှမ်းကြည့်ပြီး အိမ်ထဲ ပြန်ဝင်သွားသည်။

ဧည့်ခန်းထဲရောက်တော့ သမီးလေးကို ချပေးလိုက်သည်နှင့် သမီးက ဘိုးဘိုး...ဘိုးဘိုးနှင့် ခေါ်ပြီး ဖေဖေ့ဆီ ပြေးသွားသည်။

သမီးလေးသည် ဖေဖေ မေမေ ဘိုးဘိုး ဘွားဘွားကို ပီပီသသ ခေါ်နိုင်နေပြီ။

ဖေဖေက ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ်မှာ သမီးလေးက ဖေဖေ့ပေါင်ပေါ်သို့ ဖက်တက်တော့သည်။ ဖေဖေက ကောက်မချီသော်လည်း သမီးလေးလိမ့်မကျအောင် ထိန်းထား၏။

ဘာတွေပဲဖြစ်မနေ သွေးသည်စကားပြောသည်ပဲ။

မြနန္ဒာက အလိုက်သိစွာဖြင့် ဖေဖေ့ ပေါင်ပေါ်က သမီးကိုခေါ်ပြီး ပြတင်းပေါက်မှာ သွားရပ်နေသည်။

"ဖေဖေ"

သူ့ခေါ်သံကြောင့် နံရံကနာရီအောက်မှာ ချိတ်ထားသော ဖေဖေနှင့် သူ နှစ်ယောက်တွဲဓာတ်ပုံကြီးကို ကြည့်နေရာမှ လှည့်ကြည့်သည်။

"မြနန္ဒာရော...မြကြည်သာပါ သနားဖို့ ကောင်းပါတယ် ဖေဖေ"

"သားတို့ကို မဝင်ရဘူး မထွက်ရဘူးဆိုပြီးဖေဖေပြောဖူးသလား"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အသံသည်ဒေါသစိတ်လျော့လာသည်ဟုထင်ရသည်။

"ဒါပေမယ့်.... ဖေဖေနဲ့ကျွန်တော် အဝေးကြီးမှာ နေရသလိုပဲ...."

"မဝေးချင်ယင် အနားမှာ လာနေပေါ့ကွာ"

ဖေဖေ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ဝဲနေသည်။ ဖေဖေ့မာနသည် သားသမီးနှင့် မြေးအပေါ်မှာ ဆက်လက်တင်းထားနိုင်စွမ်းရှိတော့ဟန် မတူ။

"နန္ဒာ...."

သူက ပြတင်းပေါက်မှာ ရပ်နေသော မြနန္ဒာကို လှမ်းခေါ်လိုက်သည်။ မြနန္ဒာက သမီးလေးကိုလက်ကဆွဲပြီး သူတို့အနားရောက်လာသည်။

"ဖေဖေက ပြောတယ်နန္ဒာ....ကိုကိုတို့ မိသားစုကို ဒီမှာလာနေပါတဲ့"

မြနန္ဒာ မျက်ရည်စဲပြီး ခေါင်းညိတ်သည်။ သူနှင့်မြနန္ဒာမှာ ကြမ်းပြင်ပေါ် ဆင်းပြီး ဖေဖေ့ကိုကန်တော့တော့ မြကြည်သာကလည်း ကန်တော့သည်။ ဖေဖေဆုပေးသံကို ကြားရသည်မှာ ရင်ထဲမှာ ချမ်းမြေ့လှသည်။

ဖေဖေက ကန်တော့နေသော သမီးလေးကို ကောက်ချီပြီး တရှုပ်ရှုပ်နမ်းနေသည်။

ဖေဖေ ငိုနေပြီ။

သူ မျက်ရည်ကျမိ၏။



အချစ်....

အမျိုးအစားခွဲပြီး ပြောနေကြသော်လည်း အချစ်ဆိုသည်မှာ ဝမ်းသာလိုက်၊ ဝမ်းနည်းလိုက်၊ ပြုံးလိုက် ပျော်လိုက်၊ ငိုလိုက် လွမ်းလိုက်နှင့် ရှုပ်ထွေး နေပေမည့် အဲ့သည့် အချစ်ကိုပင် တမက်တမော ပွေ့ဖက်ထားကြပြန်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

မြနန္ဒာက နားကျပ်လေးကို နေရာတကျဖြစ်အောင် တပ်သည်။ သူက ဂစ်တာကို ကြိုးညှိယင်း....

"နန္ဒာ ဘာသီချင်းနားထောင်မလဲ"

"ပျံ့မပြေးနဲ့ ရင်ခွင်ငှက်"

မြနန္ဒာက စာရွက်ကလေးမှာ ရေးပြသည်။

အမှန်က 'ပျံ့မပြေးနဲ့ ရင်ခွင်ငှက်'သည် ကဗျာဆရာ မိုးနေမင်း (သို့မဟုတ်) သူငယ်ချင်း အောင်ထွန်း လက်ရာမဟုတ်။ အောင်ထွန်း၏ လက်ရာမဟုတ်သလို သူ့ သီချင်းခွေပေါင်းမြောက်မြားစွာ ထုတ်ခဲ့ပြီးသော်လည်း 'ပျံ့မပြေးနဲ့ ရင်ခွင်ငှက်'သည် မပါဝင်ခဲ့။



'ပျံ့မပြေးနဲ့ရင်ခွင်ငှက်'သည် သူ့ရင်ကမွေးဖွားသောသီချင်းတပုဒ်။ ရင်ထဲမှာ သိမ်းထားခဲ့သည့် သီချင်းလေး။

မြနန္ဒာနှင့် ညားခါစ က သူတယောက်တည်း ခြံထဲက ယူကလစ်ပင်အောက်မှာ ဆိုနေတုန်း မြနန္ဒာ ရောက်လာသဖြင့် သီချင်းကို မြနန္ဒာ ကြားဖူးခဲ့သည်။

နောက်တခါ သမီးလေးမြကြည်သာ တနှစ်ပြည့်သည့်နေ့က သန်းခေါင်ကျော်သည့်အထိ အိပ်မပျော်သဖြင့် ခြံထဲမှာ ဂစ်တာတလုံးနှင့် 'ပျံ့မပြေးနဲ့ ရင်ခွင်ငှက်'ကို ဆိုနေစဉ် မြနန္ဒာ ကြားဖူးခဲ့သည်။

အမှန်ဆို ပျံ့မပြေးနဲ့ ရင်ခွင်ငှက်သည် ခရီးသရော အခါက သူ့ခံစားမှု။ မှတ်မှတ်ရရ ပြောရလျှင် ဖာလူဒါဆိုင်မှာ မေနှင်းအေးကို တွေ့သည့်ညက ရေးဖြစ်ခဲ့ခြင်းဖြစ်၏။

သနားစရာကောင်းသော မြနန္ဒာသည် ဘာကိုမျှ မသိ။

မြနန္ဒာက ပျံ့မပြေးနဲ့ရင်ခွင်ငှက်ကို သဘောကျနေသည်။

"ဒီ့ပြင်သီချင်းဆိုမယ်လေ"

မြနန္ဒာက ခေါင်းခါသည်။ သူ ပျံ့မပြေးနဲ့ရင်ခွင်ငှက်ကို ဆိုရတော့သည်။

သီချင်းလေးက ရင်ခွင်ထဲမှာ ထာဝရနားခိုခွင့်ပေးထားသော အချစ်ငှက်လေးကို ရင်ခွင်ထဲမှ ခွဲထွက်မသွားရန်၊ ရင်ခွင်ထဲမှ ပျံ့ပြေးခဲ့လျှင် ကြေကွဲစရာဘဝနှင့် ကြုံတွေ့ရမည်ကို မဖြစ်ချင်ကြောင်း...ငှက်ကလေးကို တောင်းပန်ထားခြင်းဖြစ်သည်။

အတိတ်သည် ရင်ထဲမှာ ရှိနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုပြီးတော့ ရင်ထဲမှာ မောပန်းနွမ်းနယ် ကျန်ရစ်သည်။ မြနန္ဒာကလည်း ဒီသီချင်းကို ဘယ်လိုခံစားရသည် မသိ၊ မျက်ရည်ဝဲနေသည်။

မြနန္ဒာက စောစောက စာရွက်လေးပေါ်မှာ စာရေးပြီး သူ့ကိုပေးသည်။ သူ ဖတ်ကြည့်လိုက်တော့....

ကိုကိုရယ်....

သိပ်ချစ်ရတဲ့ ကိုကိုရယ်....

ကိုကိုလဲ မြနန္ဒာကို ခွဲထားပြီး ပျံမပြေးနဲ့နော်၊ ကိုကိုသာမရှိယင် မြနန္ဒာ နေ့တိုင်း ငိုနေရမှာ၊ ငိုယင်း ငိုယင်းနဲ့ မြနန္ဒာ သေသွားရမှာပါ ကိုကိုရယ်....

ရင်ထဲမှာ ဝေဒနာ တိုးသွားသည်။ မျက်ရည် ဝဲနေသော မြနန္ဒာကို ပွေ့ဖက်ယင်း....

"ညီမလေး နန္ဒာရယ်....ကိုကိုက ထွက်ပြေး တတ်တဲ့လူ မဟုတ်ပါဘူး၊ ကိုကို့ရင်ထဲကသာ ထွက်ပြေးမှာစိုးတာပါ၊ ကိုကိုက ချစ်သူ့ဧပါးမှာ မခွဲမခွာနေလိုတဲ့လူပါ"

မြနန္ဒာက သူ့ပါးကို နမ်းသည်။

သူ့ပါးပေါ်မှာ မျက်ရည်စတွေ စိုသွား၏။ သူ့မျက်ရည်စလား၊ မြနန္ဒာ မျက်ရည်စလား သူ မသိ။ သူ ဘာကြောင့် မျက်ရည်ကျမိမှန်းပင် မရေခဲ့တတ်။



အလွမ်းသည် ရင်ထဲမှာ ရောက်နေသည်။ ဘာကို လွမ်းသည်လဲ။ မြနန္ဒာရော သမီးလေးမြကြည်သာပါ သူ့အပါးမှာ ရှိသည်ပဲ။ ဒါပေမယ့် လွမ်းသည်။

✲

"လာကြစို့....လာကြ၊ မျှော်နေတာ ကြာပြီ၊ အစောကြီးကတည်းက ကျုပ်တို့မြေးအတိုး ခြံဝက မျှော်နေရတာ"

အိမ်ရှေ့က အသံကြားတာဖြင့် မြနန္ဒာနှင့် သူ ထွက်လာတော့ မြကြည်သာလေးကို ချီသားသော ဖေဖေက မြနန္ဒာ ဒေဝေနှင့် မေမေကို ကြိုနေသည်။

"လာ လာ....ဦးကိုကြီးလဲ လာ"

ဖေဖေက မြနန္ဒာတို့ ဒရိုင်ဘာ ဦးကံကြီးကိုပါ ခေါ်သည်။ ဦးကံကြီးက အိမ်ပေါ်မတက်ပဲ ကားအောက်မှာရပ်နေသဖြင့်—

"ဦးကံကြီးက သူ့အမျိုးသမီး အောက်မှာ နေတာ ဦးပျောင်ညာတ်ရေ၊ မီးဖိုချောင်ကိုသာ လွှတ်လိုက်"

www.burmeseclassic.com



ရယ်သံတွေ ပျံ့လွင့်ထွက်လာသည်။ သူတို့ ဖေဖေ့အိမ်ကို ရောက်နေခဲ့သည်မှာပင် အတော်ကြာပြီ။ မြနန္ဒာ ဖေဖေနှင့် မေမေကလည်း သဘောတူသဖြင့် သူတို့ ဖေဖေ့ဆီ ရောက်လာနေကြခြင်း ဖြစ်သည်။

သည်နေ့တော့ ပဉ္စမအကြိမ်မြောက် မိသားစု မိတ်ဆုံစားပွဲ။

ဦးကံကြီးဇနီး ဒေါ်မာဂရီက သူတို့နှင့်လိုက်နေသည်။ မြနန္ဒာ ဖေဖေ၊ မေမေအိမ်မှာက အလုပ်သိပ်မရှိ။ သည်မှာတော့ မြနန္ဒာနှင့် သမီးလေးအတွက် ဒေါ်မာဂရီ လိုက်နေပေးခြင်းဖြစ်၏။

သည်နေ့ထမင်းပွဲသည် ဒေါ်မာဂရီနှင့် မြနန္ဒာတို့၏ ပူးတွဲလက်ရာ ဖြစ်သည်။

ထမင်း စားပွဲမှာ စည်ကား လှသည်။ မေည်းခမက်တွေကလည်း တပြုံးပြုံး၊ သားနှင့်သမီးကလည်း ပျော်တပြုံးပြုံး၊ ဦးကံကြီးနှင့် ဒေါ်မာဂရီတို့လည်း ပျော်နေ၏။

လောကသည် တခါတရံ ချမ်းမြေ့မှုကို ပေးတတ် သည်ပဲ။

*　　*　　*

# အခန်း ( ၅ )

သူ့သီချင်းက တပုဒ်တည်း။ ဒါပေမယ့် အမှန်က အောင်ထွန်းသီချင်းက အများစု။ အောင်ထွန်းက သူ့ သီချင်းကို သဘောကျနေသဖြင့် စီးရီးခေါင်းစဉ်ကိုပင် ‘ပျံမပြေးနဲ့ ရင်ခွင်ငှက်’ ဟုပင် နာမည် ပေးခဲ့သည်။

ပထမဆုံးနေ့၊ ပျံမပြေးနဲ့ရင်ခွင်ငှက် သွင်းသည့် နေ့မှာပင် ဖေအေ့ကို ဆေးရုံတင်ရသည်။

ဖေဖေသည် သားနှင့်ပတ်သက်ပြီး ဒေါသစိတ်၊ မကျေနပ်စိတ်တို့ကြောင့် မာန်တင်းထားရာမှ သူတို့မိသားစုနှင့်အဆင်ပြေသွားသောအခါ မာန်လျော့လိုက်သည်၊ မာန်လျော့လိုက်သည်နှင့် ဖေဖေ့ပုံသည် ရှိရင်းစွဲအသက်ထက် ဆယ်နှစ်လောက်အိုသွား၏။

www.burmeseclassic.com



မြေးလေးမြကြည်သာနှင့် ကစားသည်။ သည်သည်ပတ်သည်။ သည်လိုနေယင်းကပင် ရောဂါစုံက ဝင်ရောက် တိုက်ခိုက်တော့သည်။ မစားနိုင် မသောက်နိုင် အိပ်မရနှင့် နောက်ဆုံး ဆေးရုံတင်ရတော့သည်။

သူ့မှာ အသံသွင်းသည့် ကိစ္စကဘာဘာက်နှင့် ဖေဖေ့ ဆေးရုံ ပြေးရသည်ကဘာဘာက်နှင့်မို့ ဒေါင်ချာစိုင်းနေသည်။ မြနန္ဒာက တော့ သူ့အလျင် ဖေဖေ့အနားကိုကြိုရောက်ပြီး ပြုစုနေတတ် သည်။

သည်နေ့ နောက်ဆုံးနေ့။ ဖြစ်ကာဘတ်ဆန်း ပြီး ပြီးရော လွှတ် မပေးချင်၊ သွင်းပြီးသည့်သီချင်းကို ပြန်နားထောင်သည်။ ကျန် နေသည့် သီချင်းများကို အားလုံး စိတ်ကြိုက်တွေမှ လွှတ်သည်။ နို့မို့တော့ ပြန်ဆို ပြန်တီး။

*

သည်ရက်ပိုင်းမှာ ကိုကိုပင်ပန်းသည်။

ကိုကို့ဖေဖေ မကျန်းမာသဖြင့် ဆေးကုရသည်။ အိမ်မှာဆေး ဝန်ပင့်ပြီး ကုသော်လည်း မသက်သာ၊ နောက်ဆုံး ဆရာဝန် က ဆေးရုံတက်ရန်ပြောသဖြင့် ဆေးရုံ တင်လိုက်ရသည်။



သည်ကြားထဲ ကိုကိုက သီချင်း သွင်းနေရသည်။ စတူဒီယို ပြေးလိုက်၊ ဇနီးနှင့်သမီးဆီ ပြန်လာလိုက်၊ ဆေးရုံဘင်ထားသည့် အဖေဆီ ပြေးလိုက်နှင့် ကိုကိုပင်ပန်းနေသည်။

မြနန္ဒာ ကိုကိုပင်ပန်းသည်ကို မကြည့်ရက်။ ကိုကို သီချင်းဆို သည့်ကိစ္စကို မြနန္ဒာ ဘာမျှမကူညီနိုင်။ မြနန္ဒာက သီချင်းနား ထောင်ရုံသာ တတ်သည်ပဲ။

အခုသွင်းနေသည့် သီချင်းက မြနန္ဒာကြိုက်သော 'ပျံ့မြေး နဲ့ရင်ခွင်ငှက်'။

အားလုံးပြီးမှ အေးအေးဆေးဆေး နားထောင် ရဦးမည်။ ခုတော့ ကိုကိုတာ့ယာက်ဘည်း ဂစ်ဘာတလက်နှင့် ဆိုပြဘာကို ပဲ နားထောင်ဖူးသည်။

ကိုကိုက ဇနီးနှင့် သမီးအနီးမှာ ကြာကြာနေချင်သော်လည်း မနေနိုင်။ မြနန္ဒာနှင့်သမီးကို နမ်းရသည်ပင် အပြေး အလွှား။

မြနန္ဒာ ကိုကို့ကို စိတ်မဆိုးပါဘူး။ အချိန် ရသလောက် ကိုကိုက မြနန္ဒာနှင့် သမီးလေးအနားမှာ နေသည်ပဲ။

"အခေါ်မောင်ရဲ့ မပြီးသေးဘူးလား"

ဟု အမူအရာဖြင့် မေးသဖြင့်....

"ပြီးတော့မယ် နန္ဒာရေ....ပြီးတော့မယ်"

မြနန္ဒာ သမီးလေးကိုထိန်းယင်း ကစားနေသည်မို့ အခေါ် မောင်ရဲ့ ချက်ပြုတ်နေသည့်ကိစ္စကို မကူညီနိုင်။ အမှန်က သူကိုယ် တိုင် ချက်ပြုတ်လုပ်ကိုင်ချင်သည်။ သမီးလေးက ဘာဘက်နှင့်မို့ မီးဖိုချောင်ထဲ မဝင်နိုင်။ ပြီးတော့ ကိုကိုစားဖို့ မြနန္ဒာကိုယ်တိုင် ချက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသံသွင်းသည့် ကိစ္စနှင့်မို့ ကိုကိုက အိမ်မှာ ထမင်းမစားနိုင်၊ စတူဒီယိုမှာပဲ စားရသည်။

မနေ့ကတော့ ကိုကိုက အပြင်မှာ ထမင်းစားရတာ မစားနိုင်ဘူးကွာ၊ အိမ်ပြန်လဲ မစားနိုင်ဆိုတော့မစားချင်ပဲစားနေရတယ် ဟုညည်းသည်။ ဒါကြောင့် သည်နေ့မနက် ကိုကို့ကို ထမင်းသွားပို့သည်။ ခု ညနေစာ....။

"နန္ဒာရေ ပြီးပြီဟေ့"

ဒေါ်မာဂျီက ကိုကို့အတွက် အစားအသောက်များကိုခြင်းတလုံးနှင့်ထည့်ပြီး ယူလာသည်။ မြနန္ဒာ သမီးလေးကိုကောက်ချီပြီး အိမ်ထဲက ထွက်ခဲ့သည်။

လမ်းပေါ်ထွက်ပြီး အငှားကားစောင့်ရဦးမည်မို့ မြနန္ဒာ စိတ်စောနေသည်။ မြနန္ဒာ ကားမမောင်းချင် သော်လည်း မမောင်းရ။ ကိုကိုကလည်း ဖေဖေ့လိုပင် မြနန္ဒာကို ကားမောင်းခွင့်မပြု။ အခုလို သွားချင် လာချင်သည့်အခါ အငှားကားစောင့်ရသည့် ဒုက္ခကိုတော့ သူတို့ မသိ၊ ဟိုတုန်းကတော့ မြနန္ဒာလည်း မသိ။

ဟခါက မြနန္ဒာ အငှားကားစီးသွားပြီး ကားကို ရှင်းသည်။ ကားပေါ်ကဆင်းတော့ နောက်ခန်းမှာ ရေးထားသည့် ပထမတမိုင်....တကျပ်၊ နောက်ထပ် မိုင်ဝက်....ပြား ငါးဆယ် ဆိုသော စာတန်းနှင့် ကားရှေ့ခန်းမှာ ချိတ်ထားသည့် မီတာဘောက်မှာ မည်သည့်အတွက် ချိတ်ထား ရေးထားရသနည်းဟု စဉ်းစားမိ၏။

သို့သော် အဖြေမပေါ်၊ ဘာတွေပါလိမ့်ဖြင့်သာ ပြီးသွား၏။



အခုလည်း မြနန္ဒာ ကားငှားရဦးမည်။

အဒေါ်မာဂျီ လိုက်ငှားပေးမည် ဆိုသော်လည်း မြနန္ဒာက ငြင်းလိုက်သည်။ ကိုကို ရှိရာကို မြနန္ဒာက လက်ဟန်ခြေဟန်ဖြင့် ညွှန်ပြယင်း သွားတတ်နေပြီပဲလေ။

"သမီးလေးကို ထားခဲ့ပါလား နန္ဒာ"

မြနန္ဒာ ခေါင်းခါယင်း လှေကားထစ်ကို ဆင်းသည်။ သမီးလေးကို မထားခဲ့ချင်။ ကိုကိုက မြနန္ဒာနှင့် သမီးလေးကို အမြဲတွေ့ချင်နေသူ။ သည်တော့ သမီးလေးကို ခေါ်သွားရမည်။ ဟိုရောက်လျှင် ကိုကိုကတော့ ဆူလိမ့်ဦးမည်ထင်သည်။

"ကလင်....ကလင်... ကလင်"

အောက်ဆုံးလှေကားထစ်ပေါ်အဆင်းတွင် ဘဲလ်သံသဲ့သဲ့ကို မြနန္ဒာ ကြားရသည်။ မသေချာသဖြင့် နားကျပ်ကလေးကို ပို၍ ဖိကပ်လိုက်၏။

"ကလင်....ကလင်"

"ကလင်....ကလင်"

ဒေါ်မာဂျီကို လှည့်ကြည့်လိုက်တော့ ဒေါ်မာဂျီက ဧည့်ခန်းထဲကိုကြည့်ယင်း ဝင်သွားသဖြင့် မြနန္ဒာလည်း အိမ်ထဲပြန်ဝင်ခဲ့သည်။ ဒေါ်မာဂျီက တယ်လီဖုန်းကို ကောက်ကိုင်လိုက်တော့မှ ဘဲလ်သံရပ်သွား၏။

"........................................"

"ဟုတ်ပါတယ်"

"........................................"

"ရှိတယ်....အနားမှာရှိတယ်၊ သိပ်စိုးရိမ်ခဲ့သလားမောင်"

www.burmeseclassic.com



ဒေါ်မာဂရီက မြနန္ဒာကို လှည့်ကြည့်ယင်း ဖြေသည်။

ဒေါ်မာဂရီ မျက်နှာသည် တစုံတရာကိုပူပန်နေပုံရ၏။ မြနန္ဒာ သိချင်လှပြီ။

ဘယ်သူ့ဆီကလဲ။

ဘာအရေးကြီးလို့လဲ။

"မောင်ကြည်သာ့ ဖေဖေ အခြေအနေ ဆိုးတယ်တဲ့ မောင်ကြည်သာကို ချက်ချင်းလွှတ်ပေးပါလို့ပြောတယ် မြနန္ဒာ"

ဒေါ်မာဂရီသည် တယ်လီဖုန်းကို ပြန်မချသေးပဲ မြနန္ဒာကို ပြောသည်။ မြနန္ဒာက ဘာမျှပြန်မပြောတော့ပဲ စာသင်ခန်းထဲက ပြေးထွက်ခဲ့သည်။ တံခါးဝတွင်ချထားသော ကိုကို့အတွက် အစားအသောက်ခြင်းမှာ မြနန္ဒာ ဝင်တိုက်သဖြင့် ခြင်းထဲမှ ပစ္စည်းတွေ လှကားဟစ်ပေါ်မှာ ပြန့်ကျဲကုန်သည်။

သမီးလေးကိုချီပြီး ခြံဝကိုဖွင့်နေကာ ခြေလှမ်းများကို ပြန်ရုပ်လိုက်ပြီး ကားဂိုဒေါင်ဘက်သာခဲ့သည်။

အိမ်မှာ ဦးကံကြီး မရှိ၊ ကိုကို့ဖေဖေကို ဆေးရုံမှာစောင့်နေရသည်။

သည်တော့ မြနန္ဒာကိုယ်တိုင် ကားမောင်းရတော့မည်။ ဖေဖေနှင့် ကိုကိုသာ သိလျှင် မြနန္ဒာကို ဆူကြ ပေလိမ့်မည်ဆူလည်း မတတ်နိုင်၊ ဒါက အရေးပေါ်ကိစ္စ၊ စည်းကမ်းကို ရှောင်လွှဲနေလို့ မရတော့၊



ကားပေါ်ရောက်တော့ သမီးလေးကိုရော သူ့ကိုယ်ကိုပါ လုံခြုံရေးခါးပတ် ပတ်ပြီးသည်နှင့် မောင်းထွက်ခဲ့၏။ ကားမောင်းယင်း ကိုကို့ဖေဖေ ဘာမှမဖြစ်ပါစေနဲ့ဟု ဆုတောင်းမိ၏။ ရင်သည် တဒိန်းဒိန်းခုန်နေ၏။

"မြနန္ဒာ အရမ်းမမောင်းနဲ့လေ"

ဒေါ်မာဂရီအသံကို သွဲ့သွဲ့ကြားရသည်။ မြနန္ဒာအတွက်ရော ကိုကို့အတွက်ပါ အရေးကြီးနေသည်။ မြနန္ဒာက ဘာကိုမျှ ဂရုမစိုက်နိုင်တော့။

✻

ကိုကိုက မေစတူဒီယိုမှာ....

မြနန္ဒာ ကားကို အမြန်ဆုံးမောင်းသည်၊ ကားမောင်းယင်း ဒေါ်မာဂရီကို ကိုကို့ထံ ဖုန်းဆက်ဖို့ မပြောခဲ့မိသည်ကို သတိရ၏။ ကိစ္စမရှိဘူး၊ မြနန္ဒာ ကိုကိုနှင့် တွေ့ရတော့မှာပဲ။

ကိုကို့ဖေဖေ အခြေအနေက တယ်လီဖုန်းဆက်ခေါ်ရသည် ဆိုတော့ တော်တော်အခြေအနေဆိုးလို့ ဖြစ်လိမ့်မည်။ ကိုကိုက တော့ သည်သတင်းကြားလျှင် စိတ်ညစ်သွားပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို မျက်နှာညှိုးမှာ၊ ကိုကို စိတ်ညစ်မှာကို မြနန္ဒာ မမြင်ရက်ပါ။ ကိုကို ပျော်နေတာကိုပဲ မြနန္ဒာ မြင်ချင်သည်။ မြနန္ဒာလည်း ပျော်ချင်သည်။

မြနန္ဒာ ကားမောင်းယင်း မောလာသည်။ သမီးလေးကို လှည့်ကြည့်လိုက်တော့ သမီးလေးက အပူအပင်ကင်းစွာ ကားပြတင်းပေါက်ကို ငေးကြည့်နေသည်။

ဘာမှ မသိတာ့ပဲ ကောင်းပါတယ် သမီးလေးရယ်....

မြနန္ဒာ ကားအမြန်နှုန်းကို ပိုရှိမြှင့်လိုက်သည်။ ရှေ့က ကားတွေကို တစီးပြီးတစီး ကျော်တက်သည်။

လမ်းစည်းကမ်းကိုလည်း ဂရုမစိုက်တော့။ ရှေ့က ကားတစီးပိတ်နေသဖြင့် လမ်းသယ်က မျဉ်းဖြူကို ခွမောင်းပြီး ကျော်တက်သည်။ ရှေ့က ကားတစီးလာနေသည်။

မျက်လုံးထဲမှာ ဝါးသွား၏။

နှလုံးသည် တဒိန်းဒိန်းခုန်နေသည်။

ကားတွေကို ရှောင်ယင်း ခေါင်းထဲမှာ မိုက်ကနဲဖြစ်သွား၏။ ကားကို လမ်းဘေးသို့ ထိုးချလိုက်ရသည်။

"ဝုန်း"

*



သီချင်းဆိုနေစဉ် အရေးကြီးသည် ဆိုသဖြင့် အပြင်ထွက်လာခဲ့ရသည်။ အပြင်ရောက်တော့ တယ်လီဖုန်းကိုင်ထားသူက တယ်လီဖုန်းကို သူ့လက်ထဲ ထည့်ပေးပြီး အပြင်ထွက်သွား၏။ သူ တယ်လီဖုန်းကို ရင်တထိတ်ထိတ်နှင့် နားထောင်သည်။

ဖေဖေများ တခုခုဖြစ်လို့လား၊ မဟုတ်ပါစေနဲ့။

"ဗျာ"

သူ တယ်လီဖုန်းကိုချပြီး ပြေးထွက်ခဲ့သည်။ ဘယ်သူ့ကိုမျှ ဘာမျှမပြောနိုင်တော့။ အပြင်မှာ သော့တန်းလန်းနှင့်ရပ်ထားသော ကျော်စိုးကားကို မောင်းထွက်လာခဲ့သည်။

ရင်ထဲမှာ နာကျင်နေသည်။

ဆေးရုံရောက်တော့ အဝတ်ဖြူ လွှမ်းထားသော ညီမလေး မြနန္ဒာကို တွေ့ရသည်။ ထိန်းသော်လည်းမရ၊ မျက်ရည်ကကျလာသည်။ သမီးလေး မြဘြည်သာက ပွန်းပဲ့ရုံ ဘာဒဏ်ရာရသည်။

မြနန္ဒာကတော့ အသက်မရှိတော့။

"ညီမလေးရယ်....ကိုကို့ကိုတောင် မစောင့်တော့ဘူးလား"

သူ့ကိုသိနေသော လူရွယ်ဆရာဝန်တယောက်က သူ့ပခုံးကို ကိုင်ပြီး အခန်းအပြင် ခေါ်လာသည်။

"ကားက လမ်းဘေးကသစ်ပင်ကို ဝင်တိုက်မိတာပဲ ကိုကြည်သာ၊ ဒါပေမယ့် မြနန္ဒာသေဆုံးတာက ကားတိုက်မိလို့ ဆုံးတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မျှော"

"ဟုတ်တယ်၊ သူ့နှလုံးရောဂါကြောင့်'ရှော့' ရပြီးဆုံးသွားတာပဲ"

*　　*　　*

အခန်း ( ၆ )

ခုတော့ လောကကြီးထဲမှာ သမီးလေးနဲ့ သူ နှစ်ယောက်တည်း။ အိမ်ကြီးတစ်ခုလုံးမှာ သားအဖနှစ်ယောက်တည်း။ သမီးလေးလက်ကိုဆွဲပြီး သည်ဖရင်းစ်အဖွဲ့ ပစ္စည်းတွေ ထားသောအခန်းလေးထဲ ဝင်လာခဲ့သည်။

ဒရမ်ဆက်တွေ၊ ဂစ်တာတွေ ဖုန်တက်နေသည်။ သူ သီချင်းမဆိုဖြစ်သည်မှာ ကြာပြီ။ ဂစ်တာမတီးသည်မှာကြာပြီ။မြန်နွှာဆုံးကတည်းက၊ ဖေဖေ ဆုံးကတည်းက....။

မြန်နွှာ ဆုံးသောညမှာပင် ဖေဖေလည်း ဆုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက ငှက်ကလေးတွေ ပျံပြေးကုန်သည်။

အခုတော့ သူ့ရင်ထဲမှာ သမီးလေး တယောက်တည်း။

မြနန္ဒာဖေဖေနှင့် မေမေကလည်း သူတို့အိမ်ကို ဦးကံကြီးနှင့် ဒေါ်မာဂျီကို အစောင့်ထားပြီး စစ်ကိုင်းတောင်ရိုးမှာ တရားသွားထိုင်နေသည်။

သမီးလေးက ဂစ်တာဘာလက်ကို မနိုင်တနိုင်နှင့် ဆွဲလာပြီး သူ့ကို လာပေးသည်။ ပြီးတော့ လက်ဖြင့်ဂစ်တာတီးသလိုလုပ်ပြသည်၊ နှုတ်ခမ်းလေးလှုပ်ပြီး သီချင်းဆိုခိုင်းသည်။

ဖုန်တွေခါပြီး ကြိုးတွေဆင်ရသည်။ ဂစ်တာကြိုးကို ညှိပြီး အသံစမ်းသည်။ အသံသေတ္တာထဲက အသံထွက်လာ၏။ သမီးလေးက အသံသေတ္တာနားပြေးသွားပြီး သူ့ကို လက်မြှောက်ပြသည်။

> "ခုတော့ ရင်ထဲမှာဘာမှမရှိ×အလွမ်းနဲ့ သောကသာ
> ကျန်ရစ် × အပျော်ငှက်များ အဝေးပျံပြေး × ရင်ထဲက
> အချစ်ငှက်မင်းဘယ်မှာလဲ×ထားရစ်ခဲ့တဲ့အထီးကျန်သည်
> လူကိုပြန်လှည့်ကြည့်ပါ၊ ပါးပေါ်မှာမျက်ရည်စတွေကြွေ
> မျက်ရည်မြစ်မှာနစ်×ရင်ကွဲတဲ့အဖြစ်...."

သူသီချင်းကို ဆက်မဆိုနိုင်တော့၊ တပိုင်းတစနှင့်ပင်ရပ်လိုက်ရသည်။

သမီးလေးက ပြေးလာပြီး သူ့ပါးပေါ်က မျက်ရည် စတွေကိုသုတ်ပေးပြီး သူ့ပါးကိုဖိုတော့သည်။

သိတတ်လိုက်တဲ့ သမီးလေးရယ်။



သူက တိုးတိုးလေးပြောယင်း သမီးလေးကို ရင်ခွင်ထဲမှာ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားမိသည်။

ထွက်မပြေးပါနဲ့ သမီးလေးရယ်။

*

နာရီများ....ရာသီများ....လျင်မြန်စွာ ကုန်ဆုံး ရွေ့လျားသွားသည်။

စေဒနာသည် ရင်ထဲမှာ တိုးတိုးလာသည်။

သူက ဂစ်တာကို မေ့ထားသော်လည်း 'စောင်း'ကို တီးဖြစ်သည်။

အလွမ်းထဲမှာ အလွမ်းကို ရှာဖွေခြင်းလားတော့ မသိ၊ မဟာဂီတဖြစ်သော ရာမဇာတ်ထွက် ယိုးဒယား သီချင်းကို ဖြစ်သည်။

အို....ဘယ်ဝယ်
တောင်စွယ်မျှော်ရှုံကြော....
လွမ်းတမောဖွယ်....တောစုံယံမှာ
ရွှေလျှံဝင်းမှည့်....ထုံမွှန်ရွှေ
ရီဝေပြာပြာလွမ်းဖွယ်စေ....

www.burmeseclassic.com



စတီရီယိုလောက၏ အောင်မြင်မှု၊ကျော်ကြားမှုတွေကိုကျော ခိုင်းခဲ့သည်။သည်းဖရင်းစ် အခန်းလေးထဲက ပစ္စည်းတွေကတော့ ဖုန်တွေ တက်နေတော့သည်။ သူ့လက်ထဲမှာ တယောတလုံး စောင်းတလုံး။

သြော်....တယောက်တည်းမောင့်ရွှေကိုယ်သား....
ဟောဝန်ဖျား....မြိုင်သီလာ
တောင်ယံတောစွယ်....သာမောဖွယ်စေ
ယဉ်ရေသွယ်သွယ်ဖြာ
ကန်သာသီတာ....စီကာဆန်း
ရွှေကိုယ်သည်ဝယ်ပွနယ်ပန်း
အောင်မယ်....မောင်ဗျာငှန်းပိုမို
ဆိုးအိုမှောင်သည် စောင့်ကြွေလုပန်း။

ရင်ထဲကလှိုက်ကနဲလှိုက်ကနဲဖြစ်လာသည်။ဘယ်ဘဝဝဋ်ကြွေး ကြောင့် သည်မျှရင်ထဲမှာ အပူတွေ စုနေသည် မသိ။

သမီးလေး မြကြည်သာအတွက်ကလည်း ရင်မအေး၊ နှစ်နှစ် သာ ကျော်လာသည်။ သမီးလေးစကားမပြော။

မအေမျိုးရိုး လိုက်ပြီလား။

သမီးလေးကို တတ်ကျွမ်းနားလည်သည့် ဆေးပါရဂူများနှင့် ပြရဦးမည်။

*



ကြွေကွဲမှုအား ရင်ထဲမှာ ပြည့်လျှံပြီး ပေါက်ကွဲသွားတော့မည် လားဟု ထင်ရသည်။ စကျင်ကျောက် အုတ်ဂူဖြူဖြူလေးပေါ် မှာ မြနန္ဒာကြိုက်သောနှင်းဆီပန်းနီနီများအပြည့်ခင်းလိုက်သည်။

မျက်ရည်စသည့် ပါးပြင်ပေါ် ကြွေကျ၏။

သမီးလေးက သိသလား၊ မသိသလားတော့ မသိ။ သူက ကန်တော့ခိုင်းတော့ ဒူးလေးတုပ်ပြီး ကန်တော့သည်။ မြနန္ဒာ အုတ်ဂူကို ကျောခိုင်းပြီး သမီးလေးနှင့်ပြန်လာတော့ သူ့ ရင်ထဲ မှာ ဘာစမျှရှိသည် မထင်တော့။

ကားကို ဖြည်းဖြည်းမောင်းယင်းက သမီးလေးကို ဆရာဝန် နှင့်ပြဖို့ သတိရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

စကားစုပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

အနောက်ကို လျှောက်လျှင် အရှေ့သို့ ပြန်ရောက်၏။ ကမ္ဘာသည် လုံးနေသောကြောင့် ဖြစ်၏။ ဒွန္ဒမိုးဖဲ့သောင်းသည်ချာလည်လှည့်နေသည်။ ကွယ်သွားသော လသည် ထာဝရ မဟုတ်။ မကြာမီ လပြည့်ဝန်းကို ပြန်မြင်ရလေသည်။

“သမီးလေးရယ်”

မေ့ရာပေါ်မှာ ငြိမ်းအေးစွာ အိပ်ပျော်နေသော သမီးလေး၏ပါးကို အသာအယာ နမ်းမှေးယင်း တိုးတိုးလေးရေရွတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းစားပွဲပေါ်က စားပွဲတင်မီးခလုတ်ကို ပိတ်ရန် အတွက်လက်အလှမ်း မျက်လုံးကစားပွဲပေါ်အရောက် ကက်ဆက်ဗူးလေးတခုကိုတွေ့ရသည်။ ဘာရယ်လို့တော့မဟုတ်၊ ကက်ဆက်ဗူးလေးကို ကောက်ယူလိုက်မိ၏။

အထဲမှာ အခွေမရှိ။ အခွေကသမီးလေး ဖွင့်ထားသဖြင့် ကက်ဆက်ထဲမှာ ရှိနေသည်။ ကက်ဆက်ကလေးမှာ အတော်ပင် ဟောင်းနေပြီ။

သူ သီချင်းမဆိုသည်မှာ ကြာပြီပဲ။ သူဘာမျှ မလုပ်ပဲ နေခဲ့သည်မှာ ကြာပြီပဲ။

သည်စီးရီးက သူနောက်ဆုံးဆိုခဲ့သော စီးရီး။ သည့်နောက်ပိုင်းတော့သူ သီချင်းမသွင်းဖြစ်။ (Hitachi) ဆိုသောကက်ဆက်ခလုတ်လေးကို မထင်မှတ်ပဲ နှိပ်လိုက်မိသည်။

"ခုတော့ ရင်ထဲမှာ ဘာမှ မရှိ၊ အလွမ်းနဲ့
သောကသာကျန်ရစ် × × × အပျော်ငှက်များ...."

သူ....ကပျာကယာ ပြန်ပိတ်လိုက်မိသည်။ သူ့အသံနှင့် သည်ဖရင်းစ်အဖွဲ့၏လက်သံ ပျောက်သွား၏။

ရင်ထဲမှာ လှိုင်းထလာသည်။

အတိတ်သည် အဝေးဆုံးအထိ ရောက်သွားမိ၏။

သီချင်းကက်ဆက်ခွေများအားလုံးကို သူက ဗီရိုထဲမှာ သော့ခတ်ပြီး သိမ်းထားခဲ့သည်။ အတိတ်သည် အလွမ်းနှင့်မျက်ရည်ကို ဖော်စပ်တတ်သောကြောင့် ဖြစ်၏။



ကက်ဆက်ထဲမှာ အခွေကိုထုတ်ကာ ဗူးထဲ ပြန်ထည့်လိုက်သည်။ ပြီးတော့မှ ဗီရိုကိုဖွင့်ပြီးအထဲထည့်လိုက်၏။ ဗီရိုကို သော့ခတ်ယင်းက သမီးလေး ဘယ်တော့ ပြန်ဖွင့်ဦးမှာလဲဟု တွေးမိသည်။

သမီးလေးသည် အတိတ်ကို နည်းအမျိုးမျိုးဖြင့် ပြန်လည်ဆက်သွယ်နေသည်။ သူမေ့ထားသော အရာများမှာ သမီးလေးကြောင့် ပြန်လည်သတိရသည်။ အဝေးဆုံးက အတိတ်ပင် သူ့ရှေ့ရောက်လာ၏။

ကြည့်လေ....
တနေ့က အဖြစ်....
မမျှော်လင့်သည့်ကိစ္စ....မေ့ထားသည့်အတိတ်
မေ့ထားထားသည့်အတိတ်....။

※

ဦးကျော်ဦးမျက်နှာကို မြင်ရတော့ ဘယ်မှာမြင်ဖူးပါလိမ့်ဟု သူ စဉ်းစားသည်။ စဉ်းစား၍မရ။

ဦးကျော်ဦးမှာ ကလေးအထူးကုဆရာဝန်ကြီး။ သူနှင့်သွယ်တန်းတာမဟုတ်။ ကျောင်းနေစဉ်က တွေ့ဖူးခြင်းလည်း မဖြစ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဦးက ဖေဖေ့အရွယ်။ ခန့်ညား တည်ကြည်သော မျက်နှာနှင့် ခန္ဓာကိုယ်က ဝဝဖိုင့်ဖိုင့်။ အရပ်အမောင်း ကောင်းသဖြင့် အနောက်တိုင်းဝတ်စုံဖြင့် ကြည့်ကောင်းနေသည်။

သူနှင့် သမီးလေးကို ဖော်ရွေသော အပြုံးဖြင့် ကြိုဆိုသည်။ ဦးကျော်ဦးက သမီးလေးကို စမ်းသပ်စစ်ဆေးသည်။ သူက ဘေးမှာရပ်ပြီး မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်နေသည်မို့ နောက်မှ ဝင်လာသူကို သတိမထားမိ။

ဦးကျော်ဦးက သမီးလေးကို စမ်းသပ်ပြီးသွားသဖြင့် ခေါင်းမော့ပြီး စကားပြောမည် ပြုပြီးမှ သူ့ကိုကျော်ပြီး....

"ဟော....နှင်းအေးဘောင် ရောက်လာပြီ"

"ဘာကေ့စ်လဲအန်ကယ်"

သည်အသံကို သူ ကြားဖူးနေသည်။

"စကား မပြောသေးလို့တဲ့ နှင်းအေးရဲ့၊ အမှန်က ရှော့ဖြစ်သွားတာနဲ့ တူပါတယ်၊ ဒိတ်ပူစရာမရှိပါဘူး"

ဦးကျော်ဦး ရှင်းပြနေစဉ်မှာပင် သူက အမှတ်တမဲ့ ဖြတ်ကနဲ လှည့်ကြည့်လိုက်သည်။ သူ့မျက်နှာလေးကို မြင်လိုက်ရသော မိန်းကလေးသည် ရုတ်တရက် အံ့ဩသွားရာမှ....

"မောင်....ကိုကြည်သာ"

"အေး....မနှင်းအေး"

သူတို့နှစ်ဦးစလုံး ဘယ်လို ခေါ်ရမှန်းမသိ။

ဦးကျော်ဦးကတော့ ဘာမျှသိပုံမရ၊ သမီးလေးကို နောက်တကြိမ် စမ်းသပ်နေပြန်သည်။ သူ့ရင်ထဲမှာကတော့ ဘာတွေ ဖြစ်နေသည်မသိ၊ နှလုံးခုန် မြန်ဘာကိုတော့သိသည်။



မနှင်းအေးက သူ့အနီးလျှောက်လာပြီး ခုတင်ပေါ်က သမီးလေးကို ငုံ့ကြည့်သည်။

သမီးလေးက မနှင်းအေးကို ပြုံးပြသဖြင့် မနှင်းအေးကလည်း သမီးလေးကို ပြုံးပြသည်။

"ကို.... ကိုကြည်သာ သမီးလေးလား၊ ချစ်စရာလေးနော်"

သူက ခေါင်းညိတ်ပြသည်။ မနှင်းအေးသည် သူ့နာမည်ကို အခေါ်ရ ခက်နေဟန်တူသည်။ မနှင်းအေးသည် သူ့ကို ပြုံးကြည့်ယင်း....

"အန်ကယ်ဦးကျော်ဦးက အေး့ဦးလေးပါ၊ အေးက အန်ကယ်ဆီမှာအတက်(ချ်)လုပ်ယင်းကူညီနေတာလေ"

"အန်ကယ်....ဒါ အေးရဲ့ ငယ်သူငယ်ချင်း ကြည်သာတဲ့၊ အဆိုတော်ပေါ့၊ မတွေ့ရတာကြာပြီ၊ အခုမှ ပြန်တွေ့ကြတာ"

"ကောင်းတာပေါ့....ကောင်းတာပေါ့"

ဦးကျော်ဦးက သူနှင့်မနှင်းအေးကိုကြည့်ပြီး ပြုံးပြုံးရယ်ရယ် ပြောသည်။ ဦးကျော်ဦးသည် အထူးကုဆရာဝန်ကြီး ဖြစ်သော်လည်း ဟိတ်ဟန်မရှိ။ ပွင့်ပွင့်လင်းလင်းနှင့် ပျော်ရွှင်တတ်ပုံရသည်။

သည်လိုနှင့် သူနှင့်မနှင်းအေး ပြန်လည်ဆုံဆည်းခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သမီးလေးဝေဒနာကို ကုစားဖို့ မနက်ဖြန်ဆို အေးဆီ သွားရမြန်ဦးမည်။ သူက စားပွဲတင် မီးခလုတ်ကိုပိတ်ပြီး သမီးလေး ဘေးမှာ လှဲအိပ်လိုက်သည်။ တော်တော်နှင့် အိပ်မပျော်။ မျက်လုံးထဲမှာ 'အေး' မျက်နှာလေးကို မြင်နေရသည်။

သူ့ဘဝ၏ ကံကြမ္မာမျဉ်းသည် မြွေတကောင်လို ကွေ့ကောက်နေ၏။

* * *

## အခန်း ( ၂ )

ကားမောင်းနေယင်းက လမ်းဘေးရှိ ကျောင်းဝင်းထဲမှ ပျော်မြူး ခုန်ပေါက်ထွက်လာသော ကလေးငယ်များ၏ ကျောင်းဆင်းချိန် မြင်ကွင်းက တက်တက်ကြွကြွ ကြည်နူးစရာ ကောင်းနေသည်။

ဘေးမှာထိုင်လိုက်လာသော သမီးကလေးက ကလေးများကို ငေးကြည့်နေတာကို မြင်ရပြန်တော့ သောကစိတ်တွေ ပြည့်လျှံသွားရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး (၃)နှစ်ပြည့်တော့မည်။ တချို့သည်အရွယ်ဆို မူကြိုတက်ရပြီ။ ခုတော့ သမီးလေးအတွက် ဘာဆိုဘာမျှ လုပ်မပေးနိုင်သေး။ ဝမ်းနည်းစိတ်က ရင်ထဲမှာ တလှုပ်လှုပ်ဖြစ်လာပြန်သည်။

ဘယ်တော့မှ ကြေကွဲဝမ်းနည်းရသည့် အဖြစ်အပျက်များ ကုန်ဆုံးရပါမည်လဲ။ ငွေဖြင့်ဝယ်လို့ရလျှင် ရှိသမျှ ပုံပေးလိုက်ချင်ပါသည်။ အသက်ပေးရမည်ဆိုလျှင်လည်း ပေးလိုက်ချင်ပါသည်။

တကယ်တော့ အမိမဲ့သမီးလေးအတွက် သူ အသက်ရှင်နေရခြင်းရယ်ပါ၊ နို့မို့တော့ သည်ကမ္ဘာလောကကြီးထဲမှာ သူရှိတော့မည်မထင်....။

လီဗာပေါ်နင်းထားသော ညာခြေကို အသာကြွလိုက်သဖြင့် နက်မှောင်သော ကတ္တရာလမ်းပေါ်မှာ ပြေးနေသည့် အနီရောင်ကားကလေးက ရှိမြဲအရှိန်ထက် လျော့သွား၏။

ကားရှေ့လေကာမှန်မှမြင်ရသော လမ်းမကြီးကဖြောင့်ဖြူးနေသော်လည်း သူ့ဘဝမှာ တွယ်တာစရာဆိုလို့ ဒီသမီးလေး တယောက်ပဲရှိသည်။

တကမ္ဘာလုံးက လူတွေနှင့် စကားမပြောရလျှင်လည်း သူ ဂရုမစိုက်၊ အဲသည်လူတွေနှင့် စကားပြောရလို့လည်း သူ့အတွက် ဘာအဓိပ္ပာယ်မျှမရှိ၊ ဘာတန်ဖိုးမျှမရှိ။

သူ စကားပြောချင်သည်က သမီးလေးမြကြည်သာ၊ လောကမှာ သူအကြားချင်ဆုံး အသံက သမီးလေးရဲ့အသံ၊ ဖေဖေ....ဖေဖေ လို့ ခေါ်တဲ့အသံလေးပါ။



ဒါပေမယ့် သမီးလေးက စကားမှ မပြောတတ်ပဲ၊ ကံဆိုးတဲ့ သမီးလေး...သမီးလေးအတွက် သူ့ရင်မှာမချို။

သမီးလေးနှင့် ပတ်သက်ပြီး ခံစားရချက်များကို သမီးလေးကို ပြောပြချင်သော်လည်း မပြောပြဖြစ်၊ သမီးလေးက နားလည်မှာမှ မဟုတ်ပဲ၊ နားလည်လျှင်လည်း သမီးလေး ဝမ်းနည်းရလိမ့်မည်။

သမီးလေး ဝမ်းနည်းမှာ၊ မျက်နှာ ညှိုးမှာကို သူ မမြင်ရက်ပေ။

"တောက်"

တကမ္ဘာလုံးကို မကျေနပ်စိတ်နှင့် တောက်တချက် ခေါက်မိ၏။ သူ့တောက်ခေါက်သံကြောင့် သမီးလေး မျက်နှာပေါ်က အပြုံးရိပ်များ ပြေလျော့သွားသည်။ သည်လို မြင်ရပြန်တော့ ရင်ကို ဖောက်ထွင်း စူးစိုက်နေသည့် ဆူးက ပိုလို့နက်ရှိုင်းစွာ စူးနစ်ဝင်သွားသလို ခံစားရပြန်သည်။

သူက ကားကို ညာဘက်လမ်းကျယ်ထဲသို့ ချိုးကွေ့ယင်း ဂီယာကို ပြောင်းသည်။ လှုပ်ရှားနေကျ၊ ကျင့်သားရနေသော ခန္ဓာကိုယ်ကို အသုံးချပြီး ကားမောင်းနေရသော်လည်း သူ့စိတ်သည် အဝေးမှာ....

ကြည်သာ....

သူသည် တေးဂီတလောက၏ နာမည်ကြီး အဆိုတော်တဦး၊ ဆယ်ကျော်သက်တို့ နှုတ်ဖျားမှာ ကြည်သာ....မှ....ကြည်သာ....။

www.burmeseclassic.com



ကြည်သာ့ဘဝသည် အစစအရာရာ အဆင်ပြေနေမည်၊ အောင်မြင်မှု ကျော်ကြားမှုတွေနှင့် ပျော်မြူးနေနိုင်မည်ဟု ထင်ကြပေလိမ့်မည်။

တကယ်တော့ ကြည်သာ့ဘဝကိုတော့ သူတယောက်သာ သိပေသည်။ တကယ်တော့ သူ့ဘဝတွင် အပြုံး အခပျော်နှင့် အရယ်အမော ဆိုသည်ကို မေ့လျော့နေခဲ့မိသည်မှာ ကြာပြီပဲ။ ကြာပြီဆို အတော်ကိုကြာပြီ။

အမှန်တော့ သူနှင့် သမီးလေးမှာ ဘဝတူ အထီးကျန်တွေ ပူးတွဲနေရခြင်းပင်ဖြစ်သည်။ သူက ဖခင်လက်မှာ ကြီးပြင်းလာခဲ့ရသည်။

ခုတော့ သူ့မှာ ဖေဖေလည်း မရှိတော့။

သမီးမှာလည်း မေမေမရှိတော့သည့်ကြားထဲ သမီးလေးက (၃)နှစ် ပြည့်ကာနီးအထိ စကားမပြောတတ်၊ စကားမပြောနိုင်သေး။

ဖေဖေ....ဆိုတဲ့ အသံလေးကို ကြားချင်လိုက်တာ။

သူတို့ သားအဖ နှစ်ယောက်အတွက် အောင်မြင်မှု ကျော်ကြားမှု ဆိုသည်မှာ သူညတွေ တန်းစီထားသည်နှင့်သာတူ၏။ ကြေကွဲမှုက ရင်ကို ပေါက်ကွဲစေလောက်အောင်ပင် ခံစားရသည်။

“ .......................... ”

ကြားနေကျ မပီသ အသံက သူ့နားထဲကို ဝင်လာသည်နှင့်အတူ ရင်ထဲမှာ နာကျင်ရသည်။ သမီးလေးက သူ့ကိုပြောလိုက်သော စကားသံ။



လှည့်ကြည့်လိုက်တော့ သမီးလေးက စကားပြောဖို့ရာ သူ့နှုတ်ခမ်းလေးများကို အားယူလှုပ်ရှားယင်းက ဝဲဘက်လမ်းကို လက်ညှိုးထိုးပြသဖြင့် သူ ကားရပ်လိုက်၏။

ထုပ်စည်းတိုးတမ်းကစားနေသော ကလေးတသိုက်၊ ပြေးလွှား ရုန်းပေါက်နေကြသည်။

“မိပြုံဟော့”

“လွှမ်းပုတ်မဟုတ်ဘူး၊ တိုးပုတ်နော်”

“ဒီမှာ ထမင်းရည်ပူနေပြီ”

“မငြင်းနဲ့ဟော့နော်”

အော်ဟစ်မြူးထူးနေသံများကို သမီးလေး ကြားပါလိမ့်မည်။ ဆူညံစွာ ငြင်းခုံနေသံများကိုလည်း သမီးလေး ကြားပါလိမ့်မည်။ သမီးလေးလည်း သူတို့လို ကစားချင်မည်၊ ပြောချင်ဆိုချင်လိမ့်မည်မှာ အမှန်။

ဒါပေမယ့် သမီးလေးက....။

“သွားစို့ သမီးရယ်နော်၊ တနေ့နေ့တော့ သမီးလေးလဲ သူတို့လေးတွေလို နေရမှာပေါ့၊ အားမငယ်ပါနဲ့ သမီးရယ်၊ ဖေဖေ ပိုင်ဆိုင်သမျှ အစွမ်းအစနဲ့ ရှိသမျှ ပစ္စည်းတွေ ကုန်သွားပါစေ၊ နောက်ဆုံး သမီးလေး အတွက် ဖေဖေ့ဘဝ ဖေဖေ့အသည်းနှလုံးနဲ့ ရင်းနှီးပေးပါ့မယ်”

www.burmeseclassic.com

www.burmeseclassic.com

သမီးလေးမှာ သူ့စကားကြားသော်လည်း ဘာမျှ တုံ့ပြန်ပြောဆိုနိုင်စွမ်းမရှိ။ ဒါပေမယ့် သူ့ကိုကြည့်နေသော သမီးလေးမျက်နှာပေါ်မှာတော့ မျှော်လင့်ချက်တွေ၊ ယုံကြည် ကိုးစားမှုတွေနှင့်အတူ မအေတူ မျက်နက်ဝန်းလေးများက ရွှန်းလက်တောက်ပ နေ၏။

သူ့ရင်ထဲမှာတော့ သူတို့ သားအဖနှစ်ယောက်၏ ဘဝမှာ မိုးအထိမြင့်သော နံရံကြီးကို ဝင်၍ တိုးနေသလို ခံစားနေရသည်။

ကားကို ပေါ်ထားရာမှ စက်နှိုးပြီး မောင်းထွက်လာခဲ့သည်။ ထုပ်စည်းတိုးနေသော ကလေးငယ်များ၏အသံစာ ကားနောက်ဘက် လေထုထဲမှာ ပျောက်ကွယ်ကျန်ခဲ့သည်။

သို့သော်လည်း သူ့အတွက်တော့ သမီးလေးနှင့် ပတ်သက်ပြီး ကြားမြဲကြားနေဦးမည်သာ။

ပျို့တက်လာသော ဝမ်းနည်းကြေကွဲစိတ်ကို အံကြိတ်ကာ မျိုသိပ်ထားရ၏။

* * *

## အခန်း ( ၃ )

မလာမဖြစ်လို့သာ လာရသည်။ ဝေဒနာကို ထပ်ကို ခံနိုင်စွမ်း မရှိတော့။ ဝေဒနာကို မဝယ်ချင်တော့။ သမီးလေးကြောင့်သာ....

ကြက်ခြေနီအမှတ်အသားနှင့် စေတနာ့ဝန်ထမ်း ဆိုင်းဘုတ်လေးချိတ်ထားသော ဆေးကုခန်းကိုမြင်ရတော့ သမီးလေးက ပြုံးသည်။

သူက သမီးလေးကို ပွေ့ချီယင်း ဆေးခန်းထဲသို့ ဝင်လာခဲ့၏။ အချိန်က စောသေးသည်မို့ ဆေးခန်းထဲမှာ လူရှင်းနေသည်။ ဆရာဝန်ကြီး ဦးကျော်ဦးလည်း မရှိသေး။

www.burmeseclassic.com

www.burmeseclassic.com



မေနှင်းအေးက စောစောလာရန် မှာထားသည်မို့ သူတို့သားအဖ လာခဲ့ခြင်းဖြစ်သည်။

"လာ....လာ....အေးလဲမျှော်နေတာ"

မေနှင်းအေးက ဆေးပညာစာအုပ် တအုပ်ကို ဖတ်နေရာမှ သူ့ခြေသံကြောင့် မော့ကြည့်ယင်း နှုတ်ဆက်သည်။ သူက အပြုံးတခုကို ကြိုးစားဖန်တီး တုံ့ပြန်ရသည်။

"သမီးလေး နေကောင်းတယ် မဟုတ်လား"

မေနှင်းအေးက ထိုင်ရာမှထပြီး သမီးလေးကိုလှမ်းချီသည်။ သူက ခေါင်းကိုညိတ်ပြယင်း....

"နေကောင်းတာကတော့ ကောင်းပါတယ် အေး၊ ကိုယ်လိုချင်တာက သမီးလေး စကားပြောလာဖို့ပါ အေး"

သူက စကားကို ခပ်လေးလေးပင် ပြောမိသည်။ မေနှင်းအေးက သမီးလေးကိုနမ်းယင်း သူ့ထံမှ ကိုယ်ဆိုသော နာမ်စားကို သဘောမကျဟန်ဖြင့် လှည့်ကြည့်သည်။ သည်အချိန်မှာ 'မောင်'ဆိုသည့် နာမ်စားသည် သုံးခွင့်မရှိတော့ပြီပဲ။ 'အေး' ဆိုသည့်အခေါ်ကိုပင် သူ့အနေဖြင့် ပြင်ခေါ်ရဦးမည်။

မေနှင်းအေးက သူ့ကို စူးစူးစိုက်စိုက်ကြည့်ယင်း တွေတွေငေးငေးလေး ဖြစ်သွား၏။

မေနှင်းအေး အမြင်တွင် သူ့ပုံစံသည် နာမည်ကျော် အဆိုတော် ပုံစံမျိုးမရှိ။ ငွေကြေး ကြွယ်ဝသူတို့၏ အနေအထားမျိုးမရှိ။ သူစီးလာသော ဖယ်မလီယာ ကားနီလေးမှာ အနီရောင်ပင် မပီသတော့ပဲ ဖုန်အလိမ်းလိမ်းတက်နေသလို သူ့ခေါင်းမှ ဆံပင်မှာလည်း အိပ်ရာထဲက လူးလဲ ထလာသူနှင့် တူနေ၏။



သူ မှန်ရှေ့မရောက်သည်မှာ ကြာပြီပဲ။

သူ့ကိုမြင်ရသည်မှာ မုန်တိုင်းထန်သောအရပ်ကို ကြာမြင့်စွာ ဖြတ်သန်းလာရသူ တယောက်လို ဖြစ်နေပြီး၊ တချိန်ကကြည်လင်တောက်ပခဲ့သော သူ့မျက်လုံးတွေလည်း မှိုင်းညို့ရီဝေနေသည်။

"သမီးလေးဘဝကို အတတ်နိုင်ဆုံး ကြိုးစားကယ်တင်ပေးပါအေး၊ သမီးလေးဟာ ကိုယ့်ဘဝပဲ၊ ကိုယ့်ကမ္ဘာပဲ၊ ကိုယ်တို့သားအဖဘဝဟာ အထီးကျန် ဆန်လွန်းလှတယ်"

သူ့အသံက တုန်ယင် ကြေကွဲ နေသည်မို့ မေနှင်းအေးက စာနာစွာ ကြည့်သည်။

"ကျောင်းထားချိန် နီးလာတော့ သမီးလေး အတွက် ပိုလို့ဝမ်းနည်းရတယ်၊ တကယ်တော့ သမီးလေးနဲ့ ပတ်သက်ပြီး ခံစားရတဲ့ဝေဒနာကို ဘယ်စကားလုံးနဲ့မှပြောလို့ မပြည့်စုံနိုင်ပါဘူး အေး၊ ဖြစ်နိုင်ကောင်းတယ်ဆိုယင် သမီးလေး ဝေဒနာ ပျောက်ကင်းဖို့ ကိုယ့်ဘဝတခုလုံးနဲ့ လဲလိုက်ချင်ပါတယ်၊ မိုက်မိုက်ကန်းကန်း ပြောတယ်လို့ ထင်ချင်လဲထင်ပါအေး၊ လူ့ဘယောက်အသက်ကိုသတ်မှ သမီးဝေဒနာ ပျောက်မယ်ဆိုယင် အဲဒီကိစ္စကိုပြီးမြောက်အောင် ဆောင်ရွက်မိမှာပဲ"

www.burmeseclassic.com



သူက သမီးလေးနှင့်ပတ်သက်ပြီး ရှည်လျားစွာ ပြောနေမိသည်။ သူ့မှာ သမီးလေးနှင့် ပတ်သက်လျှင် အတ္တဆန်သည်ဆိုချင်လည်း ဆိုစေတော့။ ကမ္ဘာကြီးကို လက်သီးနှင့်ထိုးဖို့ ဝန်မလေးသလို တကမ္ဘာလုံးက လူတွေကို သတ်ပစ်ဖို့လည်း လက်နှေးမည်မဟုတ်။

လူဆိုသည်မှာ အတ္တစိတ်ကဲကြသည် မဟုတ်လား။

တကယ်တော့ သမီးလေးသည်သာ သူ့အတွက် တသက်တကမ္ဘာ၊ စကြဝဠာ....။

"သိပ်တော့လဲ စိတ်မပူပါနဲ့ ကို....ကိုကြည်သာ၊ ဆံ့အတယ်ဆိုတာမျိုးက မျိုးရိုးလိုက်တဲ့ဝေဒနာမျိုးမှ မဟုတ်ပဲ၊ နောက်တော့လဲ တဖြည်းဖြည်းပဲ သာခြာ ပေါက်လာမှာပါ၊ လောလောဆယ် အရေးကြီးတာက သမီးလေးကို ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်ချမ်းသာအောင်ထားပါ၊ မျှော်လင့်ထားသလို သမီးလေး သာသာ ပြည့်စုံလာမှာပါ"

"အေးက ဆရာဝန်ပဲ ဆရာဝန် စကားမဲ ပြောမှာပေါ့၊ ကိုယ့်ရင်ထဲမှာတော့ ပူလောင်နေတယ်အေး"

"ကိုကြည်သာ အစိုးရိမ် လွန်နေလို့ပါ၊ အေးက ဆရာဝန်အနေနဲ့ ပြောတာထက်...."

မေနှင်းအေးက သုံးရမည့် စကားလုံးကို ရွေးချယ် နေပုံရသည်။ ပြီးတော့မှ....



"မိတ်ဆွေကောင်း တယောက်လို သံယောဇဉ် တွေနဲ့ ပြောတာပါ၊ ပြီးတော့ အန်ကယ်ဦးကျော်ဦးက သမီးလေးကို အေးနဲ့ပေးထားတာ ကြည့်ပါလား၊ သူ့အထူးကု ဆရာဝန်ကြီး တယောက်ပဲ၊ သမီးလေးအခြေအနေကို သိတာပေါ့၊ ကိုကြည်သာ သမီးလေး အပေါ်မှာ သံယောဇဉ် ကြီးသလို အေးကလဲ...."

"ထားပါတော့အေး....ကိုယ်ယုံပါတယ်"

မေနှင်းအေး စကားမဆုံးမီမှာပင် သူက ပြောလိုက်သည်။

မေနှင်းအေး ဆက်ပြောမည့် စကားများသည် မလွတ်လပ်တော့သော သူတို့နှစ်ယောက်အတွက် ရှုပ်ထွေး စေနိုင်သည်။ သာသာယာယာ အိမ်ထောင်နှင့် ပျော်ရွှင် နေပေလိမ့်မည်သာ။

သူ့ဘဝ ကံကြမ္မာသည် ဆိုးရွားခဲ့သော်လည်း မေနှင်းအေးကို သည်လို မဖြစ်စေချင်ပါ။

"ကိုကြည်သာသိချင်မဆိုတော့ဘူးလား၊ အေး ကိုကြည်သာ သိချင်အောင်တွေကိုပဲ နားထောင်နေရတယ်"

သူက ခေါင်းကိုခါပြသည်။

"ပြန်ဆိုပါလား ကိုကြည်သာ၊ အေး နားထောင်ချင်တယ်"

ဒုတိယအကြိမ် ခေါင်းခါယင်း....

"ကိုယ့်ရင်ထဲမှာ ဘာဆိုဘာမှ မရှိတော့ပါဘူး အေး"

✲

www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းရှေ့မှာလက်ကလေးပြကာကျန်ရစ်သော မေနှင်းအေး ကို သမီးလေးက လက်ပြန်ပြသည်။ သူ့ရင်မှာ မေနှင်းအေးစကားများက ခဏတော့ အေးငြိမ်းမှု ပေးနိုင်သလိုပင်။ ဒါပေမယ့် အသေအချာ စဉ်းစားကြည့်လိုက်မိပြန်တော့....

အလုံမီးပွိုင့်မှာ မီးနီနေသဖြင့် ရပ်လိုက်ရ၏။ ရွှေလမ်းဆီ မနော်ဟရီ၊အိမ် ရောက်တော့မည်။ မီးပွိုင့် စိမ်းသွား၏။

ကားကို ဂရုတစိုက်မောင်းယင်း အတွေးမျှင်တွေကို တစစီ ဆက်နေမိပြန်သည်။

"ခွာချလို့မရတဲ့ အတိတ် ရင်ထဲမှာ ပွေးကပ်နေတယ်၊ ဟင်း...."

ရင်ခုန်နှုန်းမြန်လာသည်။

ကြာတော့လည်း ကြာပါပြီ၊ ဒါပေမယ့် အမှတ်တရ ရှိနေဆဲ။

ကားကို မနော်ဟရီလမ်းပေါ်မှ ခြံထဲသို့ ချိုးကွေ့ဝင်လိုက်သည်။ စိမ်းလန်းသော ရွက်သစ်နုတို့ဖြင့် ဝေဆာနေသော ပိတောက်ပင်ကြီးက လေထဲမှာ ယိမ်းနွဲ့နေသည်။

ပိတောက်တွေပွင့်တော့မည်။

မေနှင်းအေး၏ မျက်နှာလေးကို သစ်ရွက်စိမ်းတွေကြားမှာ မြင်ရသည်။

သူ တခုခု ဆုံးဖြတ်ရတော့မည်။

* * *

## အခန်း ( ၄ )

ခုတလော သမီးလေးမျက်နှာက ရွှင်လန်းတက်ကြွနေသည်။ သူကတော့ ညစ်ထေးသောစိတ်နှင့် 'သည်ဖရင်းစ်' အခန်းလေးထဲမှာ အခန်းအောင်းနေသည်မှာ ကြာပြီ။ သမီးလေးကိုတော့ အိမ်မှာလာနေသော ဦးကံကြီးဇနီး ဒေါ်မာဂျီလက်ထဲ အပ်ထားရသည်။

သူကတော့ လောကနှင့် အဆက်ပြတ်ချင်နေသည်။ သမီးလေးကြောင့်သာ သူ စားချိန်နှင့် အိပ်ချိန်ပဲ သမီးလေးနှင့် ဆုံတော့သည်။ ကျန်အချိန်မှာတော့ 'သည်ဖရင်းစ်' အခန်းလေးထဲမှာ စိတ်ပြေ လက်ပျောက် သီချင်းရေးလိုက်၊ အသံရှာလိုက်၊ ဂစ်တာတီးလိုက် ဒါပဲလုပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းလျှင် အခန်းထဲကထွက် 'ရမ်'လေးပက်လောက်သောက်၊ ထမင်းစားပြီးတော့ မှုးမှူးနှင့် သမီးလေးကိုဖက်ပြီး အိပ်ရသည်။

သူအရက်သမားမဟုတ်။ အရက်မစွဲကြောင်း သူ့ဘာသာသိပါသည်။ အရက်ကို မသောက်ရလို့လည်း ဘာမှုမဖြစ်။

ဒါပေမယ့် ခုအချိန်မှာတော့ အရက်မှူးမှူးနှင့် အိပ်ပျော်အောင် လုပ်ရသည်။ နို့မို့ သူတညလုံး အိပ်မပျော်ကော့၊ လွမ်းစရာ အတွေးပေါင်းစုံသည် သူ့ကိုနှိပ်စက်၏။

သူ....မေနှင်းအေးဆီက ပြန်လာပြီးကတည်းက နောက်ထပ်မသွားရန် ဆုံးဖြတ်ခဲ့သည်။ တခြားသရုဝန်တဦးနှင့် ပြတော့မည်။ ခုဆို (၁၆)ရက်ပင် ရှိပြီ။

တခုထူးခြားသည်မှာ ညနေပိုင်းအပြင်ထွက်သည်နှင့် သမီးလေးကို တွေ့ရသည်မှာ ခါတိုင်းနှင့်မတူ၊ သပ်သပ်ရပ်ရပ် ဝတ်စားပြီး ပြုံးပြုံးပျော်ပျော်နှင့် တွေ့ရတတ်သည်။ ဒေါ်မာဂရီကို ကျေးဇူးတင်မိ၏။

သည်နေ့....

မနက်စာစားဖို့ ဒေါ်မာဂရီက အခန်းတံခါးခေါက်ပြီး ခေါ်တော့ သူက မစားလိုကြောင်း ပြောပြီး ရေးလက်စသီချင်းကို ဆက်ရေးနေမိသည်။

ချာန်ဝင်သွားသည်မို့ ညနေစောင်းသွားမှန်းပင် မသိလိုက်၊ လက်ကနာရီကို ကြည့်လိုက်တော့ (၆)နာရီ ခွဲနေပြီ။ လက်ထဲက ဂစ်တာကိုချပြီး 'သည်ဖရင်းစ်'အခန်းထဲက ထွက်လာခဲ့၏။



ဧည့်ခန်းထဲမှာ သမီးလေးမရှိ၊ အိပ်ခန်းထဲမှာလည်း သမီးမရှိ၊ ခြံထဲမှာဆင်းဆော့နေသလားဆိုပြီး ခြံထဲဆင်းကြည့်တော့လည်းမတွေ့။ နောက်ဖေးဘက်က လှည့်ဝင်ပြီး မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေသော ဒေါ်မာဂရီကို မေးရသည်။

"ဒေါ်မာဂရီ....သမီးလေးကော"

"ဟို....ဟို....ဟို ကလေးမလေးနဲ့ လိုက်သွားတယ်လေ"

"ဘယ်က ကလေးမလေးလဲ....ဘယ်ကိုလိုက်သွားတယ် သေသေချာချာ ပြောစမ်းပါ ဒေါ်မာဂရီ"

သူ့ရင်ထဲမှာ ပူလောင်သွားသည်။ ဒေါ်မာဂရီက လျှပ်စစ်မီးဖိုခလုတ်ကိုပိတ်ပြီး သူ့ဆီလျှောက်လာသည်။

"မောင်ကြည်သာ ဒေါ်မာဂရီကို စိတ်ဆိုးချင်လဲ ဆိုးပါ၊ သမီးလေးကို လာခေါ်တဲ့မိန်းကလေးက မေနှင်းအေး....တဲ့"

"ဗျာ...."

သူ အံ့ဩသွားသည်။

မေနှင်းအေးနှင့် မဆုံချင်သဖြင့် သူက သမီးလေးကိုပင် မေနှင်းအေးနှင့် မပြတော့ပဲ အခြား ဆရာဝန်တယောက်နှင့် ပြဖို့ စိတ်ကူးထားပြီး အခန်းအောင်း နေခဲ့သည်။

ခုတော့ မေနှင်းအေးက သမီးကို ခေါ်သွားသည်တဲ့။

"ဟုတ်တယ် မောင်ကြည်သာ၊ လာလာခေါ်တာဘာပတ်နှစ်ပတ်လောက်တောင် ရှိရော့မယ်၊ ပထမဆုံး နေ့ကတော့ မခေါ်ပါဘူး၊ ဒီမှာပဲနေသွားတယ်၊ မောင်ကြည်သာကို ခေါ်ပေးမယ်ဆိုတော့ မခေါ်ပါနဲ့တဲ့၊ မောင်

www.burmeseclassic.com



ကြည်သာ အခန်းထဲက ထွက်တဲ့အချိန်မေးပြီး ထွက်လာ ချိန်နီးတော့ ပြန်သွားတာပဲ၊ နောက်ရက် တွေတော့ သမီးလေးကိုအပြင်ခေါ်သွားတယ်၊အဒေါ်ကိုသူ့ဆရာ ဝန်မှတ်ပုံတင် ကတ်ပြားလဲ ထုတ်ပြထားတယ်၊ သမီး လေးလဲ မေနှင်းအေးလာယင်ပျော်နေတာမို့ အဒေါ်လဲ ထည့်လိုက်မိတာပါ၊ မောင်ကြည်သာ မကျေနပ်ယင် ကြိုက်တဲ့အပြစ်ပေးပါ၊ အဒေါ်ကတော့ မြကြည်သာ လေး စိတ်ချမ်းသာတာကို မြင်ချင်တယ်”

“ဒေါ်မာဂျီကို ကျွန်တော် စိတ်မဆိုးပါဘူး”

သူက မီးဖိုချောင်ထဲမှ ထမင်းစားခန်းဘက်သို့ ကူးလာခဲ့သည်။ ရေခဲသေတ္တာကိုဖွင့်ပြီး အရက်သောက်ဖို့ပြင်သည်။

ဆော်ဒါများများစပ်ပြီး ရေခဲထည့်သည်။ တင့်သောက်ပြီး မြေပဲကြော်စေ့နှစ်စေ့သုံးစေ့ကို ဝါးသည်။

ရင်ထဲမှာ ဘာကြောင့်မှန်းမသိ လေးလံနေသည်။

သူ့ဘဝမှာ ပြဿနာပေါင်းစုံ၊ သောကပေါင်းစုံနှင့်တွေ့ကြုံခဲ့ရပြီးပြီ။ ယောကျ်ားဆိုသော မာနနှင့်မာန်နှင့် အသက်ရှင်နေခဲ့ရသော်လည်း တကယ်တော့ သူသည် ခံစားရသော ဝေဒနာကြောင့် လဲချင်နေပြီ။

နောက်ထပ် ပြဿနာတွေ သောကတွေ မတွေ့ချင်တော့၊ မဆုံချင်တော့....။

အရက် နောက်တင့် ထပ်ငုံလိုက်သည်။ မချို။ ပူပူ ခါးခါး အရက်သည် ရေခဲသည့်ထားသော်လည်း ပူခါးနေမြဲ။ နှုတ်ခမ်းသာရင်သည် ပိုပူသွား၏။



ခြံထဲကိုဝင်လာသော ကားတစီးအသံကို ကြားရသည်။

“သမီးတို့ ပြန်လာပြီဟေ့”

ဒေါ်မာဂျီက ရှင်လန်းတက်ကြွစွာ အော်လိုက်သော အသံသည် ထမင်းစားခန်းထဲကို ရောက်လာ၏။

✱

“သမီး....”

သူ့ဆီကို ပြေးလာသော သမီးလေးကိုကောက်ချီပြီး နမ်းလိုက်သည်။ မေနှင်းအေးက ထမင်းစားခန်းအဝမှ ရပ်ပြီး သူတို့သားအဖကို ကြည့်နေသည်။

သမီးလေးက သူ့ပေါင်ပေါ်မှာ ထိုင်နေရာမှမေနှင်းအေးကို လက်ယပ်လှမ်းခေါ်သည်။ မေနှင်းအေးကတော့ သူ့ကို ကြည့်ယင်း ရပ်နေမြဲ။

သမီးလေးက သူ့ပေါင်ပေါ်ကလျှောဆင်းပြီး မေနှင်းအေးကို လက်ဆွဲခေါ်သည်။

“အေး....လာလေ”

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သူက အိမ်ရှင်မို့ ဝတ္တရားအရခေါ်လိုက်ရသည်။ သည်အခါမှ မနှင်းအေးက သမီးလေးကို ကောက်ချီပြီး ဝင်လာသည်။

"ယိုင်လေ....အေး"

"ကိုကြည်သာ ...အရက်တွေ သောက်နေသလားဟင်"

သူ ပြုံးမိသည်။ တချိန်က မနှင်းအေးပြောခဲ့သော ပညတ်တော်အပါး(၁၀၀)ကို သွားသတိရ၏။

"အရက်က လူကိုဒုက္ခ အပေးတတ်ဆုံးပဲ၊ လူကို ဖျက်အရက်တဲ့၊ ကိုကြည်သာ သိမှာပါ၊ပြီးတော့အစာအိမ်ကို ဒုက္ခပေးတတ်တယ်၊ ကိုကြည်သာက အစာအိမ်ကြောင့် ဗိုက်လဲခွဲထားရဖူးတယ် မဟုတ်လား"

သူ ကြောင်သွားသည်။

သူ အစာအိမ်ရောဂါကြောင့် ဗိုက်ခွဲခဲ့ရသည်ကို မနှင်းအေး ဘယ်လိုလုပ် သိပါလိမ့်။ သူဗိုက်ခွဲခဲ့ရသည်မှာ သမီးလေး နှစ်နှစ်မြောက်မွေးနေ့ မတိုင်ခင်က ဖြစ်သည်။

"အံ့ဩသွားသလား ကိုကြည်သာ၊ ကိုကြည်သာနဲ့ ပတ်သက်သမျှ အေး သိနေပါတယ်"

"သမီးလေးကို ဘယ်ခေါ်သွားတာလဲ အေး"

သူက စကားလမ်းကို လွှဲလိုက်သည်။ မနှင်းအေးက သိသော်လည်း ဘာမျှမပြောပဲ သမီးလေးကို ငုံ့ကြည့်ယင်း....



"သမီးလေး စကားမပြောတာက မျိုးရိုးကြောင့်မဟုတ်သလို ရောဂါတခုခုကြောင့်လဲ မဟုတ်ဘူး ကိုကြည်သာ၊ အမှန်က ရှော့ခ် ဖြစ်သွားတာပဲ၊ စကားပြောဖို့ အရွှန်းယူနေတဲ့အချိန်မှာ ထိတ်လန့်စရာမြင်ကွင်းကို မြင်လိုက်ရလို့ ဖြစ်သွားတာပါ"

"သမီးလေး အဲဒီလိုဖြစ်ဖူးတယ်"

"အေး သိပါတယ်ကိုကြည်သာ၊ဒါကြောင့်မို့ အပြင်ကိုခေါ်ပြီး လူတွေထဲ တိုးနေတာ၊ ဒီလို လုပ်ယင်းက သူစကား ပြောလာနိုင်တယ်၊ အဲဒါကြောင့်မို့ အေးက အပြင်ခေါ်သွားတာပါ၊ပြီးတော့ သမီးလေးကအေးတို့ပြောတာတွေ အားလုံးကို သိနေတယ်၊ နားလည်နေတယ်၊ အဲဒါ ဆေးထိုးလို့ မရဘူး၊ ဒါ....စိတ်ကုထုံးသုံးရမှာ"

အခန်းထဲမှာအသံတိတ်သွားသည်။ အတော်ကြီးကြာမှ မနှင်းအေးက လက်ကနာရီ ကြည့်ပြီး....

"အေး ပြန်ဦးမယ် ကိုကြည်သာ"

"ထမင်းစားပြီးမှ ပြန်လေအေး"

မနှင်းအေးက ခေါင်းကိုအသာယမ်းယင်းထိုင်ရာမှထသည်။ သမီးလေးက မနှင်းအေးလက်ကိုဆွဲပြီး နောက်က လိုက်သွားသဖြင့် သူလည်း လိုက်လာခဲ့ရသည်။ မနှင်းအေး ကားပေါ်ရောက်မှ သူ့ကို လှမ်းပြောသည်။

"အရက်တွေ မသောက်ပါနဲ့နော်"

သူ ဘာမျှပြန်မပြော။ ပြုံးရုံသာ ပြုံးပြမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မနှင်းအေးက ကားကို မောင်းထွက်ယင်း သမီးလေးကို လက်ပြသည်။ သမီးလေးကလည်း လက်ပြ၏။ မနှင်းအေး ခြံထဲကထွက်သွားမှ သမီးလေးက သူ့ဆီကို လက်လှမ်းသဖြင့် ချီလိုက်ရသည်။

သမီးလေးက သူ့ပါးကိုနမ်းယင်း မနှင်းအေးကား ထွက်သွားရာကို လက်ညှိုးထိုးသည်။

မနှင်းအေးကို ချစ်တယ်လို့ပြောတာလား သူမသိ၊ သူမသိချင်။ သူ့ကိုလာရစ်သော သံယောဇဉ်ကြိုးကို ခါထုတ်လိုက်မိသည်။

မနှင်းအေး ခင်ပွန်းအကြောင်းကို သူဘာလို့ မမေးမိပါလိမ့်။

မနှင်းအေးကကော ဘာလို့ မပြောတာလဲ။ မေးတော့မေးရဦးမည်။

* * *

အခန်း ( ၅ )

"သမီးရေ"

ညနေခန်းထဲမှာ ကစားနေသော သမီးသည် ကစားစရာများကိုစိတ်ဝင်စားနေသဖြင့် မနှင်းအေးကားဝင်လာသည်ကို ကြားလိုက်ဟန်မတူ။ အိမ်အဝင် လှေကားထစ်ကို တက်ယင်း လှမ်းခေါ်သော အသံကြားမှ ချက်ချင်းထပြေးသည်။

မနှင်းအေးက ပြေးလာသော သမီးလေးကို ကောက်ချီယင်း ညနေခန်းထဲကို ဝင်လာသည်။

"ထမင်းစားပြီးပြီလား ကိုကြည်သာ"

www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးပြီး ခေါင်းညိတ်သည်။

မေနှင်းအေးသည် သမီးလေးကို ညနေပိုင်း လာခေါ်ရုံမက တော့။ အိမ်မှာ ဒေါ်မာဂရီနှင့်အတူ ထမင်းဟင်းဝင်ချက်သည်။ တခါတရံ သူတို့သားအဖနှင့် ထမင်းအတူစားသည်။

ဒေါ်မာဂရီ ဈေးမသွားရတော့။ မေနှင်းအေးက ဟင်းချက်စရာများကို ဝယ်လာသည်။ မေနှင်းအေး ဝယ်လာသမျှမှာ သူကြိုက်သည့် အစားအစာများသာ။

မေနှင်းအေးက သူ့ရှေ့မှာ ဝင်ထိုင်ယင်း သမီးအတွက်စားစရာကို ထုတ်ပေးသည်။ ပြီးတော့မှ 'ဂျွတ်ဂျွတ်အိတ်' နှင့်ထည့်ထားတဲ့ စက္ကူထုပ်တထုပ်ကို ထုတ်ပြီး....

"ကိုကြည်သာအတွက် မြေပဲလှော်နဲ့ ဝက်အူချောင်း၊ အရက်နဲ့မြည်းဖို့ မဟုတ်ဘူးနော်"

"ဘာလို့ ဝယ်လာရတာလဲအေး၊ အလကားဒုက္ခရှာလို့"

မေနှင်းအေးက ဘာမျှမပြော၊ ပြုံးနေသည်။ ဟိုတချိန်ကသာ မေနှင်းအေး အခုလို သူ့အပေါ် လိုက်လျောမည်ဆိုလျှင်၊ အခုတော့....သူတခါက ဆိုခဲ့သော သီချင်းတပုဒ်လို.... 'နံရံဘာချပ်ခြား'။

မေနှင်းအေးသည် နေ့လယ်သောက် ရောက်လာပြီး သမီးလေးနှင့်လာနေသည်။ ညနေကျတော့ ဆေးခန်း သွားသည်။ ဆေးခန်းပိတ်တော့ အိမ်ကို တခေါက်လာသည်။

အခုတော့ မေနှင်းအေးသည် အချိန်မှန်ဖြစ်နေ၏။

သမီးလေးက မေနှင်းအေးပေါင်ပေါ် ထိုင်နေယင်းကခြုံထဲကို လက်ညှိုးထိုးပြသည်။



သမီးလေး ခြုံထဲ ဆင်းချင်နေပြီ။ သမီးလေးက မေနှင်းအေးပေါင်ပေါ်က လျှောဆင်းပြီး ညှော်ခန်းထဲက ထွက်သဖြင့် မေနှင်းအေး ထလိုက်သွား၏။ သူက မလိုက်ပဲနေခဲ့မည် ပြုံးပြီးမှ ထလိုက်သွားသည်။

ခြုံထဲရောက်တော့ သမီးလေးက တလောကမှ မေနှင်းအေး ဝယ်ပေးသော ဘောလုံးနီနီလေးနှင့် ကစားနေသည်။ သူနှင့် မေနှင်းအေးက ခြုံဝမှာလှဲသားသော ကုက္ကိုပင်ကိုင်း ပေါ်မှာ ထိုင်ကြ၏။

"အေးကို မေးမယ်မေးမယ်နဲ့ မမေးဖြစ်ဘူး"

"ဘာများလဲ ကိုကြည်သာ"

"အေး သားသမီး မရသေးဘူးလား"

မေနှင်းအေးက ပြုံးပြီးခေါင်းခါသည်။ ပြီးတော့မှ...

"မကြည်သာကလဲ အေးသမီးကားပါပဲ"

မေနှင်းအေး ဘာကို ရည်ရွယ်ပြောသည်လဲ....။

"အေး....အခုလို ကိုယ်တို့အိမ်ဝင်ထွက် နေတာကို အေးခင်ပွန်းက...."

"သမီးလေး....မသိုက်နဲ့၊ မပြေးနဲ့"

ခြုံဝနှင့်နီးသော မေနှင်းအေး....အမေးပြေသည်။ သူက ခြုံအတွင်းပိုင်း ရောက်နေသည်မို့ နောက်ကျနေသည်။ ပြီးတော့ မေနှင်းအေးနှင့် စကားဆက်ပြီး စဉ်းစားနေသဖြင့် သမီးလေးကို သတိမထားမိလိုက်။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးက ခြံဝမှ လိမ့်ထွက်သွားသော ဘောလုံးလေးနောက်ကို ပြေးလိုက်သည်။ မေနှင်းအေးက သမီးလေးကို လိုက်ဆွဲနေသည်။ သူက နောက်ကပြေးလိုက်သော်လည်း မမီ။

အဖြစ်အပျက်က မြန်လွန်းလှ၏။

ကားတစီးက လာနေသည်။

"ကျွဲ...."

မေနှင်းအေးက သမီးလေးကို ကောက်ချီမိချိန်နှင့် တပြိုင်တည်းမှာပင် သမီးလေးကို ပွေ့ချီလျက်သား လမ်းပေါ်မှာ လဲကျသွား၏။

မေနှင်းအေးသည် ပြေးရသောအရှိန်နှင့် သမီးလေးကို ပွေ့ချီလိုက်ချိန်တွင် စီးထားသော ဒေါက်ဖိနပ်ကချော်ပြီး လဲသွားခြင်းဖြစ်၏။

သူ့မျက်လုံးထဲမှာ ပြာသွားသည်။ မျက်လုံးကို စုံမှိတ်ထားလိုက်မိ၏။

မေနှင်းအေးနှင့် သမီးလေး၏ သွေးအိုင်ထဲက အဖြစ်ကို မမြင်ဝံ့၊ မမြင်ရဲ၊ မမြင်ရက်။

"ဝုန်း"

"ဒိုင်း"

တာသံမျှ မကြားရ။

သူ မျက်လုံးကို မဖွင့်ရဲဖွင့်ရဲနှင့် ဖွင့်ကြည့်လိုက်တော့ မေနှင်းအေးသည် သမီးလေးကို ပွေ့ချီလျက်က လမ်းပေါ်မှာ ခွေခွေလေးလဲနေသည်။ ကားက လမ်းဘေးထိုးချပြီး ရှောင်လိုက်ခြင်းဖြစ်၏။



သူ ကပျာကယာပြေးပြီး မေနှင်းအေးကိုရော သမီးလေးကိုပါ ပွေ့ဖက်လိုက်မိသည်။

"မေမေ....ဖေဖေ...."

သမီးလေးက မေနှင်းအေးကိုတလှည့် သူ့ကိုတလှည့် ကြည့်ယင်း ခေါ်သည်။

ဝမ်းသာလိုက်တာ။

သမီးလေး စကားပြောတတ်ပြီ၊ ပျော်လိုက်တာ။

မေနှင်းအေး မျက်လုံးအိမ်ထဲမှာ မျက်ရည်ဝဲနေသည်။ မေနှင်းအေးလည်း ပျော်သည်။

*　　　*　　　*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

“သမီးလေး”

“ဖေဖေ”

“ဖေဖေ့ကိုချစ်လား”

“ချစ်”

“ဘယ်လောက်ချစ်”

“အားရိုးချစ်”

“ဘယ်ထဲကချစ်”

“ပိုက်ပိုက်”

သမီးလေးသည် အားကြီးကိုမပီ၊ အားရိုးပဲပြောတတ်သည်။ ဗိုက်ဗိုက်ဟုမပြော၊ ပိုက်ပိုက်ဟုပြောပြီး သူ့ဗိုက်ကလေးကိုအ… လှန်ပြီး ပြတတ်သည်။



သမီးလေး စကားပြောတတ်ပြီ။ စကားပြောချင်နေသည်မှာ ကြာပြီမို့ စကားပြောတတ်သောအခါ နားငြီးအောင် ပြောတော့သည်။

သို့သော် သူနားမငြီးပါ။ သမီးလေး အသံသည် နားထဲမှာ ချိုနေသည်။

သမီးလေး စကားစပြောသည်မှာ မေနှင်းအေးနှင့် အတူ ကားတိုက်မလိုဖြစ်ပြီး လန့်သွားရာမှ ပြောလာခြင်း ဖြစ်သည်။ ပြောကာစက တလုံးတည်း။ နောက် နှစ်လုံးတွဲ။

တခုခုစားမယ်ဆိုလျှင်… စား။

သွားမယ်ဆိုလျှင်….သွား။

အိပ်မယ်ဆိုလျှင်….အိပ်။

နောက်တော့….စားမယ်၊ သွားမယ်၊ အိပ်မယ်၊သမီးလေးက စကားကို လေးလေးကြီး ပြောတတ်သည်။

အခုတော့ မြန်လာပြီ။

သူပြောသမျှကို မနည်း နားထောင်ရသည်။ သူ ပျော်ပါသည်။ သို့သော် မပျော်တဝက် ပျော်တဝက်….။

“မေမေ”

သမီးလေးက ခြံဝကို လက်ညှိုးထိုးယင်း သူ့ကိုမေးသည်။ မေနှင်းအေးကို မေးခြင်းဖြစ်သည်။ နေ့တိုင်း နေ့တိုင်း သမီးလေးက မေးသည်။ သို့သော် မေနှင်းအေး မလာသည်မှာ ကြာပြီပဲ။ အခုဆို (၁၇)ရက်ပင် ရှိပြီလေ။

သမီးလေး စကား စ ပြောပြီး နောက်နေ့….

✱

www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်းကတည်းက မျှော်မိသည်။ မလာ....

ညနေစောင်းသည့်အထိလည်း မလာ....

သူနှင့်သမီးလေး ဆေးကုခန်းကို လိုက်မည် ဆုံးဖြတ်လိုက်၏။ သမီးလေးကလည်း မေမေ....မေမေနှင့် တမေတည်း မေးနေပြီ။ သမီးလေးကသာ နေမည်ဆိုလျှင် မေနှင်းအေးကော မေနှင်းအေး ခင်ပွန်းကိုပါ တောင်းပန်ပြီး မေနှင်းအေးတို့နှင့် ထားမည်။

သူက ကားကို စက်နှိုး လိုက်ချိန်မှာ ပင် မေနှင်းအေး ကားလေး ဝင်လာသည်။

"မေမေလာ"

သမီးလေးက မေနှင်းအေး ကားကို လက်ညှိုးထိုးပြီး ပြောသည်။ သူနှင့် သမီးက မေနှင်းအေးကိုကြိုဖို့ ကားပေါ်က ဆင်းလိုက်သည်။

ကားပေါ်မှာ မေနှင်းအေး မပါ။ ကားကိုလူရွယ်တယောက် မောင်းလာသည်။

မေနှင်းအေး ခင်ပွန်းများလား။

ဆရာဝန်ပုံစံမျိုးတော့ မရှိ။ လူရွယ်က ကားပေါ်က ဆင်းလာသည်။

"ကိုကြည်သာ ဆိုတာ...."

"ကျွန်တော်ပါ"

"မမက စာပေးခိုင်းလိုက်လို့"

မေနှင်းအေး ခင်ပွန်းတော့ မဟုတ်တာ သေချာ သည်။ သူက လူရွယ်ပေးသောစာကို လှမ်းယူလိုက်ပြီး....



"မေနှင်းအေးကော...."

"မမ ခရီးထွက်သွားတယ်၊ ခွင့်ပြုပါဦးခင်ဗျာ"

သူ ဘာမျှ မပြောမိ။ စာအိတ်ကိုကိုင်ထားယင်း ခေါင်းညိတ်ပြလိုက်သည်။

လူရွယ်က ကားကိုမောင်းပြီး ပြန်ထွက်သွားမှ သမီးလေးက သူ့ကို မော့ကြည့်ပြီး....

"မေမေ"

"မနက်ဖြန်မှလာမယ်တဲ့ သမီး"

သမီးလေးကို ကောက်ချီပြီး အိမ်ထဲပြန်ဝင်လာခဲ့ရသည်။ သမီးလေး နှုတ်ကတော့ 'မေမေ....မေမေ' နှင့် ခေါ်နေသည်။

သမီးလေးကို ရင်ခွင်ထဲမှာထားပြီး 'ဒရင်းမ်ဘက်' ပေါ်မှာ ကျော့မှီထိုင်ယင်း စာအိတ်ကို မဖြုပဲ ကပ်ထားသည့် နေရာမှ အသာအယာ ခွာသည်။ စာရွက်ဖြူလေး ထွက်လာသည်။ စာရွက်ကို ဖြန့်နေသော လက်သည် တဆတ်ဆတ်တုန်နေ၏။

စာရွက်ထိပ်ဆုံးက စာလုံးကို မြင်လိုက်ရတော့ ရင်ထဲမှာ လှိုက်ကနဲဖြစ်သွား၏။ စာရွက်ထိပ်ဆုံးက စာလုံးမှာ တလုံးတည်း....။

"မောင်...."

✲

www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

သမီးလေး ခေါ်သံကြောင့် မေနှင်းအေး ခရီးထွက်သွားသည့်နေ့ကို တွေးနေရာမှ သတိရလာသည်။

"ဘာလဲ သမီးလေးရဲ့"

"မေမေ"

"လာမှာပေါ့ သမီးရယ်"

အမှန်တော့ ပြောသာပြောလိုက်ရသော်လည်း မေနှင်းအေး ဘယ်မှာနေသည်ကိုပင် သူမသိ၊ ဘယ်တော့လာမည်ဆိုသည်ကိုလည်း သူမသိ။

သမီးလေးက မေနှင်းအေးကို မျှော်နေသလို သူကလည်း မျှော်နေမိသည်။

"အေးရယ်.. ပြန်လာပါတော့၊ မောင် အေးကို မျှော်ရတာ မောလှပါပြီ၊ ဟိုနေရာရှိနိုး သည်နေရာရှိနိုးနဲ့ သားအဖ နှစ်ယောက် ကားတစီးနဲ့ လိုက်ရှာရသာကလဲ အမောပဲ၊ အေး မရှိတော့ မောင်တို့ သမီးလေးကော လွမ်းနေရတာပါပဲ"

သူ့စကားများက ရင်ထဲမှာ ပျောက်သွား၏။ တမ်းတစိတ်၊ လွမ်းရသည့် စိတ်သည် ရင်ကို မောပန်းစေသည်ပါပဲလား။

* * *

အခန်း ( ၃ )

သူတို့ သည်ဖရင်းစ် အဖွဲ့သားတွေ ပြန်ဆုံမိသည်။

သည်နေ့ သမီးလေး (၃)နှစ်မြောက် မွေးနေ့....။

သမီးလေးအတွက် The Friends အဖွဲ့နှင့် ညှိခံမည်။

စတိတ်ကို ကြည့်လိုက်လျှင် နောက်ခံမှာ 'The Friends' ဆိုသော စာလုံးကို နီယွန် မီးချောင်းတွေဖြင့် ထွန်းညှိထားသည်။ ခြံတခုလုံးမှာလည်း ရောင်စုံမီးသီးတွေဖြင့် လှပနေသည်။

အောင်ထွန်းနှင့် ချိုချို၊

www.burmeseclassic.com

www.burmeseclassic.com



သော်ဝင်းနှင့် တင်တင်နွယ်၊

ကျော်စိုးနှင့် မန္တလာသူ ခင်ခင်လှ၊

ပျော်နေသော စုံတွဲတွေကိုကြည့်ပြီး ရင်ထဲမှာ တမျိုးခံစားရသည်။

သူ့မှာတော့ တယောက်တည်း....။

သမီးလေးမှာ သူငယ်ချင်းတွေ လက်ထဲ ရောက်နေသည်။ ကျော်စိုးထဲ ခင်ခင်လှ ဗိုက်ကိုကြည့်ပြီး....

"ငါတို့လဲ တယောက်လောက် လိုချင်ပြီဟေ့"

"အို...."

ခင်ခင်လှက နဂိုပူနေသောဗိုက်နှင့်မို့ ရှက်သလိုပြောသည်။ ကျော်စိုး အိမ်ထောင်ကျသည်မှာ မကြာသေး။ အောင်လွန်းနှင့် သော်ဝင်းပြီးမှ ကျော်စိုး။

"မင်း သမီးက အလည်ပဲကွ"

သမီးက ဦးဦး....အန်တီနှင့် တီတီဘာဘာ ခေါ် လိုက်၊ ပါးကိုနမ်းလိုက် လုပ်နေသဖြင့် သော်ဝင်းက ဝင်ပြောသည်။

သူတို့ The Friends အဖွဲ့သားတွေ ပြန်ဆုံရသည်မှာ မေနှင်းအေးကြောင့်ဆိုလျှင် မမှား....။

❋



မောင်

အေး သိပ်ချစ်ရတဲ့ မောင်ရေ...,

အေး မောင့်ကို မောင်လို့ခေါ်တာကို မောင် ကျေနပ်ပါ့မလား၊ ခွင့်ပြုနိုင်ပါ့မလား မသိဘူး။ ဒါပေမယ့် အေးကတော့ ခေါ်ချင်တယ်။ အေးလေ မောင့်ကို မောင်လို့ ခေါ်ချင်နေတာ ကြာပြီ။

ဒါပေမယ့် အေး ခေါ်ခွင့် မကြုံခဲ့ဘူး။ ဒါကလဲ အေးကော မောင်ကော နှစ်ယောက်လုံး မာနအလံကို မိုးထိထူခဲ့လို့ပါပဲ၊ ဆုံချင် ကြုံချင် လျက်နဲ့ မာနကို ခုံမင်လို့ ဝေးခဲ့ကြရတယ်နော်။

အေး မောင့်ကို တနေ့မှ မမေ့ဘူး။ မောင်က အေးကို ဂရုမစိုက်ဘူး၊ မယုယဘူး၊ မကြင်နာဘူး ဆိုပြီး အေး မောင့်ကို ဆန့်ကျင်ခဲ့မိတယ်။ ဒါပေမယ့် ခွဲနေရမှ သိတယ် မောင်၊ ဝေးနေရမှ သိတယ် မောင်။

အတူနေ အတူစား အတူသွားခဲ့ရတဲ့ နေ့ရက်များစွာကို တမ်းတမ်းတယင်း လွမ်းခဲ့ရတယ်။ ဘယ်လို ဖြေလို့မှ မရပါဘူး။ မာနစိတ်နဲ့ ဘယ်လောက် တင်းခံပေမယ့် ပဝါစမှာ မျက်ရည်က စိုနေတာပါပဲ မောင်ရယ်....

အစက အေးကိုယ်အေး 'နှင်း'လို့ ပြောခဲ့တာမောင် အသိပါ၊ မောင်နဲ့ချစ်ကြတော့ မောင်ကအေးလို့ ခေါ်လို့ 'နှင်း'ကို ဖျောက်ပြီး မောင့်အကြိုက် 'အေး'လို့ ပြောင်းခဲ့ပါတယ်၊ အဲဒါ မောင့်ကို ချစ်လို့ပေါ့....

www.burmeseclassic.com

www.burmeseclassic.com



အေး မောင့်ကို ချစ်ပါတယ်၊ သိပ်ချစ်ပါတယ်။ ဒါကလဲ ခုမှမဟုတ်ပါဘူး၊ ရှေးသရောအခါ ပဝေသဏီကတည်းက ချစ်ခဲ့ရတဲ့အချစ်ဟာ သေသည်အထိ ချစ်နေမှာပါ မောင်ရယ်။ မောင်နဲ့ သမီးလေး မြကြည်သာကို ပြန်တွေ့ရတဲ့နေ့ကတည်းက မောင့်ကို မောင်လို့ ခေါ်ချင်တာပါ၊ ဒါပေမယ့် အေးမှာ ခေါ်ခွင့် မရှိတော့ဘူးထင်လို့၊ မခေါ်ဝံ့လို့ မခေါ်ခဲ့ရပါဘူးမောင်....

အခုတော့ အရဲစွန့်ပြီး ခေါ်လိုက်မိတယ်....

ခွင့်လွှတ်ပါမောင်....

အေး လေးမောင်နဲ့ခဲ့ရပေမယ့် မောင့်ကိုအမြဲ သတိရနေသလို မောင့်သတင်းကိုလဲ အမြဲနားစွင့် နေတာမို့ မောင့်ဘဝကိုလဲ သိနေတာပါပဲ၊ သမီးလေးအကြောင်းလဲ သိနေပေမယ့် လာရမှာကော်လို့ ပလာဖြစ်ဘူး။ မောင့်ကို ကူညီချင်တယ်၊ မောင့်ဘဝကို ဖြည့်စွမ်းချင်တယ်။ ကံအားလျော်စွာပဲ မောင်နဲ့ ပြန်တွေ့ခဲ့ရတယ်....

ခုတော့ သမီးလေး စကား ပြောတတ်ပြီ မဟုတ်လား....

အဲသည်နေ့က အေးလဲစွန့်ပြီး သမီးလေးကို ကယ်လိုက်တာပဲ။ ကံကောင်းလို့ထင်ပါရဲ့၊ သမီးလေးကော အေးကော ဘာမှမဖြစ်ပဲ သမီးလေး စကားပြောတတ်လာတယ်၊ အေး ဝမ်းသာပါတယ်မောင်....



အခု သမီးလေး စကားပြောတတ်ပြီဆိုတော့ မောင့်ဘဝ ချမ်းမြေ့ပျော်ရွှင်နိုင်ပါပြီ၊ မောင် အရက်မသောက်ပါနဲ့တော့ကွယ်။ ပြီးတော့....

မောင် သီချင်းပြန်ဆိုပါ၊ မောင့်သီချင်းလေးတွေကို အေးနားထောင်ချင်တယ်။ မောင့်သီချင်းအသစ်လေးတွေ ထွက်လာယင် အေး နားထောင်မယ်၊ သီချင်းပြန်ဆိုပါ။ မောင့်သီချင်းသစ်လေးတွေ ကို မျှော်နေမယ်....

မောင့်ကို တခုပြောရဦးမယ်....

မနေ့ကညနေ သမီးလေး စကားမပြောတတ်ခင်....

မောင်က အေးကိုမေးတယ်....

အေး သားသမီး မရသေးဘူးလားတဲ့၊ ပြီးတော့ အေးခင်ပွန်းတဲ့....

ချစ်တဲ့မောင်....

အေးပါးကို အခုအချိန်ထိ မောင်ကလွဲပြီးဘယ်သူ့ကိုမှ နမ်းခွင့် မပေးခဲ့ပါဘူး။ အေးတို့စေ့စပ်ပြီး လက်မထပ်ဖြစ်သလို ဝေ့ဝဲပ်ရေးကလဲ ပျက်သွားခဲ့ပါတယ်။ နဂိုကတည်းက အေး ချစ်တာမှမဟုတ်ပဲ၊ မောင်နဲ့ မာနပြိုင်ရာက ဖြစ်ခဲ့ရတာလေ၊ ပြီးတော့ သူက အသပြာဆရာဝန်တယောက်ဖြစ်နေတယ်....

အေးဟာ သနိုစင်နေဆဲပါမောင်၊ ပြီးတော့ မောင့်ကိုလဲ ချစ်နေဆဲပါ။ ဒါပေမယ့် မောင်ကအေးကို မချစ်နိုင်တော့တဲ့ဘဝမို့ အေး ဝေးရာကို ပြေးပါပြီမောင်....

www.burmeseclassic.com

www.burmeseclassic.com



မောင့်သီချင်းလေးတွေကို စောင့်မျှော် နားထောင်ယင်း အဝေးက ယာဝရချစ်နေမယ့်....

မောင့်ကိုချစ်တဲ့

မအေးချမ်းတဲ့....အေး

စာကိုဖတ်ပြီးတော့ ရင်ထဲမှာ မောကျန်ရစ်သည်။ သူက စာရွက်တရွက် ထုတ်ပြီး အေးဆီကို စာရေးမိသည်။

အေးရယ်....

အချစ်ရယ်....

အသက်ရယ်...

သောက်ကောင်မရယ်....

သောက်ကောင်မဆိုတာ ဟိုတုန်းက သူက အေးကို နောက်ပြောင် ခေါ်နေကျ နာမည်မို့ သူက စာရေးယင်း ပြုံးမိသည်။

မောင်လေ....အေးကို သိပ်ချစ်ပါတယ် အေးရယ်....

မောင်လဲ အေးကို [illegible] နေထားမိတာပါ။

မောင် နေ့ခင်းတရပ်ပြီး၊ မောင့်ဘဝမှာ ကံကြမ္မာဆိုးတွေနဲ့ တပ်တလဲလဲ တွေ့ကြုံခဲ့ရတာပါ။ ခုတော့ မောင် နားချင်ပြီအေးရယ်၊ သောကတွေ ဗျာပါရတွေနဲ့ ဝေးချင်ပြီအေးရယ်....

အေးမရှိတော့ မောင်လွမ်းရတယ်၊ ရင်ထဲမှာ လှုပ်လှုပ် လှုပ်လှုပ်နဲ့ မောနေတယ်....

သမီးလေးကလဲ မိုးလင်းတာနဲ့ မေမေ မေမေနဲ့ တမေးတည်း မေးနေတာပါပဲ....



အေး ပြန်လာခဲ့ပါတော့ကွယ်....

မောင်ရယ်၊ အေးရယ်၊ သမီးလေးရယ် အတူတူနေကြမယ်။ အေးချမ်းတဲ့ ဘဝကို ပြန်စကြမယ်၊ တယောက်နဲ့တယောက် စိတ်မဒကာက်ဘူး၊ ရန်မဖြစ်ဘူး၊ မာနမထားဘူး။ အေးအလိုကို မောင်လိုက်မယ်၊ အေး စိတ်ချမ်းသာစေရမယ်၊ အေးဆန္ဒမှန်သမျှ ပြည့်ရပါစေ့မယ်။ မောင် ကတိပေးပါတယ်အေးရယ်၊ ပြန်လာပါနော်၊ သမီးလေးလဲ မျှော်နေပြီ အေးကို မောင် ချစ်ပါတယ်....။

အေးချစ်တယ်ဆိုတဲ့

မောင်

ရေးပြီးသောစာကို ခေါက်သိုက်ပြီး စာအိတ်ထဲ ထည့်ပြီးမှ သတိရသည်။ အေး ဘယ်မှာရှိမှန်းသူမသိ၊ လိပ်စာမရေးတတ်၊ ရင်ထဲမှာ အလွမ်းသည် ပြည့်ကျပ်သွား၏။

*

www.burmeseclassic.com

www.burmeseclassic.com



သူ့အရက်ကို လုံးဝမသောက်တော့။ ဆေးလိပ်ကိုပင် ဖြတ်လိုက်သည်။ မေနှင်းအေး မကြိုက်သောအလုပ်ကို ဘာမျှမလုပ်တော့ဟု ဆုံးဖြတ်သည်။

ပညတ်တော် အပါး ၁၀၀ မက၊ အပါး ၁၀၀၀ ဆိုလည်း အေးအတွက် ရှောင်တော့မည်။ အေးသည် သမီးလေး ကျေးဇူးရှင်၊ သူ့ကျေးဇူးရှင်ဆိုလည်းမမှား။

ကံကြမ္မာဆိုးအောက်မှာ နစ်မြုပ်နေရသော သူ့ဘဝ၏ ကယ်တင်ရှင်မှာ 'မအေး'ပဲ ဖြစ်သည်။ အေးဆန္ဒမှန်သမျှကို ဖြည့်ဆည်းရမည်။ အေးအလိုမှန်သမျှ လိုက်ရမည်။ ဒါ သူ့ဆုံးဖြတ်ချက်၊ အေးအတွက် သူ့ကတိ။

သူငယ်ချင်းများ The Friends အဖွဲ့ကို ပြန်စုစည်းရသည်။ တစစီ ပြန့်ကျဲနေသော သူငယ်ချင်းတွေကို ကောက်သင်းကောက်သလို ကောက်ရသည်။ သီချင်းဆိုဖို့ အင်ကြွနေသော သူ့ကို ကြည့်ပြီး သူငယ်ချင်းတွေ ပျော်နေသည်။

သည်ဖရင်းစ် အခန်းလေးသည် အမြဲတမ်း အဖွဲ့သားတွေနှင့် စည်နေသည်။ သီချင်းရေးသည်။ သီချင်းတိုက်သည်။ သည်လိုနှင့် စတီရီယိုလေးကမှ ပျောက်ကွယ်နေသော 'ကြည်သာ'ပြန်ပေါ်လာရသည်။

ကျော်စိုးသည် သူ့အတွက် လိုအပ်သည်ထက် ပို ကြော်ငြာသည်။ မီးရထား ခုံတံတားအနီး မီးရထား ရေစင်ပေါ်မှာ ကြော်ငြာချိတ်သည်။



ပြန်လာပြီ....

တကိုယ်တော်'ကြည်သာ'ရဲ့....

(ရင်ထဲက သီချင်းသစ်)

အချစ်နှင့် ခွဲခွာရသော နေ့ရက်များ....

တေးဂီတ The Friends

စီးရီးနာမည်က ကြီးကြီး။ ပန်းချီမောင်မောင်သိုက်က လက်စွမ်းကုန် ရေးဆွဲပေးထားသည်။

'အချစ်နှင့် ခွဲခွာရသော နေ့ရက်များ' စီးရီးဖြန့်သည့် နေ့မှာ သမီးလေး(၃)နှစ်မွေးနေ့၊ ဇန္နဝါရီလ(၄)ရက်နေ့လွတ်လပ်ရေးနေ့လည်း ဖြစ်သည်။

※

ဇန္နဝါရီလ ၄ ရက်

လွတ်လပ်ရေးနေ့။

"အချိန်စေ့ပြီ....စကြရအောင်"

ကျော်စိုးက သမီးလေးကို လှမ်းပေးမှ အတွေးထဲက ပြန်ရောက်သည်။ ကိုင်ဇာ၊ ခိုင်ထူး၊ ဘိုဘိုဟန်၊ ဖိုးချို၊ အောင်ဆိုလှတ်၊ တင်မိုးခိုင်၊ မေဆွိ၊ နွဲ့ယဉ်ဝင်း၊ မေခလာတို့လည်း အကူအညီတောင်းဆဖြင့် ရောက်နေ၏။ သူက သမီးလေး လက်ကို

www.burmeseclassic.com



ဆဲ့ပြီး စင်ပေါ်တက်လာခဲ့သည်။ ရောင်စုံမီးလုံးတွေ ကြားထဲမှာ ညွှိသည်တွေနှင့် ပြည့်နေ၏။ ခြံဝမှ စင်အထိ လမ်းကလေးက မြူးနေသည်။

သူက စင်ပေါ်ကမိုက်ကရိုဖုန်းရှေ့မှာ မတ်တတ်ရပ်မိသည်နှင့် ပရိသတ် ငြိမ်သွားသည်။

"ဒီနေ့ ကျွန်တော့်ရဲ့ အချစ်ဆုံး သမီးလေးရဲ့ သုံးနှစ်ပြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဒီနေ့ကစပြီး ကျွန်တော် သီချင်းမဆိုပါတော့ဘူးနော်...

"မွေးနေ့ လက်ဆောင် သိမ့်ပါရစေ့ ကျွန်တော့်ရဲ့ ဂီတလောင်းရှင်းတွေကို ကျွန်တော့်အလျှင်မြှားဆိုပေးဖို့ ပြောပေမယ့် အားလုံးက ကျွန်တော့်သမီးလေး မွေးနေ့မှာ ကျွန်တော် ... ဆိုပေးယ်ဆိုလို့..."

ပရိသတ်ထဲမှ လက်ခုပ်သံတွေ ထွက်လာသည်။

"ကျွန်တော့်သမီ ... ကိုပဲ ... တမ်းတနေ... ကျွန်တော် ... တမ်းက မိပါတယ်၊ ဒါကြောင့် ဒီနေ့မနက်မှဖြစ်တဲ့ ကျွန်တော့် စီးရီးသစ်ထဲက သီချင်း ... နဲ့ ၁တင် ဖျော်ဖြေပေးပါမယ်"

"မေမေရေ ..."

သူက လှမ်းကြည့်ပြီး အချက်ပြလိုက်တော့ မိုက်ခွက်လေးကိုင်ပြီး ယမ်းနေသော သမီးလေးက အော်ခေါ်လိုက်သည်။ သမီးလေးအသံက ဆောင်းပေါက်မှ တဆင့် ကောင်းကင်ပျံတက်သွားသည်။ သမီးလေး ပါလာသော အစီအစဉ်မှာ အောင်ထွန်းအစီအစဉ်ပင် ဖြစ်သည်။



သူကသီချင်းကိုဆက်ဆိုယင်း အေးကြားပါစေဟု ဆုတောင်းမိသည်။ သီချင်းစာသားမှာ သူကိုယ်တိုင်ရေးခဲ့ခြင်း ဖြစ်သည်။ ခံစားချက်အပြည့်နှင့်မို့ ဆိုသည်မှာ လှိုက်လှိုက်လှဲလှဲ ရှိလှသည်။ ပရိသတ်မှာ ငြိမ်နေသည်။ သူ့ သီချင်းသံသည် လွှမ်းမိုးသွား၏။

"မေမေရေ...."

သည်တခါတော့ သမီးလေးက အော်ယင်း စင်ပေါ်က ဆင်းပြေးသွားသည်။ အေးကပြေးလာသည်၊ သူပါ စင်ပေါ်က ပြေးဆင်းသည်။ သမီးလေး နောက်က ပြေးလိုက်သွား၏။ ပရိသတ်ကြား ဝင်ဆီသို့လာသည့် လမ်းလေးဝက်တွင် သမီးလေးနှင့်ဆုံမိသည်။ အေးက သမီးလေးကိုပွေ့ချီပြီးသူ့ ဆီဆက်ပြေးလာသည်။ သူကလည်း အေးဆီသို့ ဆက်ပြေးနေမိသည်။ ဝိုင်းကြည့်နေသော ပရိသတ်ကို ဂရုစိုက်နိုင်...ရှက်မနေနိုင်။

အေးနှင့် သူ ဝေးရာမှတဖြည်းဖြည်း နီးနီးလာသည်။ သူက သမီးကိုရော အေးကိုပါ လွတ်သွားမှာ စိုးသည့်အလား အတင်းပွေ့ဖက်ထားလိုက်မိသည်။ အေးပါးပေါ်မှာ မျက်ရည်စတွေ စိုနေသည်။ အေး ငိုနေသည်။

"တိတ်ပါ အေးရယ်... မောင်တို့ ပြန်ဆုံရပြီပဲ"

သူက အေးကို မလွှတ်တမ်းဖက်ထားယင်းက ပါးချင်းကပ်ပြီး ပြောမိသည်။

"အေး ရောက်နေတာ ကြာပြီမောင်၊ ခြံပြင်မှာ ရပ်ပြီး နားထောင်နေတာ၊ မောင်....မောင်သီချင်း ပြန်ဆိုတာ နေ့တ...."

"မောင်ကအေးကို ချစ်တာကိုး...."

www.burmeseclassic.com



"အေးကလဲမောင့်ကို ချစ်တာပါပဲ မောင်ရယ်"

အေးဆီမှ 'မောင်' ခေါ်သံများသည် သူ့ရင်ကို အေးသည် ထက် အေးသွားစေသည်။

"အေးရယ်"

"မောင်ရယ်"

"သိပ် ချစ်တယ်"

"သိပ် ချစ်တယ်"

"ဖေဖေ....မေမေ....အားရီးချစ်"

သမီးလေးက သူနှင့် အေးလည်ပင်းကို ဖက်ယင်းပြောသည်။ ထိုအချိန်တွင် ဆောင်းပေါက်မှ ထွက်လာသော ကျောဉ်စိုး၏ အသံကို ကြားလိုက်ရသည်။

"တစ်နဲ့တစ်ပေါင်းယင် သုံးဖြစ်ပါတယ် ခင်ဗျာ....မယုံ ရှိပါနဲ့ မျက်မြင်ပါ ခင်ဗျား...."

အေး ပြုံးသည်။ သူ ပြုံးသည်။ သမီးလေး ရယ်၏။ ညသည် အလှပဆုံး ဖြစ်နေပြန်သည်။

နွါနီး

၁၀၃၊ ကမာရွတ်၊ လှည်းတန်း
လမ်းမကြီး
ရန်ကုန်မြို့။

www.burmeseclassic.com